၇ ရက် သတင်းဂျာနယ်
# 7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၉)၊ အမှတ်(၄၆) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၁၀ ၊ ၂၀၁၁)

TRI
MEN'S AND LADIES' WEARS

## ဝန်ကြီးချုပ် ဦးသိန်းစိန်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်

အေးမြကျော်၊ အိဖြူလွင်

နေပြည်တော်၊ ဖေဖော်ဝါရီ - ၄

လက်ရှိ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်လိုက်သည်။

စာ(၂၀)သို့



လက်ရှိဝန်ကြီးချုပ်မှ သမ္မတသစ်ဖြစ်လာသော ဦးသိန်းစိန်
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## နေပြည်တော်လွှတ်တော်အစည်းအဝေး အထူးသတင်းပေးပို့ချက်များ (စာ-၆၊ ၂၇၊ ၂၈ ၌ရှု)



လွှတ်တော်အစည်းအဝေးသို့တက်ရောက်ရန် ကိုယ်စားလှယ်များ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာကြစဉ်
ဓာတ်ပုံ - အေးမြကျော်

## ပုဂ္ဂလိက စက်သုံးဆီဆိုင် ဝန်ထမ်းအချို့ အလွဲသုံးစား ပြုလုပ်နေ

သတင်းအဖွဲ့

ရန်ကုန်၊ ဖေဖော်ဝါရီ - ၃

ပုဂ္ဂလိကစက်သုံးဆီဆိုင်အချို့မှ ဝန်ထမ်းအချို့မှာ ဓာတ်ဆီဝယ်လိုအားများသည်ကို အကြောင်းပြု၍ ကိုယ်ကျိုးအတွက် အလွဲသုံးစား ပြုလုပ်နေကြောင်း ဓာတ်ဆီဝယ်ယူသုံးစွဲသူများက ပြောသည်။

ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့မှ ဝန်ထမ်းအချို့မှာ ဓာတ်ဆီ ဖြည့်တင်းပေးရာတွင် လျှော့၍ထည့်ကာ ဆိုးမှုများ ရှိပြီး အချို့ဆိုင်များမှာ ငွေပိုပေးပါက ဂါလန်ပြည့်အောင် ထည့်ပေးမည်ဟု ကားသမားများနှင့် ညှိနှိုင်းမှုများရှိကြောင်း သတင်းရရှိသည်။

"ပွိုင့်တစ်ရာရိုက်ရမှာကို ရှစ်ပွိုင့်လျှော့ရိုက်တယ်။ ကျွန်တော့်ကိုနှစ်ဂါလန်ပဲ ထည့်ပေးတယ်။ ကိုယ်ပိုင်ကားတွေကတော့ သူဌေးတွေမို့လို့ ရှစ်ပွိုင့်လောက်လျှော့တာ မပြောကြပါဘူး။

စာ(၂၀)သို့



ပြည်ပသွားရောက်ရန် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးရှေ့တွင် အလုပ်များနေသူများကို ဇန်နဝါရီလကုန်ပိုင်းက တွေ့ရစဉ်။
ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြည်ပသွားရောက်ရန် နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးရှေ့တွင် အလုပ်များနေသူများကို ဇန်နဝါရီလကုန်ပိုင်းက တွေ့ရစဉ်။
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## ပြည်ပအလုပ်သမားလက်မှတ်အတွက် ငွေသွင်းရသည့် ပုံစံပြောင်း

အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁

မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် ပြည်ပအလုပ်သမားလက်မှတ် (Oversea Employment Card) ရရှိရန် မြန်မာ့မာန်ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီသို့ ငွေကျပ်ငါးသောင်းပေးသွင်းရန် မလိုတော့ကြောင်း သတင်းရရှိသည်။

"ဒီဖေဖော်ဝါရီ ၁ရက်က ငွေသွင်းဖို့ မြန်မာ့မာန်ကို သွားတော့ ဒီမှာသွင်းစရာမလိုတော့ဘူး MFTB (မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်)မှာသွားသွင်းပါလို့ ပြောလိုက်တယ်"ဟု ကျောက်တံတားမြို့နယ်ရှိ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ လွန်ခဲ့သည့်ရှစ်နှစ်ကတည်းက မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သူများသည် ထိုလက်မှတ်ရရှိရန် မြန်မာ့မာန်အေဂျင်စီသို့ ကျပ်ငါးသောင်းပေးသွင်းရသည်။

ထို့ကြောင့် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြမည့်သူများ အလုပ်သမားလက်မှတ်ရရန် မြန်မာ့မာန်သို့ ကျပ်ငါးသောင်းပေးသွင်းစရာမလိုတော့ဘဲ မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အက်ဖ်အီးစီ၁၀၀သွင်း၍ အကောင့်ဖွင့်ရမည်ဖြစ်သည်။

စာ(၂၀)သို့

စီးပွားရေးပုဂ္ဂလိကပိုင်ပြု

## နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ လေလံပွဲတွင် လေလံအောင်သည့်ဈေးနှုန်းများမြင့်

အားမာန်၊ အောင်သူရ

ရန်ကုန်၊ ဖေဖော်ဝါရီ - ၃

ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၇၆ခုကို ရောင်းချသည့်လေလံပွဲတွင် လေလံအောင်သည့်ဈေးနှုန်းများမှာ ကြမ်းခင်းဈေးထက် များစွာမြင့်မားခဲ့ကြောင်း သတင်းရရှိသည်။

နေပြည်တော်တွင် ဇန်နဝါရီ ၂၈ရက်က ပြုလုပ်ခဲ့သော အဆိုပါပွဲ၌ ယခင်ပွဲများကထက် လေလံဆွဲသူများ ပိုမိုများပြားခဲ့ပြီး ကြမ်းခင်းဈေးထက်မြင့်သည့်အပြင် ကာလတန်ဖိုးထက်လည်း ဈေးပိုပေး၍ ဝယ်ယူသွားမှုများရှိကြောင်း ကိုယ်တိုင်လေလံ ဝင်ရောက်ဆွဲခဲ့သူများက ပြောသည်။

"အရင်ပွဲတွေထက် လေလံဆွဲတဲ့လူတွေ ပိုများတယ်။ လေလံအောင်တဲ့ဈေးတွေက တော်တော်မြင့်တယ်။ လက်ရှိမှာလည်း အိမ်ခြံမြေဈေးတွေ အရမ်းမတက်ဘဲနဲ့ ဘာ့ကြောင့်ဈေးကြီးတွေပေးပြီး ဆွဲသွားတာလဲဆိုတာ စဉ်းစားလို့မရဘူး" ဟု ကိုယ်တိုင်လေလံဝင်ရောက်ဆွဲခဲ့သော လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စာ(၂၀)သို့



7Day News Journal
Vol.9, No.46 • FEBRUARY 10, 2011

# စစ်ကိုင်းတိုင်းဒေသကြီးရှိ ကြက်ခြံနှစ်ခြံတွင် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွား



ဝတ်ရည်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တန့်ဆည်မြို့နယ် ဗိုလ်မြရပ်ကွက်တွင် ဖေဖော်ဝါရီလဆန်းက ကြက်များ သေဆုံးခြင်းကို စစ်ဆေးရာမှ အပြင်းစား ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိခဲ့ကြောင်း ဒေသခံများကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုလ ၂ ရက်နေ့တွင် မွေးမြူရေးကြက်ခြံနှစ်ခြံရှိ ကြက်များတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိခြင်းသည် ၂၀၁၁ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ဇန်နဝါရီ ၁၂ရက်ကလည်း ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကြက်ခြံတွင်လည်း ကြက်ငှက်တုပ်ကွေးရောဂါပိုးတွေ့ရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ရောဂါပိုးတွေ့ရှိသည့် မြို့နယ်အတွင်းရှိ ကြက်အားလုံးအား မြေမြှုပ်ခြင်း၊ ဈေးများအတွင်း ကြက်သားရောင်းချမှုများ ပိတ်ထားခြင်း၊ ကြက်နှင့် ကြက်ထွက်ပစ္စည်းများ အခြားနေရာများသို့ပါ အဝင်အထွက် ပိတ်ထားခြင်း စသည့်ရောဂါပြန့်ပွားမှု ကာကွယ်ရေးလုပ်ငန်းများအား သက်ဆိုင်ရာမှ ဆောင်ရွက်နေကြောင်း အဆိုပါမြို့နယ်မှ မြို့ခံတစ်ဦးက ပြောသည်။

“ဒီကြက်ငှက်တုပ်ကွေးမတွေ့ခင် ရက်ပိုင်းလောက်ကတော့ ဒီနားက ရွာတစ်ရွာမှာ ဒေသခံမဟုတ်တဲ့ တခြားဒေသက ငှက်လေး‌ငါး၊ ဆယ်ကောင်လောက် သေတာရှိတယ်လို့ ကျန်းမာရေးဝန်ထမ်းတွေကတော့ပြောတယ်” ဟု အဆိုပါမြို့ခံတစ်ဦးက 7Day News သို့ ပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၀၆ ခုနှစ်မှ ယခုအချိန်အထိ ကြက်ငှက်တုပ်ကွေးရောဂါ လေးကြိမ်ဖြစ်ပွားခဲ့ပြီး၊ ၂၀၁၁ အတွင်း နှစ်ကြိမ်ဖြစ်ပွားခဲ့ကာ လူသို့ ကူးစက်မှုမရှိသေးကြောင်းသိရသည်။

“ရောဂါမကူးစက်အောင် တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဂရုပြုနေထိုင်သင့်တယ်။ အဓိက ကူးတာက ရောဂါပိုးရှိတဲ့ကြက်အစိမ်းတွေကတစ်ဆင့် ကူးစက်တာဖြစ်တဲ့အတွက် မွေးမြူရေးလုပ်သားတွေ သတိပြုနေထိုင်ပြီး ကြက်သားကို ကျက်အောင်ချက်စားရင် ရောဂါမကူးစက်နိုင်ပါဘူး”ဟု ဆေးဘက်ဆိုင်ရာဆရာဝန်တစ်ဦးကပြောသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှလည်း ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်၍ ရောဂါထိန်းချုပ်ကာကွယ်ရေး နည်းလမ်းများအား နိုင်ငံပိုင် သတင်းစာများတွင် ဖော်ပြပေးလေ့ ရှိသည်။



၂၀၁၀နွေအပူဒဏ်ကို ထီးဆောင်း၍ ကာကွယ်နေသော ရန်ကုန်မြို့ခံအချို့။
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

# ၂၀၁၁ နွေမှာ ၂၀၁၀လောက် မပူနိုင်ဟု ဦးထွန်းလွင်ခန့်မှန်း

အိဖြူမွန်

ရန်ကုန်၊ ဇန်နဝါရီ – ၃၀

**ယခုနှစ် နွေရာသီ၏အပူချိန်သည် ယခင်နှစ်ထက် အပူချိန်လျော့နည်းနိုင်ပြီး ရံဖန်ရံခါမိုးရွာသွန်းမှုများပင်ဖြစ်နိုင်ကြောင်းမိုးလေဝသပညာရှင်ဦးထွန်းလွင်ကပြောကြားသည်။**

“အိုင်ယာလန်ထုတ်ပြန်ချက်ပြောရရင် ဒီနှစ်က အရင်နှစ်ထက် မပူနိုင်ဘူး။ အေးပြီးစိုစွတ်တဲ့ လာနီညာကလည်း ဧပြီလအထိဖြစ်ပေါ်နေဦးမယ်ခန့်မှန်းထားတယ်။ ဧပြီလနောက်ပိုင်းကို ကြည့်ရင်လည်း လာနီညာထပ်ဖြစ်နိုင်တဲ့လက္ခဏာ တွေ့ရတယ်။ ဒီနှစ်က ဘယ်နည်းနဲ့မှမပူနိုင်ဘူး”ဟု ယခုလက်ရှိတွင် မိုးလေဝသခန့်မှန်းခြင်းနှင့်ပတ်သက်၍ ဝက်ဘ်ဆိုက်တင်ထားသူ အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

နွေရာသီမရှိဘဲ မိုးရာသီဆက်လက်ဖြစ်ပေါ်မည်ဟူသော ကောလာဟလနှင့်ပတ်သက်၍ ၎င်းကရှင်းပြခဲ့ရာ၌ လာနီညာရာသီဥတုသည် နှစ်နှစ်ဆက်တိုက်ဖြစ်ပေါ်နိုင်မည့်လက္ခဏာရပ်များ တွေ့ရှိရသောကြောင့် ယင်းအကျိုးဆက်ကြောင့် နွေရာသီ အပူပြင်းချိန်ဖြစ်သော မတ်၊ ဧပြီ၊ မေလများတွင် ရံဖန်ရံခါ မိုးရွာသွန်းမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ခန့်မှန်းပြောကြားသည်။

ဘင်္ဂလားပင်လယ်အော်မှ ရေနွေးငွေ့များကြောင့် မိုးရွာသွန်းခြင်းဖြစ်ကြောင်း၊ အပူချိန်သည် ပျမ်းမျှအပူချိန်သာဖြစ်ပြီး ရေနွေးငွေ့များ တိမ်ဖွဲ့ခြင်းကြောင့် မိုးရွာမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် နွေရာသီ၌ မိုးရွာသွန်းနိုင်ကြောင်း၊ လေဖိအားနည်းရပ်ဝန်းများကြောင့် ရေလှိုင်းသည် ၆ ပေ၊ ၁၂ ပေအထိ တက်နိုင်ကြောင်း၊ မိုးရွာသွန်းမှုများ ပြင်းထန်နိုင်ကြောင်း စသည့်သတိပေးချက်များထုတ်ပြန်ထားကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောကြားသည်။

၂၀၁၀ ခုနှစ် နွေရာသီတွင် စံချိန်တင်အပူရှိန်ပြင်းခဲ့သောကြောင့် နွေရာသီမရှိဘဲ မိုးရာသီသာ ဆက်လက်ဖြစ်ပေါ်မည်ဟူသော ကောလာဟလထွက်ပေါ်လာသည်ကို ရန်ကုန်မြို့ခံများက ပျော်ရွှင်နေကြကြောင်း သတင်းရရှိသည်။

“နွေရာသီမရှိတော့ဘူးလို့ကြားတယ်။ ကောင်းတာပေ့ါ။ ပြီးခဲ့တဲ့နှစ်က ကြမ်းပြင်ရော၊ အမိုးရောပူ၊ တိုက်တဲ့လေကလည်း ပူ၊ ဘယ်လိုနေရမလဲမသိဘူး။ နွေရာသီဆိုရင် ပူမှာကို ကြောက်နေပြီ။ မိုးရွာတာက နေလို့ရသေးတယ်”ဟု လှိုင်မြို့နယ်တွင် နေထိုင်သူတစ်ဦးကပြောသည်။

လာနီညာ၏ အကျိုးဆက်ကြောင့် အာရှတိုက်ရှိ အချို့နိုင်ငံများတွင် ပုံမှန်ထက်အေးခဲသော ရာသီဥတုများ ဖြစ်ပေါ်နေခြင်းနှင့် ဆုံးရှုံးမှုအများဆုံးစံချိန်တင်သည့် မုန်တိုင်းတိုက်ခတ်မှု၊ မိုးသည်းထန်စွာရွာသွန်းမှု၊ မြစ်ရေကြီးမှုများ ဖြစ်ပေါ်နေကြောင်း သိရှိရသည်။ လာနီညာ၏ အေး၍ စိုစွတ်သော အစွန်းရောက်ရာသီဥတုကြောင့် မြန်မာနိုင်ငံတွင်လည်း စံချိန်သစ်တင် အပူချိန်လျော့ကျမှုများ ရှိခဲ့သည်။



ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ဇန်နဝါရီလအတွင်းက ကျင်းပခဲ့သော ကားပြပွဲ၌ ပြသထားသော ကားတစ်စီးကို တွေ့ရစဉ်။
ဓာတ်ပုံ – အောင်အောင်

# ကားစက်ရုံတည်ထောင်ထုတ်လုပ်နိုင်ပါမှ အဆင့်မြင့်ကား ထုတ်လုပ်ခွင့်ပြုမည်

မင်းဒင်

မန္တလေး၊ ဖေဖော်ဝါရီ – ၅

**အဆင့်မြင့်ဘယ်မောင်းမော်တော်ယာဉ်ထုတ်လုပ်မည်ဆိုပါက စက်ကိရိယာ စုံလင်စွာဖြင့် အဆင့်မီကားစက်ရုံ တည်ဆောက်ပြီး ထုတ်လုပ်နိုင်မှသာ ထုတ်လုပ်ခွင့်ရမည်ဖြစ်ကြောင်းမြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးကော်မတီက ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။**

ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် ၂၀၁၁ ဇန်နဝါရီ ၂၀မှ ဇူလိုင် ၂၀အထိ ခြောက်လတာကာလအတွင်း အဆင့်မြင့်စက်ကိရိယာပစ္စည်းများ တပ်ဆင်တည်ဆောက်ကာ ထုတ်လုပ်မှုအား ပြသနိုင်မှသာ ကျွမ်းကျင်ပညာရှင်များက စစ်ဆေးပြီးအဆင့်မြင့်ကားထုတ်လုပ်မှုကို ခွင့်ပြုသွားမည်ဖြစ်သည်။

ဘက်စုံသုံး (MPV- Multi Purpose Vehicle) အဆင့်မြင့်ယာဉ်များကို ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံတည်ဆောက်ရာ တွင် စက်ကိရိယာများ၊ လျှပ်စစ်စပေ့ါ။ ဂဟေစက်များ၊ ဆေးပေါင်းခန်းများ၊ တပ်ဆင်တွဲစပ်မှုများအတွက် ရွေ့လျားစက်ကိရိယာများ စသည်တို့ကို တပ်ဆင်ထားရှိရမည်ဖြစ်ပြီး နိုင်ငံတကာအဆင့်မီကားစက်ရုံများတွင် ပါရှိရမည့်အင်္ဂါရပ်များ ပြည့်စုံရမည်ဖြစ်ကြောင်းသိရသည်။

သတ်မှတ်ကာလအတွင်း အဆင့်မြင့်စက်ကိရိယာများတပ်ဆင်ထားသည့် စက်ရုံကြီးများဖြင့် မထုတ်လုပ်နိုင်ပါက ဘက်စုံသုံး အဆင့်မြင့်ကားများအား ထုတ်လုပ်ခွင့်ရမည်မဟုတ်ကြောင်းနှင့် အဆိုပါအဆင့်မြင့်စက်များ မတပ်ဆင်နိုင်သော လုပ်ငန်းရှင်အနေဖြင့် ယခင်ခွင့်ပြုထားသည့် ဂျစ်၊ လိုက်ထရပ်၊ ကုန်ကားစသည့် အဆင့်နိမ့်ကားများသာထုတ်လုပ်ခွင့် ရမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

အဆိုပါစက်ကိရိယာစုံလင်သည့်စက်ရုံများတွင် တည်ဆောက်ထုတ်လုပ်ထားသော အဆင့်မြင့်ကားများအတွက် (၅၀/၆၀)စသော ရောက်ရှိနံပါတ်များလည်း ချထားပေးသွားမည်ဖြစ်သည်။

အဆိုပါ ကြေညာချက်တွင် မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် ယခင်အရည်အသွေးနိမ့်ကားများ ထုတ်လုပ်မှုပုံစံဖြင့် ထုတ်လုပ်၍မရနိုင်သည့် အဆင့်မြင့်ကားများအား ထုတ်လုပ်နေသည်ဆိုလျှင် မှောင်ခိုကားများအား တင်သွင်းခွင့်ပြုနေသကဲ့သို့ဖြစ်နေမှုကို ကန့်သတ်ပေးလိုခြင်းနှင့် အမှန်တကယ်ထုတ်လုပ်မှုဖြင့် အပြိုင်အဆိုင်ကြိုးပမ်းကာ ကားထုတ်လုပ်ရေးတိုးတက်အောင် လုပ်ဆောင်ရန် တွန်းအားပေးလို၍ ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

အဆင့်မြင့်မော်တော်ယာဉ်များအတွက် အင်ဂျင်နှင့် ဆက်စပ်ပစ္စည်း ၁၃ မျိုးအား တင်သွင်းခွင့်ပြုထားရာ ပြည်တွင်းကားထုတ်လုပ်ရေးလုပ်ငန်းရှင်များအနေဖြင့်တွဲဆက်တပ်ဆင်သည့် အဆင့်မြင့် ထုတ်လုပ်ခွင့်ပြုထားသည့်အပေါ် အခွင့်ရေးယူကာ မှောင်ခိုကားများ အစီးလိုက်တင်သွင်းသူအချို့ ရှိလာရာ ထိုလုပ်ရပ်အား ကန့်သတ်လို၍ ယခုကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“ဒီလိုအဆင့်မြင့် စက်ရုံတွေတည်ဆောက်ဖို့ အရင်းအနှီးကြီးတယ်။ တချို့ပူးပေါင်းလုပ်ဖို့ လုပ်နေကြပြီ။ စက်ကိရိယာအစုံ မြေ၊ အဆောက်အအုံမပါ ကျပ်သိန်းငါးထောင်ကျော်ရင်းနှီးရမယ်။ ဒါ့ကြောင့် လုပ်ငန်းရှင်တွေ ပူးပေါင်းလုပ်ဖို့ပြင်သူတွေရှိလာတယ်”ဟု ကားထုတ်လုပ်ရေး လုပ်ငန်းရှင်တစ်ဦးကရှင်းပြသည်။

အဆိုပါကြေညာချက်ကြောင့် ဝယ်ယူသူများအတွက် ဈေးနှုန်းသက်သာပြီး အရည်သွေးမီကားကောင်းများအား စက်မှုဇုန်များအနေဖြင့် အမှန်တကယ်ထုတ်လုပ်ကာ ရေရှည်တွင် တိုးတက်ထုတ်လုပ်နိုင်လာဖွယ်ရှိကြောင်း ကားထုတ်လုပ်ရေးလုပ်ငန်းရှင် တစ်ဦးက သူ၏အမြင်ကို သုံးသပ်ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011



ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့်တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

## ဘုန်းတော်ကြီး အချို့လည်း အလိမ်ခံရ

အောင်သူရ

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၂**

ရန်ကုန်မြို့တွင်း ဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်များထံမှ အကြောင်းအမျိုးမျိုးပြကာ ငွေလိမ်လည်သူများရှိလာကြောင်း သတင်းရရှိသည်။

သဃ်န်းကျွန်းမြို့နယ်တွင် ပညာဒါနသင်တန်းကျောင်း ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးကျောင်းရှိ ကျောင်းထိုင်ဆရာတော်ထံသို့ အမျိုးသမီးတစ်ဦးလာရောက်ကာ "ရှမ်းပြည်နယ်မှာအလုပ်ရမယ်၊ တစ်လကို စရိတ်ငြိမ်း ခုနစ်သောင်းစီရမယ်၊ ဟိုတယ်မှာ ဧည့်ကြိုလုပ်ရမယ်၊ ကျပ်နှစ်သောင်းတော့ ကြိုတင်ပေးရမယ်ဆိုပြီး လာလိမ်တာ၊ ကျောင်းကကောင်လေးသုံးယောက်၊ ရပ်ကွက်ထဲကလူတွေနဲ့ဆို ဆယ်ယောက်လောက် အလိမ်ခံရတယ်"ဟု ကျောင်းထိုင်ဆရာတော်က မိန့်ကြားခဲ့သည်။

"မိန်းမ ကလေးမွေးထားလို့ပါတဲ့၊ ဖုန်းလိုင်းရမယ်တို့ဆိုပြီး လာလိမ်ကြတာ။ လိမ်နည်းကတော့ မျိုးစုံပါပဲ။ တစ်ခါတလေကျတော့ အေး. . မင်းတို့ပိုက်ဆံလိုချင်လို့ လာတာမဟုတ်လား၊ ရော့ဆိုပြီး တစ်ထောင်၊နှစ်ထောင်ပေးပြန်ခိုင်းလိုက်တယ်"ဟု ဆရာတော်ကမိန့်ကြားသည်။ လူရည်သန့်သန့်လူငယ်တစ်ဦးသည် ကျောင်းထိုင်ဆရာတော်နှင့်တွေ့ချင်သည်ဟုဆိုကာရောက်လာပြီး ကျောင်းထိုင်ဆရာတော်နဲ့ စီးပွားရေးလုပ်မယ်ပြောထားလို့ ပိုက်ဆံလိုလို့လာတာဟု ရှေ့တွင် ထိုင်နေသော ကျောင်းထိုင်ဆရာတော်အား ကျောင်းထိုင်ဆရာတော်မှန်းမသိဘဲ ငွေလိမ်တောင်းသူများရှိခဲ့ကြောင်းလည်း သိရသည်။

ရန်ကုန်မြို့အပြင် အခြားသော နယ်မြို့ကြီးများတွင်လည်း အကြောင်းအမျိုးမျိုးပြကာ ယင်းသို့ငွေလိမ်ငွေတောင်းသူများ ပေါ်များလာကြောင်းသတင်းရရှိသည်။

# ဘုရင့်နောင်ကားကြီးကွင်းပြောင်းရွှေ့မည့်သတင်းထွက်၍လုပ်ငန်းရှင်များပူပန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၅**

ဘုရင့်နောင်ဝင်းအတွင်းရှိ ကားကြီးကွင်း ပြောင်းရွှေ့မည်ဟူသော သတင်းထွက်ပေါ်နေခြင်းကြောင့် ကားဂိတ်လုပ်ငန်းရှင်များ စိုးရိမ်ပူပန်နေရကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။

"ကားရပ်နားကွင်းပြောင်းရင် ကားဂိတ်တွေလည်း ပြောင်းရနိုင်တယ်။ ကားကွင်းနားက အရင်တစ်ခါလည်း မီးလောင်သွားသေးတယ်။ အခုလည်း တခြားဘာပြဿနာရှိလည်းတော့မသိဘူး။ ရောင်းမယ်လို့တော့ သတင်းတွေထွက်နေတော့ ဘာလုပ်ရမယ်မသိသေးဘူး"ဟု ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။



**ဘုရင့်နောင်ကားကြီးကွင်းတွင် ရပ်နားထားသော ယာဉ်အချို့**
ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

အဆိုပါကားကြီးကွင်း (ကားရပ်နားစခန်း)မှာ ကားအစီးရေ ၃၀၀ အထိ ရပ်နားနိုင်ကြောင်း သိရသည်။ ကားကြီးကွင်းအတွင်း ယာဉ်ရပ်နားခမှာ ဆယ်ဘီး၊ ဆယ့်နှစ်ဘီးကားများမှာ ကျပ်ခြောက်ရာရှိပြီး၊ ခြောက်ဘီးကားများမှာ ကျပ်လေးရာပေးဆောင်ရကြောင်း သိရ သည်။

ဎင်းကိစ္စနှင့် ပတ်သက်၍ ဘုရင့်နောင်စခန်းအကျိုးဆောင်အဖွဲ့သို့မေးမြန်းရာတွင် "ကားကွင်းပြောင်းရမယ်လို့တော့ကြားနေတာပဲ။ ဒါပေမဲ့ဒီနေရာကိုတခြားတစ်ခုလုပ်မယ်ဆိုရင် ကားရပ်ဖို့နေရာ တခြားမှာရှိနေမှ လုပ်လို့ရမှာ။ အခု ဘာမှစီစဉ်တာ မတွေ့သေးသလို ပြောင်းဖို့ တရားဝင်ပြောတာလည်း မရှိသေးဘူး"ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**စာ(၂၀)သို့**



7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## CRIME CORNER

### နာရေးအိမ်တွင် စကားများရန်ဖြစ်ရာမှ လူနှစ်ဦးသေ

ဇော်ကိုကို

မန္တလေး၊ ဖေဖော်ဝါရီ – ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြသာစည်ရပ်ကွက်တွင် နာရေးအိမ်တစ်အိမ်၌ စကားများရန်ဖြစ်ကြရာမှ ဇနီးမောင်နှံနှစ်ဦးလုံး သေဆုံးခဲ့သည့်ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၆ရက် စနေနေ့က ကျောက်ဆည်မြို့ အေးမြသာစည်ရပ်ကွက်ရှိ နာရေးအိမ်တွင် အရက်သောက်စားကြရာမှ စကားများရန်ဖြစ်ပြီး အောင်ကျော်ဖြိုး (၂၁)နှစ်က ဦးညွန့်တင်(၅၉)နှစ်နှင့် ဒေါ်သောင်းစိန်(၅၀နှစ်)တို့အား ဓားမနှင့်ခုတ်၍ ဦးညွန့်တင်တွင် လည်ပင်း၊ ဦးခေါင်းတို့၌ ပြတ်ရှဒဏ်ရာများဖြင့်လည်းကောင်း ၎င်း၏ဇနီး ဒေါ်သောင်းစိန်မှာ ဦးခေါင်း၊ မျက်နှာတို့တွင် ပြတ်ရှဒဏ်ရာများဖြင့်လည်းကောင်း သေဆုံးခဲ့ကြရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသူနှစ်ဦးတို့၏ သမီးဖြစ်သူမှ တရားလိုပြုလုပ်တိုင်တန်းသဖြင့် တရားခံအောင်ကျော်ဖြိုး(၂၁နှစ်)အား ပြစ်မှုပုဒ်မ ၃၀၂ အရ ဖမ်းဆီးအရေးယူခဲ့ပြီး သက်သေခံ ပစ္စည်းအဖြစ် အသွား ၁၂လက်မခွဲ၊ အရိုး ၈ လက်မခန့်ရှိ သံကွင်းစွပ်ဓားမတစ်ချောင်းအား သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

### ဘုရားပွဲကျင်းပစဉ် လေမှောက်သားအမိနှစ်ဦး သေဆုံး

သန်းဌေး

ရန်ကုန်၊ ဖေဖော်ဝါရီ – ၅

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်ရှိ သျှင်ကျော်စေတီ စိန်ဖူးတော်နှင့် ရွှေထီးတော်တင်လှူပွဲ ဘုရားပွဲအား ကျင်းပနေစဉ် သရီချောင်းတွင် လှေနစ်မြုပ်၍ လှေပေါ်ပါသော ဘုရားဖူးလာသော သားအမိနှစ်ဦးသေဆုံးခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။

“လက်ထိုးလှေပဲ ဆယ်ယောက်ဆံ့တာ။ နှစ်ဆယ်ကျော်လောက်တက်တော့ လှေက မနိုင်ဝန်ဖြစ်ပြီး မှောက်သွားတာ” ဟု ၎င်းကပြောသည်။ ယခုဘုရားပွဲတော်ကို လွန်ခဲ့သော ၁၉ နှစ်ကသာ ကျင်းပခဲ့ခြင်းနှင့် ရန်ကုန်မှ ရုပ်ရှင်သရုပ်ဆောင် အဆိုတော်များလည်း ရောက်လာကြသောကြောင့် ဘုရားဖူးထောင်ချီရှိခဲ့သည်ဟုသိရှိရသည်။

ယခုဘုရားပွဲတော်အား အလိုတော်ပြည့်ဆရာတော်ဒေါက်တာ ဘဒ္ဒန္တအရိယာဝံသနှင့် ဂေါပကလူကြီးများမှ ကြီးမှူးကျင်းပခဲ့သည်။ သျှင်ကျော်စေတီတော်သည် မြောက်ဦးမြို့နယ် တိမ်ညိုကျေးရွာတွင် တည်ရှိသော ဘုရားဖြစ်ပြီး မြောက်ဦးမြို့မှသရီချောင်းကို လှေဖြင့် ငါးမိနစ်ကျော်ကြာဖြတ်၍ သွားရသည်။

ရေနစ်သေဆုံးသူများမှာ မိခင်ဖြစ်သူ အသက် ၄၀ နှစ်အရွယ် ဒေါ်စောစောနှင့် အသက် ၂၀နှစ်အရွယ် မခင်အေးဇော်တို့ဖြစ်ပြီး ယခုသတင်းရေးသားချိန်အထိ အလောင်းပြန်မရသေးပေ။ ပထမသတင်းပေးတိုင်ကြားချက်အမှတ် ၂၅/၂၀၁၁၊ ယာဉ်ကိုတိမ်းမှောက်သည်အထိ မောင်းနှင်မှု ပုဒ်မ ၂၈၀ဖြင့် သက်ဆိုင်ရာရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း မြောက်ဦးရဲစခန်းမှ သတင်းရရှိသည်။

## စက်ရုံစွန့်ပစ်ရေများကြောင့် တောင်အင်း၊ မြောက်အင်း ရေထုညစ်ညမ်းလာ

ဇော်ကိုကို

မန္တလေး၊ ဖေဖော်ဝါရီ – ၃

**မန္တလေးမြို့တောင်ဘက်နတ်ရေကန်ကျေးရွာအုပ်စု၊မင်းရွာကျေးရွာရှိတောင်အင်းနှင့်မြောက်အင်းအတွင်း စီးဝင်လျက်ရှိသောစက်မှုဇုန်ရေဆိုးမြောင်းတစ်ခုကြောင့် တစ်စထက်တစ်စ တိမ်ကောလာပြီး ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း မင်းရွာကျေးရွာ မှ ရွာခံအချို့၏ ပြောကြားချက်အရသိရသည်။**



ဓာတ်ပုံ – ဇော်ကိုကို

**ရေထုညစ်ညမ်းလာသော တောင်အင်း၊မြောက်အင်း။**

တောင်အင်းနှင့် မြောက်အင်းသည် မိုးရာသီတွင်သာ ရေရှိပြီး ကျန်ကာလများတွင် ရေခမ်းခြောက်ကာ အင်းအတွင်းသို့ စီးဝင်လျက်ရှိသော ရေဆိုးမြောင်းမှ အနည်အနှစ်ဖြင့် စုပုံနေတတ်သည်။ ထိုအနည်အနှစ်များကြောင့် ငါးသယံဇာတ မရှိသလောက်လျော့နည်းသွားပြီး မိုးရာသီရေတက်ချိန်၌သာ ဖမ်းယူရရှိနိုင်တော့ကြောင်း ရွာခံများ၏ ပြောကြားချက်အရသိရသည်။

မိုးလွန်ကာလ အင်းအတွင်း ရေကျဆင်းချိန်တွင် တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းလုပ်ကိုင်ကြသော မင်းရွာမှ တောင်သူတစ်ဦးမှ ပြောကြားရာတွင်“ဒီချောင်းကအင်းထဲကို စီးဝင်တာ ဆယ်နှစ်လောက်ရှိပြီ။ စစချင်းတုန်းက အနံ့ အရမ်းဆိုးတယ်။ ညတောင် မအိပ်နိုင်ဘူး။ ခုတော့ ယာဉ်သွားပါပြီ။ ဒီချောင်းကြောင့် အင်းကောပြီး ငါးပျောက်သွားတယ်။ ဒါပေမဲ့ စိုက်ပျိုးရေးအတွက်တော့ အရမ်းကောင်းတယ်။ ဒီချောင်းရေနဲ့ဖျန်းတာ ပိုးလည်းသေတယ်။ အထွက်နှုန်းလည်း နှစ်ဆလောက်ပိုလာတယ်။ စပါးစိုက်တဲ့အခါမှာတော့ အထွက်နှုန်းကောင်းပေမယ့် ထမင်းအရသာ နည်းနည်းကြမ်းသွားတယ်”ဟု တောင်သူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

အဆိုပါ ရေဆိုးမြောင်းမှ ရေအား စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနေကြခြင်းနှင့် ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စိုက်ပျိုးရေးပညာရှင်တစ်ဦးမှ ပြောကြားရာတွင် “မြေဆီလွှာထဲမှာ အပင်အတွက် ဒုက္ခဖြစ်စေတဲ့ ဓာတ်ပစ္စည်းတွေ တဖြည်းဖြည်း စုပုံလာခဲ့မယ်ဆိုရင်တော့ Eating Quality လို့ခေါ်တဲ့ စားသုံးမှုအရည်အသွေးကို လျော့ကျစေတဲ့ ပြောင်းလဲမှုတွေ ဖြစ်လာမှာပဲ။ ဥပမာ- အာဆင်းနစ်ကို ဓာတ်တွေပါလာခဲ့ရင် အပင်နဲ့ ရေနေသတ္တဝါတွေအတွက် ဒုက္ခဖြစ်နိုင်တယ်”ဟု စိုက်ပျိုးရေးပညာရှင်တစ်ဦးကဆက်လက်ပြောသည်။

## အင်အားပြင်းထန်သောမြေငလျင်တစ်ခုဖေဖော်ဝါရီ၄ရက်တွင်လှုပ်ခတ်

သတင်းအဖွဲ့

ရန်ကုန်၊ ဖေဖော်ဝါရီ – ၆

**အင်အားရစ်ချ်တာစကေး၆ဒသမ၄အဆင့်ရှိအင်အားပြင်းထန်သောမြေငလျင်တစ်ခုစစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၏အရှေ့မြောက်ဘက်၃၅မိုင်ခန့်အကွာကိုဗဟိုပြု၍ ဖေဖော်ဝါရီ၄ရက်မနက်ပိုင်းတွင်လှုပ်ခတ်သွားခဲ့ကြောင်းမိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကသတင်းထုတ်ပြန်သည်။**

“ဒီလောက်ပမာဏဆိုတာ နည်းတဲ့ပမာဏမဟုတ်ဘူး” ဟု မြန်မာနိုင်ငံ မြေငလျင်ကော်မတီအတွင်းရေးမှူးဦးစိုးသူရထွန်းက ဖေဖော်ဝါရီ ၄ရက် နံနက် ၈နာရီ ၂၆ မိနစ်ကျော်တွင် လှုပ်ခတ်သွားသော ငလျင်နှင့်ပတ်သက်၍ မှတ်ချက်ပြုသည်။ အဆိုပါငလျင်မှာ ယခုနှစ်ပိုင်းအတွင်း မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သောငလျင်များအနက် အင်အားအပြင်းထန်ဆုံးဖြစ်ကြောင်း မြေငလျင်ပညာရှင်များကပြောသည်။

အဆိုပါမြေငလျင် လှုပ်ခတ်ရခြင်းမှာ အိန္ဒိယမြေထုချပ်ကြီးက မြန်မာမြေထုချပ်ကြီးအတွင်းသို့ တိုးဝင်လာခြင်း၏ အကျိုးဆက်ကြောင့်ဖြစ်နိုင်ကြောင်း မြေငလျင်ပညာရှင်များဖြစ်သော ဦးစိုးသူရထွန်းနှင့် ဦးစောထွေးဇော်တို့က ပြောသည်။ အဆိုပါငလျင်မှာ မြေအောက် မိုင် ၅၀ တွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ပညာရှင်များကပြောသည်။

မြေငလျင်ဗဟိုပြုရာနှင့် အနီးဆုံးဖြစ်သော တမူးမြို့မှ အသက် ၇၅ နှစ်အရွယ် ဒေါ်ညိုက သူမ၏ အတွေ့အကြုံကို အောက်ပါအတိုင်းပြောသည်။ “ငလျင်ကတော်တော်ပြင်းထန်တယ်။ ငလျင်လှုပ်ချိန်ငါးမိနစ်လောက်ကြာတယ်။ အိမ်တွေ၊ တိုက်တွေ၊ အရာဝတ္ထုတွေလှုပ်ရမ်းသွားတယ်။ အပျက်အစီးမရှိသလို ထိခိုက်ဒဏ်ရာရတာလည်း မရှိပါဘူး”

အဆိုပါငလျင်လှုပ်ခတ်သည်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဟုမ္မလင်း၊ ကလေး၊ မုံရွာစသောမြို့များတွင်လည်း သိသိသာသာ သိရှိခံစားခဲ့ရသည်။

“ငလျင်က ဘယ်လောက်ပြင်းလဲဆိုရင် ကျွန်တော် အဲဒီအချိန်မှာ ဆိုင်ကယ်စီးနေတာ လဲကျသွားတယ်”ဟု ဟုမ္မလင်းမြို့ သစ်ထုတ်လုပ်ရေးလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေသောကိုနောင်နောင်ကပြောသည်။

“အဲဒီအချိန်မှာ မြစ်ဆိပ်ဘက်မှာ ရောက်နေတာဆိုတော့ ငလျင်လှုပ်တဲ့အချိန်မှာ မြစ်(ချင်းတွင်းမြစ်)ထဲကရေတွေတော်တော်မြင့်မြင့်ထိ

စာ(၂၀)သို့

Software &
Solution Exhibition
2011
18-19 February 2011
Strand Hotel, Yangon.


Let's together with Feel Freely
TRI
LIVESBRILLIANTLY


i-MAX
COLLECTION
MY STYLE // MY DREAM
MEN'S AND LADIES' WEARS

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# လွှတ်တော်အဆောက်အအုံခမ်းနားမှုကိုယ်စားလှယ်များချီးကျူး

**အေးမြကျော်၊ အိဖြူလွင်**

**နေပြည်တော်၊ ဖေဖော်ဝါရီ – ၄**



နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသစ်မှာ လွန်စွာခမ်းနားကြောင်း လွှတ်တော်ကိုယ်စားလှယ်များကပြောကြားသည်။

လွှတ်တော်အဆောက်အအုံသည် လွန်စွာခမ်းနားကြောင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးက ပြောကြားခဲ့ပြီး လမ်းညွှန်ကူညီသူများသာ မရှိပါက လွှတ်တော်အတွင်း သွားလာရန်ပင် ခက်ခဲသည်ဟု ၎င်းတို့ကဆိုသည်။

"နိုင်ငံတကာ လွှတ်တော်တွေမှာလည်း လွှတ်တော်တွေရဲ့ အဆင့်အတန်းဆိုတာရှိတယ်။ ဒီလောက်ခမ်းနားတဲ့ အဆောက်အအုံကြီးထဲမှာ ဆွေးနွေးတော့ မိန်းမကောင်းရန်တွေ့ မဟုတ်တော့ဘူးပေါ့။ အားလုံးလည်း ရင့်ကျက်မှုတစ်ခုကို ရသွားမယ်။ လွှတ်တော် ကိုယ်စားလှယ်ဆိုတဲ့ အရှိန်အဝါတစ်ခုကို ရသွားမယ်" ဟု အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ပြောကြားသည်။

လွှတ်တော်ခန်းမထဲရှိ စားပွဲထိုင်ခုံနှင့် ပရိဘောဂများမှာလည်း ကျွန်း၊ ပျဉ်းကတိုးစသော မြန်မာ့သစ်ထုထည်ကောင်းများဖြင့် ပြုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။ "လွှတ်တော်ကြီးက အရမ်းခမ်းနားပါတယ်။ အားလုံးကအကောင်းစားတွေချည်းပဲ သုံးထားတာပါ"ဟု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

လွှတ်တော်အစည်းအဝေးများ ကျင်းပရာတွင် အစည်းအဝေးမစတင်မီ သယ်ဆောင်၍ သဘာပတိရှေ့တွင် ထားရသော ကျိုင်းသည် ရွှေအစစ်ဖြင့်ပြုလုပ်ထားခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များကပြောသည်။

ကျိုင်းကို မြန်မာအဘိဓာန် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အရိုးရှည်တပ် ထီးသဏ္ဌာန် မင်းမျှုးမတ်အဆောင်အယောင်တစ်မျိုးဟု ဖွင့်ဆိုထားပြီး၊ ရှေးမြန်မာမင်းများ လက်ထက်ကပင် အဆောင်အယောင်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ လွှတ်တော်တွင်အသုံးပြုသည့် ကျိုင်းမှာ ရွှေချိန်သုံးပိဿာမှာ ငါးပိဿာအတွင်းရှိနိုင်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့က ခန့်မှန်းသည်။ ယခုလွှတ်တော်ဥက္ကဋ္ဌ၏ ဘေးတစ်ဖက်တစ်ချက်တွင်ရှိသော နံရံကိုလည်း ကျောက်စိမ်းအသားများဖြင့် အကွက်ဖော်ဆင်ယင်ထားခြင်းဖြစ်သည်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြန်လည်ပြောပြသည်။

# သရီးဒီတီဗီ ဝယ်နိုင်သူနည်းပါး

**ပြည်သိမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၇**



**ဆိုနီသရီးဒီတီဗီစမ်းသပ်ကြည့်ရှုနေသူတစ်ဦး**

ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

သရီးဒီတီဗီများ ပြည်တွင်းဈေးကွက်ထဲသို့ များစွာဝင်ရောက်လာသော်လည်း ဈေးနှုန်းမြင့်မားမှုကြောင့် ဝယ်ယူသူနည်းပါးနေသေးကြောင်း သတင်းရရှိသည်။

သရီးဒီလုပ်ဆောင်မှု (3D Function)သည် ဈေးနှုန်းမြင့်မားမှုကြောင့် LCD, LED, Plasma တီဗီကြီးများတွင်စာ ထည့်သွင်းပေးကြသည်။ ထို့ကြောင့် သရီးဒီလုပ်ဆောင်မှုပါသော တီဗီအသေးများ ထုတ်လုပ်ခြင်း မရှိသေးပေ။

"သရီးဒီတီဗီက ၂၀၁၀ ကတည်းက မြန်မာပြည်ကို စပြီး ဝင်တယ်။ ဈေးကြီးတော့ ဈေးကွက်ဝယ်လိုအားက နည်းတယ်"ဟု ဆမ်ဆောင်းအီလက်ထရွန်နစ်ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသန်းဝင်းအောင်က ရှင်းပြသည်။

အီလက်ထရွန်နစ်ပစ္စည်းများသည် ကာလကြာရှည်လာလျှင် ဈေးကျဆင်းမှုရှိသဖြင့် သရီးဒီတီဗီများမှာလည်း အနာဂတ်တွင် ဈေးကျနိုင်ကြောင်းလည်း ဦးသန်းဝင်းအောင်ကဆိုသည်။

"လောလောဆယ် သရီးဒီတီဗီက ဈေးကြီးတော့ လူတန်းစားတစ်ရပ်ပဲသုံးနိုင်သေးတယ်။ ဈေးကွက်က နည်းနည်းကျဉ်းတယ်" ဟု TMW ကုမ္ပဏီလီမိတက်မှ Senior Supervisor ကိုဇွဲကပြောသည်။ TMW ကုမ္ပဏီမှ Sony သရီးဒီတီဗီများကို ယခုဖေဖော်ဝါရီ ၆ရက်မှစတင်ပြီး ဈေးကွက်တင် မိတ်ဆက်ခဲ့သည်။ယင်းသရီးဒီတီဗီများသည် ဈေးကွက်ရှိပစ္စည်းများထက် ပိုမိုအရည်အသွေးကောင်းမွန်ကြောင်း ၎င်းက ဆိုသည်။

ဈေးကွက်တွင်း၌ ရောင်းချနေသော အီလက်ထရွန်နစ်ပစ္စည်းများတွင် တီဗီများသည် ကျပ်တစ်သိန်းဝန်းကျင်မှ သုံးသိန်းဝန်း ကျင်ထိရှိပြီး၊ သရီးဒီလုပ်ဆောင်မှုပါဝင်သည့် LCD, LED, Plasma များကို အရွယ်အစားအကြီးအသေးပေါ် မူတည်၍ ဈေးနှုန်းအမျိုးမျိုးရှိကြသည်။ ဆိုနီမှရောင်းချသည့် ၅၅ လက်မသရီး ဒီတီဗီမှာကျပ်သိန်း ၄၀ ဝန်းကျင်၊ ၄၀လက်မသရီးဒီတီဗီမှာ ကျပ် သိန်း ၂၀ ဝန်းကျင်ရှိသည်။

# တရုတ်နှစ်သစ်ကူးကြောင့် ပဲအရောင်းအဝယ်အေး

**ဇာဇာနီ**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၇**

ဘုရင့်နောင် ပဲအရောင်းအဝယ်ဈေးကွက်တွင် ယခုလဆန်းပိုင်း၌ တရုတ်နှစ်ကူးကာလဖြစ်နေ၍ အရောင်းအဝယ်အေးကာ ဈေးနှုန်း အနည်းငယ် ကျဆင်းလာခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် ပဲအရောင်းအဝယ်ဈေးကွက်မှ စုံစမ်းသိရသည်။

ကုန်စည်ဒိုင်အရောင်းအဝယ်တွင် နှစ်ကူးမပိတ်မီ ဖေဖော်ဝါရီ၂ရက်တွင် မတ်ပဲ RCမှာ တစ်တန် ၇၂၅၀၀၀ကျပ်ဖြင့် ကွန်တိန်နာ ၅ပုံး၊ SQRC မှာ တစ်တန် ၈၁၅၀၀၀ကျပ်ဖြင့် ကွန်တိန်နာ ၅ပုံးနှင့် ပဲစင်းငုံနီ RCမှာ တစ်တန် ၇၄၀၀၀၀ကျပ်ဖြင့် ကွန်တိန်နာ၁၀ပုံးအရောင်းအဝယ် ဖြစ်ခဲ့သည်။

သို့သော် တရုတ်နှစ်ကူးပိတ်ရက်အပြီး ပွဲရုံပြန်ဖွင့်သည့် ဖေဖော်ဝါရီ ၇ရက်တွင် မတ်ပဲRCမှာ တစ်တန် ၇၂၅၀၀၀ကျပ်၊ SQRC မှာ တစ်တန် ၇၉၀၀၀၀ကျပ်နှင့် ပဲစင်းငုံအနီ RC မှာ ၇၃၀၀၀၀ ကျပ်ဈေးရှိသည်။ ထို့ကြောင့် ဖေဖော်ဝါရီ ၂ ရက်နှင့် ၇ရက်တွင် မတ်ပဲ SQRC တစ်တန်လျှင် ကျပ် ၂၅၀၀၀ကျပ်နှင့် ပဲစင်းငုံမှာ တစ်တန် ၁၀၀၀၀ကျပ်စီဈေးကျသွားပြီး၊ အရောင်းအဝယ်မှာလည်း မတ်ပဲ RC တစ်မျိုးတည်းသာ ကွန်တိန်နာ ၁၀ပုံးသာ အရောင်းအဝယ်ဖြစ်သည်။

"ဒီလဆန်းကတည်းက ကုန်စည်ဒိုင်မှာ ပဲကုန်သည်တွေအတွက် စာထွက်တာတွေရော၊ တရုတ်နှစ်ကူးကြောင့် ကုန်စည်ပိတ်တာရောဆိုတော့ အရောင်းအဝယ်ရော ဈေးပါအေးသွားတယ်"ဟု ကုန်စည်ဒိုင်တွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်သူ ပဲကုန်သည်တစ်ဦးကပြောသည်။






# မုတ္တမဒေသကိုရေတိမ်ဒေသအဖြစ် သတ်မှတ်ရေးအဆိုပြုရန်စီစဉ်

**အေးမြကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ – ၆**

မြန်မာနိုင်ငံရှိ မုတ္တမပင်လယ်ကွေ့ဒေသသည် ကမ္ဘာပေါ်ရှိ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး အန္တရာယ်နှင့်ရင်ဆိုင်နေရသော ဆောင်းခိုငှက်တစ်မျိုးဖြစ်သည့် ရေညှောင့်နှုတ်သီးဝိုင်းငှက် (Spoon-Billed-Sandpiper) အရေအတွက်၏ ၅၀ရာခိုင်နှုန်းကျော် လာရောက်ကျက်စားသည့် အချက်နှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝကာကမ္ဘာ့ စံသတ်မှတ်သည့် ရေတိမ်ဒေသစံနှုန်းများနှင့် ကိုက်ညီသဖြင့် ရမ်ဆာဒေသ (Ramsar) အဖြစ် သတ်မှတ်ရေးအဆိုပြုသွားရန်စီစဉ်နေကြောင်း ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA)မှ အတွင်းရေးမှူးဒေါက်တာထင်လှက ပြောကြားသည်။

ရမ်ဆာဒေသဆိုသည်မှာ ကမ္ဘာ့နိုင်ငံအသီးသီးမှ စံချိန်စံညွှန်းနှင့် ကိုက်ညီသော ရေတိမ်ဒေသများကို အသိအမှတ်ပြုပေးခြင်းဖြစ်ပြီး ရမ်ဆာကွန်ဗင်းရှင်းသည် ရေတိမ်ဒေသထိန်းသိမ်းရေးနှင့်ပတ်သက်လျှင် ကမ္ဘာ့အကြီးဆုံးအဖွဲ့အစည်းတစ်ခုဟုပြောရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အသိအမှတ်ပြု ရမ်ဆာဒေသမှာ ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီးအင်းဖြစ်သည်။

ရေတိမ်ဒေသတစ်ခုကို သတ်မှတ်ရာတွင် အဓိကအားဖြင့် ထိုဒေသ၌ ကျက်စားသော ငှက်များကိုကြည့်ကာ စံညွှန်းမီရေတိမ်ဒေသဖြစ်၊မဖြစ်ကိုကြည့်လေ့ရှိပြီး ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် ငှက်မျိုးစိတ် ကမ္ဘာပေါ်ရှိသော အကောင်ရေအားလုံး၏ ၁ရာခိုင်နှုန်းကျက်စားလျှင်သို့မဟုတ် ငှက်မျိုးစိတ်ပေါင်းစုံမှ ငှက်အကောင်ရေနှစ်သောင်းကျော်ကျက်စားပြီဆိုလျှင် ထိုဒေသကို ရမ်ဆာကွန်ဗင်းရှင်း၏အသိအမှတ်ပြုရမ်ဆာဒေသအဖြစ် သတ်မှတ်ကြောင်းသိရသည်။

မုတ္တမဒေသသည် ဆောင်းခိုငှက်များ ဆောင်းခိုနားရာအကောင်းဆုံးနေရာတစ်ခုလည်းဖြစ်ပြီး ဆောင်းခိုငှက်အကောင်ရေ တစ်သောင်းငါးထောင်မှ နှစ်သောင်းအထိ လာရောက်ခိုနားနိုင်သည့် နေရာဒေသတစ်ခုဖြစ်သည်ဟု သုတေသနပြုလုပ်ထားသော BANCA မှ သိရသည်။ ထို့အပြင် မုတ္တမဒေသသည် Birdlife International အဖွဲ့အစည်းမှ သတ်မှတ်ထားသော ငှက်များအတွက် အရေးပါသော နေရာဒေသတစ်ခုလည်းဖြစ်သည်။

မုတ္တမဒေသသည် ဧရိယာအားဖြင့် ဟက်တာတစ်သိန်း ငါးသောင်းကျော်ကျယ်ဝန်းသည်။ ရမ်ဆာကွန်ဗင်းရှင်းမှအသိအမှတ်ပြုမည်ဆိုပါက မုတ္တမဒေသသည် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ရမ်ဆာအသိအမှတ်ပြုဒေသဖြစ်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသိအမှတ်ပြုရေတိမ်ဒေသဖြစ်နိုင်သည့် အခြားနေရာများမှာ နာမည်ကျော် အင်းလေးကန်နှင့် အင်းတော်ကြီးကန်ဒေသတို့ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း၁၆၀တွင် ရမ်ဆာအသိအမှတ်ပြုရေတိမ်ဒေသပေါင်း ၁၉၁၂ ခုရှိပြီး အကျယ်ဝန်းအားဖြင့်ဆိုလျှင် ဟက်တာပေါင်း ၁၈၆ သန်းကျော်ရှိနေပြီဖြစ်သည်။




7DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011



# ၂၀၁၂တွင် ကမ္ဘာကြီး ပိုတိမ်းစောင်းမည်ဟုဆို



ပြည်သိမ်း၊ ဥက္ကာကိုကို

ရန်ကုန်၊ ဖေဖော်ဝါရီ – ၃

၂၀၁၂ ခုနှစ်တွင် ကမ္ဘာကြီး၏ တိမ်းစောင်းမှုသည် ၂၄ ဒီဂရီသို့ ရောက်ရှိမည်ဖြစ်ကြောင်း နက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ်ဦးဇေယျာကိုကဆိုသည်။

ယင်းကဲ့သို့ တိမ်းစောင်းမှုကြောင့် ကမ္ဘာပေါ်တွင် ရာသီဥတုများ ဖောက်ပြန်ခြင်း၊ အပူချိန် လက်ရှိထက် မြင့်တက်ခြင်း၊ မြေငလျင် လှုပ်ခတ်ခြင်းများ ဖြစ်ပေါ်လာနိုင်သည်ဟု ၎င်းကဆိုသည်။ ထို့အပြင် လူအများ၏ အသက်ရှင်နိုင်မှုသက်တမ်းမှာလည်း ယခုထက် ပိုမိုလျော့နည်းသွားမည်ဖြစ်ကြောင်းကို အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

၂၀၁၂ခုနှစ်နှင့်ပတ်သက်၍ နက္ခတ်ပညာရှင်များက ထင်ကြေးအမျိုးမျိုးပေး၍ ပြောဆိုနေကြသော်လည်း ခေတ်ပညာတတ်များကမူ ၎င်းတို့၏အဆိုကို လုံးဝယုံကြည်ခြင်းမရှိပေ။

“ကမ္ဘာကြီး ၂၄ ဒီဂရီ တိမ်းစောင်းမယ်ဆိုတာကို နက္ခတ်ပညာရှင်တွေအားကိုးရတဲ့ သူရိယ သိဒ္ဓန္တကျမ်းမှာ အတိအလင်း ဆိုထားတယ်”ဟု ဦးဇေယျာကိုက ဆိုသည်။

လက်ရှိ ကမ္ဘာကြီး၏ တိမ်းစောင်းမှုသည် ၂၃½ ဒီဂရီတွင် ရှိနေပြီး လာမည့်နှစ်ပေါင်းနှစ်ရာ(၂၂၁၁ ခုနှစ်)တွင် ၂၇ ဒီဂရီထိရောက်ရှိမည်။ ယင်းမှ တဖြည်းဖြည်း ပြန်လည်တည့်မတ်လာပြီး ၄၀၁၃ ခုနှစ်တွင်ပြန်လည်တည့်မတ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ နက္ခတ်သိပ္ပံအသင်းကဆိုသည်။

ကမ္ဘာကြီး၏ တိမ်စောင်းမှုကို နက္ခတ်သိပ္ပံပညာရှင်များက (အာယန)ဟုခေါ်ပြီး ၆၆နှစ် ၈လကြာလျှင် ၁ ဒီဂရီတိမ်းစောင်းကြောင်း ၂၇ ဒီဂရီသို့ တိမ်းစောင်းသွားပါက ကမ္ဘာပေါ်ရှိလူများ၏ သက်တမ်းသည် ၃၀နှစ် ဝန်းကျင်ထိ ရောက်ရှိသွားနိုင်ကြောင်း ဦးဇေယျာကိုကဆိုသည်။

# KLT စာမေးပွဲအကြောင်းပြောရန် စောနေသေးဟု တာဝန်ရှိသူတစ်ဦးပြောကြား

ကျော်သီဟ

ရန်ကုန်၊ ဖေဖော်ဝါရီ – ၂

ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ KLT နှင့် ပတ်သက်၍ ပြောရန်စောနေသေးကြောင်း ရန်ကုန်မြို့ရှိ ကိုရီးယား လူသားအရင်းအမြစ်ဌာနတာဝန်ရှိသူတစ်ဦးကပြောသည်။

“ဟိုဘက်ကတော့ ဘာညွှန်ကြားချက်မှ မလာသေးဘူး။ စာမေးပွဲ ဖြေဖို့က စက်တင်ဘာဆိုတော့ ပြောဖို့စောသေးတယ်”ဟု HRD မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရားဝင်လုပ်သားစနစ်ဖြစ်သော EPS-Employee Work Permit စနစ်ဖြင့် ၂၀၀၈ ခုနှစ်မှ စတင်ကာ ကိုရီးယားနိုင်ငံသို့ မြန်မာလုပ်သားများ ပေးပို့ခဲ့ရာ ၂၀၁၁ ဇန်နဝါရီလကုန်အထိ လုပ်သား ၁,၇၀၀ ကျော်ပေးပို့ထားကြောင်း HRD မှ စုံစမ်းသိရသည်။

၂၀၀၈ ခုနှစ်တွင် ကိုရီးယားအလုပ်အတွက် ဖြေဆိုခဲ့ရသော KLT ကိုရီးယားဘာသာ ကျွမ်းကျင်စာမေးပွဲအောင်မြင်ပြီးသူအရေအတွက် ၃,၂၀၀ ရှိခဲ့သည်။ ထိုစာမေးပွဲအောင်မြင်သူများအနက် ပေးပို့လုပ်သား ၁,၇၀၀နှင့် ကျန်ရှိလုပ်သား ၁,၅၀၀ကျော်ရှိကြောင်း သိရသည်။

# ဘဏ်အာမခံစာရွက် တစ်စောင်လျှင် ကန်ဒေါ်လာ ငါးသောင်းထိတိုးမြှင့်သတ်မှတ်

မြန်မာ – ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် ငွေကြေးအလွှဲအပြောင်းအတွက် အသုံးပြုသည့် ဘဏ်အာမခံစာရွက် – Bank Draft တစ်စောင်၏တန်ဖိုးကို တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

မောင်ကံ

မောင်တော၊ ဖေဖော်ဝါရီ- ၁

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုငွေကြေးအလွှဲအပြောင်းအတွက်အသုံးပြုသည့် ဘဏ်အာမခံစာရွက်ငွေလွှဲလက်မှတ် Bank Draft တစ်စောင်၏ တန်ဖိုးကို အမေရိကန်ဒေါ်လာ နှစ်သောင်းမှငါးသောင်းထိတိုးမြှင့်သတ်မှတ်လိုက်သည့်အတွက် ကုန်သွယ်သူများဝန်ဆောင်ခတစ်ဆ ကျော်သက်သာသွားကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

“ကိုယ့်ဆီက ပို့ကုန်ဒေါ်လာ တစ်သိန်းဖိုးပို့မယ်ဆိုရင် အရင်တုန်းက Bank Draft ငါးစောင်ဝယ်ရပါတယ်။ Bank Draft တစ်စောင်ကို ဘဏ်မှာ ဝန်ဆောင်ခ ၁၄ဒေါ်လာပေးရပါတယ်။ ငါးစောင်ဆိုတော့ ဝန်ဆောင်ခဒေါ်လာ ၇၀ ကုန်ပါတယ်။ အခု ဒေါ်လာတစ်သိန်းဖိုး ပို့ဖို့အတွက် Bank Draft နှစ်စောင်နဲ့ ဝန်ဆောင်ခသက်သာသွားတာပေါ့”ဟု ရေထွက်ပစ္စည်းပို့ကုန်လုပ်ငန်းရှင်တစ်ဦးကပြောပြသည်။ ထို့ကြောင့် ဒေါ်လာတစ်သိန်းပို့လျှင် ဝန်ဆောင်ခ ဒေါ်လာ ၄၀ သက်သာသွားသည်။

Bank Draft များကို မြန်မာ နိုင်ငံမှ မြန်မာ့စီးပွားရေးဘဏ် (မောင်တောဘဏ်ခွဲ)နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံ(ဆိုနာလီဘဏ်)နှစ်ဘဏ်၌သာ အလွှဲအပြောင်း၊ အသွင်းအထုတ်ပြုလုပ်နိုင်သည့်အတွက် စစ်တွေနယ်စပ်မှ ကုန်သွယ်သူများမှာ စစ်တွေဘဏ်ခွဲနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဘဏ်သို့ တိုက်ရိုက်ပေးပို့လျက်ရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## ၂၀၁၁ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်အထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာမည်။

**မိုးအခြေအနေ**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ၂ရက်ခန့် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၌ တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။

**ညအပူချိန်**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိမည်။

**မြူအခြေအနေ**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ၄ ရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ၃ ရက်ခန့် နံနက်ပိုင်းတွင် မြူထုများဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် (၁၅)စင်တီမီတာ (ပေဝက်ခန့်)၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၃၀) စင်တီမီတာ (၁ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် (၁၅) စင်တီမီတာ (ပေဝက်ခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# ပန်းချီမင်းဝေအောင်၏ပန်းချီကားကို ဟောလိဝုဒ်ဇာတ်ကားတွင် ထည့်သွင်း


**အေးသူစံ**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁

ပန်းချီမင်းဝေအောင်၏ ပန်းချီကားတစ်ကားကို ဟောလိဝုဒ်တွင် ရိုက်ကူးထားသော 'Hereafter' ဇာတ်ကားတွင်ထည့်သွင်းရိုက်ကူးထားကြောင်း သတင်းရရှိသည်။

အော်စကာဆုတစ်ကြိုစာရင်းတွင် ပါဝင်ထားပြီး ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်က ထိုဇာတ်ကားကိုကမ္ဘာတစ်ဝန်းဖြန့်ချိခဲ့သည်။ မြန်မာနိုင်ငံခွေစျေးကွက်သို့မကြာမီရက်ပိုင်းက ရောက်ရှိလာသော ယင်းကားတွင် အသုံးပြုထားသည့် ပန်းချီကားမှာ ပန်းချီမင်းဝေအောင်၏ ကျော်ကြားခဲ့သည့်လက်ရာများအနက် ဆွမ်းခံကြွနေသည့်မြန်မာဘုန်းတော်ကြီးများ၏ နောက်ကျောဘက်မှ မြင်တွေ့ရသော မြင်ကွင်းကိုရေးဆွဲထားသော Monks on the Morning Round 2010' ပန်းချီကားဖြစ်သည်။ Hereafter (တမလွန်ဘဝ) ဇာတ်ကားကို ဒါရိုက်တာ Clint Eastwood က ရိုက်ကူးပြီး မင်းသားမက်ဒေမွန်အဓိက ခေါင်းဆောင်ပါဝင်ကာ Cecile De France, Thierry Neuvic နှင့် Jessica Griffiths တို့ ပါဝင်သရုပ်ဆောင်ထားသည်။ ယင်းဇာတ်ကား၏ ဇာတ်ဝင်ခန်းနှစ်ခန်းတွင် ပြင်သစ်ရုပ်ရှင်သတင်းထောက် အမျိုးသမီးက Hereafter အမည်ဖြင့် ရေးသားထားသောစာအုပ်ကို လန်ဒန်စာအုပ်ပြပွဲတွင် လက်မှတ်ထိုးမရောင်းချမီ ဟိုတယ်၌ ချိတ်ဆွဲပြသထားခြင်းကို ထည့်သွင်းရိုက်ကူးထားခြင်းဖြစ်သည်။

"ဒီ 'Monks on the Morning Round 2010' ပန်းချီကားက ၂၀၁၀ ထဲမှာ စီးရီးသစ်နဲ့ ဆွဲထားတဲ့ကားတွေထဲကတစ်ကားပါ။ အနီရောင်နဲ့ဆွဲထားတာ။ အရင်က ရွှေရောင်နဲ့ပဲသုံးပြီး ဆွဲခဲ့တယ်။ ကျွန်တော့်ညီက အင်တာနက်မှာ ဒေါင်းလော့ဒ်လုပ်ပြီးလာပြတော့မှ ကျွန်တော့်ပန်းချီကားကို သုံးထားမှန်းသိရတယ်။ အခုချိန်ထိ အဲဒီ ပန်းချီကားက ကျွန်တော့်ပြခန်းမှာ ချိတ်ထားတုန်းပဲ။ ကျွန်တော် ထင်တာတော့ ပြခန်းကိုလာတဲ့ နိုင်ငံခြားသားတစ်ယောက်ယောက်က ဓာတ်ပုံရိုက်ယူသွားပြီး ပြည်ပကိုရောက်သွားတာဖြစ်မယ်။ အင်တာနက်ကနေ ပရင့်ထုတ်ထားတာကို ကြည့်ရတာ ကျွန်တော့် လက်ရာနဲ့ တစ်သဝေမတိမ်းဘဲ ကူးဆွဲထားတာလည်းမဟုတ်ပါဘူး" ဟု ပန်းချီမင်းဝေအောင်က ပြောကြားသည်။ ၎င်း၏ ပန်းချီကားအသုံးပြုထားခြင်းနှင့် ပတ်သက်၍လည်း "ကျွန်တော်ဒီဇာတ်ကားကိုမကြည့်ရသေးပါဘူး။ ဒီကိုခွေမရောက်သေးဘူး။ ဘန်ကောက်မှာတော့ ပြနေတယ်လို့ကြားတယ်။ ကျွန်တော့် အမြင်ကတော့ အမေရိကလို ဥရောပလို နိုင်ငံကြီးတွေက ပန်းချီဆရာကြီးတွေဆိုရင်တော့




သူတို့ ဒီလိုလုပ်လို့မရဘူးလေ။ ကျွန်တော့်ပုံတောင်မှ ကျွန်တော်ဆွဲတယ်လို့ သိချင်မှသိမယ်။ ကျွန်တော့် ပန်းချီကားကိုသုံးတယ်ဆိုတာက Decoration တစ်ခုအနေနဲ့ သုံးတာမဟုတ်ဘဲ ဇာတ်ကားရဲ့ အဓိကကျတဲ့ ဇာတ်ဝင်ခန်းနှစ်ခန်းမှာ နှစ်ကြိမ်တောင် သုံးထားတယ်လို့ သိရတဲ့အတွက် သင်္ကေတနိမိတ်ပုံတစ်ခုအဖြစ် ထည့်သွင်းရိုက်ကူးထားတဲ့သဘောမျိုးဆိုတော့ ကောင်းပါတယ်။ တခြား ပြင်သစ်ပန်းချီကားတွေလည်း ထည့်သုံးထားတယ်လို့ သိရပါတယ်" ဟု ပန်းချီမင်းဝေအောင်က ပြောသည်။

"ဒီကားကို စင်ကာပူကအစ်ကို့အိမ်မှာ ကြည့်လိုက်ရတာ။ ကြည့်တုန်းကတော့ ဒီပန်းချီကားကို မြင်တဲ့အချိန်မှာ သြော်. . မြန်မာဘုန်းကြီးတွေပါလားပေါ့။ နောက်ကြည့်ရင်း ကြည့်ရင်းနဲ့မှ ပန်းချီ မင်းဝေအောင်ရဲ့ပန်းချီကားလို့ ထင်လာမိတယ်။ ပန်းချီမင်းဝေအောင်ရဲ့လက်ရာတွေက ကျွန်တော်နဲ့ အမြဲရင်းနှီးနေတော့ကြည့်လိုက်တာနဲ့သိပါတယ်။ ဒီရောက်လို့စုံစမ်းလိုက်တော့လည်းဆရာ့ရဲ့ ပန်းချီကားလို့သိရပါတယ်။ ကိုယ့် မြန်မာပန်းချီဆရာတစ်ယောက်ရဲ့လက်ရာကို ဒီလိုနိုင်ငံတကာအဆင့် ဇာတ်ကားကြီးမှာ ထည့်သွင်းအသုံးပြုထားတာကို သူ့အစား သိပ်ဂုဏ်ယူတာပေါ့"ဟု လွန်ခဲ့သည့် တစ်လခန့်က ယင်းဇာတ်ကားကို ပြည်ပတွင် ကြည့်ရှုခဲ့သူတစ်ဦးက ပြောသည်။

*Ref:www.rottentomatoes.com/hereafter*

# မြန်မာကာတွန်းဆရာတစ်ဦး နိုင်ငံတကာ ကာတွန်းပြိုင်ပွဲတွင် ပထမဆုရရှိ

**အေးသူစံ**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁

ဘရာဇီးနိုင်ငံ၌ကျင်းပသည့် နိုင်ငံတကာ ကာတွန်းပြိုင်ပွဲတစ်ခုတွင် မြန်မာနိုင်ငံမှ ကာတွန်းဆရာတစ်ဦးပေးပို့ယှဉ်ပြိုင်ခဲ့သော ကာတွန်းလက်ရာတစ်ခုမှာ ပထမဆုရရှိခဲ့ကြောင်း ဆုရရှိခဲ့သူကာတွန်းငယ်ဦးကပြောသည်။

ဘရာဇီးနိုင်ငံတွင် ခြောက်ကြိမ်မြောက်ကျင်းပသည့် 6th International Humor Paraguacu Paulista ကာတွန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကာတွန်းငယ်ဦးက စာမဲ့ကာတွန်းပြိုင်ပွဲတွင် ပထမ၊ စပိန်နိုင်ငံမှ Leslie Ricciardi က ဒုတိယနှင့် အိမ်ရှင်ဘရာဇီးနိုင်ငံမှ Rodrigo Lira Mineu Rochaက တတိယဆုရရှိခဲ့သည်ဟုသိရသည်။ ယင်းပြိုင်ပွဲသို့ နိုင်ငံပေါင်း ၄၅ နိုင်ငံမှ ပရော်ဖက်ရှင်နယ်ကာတွန်းဆရာများ၊ အပျော်တမ်းကာတွန်းဆရာများက ပုံပေါင်း ၁၅၈၅ပုံဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ကာတွန်းပြိုင်ပွဲတွင် စာမဲ့ကာတွန်း ပြိုင်ပွဲ၊ ရုပ်ပြောင်ကယ်ရီကေးချား ပြိုင်ပွဲ၊ နိုင်ငံရေးအတွေးအမြင် ကာတွန်းများ၊ Theme ကာတွန်း၊ Strip ကာတွန်းပြိုင်ပွဲများလည်းပါဝင်သည်။

ပထမဆုရရှိသူကာတွန်းငယ်ဦးအား ဘရာဇီးငွေကြေး သုံးသိန်း၊ ဒုတိယဆုရသူအား ငွေနှစ်သိန်း၊ တတိယဆုရရှိသူအား ငွေတစ်သိန်းအပြင် ဆုတံဆိပ်နှင့်ဂုဏ်ပြုလက်မှတ်များ ပေးအပ်မည်ဟု သိရသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းကို ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလတွင် ကြေညာခဲ့ပြီး အများပြည်သူသို့ ၂၀၁၀ ဒီဇင်ဘာလမှ ၂၀၁၁ခုနှစ် မတ်လအထိ ဘရာဇီးနိုင်ငံရှိ Convention Center Mario Canvas တွင် ပြသမည်ဖြစ်သည်။

"ငယ်ဦး၊ ပထမဆု၊ မြန်မာနိုင်ငံ'လို့ ရေးထားတဲ့ဆုစာရင်းကြေညာချက်ကို အင်တာနက်မှာ တွေ့လိုက်ရတော့မြန်မာပြည်သားများရဲ့ကိုယ်စား၊ မြန်မာကာတွန်းဆရာများရဲ့ကိုယ်စား၊ ကိုယ့်တိုင်းပြည်အတွက်ဂုဏ်ယူမဆုံး၊ ဝမ်းသာမဆုံး ဖြစ်ရပါတယ်။ မြန်မာ စာမဲ့ကာတွန်းတွေ နိုင်ငံတကာနဲ့ရင်ပေါင် တန်းနေပါပြီ" ဟု ကာတွန်းငယ်ဦးက ပြောကြားသည်။

*Ref:www.salaodehumordparaguaw.com.br*

# ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ ပဲခူးတိုင်းဒေသကြီးရှိ စာကြည့်တိုက်များသို့ သွားရောက်လေ့လာ

**ဥက္ကာကိုကို**

ရန်ကုန်၊ ဖေဖော်ဝါရီ-၅

မကြာသေးမီက ဖွဲ့စည်းခဲ့သော ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်း၏ အလုပ်အမှုဆောင်အဖွဲ့သည် ပထမဆုံးအကြိမ် ကွင်းဆင်းလေ့လာခြင်းအဖြစ် ပဲခူးမြို့၊ သနပ်ပင်မြို့၊ ကဝမြို့နယ်များရှိ ကျေးရွာစာကြည့်တိုက်များသို့ ယခုလ ၄ ရက်က သွားရောက်၍ စာကြည့်တိုက်များအတွင်း ပရိဘောဂနှင့် စာအုပ်စာတမ်းများလိုအပ်နေမှု အခြေအနေကို ကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ရည်မှန်းချက်တွေနဲ့ ကိုက်ညီတဲ့စာကြည့်တိုက်တွေရှိနေပြီလားဆိုတာ သွားလေ့လာတာပါ။ ပဲခူးက ပထမဆုံးပဲ" ဟု ဖောင်ဒေးရှင်းအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းကို အင်န်ဂျီအိုတစ်ခုအနေဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကာ နာယက ၂၂ ဦး၊ အမှုဆောင် ၉ ဦးတို့ဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့တွင် စာရေး ဆရာများ၊ အနုပညာရှင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပါဝင်ကြသည်ဟု သိရသည်။

"ရန်ပုံငွေတွေကို တိုးပွားအောင်လုပ်ပြီး အဆင့်မြင့်တဲ့ စာကြည့်တိုက်တွေဖြစ်အောင် လုပ်သွားမယ်။ နာမည်ခံ၊ ဆိုင်းဘုတ်ပဲတင်ထားတဲ့ စာကြည့်တိုက်တွေ မလိုချင်ဘူး။ လောလောဆယ် ပရိဘောဂတွေ၊ စာအုပ်တွေနဲ့ စာဖတ်အားတွေ အားနည်းနေကြသေးတာ တွေ့ရတယ်" ဟု ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း ဥက္ကဋ္ဌဦးမောင်မောင်က ပြောသည်။



ဖောင်ဒေးရှင်း၏ ပထမဆုံး လေ့လာရေးခရီးစဉ်အဖြစ် ပဲခူးမြို့၊ ပြန်/ဆက်စာကြည့်တိုက်၊ သနပ်ပင်မြို့၊ ကဝမြို့တို့ရှိ ပြန်/ဆက် စာကြည့်တိုက်နှင့် သနပ်ပင်မြို့နယ်အတွင်းရှိ ကမာစဲ၊ အနီးကိုက်၊ ရစ်ကန်ကြီး၊ အုန္နဲကျေးရွာတို့ရှိ စာကြည့်တိုက်များသို့ သွားရောက်ခဲ့ကြသည်။

လေ့လာရေးခရီးစဉ်တွင် စာပေစိစစ်ရေးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေ၊ ပြန်/ဆက်၊ ညွှန်ကြားရေးမှူး ဦးအေးကြွယ်၊ ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဆွေ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်စံဝင်း၊ ဆရာချစ်နိုင်(စိတ်ပညာ) တို့ပါဝင်သည်။

Life
7 Day News Journal
Vol.9, No.46 • FEBRUARY 10, 2011

# တက္ကစီကားပေါ်က အပြာပုံရိပ်

ဇာဇာနီ

## တနင်္လာနေ့ မွန်းလွဲ ၁၂ နာရီကျော်လောက်က လသာမြို့နယ် ကမ်းနားလမ်း၌ ဖွင့်လှစ်ထားသော ပုဂ္ဂလိကဘဏ်တစ်ခုသို့ ကျွန်မ သွားရန်ရှိသဖြင့် တက္ကစီတစ်စီးကို တားလိုက်သည်။

ထိုးရပ်လာသော တက္ကစီ တစ်စီးကိုငွေ ၁၂၀၀ကျပ်ဖြင့် ဈေးဆစ်၍ ကားနောက်ခန်းသို့ တက်လိုက်သည်။ ကားပေါ်သို့ ရောက်ပြီး ကိုယ့်အတွေးနှင့်ကိုယ် ဘေးဘီသို့ငေးရင်း တွေးနေမိသည်။ ထိုစဉ် ကိုယ့်ကိုတစ်ယောက်ယောက်ကြည့်နေသလို ခံစားမိ၍ ကားရှေ့ခန်းလှမ်းအကြည့် မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်မမှင်တက်သွား၏။ ကားရှေ့ခန်းဘယ်ဘက်မှန်ပေါင်ပေါ်ရှိ ခြောက်လက်မနှင့် ရှစ်လက်မအရွယ်အစား တီဗီဖန်သားပြင်ပေါ်၌ အဝတ်အစားမပါသော အမျိုးသမီးပုံများစွာကို ပုံစံအမျိုးမျိုးဖြင့် ပြသနေ၍ပင်။

ထိုသို့မြင်တွေ့လိုက်ရသဖြင့် ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ မလုံခြုံမှုများကိုလည်း ခံစားလာရသည်။ အသက်ငါးဆယ်ကျော် ကိုယ့်အဖေအရွယ် ယာဉ်မောင်းက ထိုသို့ပြုမူခြင်းဖြစ်၍ ပိုအံ့သြမိသည်။ ကိုယ့်အသက်အရွယ်နှင့် ဘာကြောင့်များ ကိုယ့်ကားကိုစီးတဲ့ ခရီးသည်၊ တစ်နည်းအားဖြင့် ကိုယ့်ရဲ့ ထမင်းရှင်ကို ဒီလိုမျိုးဖွင့်ပြနေရလည်းဆိုတာ စဉ်စား၍မရ။

ကိုယ့်ကားစီးလာသော ခရီးသည်ကို အထင်အမြင်သေးရမလားဟု ဒေါသထွက်သော်လည်း ကြောက်စိတ်နှင့် ရှက်ရွံ့မှုတို့ကြောင့် နှုတ်ဆိတ်နေမိသည်။

သည်ဖြစ်စဉ်အတိုင်း မိန်းကလေးမည်မျှ ကြုံတွေ့ဖူးပြီးလဲ။ အခုလို ကြုံတွေ့ခဲ့ရလျှင် ဘယ်လိုများ ဖြေရှင်းကြမလဲ။ အမျိုးသမီးများ အဝတ်အစားမဲ့ပုံများကို ပုံစံအမျိုးမျိုးဖြင့် ပြသနေစဉ် တက္ကစီယာဉ်အတွင်း ယာဉ်မောင်းနှင့် နှစ်ဦးတည်းရှိနေကြမည်။ ထိုသူက ပါးစပ်မှ မပြောသေးသော်လည်း အကဲခတ်သည့် မျက်လုံးအကြည့်ဖြင့် အကဲစမ်းနေလျှင် ဘယ်လိုတုံ့ပြန်သင့်သလဲ။ ကျွန်မဆန္ဒရှိသည်ကတော့ ထိုအတွေ့အကြုံမျိုး အခြားမိန်းကလေးများ မကြုံတွေ့စေလိုပါ။

■

အသက် ၂၀ အရွယ် မိန်းကလေးငယ်တစ်ဦးကလည်း သူမ ကြုံတွေ့ခဲ့သော အဖြစ်အပျက်ကို အောက်ပါအတိုင်းပြောပြသည်။

“သမီးဖြစ်ခဲ့တုန်းက တက္ကစီယာဉ်မောင်းက အဝတ်အစားမဲ့အမျိုးသမီးဓာတ်ပုံ အယ်လ်ဘမ်တွေကို နောက်ကလူလည်း မြင်အောင်ကားမောင်းရင်းကြည့်နေတယ်။ သမီးက မကြည့်တော့ ပါးစပ်က ညီမလေး ဘယ်သွားမလို့လဲ၊ ဟိုမေးဒီမေးနဲ့၊ သွားမယ့်နေရာကို ရောက်ဖူးလားသူကမေးတော့ သူ့ကားစီးမိတော့ မကောင်းတတ်လို့ ကိုယ်ကဖြေတော့ သူက အခုကားနဲ့ ညည်းကို တစ်နေရာကို ခေါ်သွားရင် ဘယ်လိုလုပ်မလဲ အကဲစမ်းသလို လုပ်လာတယ်။ ဒါကြောင့် သမီးလည်း ကားကို ကိုယ်သွားမယ့်နေရာ မရောက်ခင်ရပ်ခိုင်းပြီး ဆင်းလာမှ အသက်ကောင်းကောင်းရှူနိုင်တယ်”ဟု ပြောသည်။



ရန်ကုန်မြို့မှ တက္ကစီယာဉ်မောင်းတစ်ဦးက အမျိုးသမီးခရီးသည် တက်လာသည်နှင့် တီဗီအသေးဖြင့် အမျိုးသမီးပုံများကို ကြည့်ရှုနေသည်ကို သတင်းထောက်က ဖုန်းကင်မရာဖြင့် မှတ်တမ်းတင်ထားစဉ်။

ထိုအမျိုးသမီးငယ်က ဆက်လက်ပြောရာတွင် “အခုလို တက္ကစီသမားတွေကြောင့် တစ်ဦးတည်း တက္ကစီငှားစီးရမှာတောင် ကြောက်လာပြီ” ဟူ၍ပြောသည်။

လွန်ခဲ့သော ၂နှစ်ခန့်ကလည်း အသက်နှစ်ဆယ်ကျော် မိန်းကလေးတစ်ဦး အိမ်သို့ ညဘက်တက္ကစီငှားပြန်စဉ် ယာဉ်မောင်းက ကားကို ခရီးရှည်အောင်ကွေ့ပတ်မောင်းပြီး ရိုင်းစိုင်းသည့်စကားများပြောလာ၍ ရန်တွေ့ပြီးကားပေါ်မှ ဆင်းခဲ့ရဖူးသည်။

အမှန်တော့ အငှားကားစီးသော မိမိတို့မှာသွားလိုရာသို့ အချိန်တိုအတွင်း လုံလုံခြုံခြုံ သက်သောင့်သက်သာသွားလို၍ ကားငှားကြခြင်းဖြစ်၏။ သူတို့ကို လိုရာခရီးသို့ ပို့ပေးရန်မှာ ယာဉ်မောင်းများ၏ တာဝန်ပင်။

ထိုသို့မဟုတ်ဘဲ မိမိ၏ဂုဏ်သိက္ခာ၊ တစ်ပါးသူ၏ ဂုဏ်သိက္ခာ ထိခိုက်စေမည့် လုပ်ရပ်မျိုးကို လူထုဝန်ဆောင်မှုပေးသည့် လုပ်ငန်းနှင့် တွဲလုပ်လာခြင်းကို အထူးစိုးရိမ်မိပါသည်။

ထိုအဖြစ်မျိုး ကြုံတွေ့ခဲ့ရလျှင် အကျင့်ပျက်အငှားယာဉ်မောင်းများ၏ အငှားယာဉ်နံပါတ်ကို မှတ်၍ အငှားယာဉ်ကြီးကြပ်မှုကော်မတီသို့ တိုင်တန်းရမည်လား။ ဒါမှမဟုတ် ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီသို့ အကြောင်းကြားရမည်လား။

အကယ်၍ တိုင်တန်းမည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းတို့က မည်သို့ အရေးယူဆောင်ရွက်ကြမည်နည်း။ မြို့တွင်းခရီးသည်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ဆက်ဆံရေးညံ့ဖျင်း၊ ရိုင်းစိုင်းလျှင် အလွယ်တကူတိုင်နိုင်သော ဖုန်းနံပါတ်များရှိသော်လည်း ငွေပိုပေးရသော တက္ကစီယာဉ်မောင်းများအတွက် တိုင်ကြားရန်နှင့်အကြံပြုရန်ဌာနတို့ ဖုန်းနံပါတ်တို့က ခက်နေသည်။ ဆိုင်ရာဌာနများကိုလည်း ထိုအတွက် စဉ်းစားစေချင်သည်။

သို့သော် မျက်နှာပြောင်တိုက်၍ ထိုသို့ သိက္ခာမဲ့လုပ်ရပ်လုပ်ရဲသော အငှားယာဉ်မောင်းများ အရေးအတွက် အနည်းငယ်ပင်ရှိမည်ဟု ကျွန်မယုံကြည်ပါသည်။ အများစုဂုဏ်သိက္ခာရှိရှိဖြင့် မိသားစုတာဝန်ထမ်းနေရသူများ ဖြစ်မည်ဟုထင်ပါသည်။ ထိုအချက်ကို ယာဉ်မောင်းတစ်ဦး၏ စကားက ခိုင်မာစေခဲ့သည်။

“ယာဉ်မောင်းတွေက လူစုံတယ်။ မ,တစ်ထောင်သားတွေဆိုတော့ သိတဲ့အတိုင်းပဲ။ ညဘက်စီးတဲ့ မိန်းကလေးတွေဆိုရင် ပိုလက်တည့်စမ်းချင်ကြတယ်။ တကယ်တော့ လုံးဝမလုပ်သင့်ပါဘူးဗျာ။ ကိုယ့်မှာလည်း မိန်းမနဲ့မိသားစုနဲ့။ ခရီးသည်ရဲ့ ဂုဏ်သိက္ခာကိုလည်း စောင့်ရှောက်ဖို့ ထည့်တွက်ရမယ်။ သားသမီးချင်း ကိုယ်ချင်းစာရင် မလုပ်သင့်ပါဘူး။ ဒါကြောင့်လည်း လူတွေက ကားသမားဆိုရင် အထင်သေးတာ။ အထင်သေးအောင် လုပ်တဲ့ လူတွေရှိနေလို့ပဲ”။ ။

## ပျဉ်းမနားရောက်ခဲ့ရင် . . .

ဈေးဝယ် ထွက်မယ်

အိဖြူလွင်

ခရီးတွေသွားလာနေရမှ ဘဝရဲ့ စိတ်အမောတွေ ပြေပျောက်ပြီး ဒေသန္တရဗဟုသုတလည်းရ အင်အားသစ်တွေလည်းရလို့ တစ်နှစ်မှာ တစ်ခါလောက်တော့ မဖြစ်ဖြစ်အောင် ခရီးထွက်ရလေ့ရှိပါတယ်။ တချို့သူများကတော့ အလုပ်သဘာဝအရ တစ်ချိန်လုံး ခရီးတွေထွက်နေရတတ်တော့ ငြီးငွေ့တတ်တာလည်း ရှိပါတယ်။


ခရီးထွက်ရသူတွေတိုင်းကို လက်ဆောင်ဝယ်လာဖို့ မှာလေ့ရှိကြတာက လူတိုင်းရဲ့ အရိုးစွဲနေတဲ့ ချစ်စရာစိတ်ဓာတ်လေးဖြစ်သလို ခရီးကပြန်လာသူတိုင်းကလည်း အိမ်ပြန်လက်ဆောင်တွေကို ချစ်ရတန်ဖိုးထားရသူတိုင်းအတွက် အမှတ်တရဝယ်လာလေ့ရှိကြပါတယ်။


ဘယ်နေရာကိုပဲ ရောက်ရောက် ဒေသထွက် အမှတ်တရလက်ဆောင်လေးတွေကို တန်ဖိုးနည်းတာများတာမရှိဘဲနဲ့ ဝယ်ရတာကလည်း လူတိုင်းအတွက် မဖြစ်မနေလုပ်ရတာပါ။

ခရီးထွက် စရာဒေသတွေပေါသလို အလှတရားတွေစုံတဲ့ မြန်မာနိုင်ငံမှာ အခမ်းနားဆုံးမြို့ တစ်မြို့ဖြစ်တဲ့ နေပြည်တော်ကို တော့ အလုပ်တာဝန်တွေအရ တော်တော်များများသော လူတွေက ရောက်ရလေ့ရှိတာဖြစ်တဲ့ အတွက် ဒီတစ်ပတ်မှာတော့ နေပြည်တော် ပျဉ်းမနားဒေသထွက် ပစ္စည်းတွေကို ဈေးဝယ်ထွက်



ဓာတ်ပုံ-အေးမြကျော်





နိုင်ဖို့ လမ်းညွှန်ပေးပါရစေ။ အလုပ်ကိစ္စအတွက် နေပြည်တော်ကို ရောက်ခဲ့ရင် ပျဉ်းမနားဒေသထွက် ပစ္စည်းလေးတွေ ဝယ်နိုင်ဖို့အတွက် ပျဉ်းမနားမြို့မဈေးကို တစ်ခါလောက်အလည်သွားကြည့်ကြပါစို့လားနော်။

ပျဉ်းမနားမြို့ ဝါးပိုးမှုစ်ချဉ်ဆိုတာ နိုင်ငံကျော်နာမည်ကြီး အစားအစာဖြစ်သလို ကြက်သွန်မုန့်ကြော်၊ မြေပဲပွကြော်၊ ပဲချောင်း ခရမ်းချဉ်သီးယိုစတဲ့ မုန့်တွေနဲ့ဟင်းချက်ရာမှာ ရောအကြော်တွေမှာပါ ထည့်သုံးနိုင်တဲ့ ကြက်သွန်နီအကြော်တွေလည်းရနိုင်ပါတယ်။

ဒီပစ္စည်းတွေအားလုံးကို ပျဉ်းမနားမြို့ရဲ့နေရာတိုင်းလိုလိုမှာ ရနိုင်သလို ဈေးထဲမှာဆိုရင်လည်း ဝယ်စရာဆိုင်တွေများတာကြောင့် စိတ်ကြိုက်ရွေးနိုင်ပါတယ်။

အထုပ်အရွယ်အစားနဲ့ အလေးချိန်ပေါ်မူတည်ပြီး ဈေးနှုန်းတွေကွဲပေမယ့် မှုစ်ချဉ် ၃၀ သားတစ်ထုပ်ကို ၅၀၀ကျပ်၊ ကြက်သွန်မုန့်ကြော်က ၂၅၀ မြေပဲပွကြော်က ၄၀၀၊ ၉၀၀၊ ပဲချောင်းတစ်ထုပ်ကို ၈၀၀ ကျပ်စတဲ့ဈေးနှုန်းတွေက ဝယ်ရတာ တန်သလို ဒေသထွက်တွေဖြစ်တာကြောင့် လက်ဆောင်ပေးရတာလည်း မျက်နှာပန်းလှမှာသေချာပါတယ်နော်။

အကြော်စုံအတွက်ရော ယိုမျိုးစုံနဲ့ မှုစ်ချဉ်တွေအတွက် စိတ်ကြိုက်ရွေးနိုင်ဖို့အတွက်ကိုနေပြည် တော်ပျဉ်းမနားကို အလည်တစ်ခေါက်သွားရင်းနဲ့ ဈေးဝယ်ထွက်မယ့်ကဏ္ဍကနေ လမ်းညွှန်ပေးလိုက်ပါတယ်နော်။

7DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011






# အမေနေကောင်း သားဆုတောင်း


ခွန်းဆင့်သူသူ

သူငယ်ချင်းတွေက ကျွန်တော့်ကိုတွေ့ရင် ‘အမေနေကောင်း သားဆုတောင်း’လို့စကြ၊နောက်ကြတယ်။ သူတို့ စမယ်ဆိုရင်လည်း စချင်စရာပါပဲ။ ကျွန်တော်က အမေ့ဆီကို စာရေးပြီး ပိုက်ဆံလှမ်းတောင်းတိုင်း ဒီစကားနဲ့အစချီနေကျကိုး။

ဒီအခေါက်နဲ့ဆိုရင် ကျွန်တော် ရန်ကုန်ရောက်တာ သုံးခေါက်ရှိပြီပေါ့။ ဒီတစ်ခေါက်ကတော့ အကြာဆုံးပဲ။ အေးဂျင့်အစ်ကိုက “မင်းအတွက် ခေါ်စာကျတော့မယ်။ ပြန်နေရင် လမ်းစရိတ်ကုန်နေမယ်။ ငါ့ဆီမှာနေ”ဆိုတာနဲ့ ကြာသွားတာ။ ကျွန်တော်ကလည်း ရန်ကုန်ကနေ မပြန်ချင်တာနဲ့ အတော်ပဲဖြစ်သွားတာပေါ့။

စာ(၁၁)သို့



## အမေနေကောင်း သားဆုတောင်း မှ

ရခိုင်ပြည်နယ် သံတွဲခရိုင်က အိမ်ခြေတစ်ရာကျော်သာရှိတဲ့ သာယာကုန်းရွာကလေးမှာ ကြီးပြင်းလာတဲ့သူက ရန်ကုန်လို နေရာမျိုးမှာမပျော်ဘဲရှိမလားဗျာ။ အားလုံးဟာ အသစ်အဆန်းတွေပဲလေ။ မမြင်ဖူး၊ မတွေ့ဖူး၊ မစားဖူးတာတွေနဲ့ စွဲမက်စရာတွေအပြည့်ပဲမဟုတ်လား။ ကျွန်တော်ကတော့ နေ့တိုင်းပဲ မြို့ထဲကိုထွက်ချင်နေတော့တာပဲ။ တစ်နေ့တစ်နေ့ ဘာရယ်လို့မဟုတ်၊ ဆူးလေတစ်ဝိုက်နဲ့ ပန်းဆိုးတန်းမှာ တဝဲလည်လည်နဲ့ ကျင်လည်သွားလာရတာလည်း အရသာတစ်မျိုးပဲလေ။

ရန်ကုန်ကို ရောက်ခါစကတော့ လမ်းတွေ ခဏခဏမှားတယ်။ အေးဂျင့်အစ်ကိုက မြို့ထဲမှာ အဓိကလမ်းကြီးသုံးလမ်းဖြစ်တဲ့ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းနဲ့ ဗိုလ်ချုပ်လမ်းကိုမှတ်မိရင် သွားတတ်ပြီလို့ပြောတယ်။ ဒါပေမဲ့ အဆောက်အအုံတွေ၊ လမ်းတွေက ဆင်တူရိုးမှားတွေမို့ ဒီသုံးလမ်းကိုပဲ ခဏခဏမှားနေတော့တာပဲ။ အခုမှသာ တစ်ယောက်တည်း သွားလာတတ်ပြီး လည်လည်ဝယ်ဝယ်ရှိလာတာ။

ကျွန်တော့်အတွက်တော့ တစ်သက်နဲ့တစ်ကိုယ် မလေးရှား ဆိုတာ အိပ်မက်တောင်မက်ဖူးတာမဟုတ်ပါဘူး။ မလေးရှား၊ မလေးရှားနဲ့ ဒီမလေးရှားရောဂါကကျွန်တော်တို့ဆီမှာ တော်တော်လေးခေတ်စားနေတာကြာပြီ။ ရွာနီးချုပ်စပ်က လူတွေလည်း သွားလိုက်ကြတာ သောက်သောက်လဲပါပဲ။ ကျွန်တော်ကတော့ စိတ်မဝင်စားဘူး။ ဒါပေမဲ့ အမေကတော့ စိတ်ဝင်စားတယ်။ သူများတွေ ပါးစပ်ဖျားက မလေးရှားက သူ့ပါးစပ်ဖျား ရောက်လာတော့တာပဲ။ သူများတွေလို 'သားက မလေးရှားမှာ'လို့ အော်ချင်တယ်ထင်ပါရဲ့။ ကျွန်တော့်ကို မလေးရှားသွားဖို့ အတင်းတိုက်တွန်းတော့တာပဲ။

ကျွန်တော်တို့က မိသားစုသုံးယောက်ပဲရှိတယ်။ အမေရယ်၊ ညီမလေးရယ်၊ ကျွန်တော်ရယ်။ ညီမလေးက ကိုးတန်း၊ ကျွန်တော်က ဆယ်တန်း နှစ်ခါကျ။ အမေ့ရဲ့ အိမ်ဆိုင်ကလေးနဲ့ စားဖို့၊ နေဖို့ ပူစရာမလိုပါဘူး။ ကျွန်တော်ကလည်း မနက်ခင်း သီးနှံရောင်းတာ တစ်ထောင်၊ထောင့်ငါးရာလောက်တော့ ကျန်တာပဲ။ ညောင်ပင်ဆိပ်ကနေ စက်လှေစီးပြီး လှေကြီးချိုင်ဆိပ်ကမ်းရွာကို သွားရောင်းတာ။ အသွားအပြန် နှစ်နာရီလောက်တော့စီးရတယ်။ ငရုတ်သီး၊ ဗူးသီး၊ ချဉ်ပေါင်၊ နံနံ၊ ပဲသီး စတဲ့ခြံထွက်သီးနှံလေးတွေပေါ့။ မွန်းတည့်ချိန်ဆို ရွာကိုပြန်ရောက်ပြီ။ နေ့လယ်နဲ့ညနေတွေမှာ အားနေတော့ ဘီလိယက်ထိုး၊ ဘောလုံးကန်၊ ပြီးရင် အရက်ဆိုင်ကိုတော့ ပုံမှန်သွားတယ်။ ဒါကျွန်တော့်ရဲ့ တစ်နေ့တာဘဝပဲ။

တစ်ခါတလေမှာ ကျွန်တော် ကပျင်းရင် ဟင်းရွက်သွားမရောင်းတော့ဘူး။ မနက်အစောကြီးထပြီး တစ်မနက်လုံး ဈေးရောင်းတာ တစ်ထောင်လောက်ပဲကျန်တယ်။ ကျွန်တော် တစ်နေကုန်အောင် ဘီလိယက်ထိုးရင် လေးထောင်၊ ငါးထောင်လောက်ကအသာလေး နိုင်တာပဲ။ ဒီတော့ ကျွန်တော့်စိတ်က ဈေးရောင်းတာထက် ဘီလိယက်ထိုးရတာ ပိုပျော်တယ်။ ဒါကို အမေက မကြိုက်ဘူး။ ရှင်းရှင်းပြောရရင် ကြည့်မရဘူးပေါ့။ ကျွန်တော့်ကို ပုံမှန်အလုပ်လုပ်စေချင်တယ်။ အလုပ်ရဲ့တန်ဖိုးကို သိစေချင်တယ်။ ညနေတိုင်း အရက်ဆိုင်သွားတာလည်း မကြိုက်ဘူး။ မလေးရှားရောက်သွားရင် အလုပ်ကို စည်းကမ်းတကျလုပ်ရမယ်။ လူလည်း လက်ကြောတင်းပြီး အပိုးကျိုးသွားလိမ့်မယ်လို့ မျှော်လင့်ပုံရတယ်နဲ့တူတယ်။ "နင့်အတွက် စိတ်မအေးဘူး။ နင် မလေးရှားရောက်ရင် ငါသေပျော်ပြီ"လို့ ပြောနေတော့တာ။ ကျွန်တော်လည်း ဇွတ်မငြင်းချင်တော့ဘူး။ ဒီလောက်တောင်ရှိလှ သွားမယ်ကွာဆိုပြီး ရန်ကုန်ကိုထွက်လာခဲ့တာပဲ။

ကျွန်တော်က ဘဝတွေ၊ အနာဂတ်ဆိုတာတွေကို သိပ်ခေါင်းထဲ ထည့်တဲ့သူမဟုတ်ဘူး။ ပြောရမယ်ဆိုရင် ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားပေါ့။ အမေရှိတာလည်း တစ်ကြောင်းပေါ့လေ။ ဘဝကို အပူအပင်မဲ့နေလာခဲ့ပြီး ရောက်တဲ့နေရာမှာ ပျော်တတ်တဲ့ကောင်။ အခုလို မြို့ကြီးပြကြီးမှာ ပိုပျော်တာပေါ့။

အေးဂျင့်အစ်ကိုက အိမ်ခေါ်ထားပြီး ထမင်းကျွေးပေမယ့် အသုံးစရိတ်ကတော့ လိုသေးတာပဲ။ ရန်ကုန်ရဲ့ ရသကလည်း ရေလောင်းမှ နေကောင်းတာဆိုတော့ ရွာက ပါလာတဲ့ ငွေနှစ်သိန်းလည်း ကုန်ပြီ။ အမေ့ဆီလည်း လူကြုံနဲ့ ပိုက်ဆံထပ်တောင်းတာ နှစ်ခါရှိပြီ။ အမေ့ဆီပိုက်ဆံတောင်းရတာလည်း မျက်နှာတော့ အပူသား။ မလေးရှားကို မရောက်သေးဘူး။ ရန်ကုန်မှာ သောင်တင်ပြီး ပိုက်ဆံကုန်နေတာကိုး။

အေးဂျင့်အစ်ကိုကလည်း ကိုယ့်နယ်ကပဲဆိုတော့ အားနာစရာတော့မရှိပါဘူး။ သူက စောင့်လက်စနဲ့ စောင့်ဦးဆိုတာနဲ့ ရန်ကုန်မှာ သုံးလလောက်ကြာနေပြီ။ ဒီလကုန်အထိ ခေါ်စာ(Calling) မကျသေးရင်တော့ ရခိုင်ပြန်ဦးမလားလို့ စိတ်ကူးတာပဲ။

တစ်ချိန်မှာတော့ အမေမျှော်မှန်းသလို မလေးရှားက ပြန်ရောက်ပြီးမှ အပိုးကျိုးတဲ့သားဖြစ်မဖြစ်တော့မသိဘူး။ လောလောဆယ်တော့ အသုံးစရိတ်ပြတ်နေတာမို့ မျက်နှာပူပူ၊ အားနာနာနဲ့ပဲ အမေ့ဆီ စာရေးရတော့မှာပဲ။ 'အမေနေကောင်း သားဆုတောင်း ပေးလိုက်ပါဦး ငွေနှစ်သောင်း'. . လို့။ ။

---



**ဓမ္မ**

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## ကုသိုလ်ကောင်းမှု ယခုပြုလော့ ....

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမဆင်ခြင် မမြင်မူ၍ အနှစ်တစ်ရာပတ်လုံးအသက်ရှည်ခြင်းထက် ၎င်းခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို ကောင်းစွာဆင်ခြင်ရှုမြင်သော သူ၏တစ်ရက်မျှ အသက်ရှည်ခြင်းသည် သာ၍မြတ်၏။ (ဓမ္မပဒ-၁၁၃)

ကုသိုလ်ကောင်းမှုတို့ကို မြန်မြန်ပြုရာ၏။ စိတ်ကိုမကောင်းမှုမှ တားမြစ်ရာ၏။ ကုသိုလ်ကောင်းမှု အပြုနှေးသော သူ၏စိတ်ထဲသို့ မကောင်းမှုက ထိုးဖောက်ဝင်လာတတ်၏။ (ဓမ္မပဒ-၁၁၆)

မကောင်းမှုကို အကယ်၍ပြုမိလျှင် ထိုမကောင်းမှုကို ထပ်ခါထပ်ခါမပြုရာ။ ထိုမကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း မဖြစ်စေရာ။ မကောင်းမှုကို ပွားခြင်းသည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ပူပန်ဆင်းရဲခြင်းဖြစ်၏။ (ဓမ္မပဒ-၁၁၇)

ကောင်းမှုကို အကယ်၍တစ်ကြိမ်တစ်ခါပြုမိလျှင် ထိုကောင်းမှုကို ထပ်ခါထပ်ခါပြုရာ၏။ ထိုကောင်းမှု၌ စိတ်အလိုဆန္ဒကိုလည်း ဖြစ်စေရာ၏။ ကောင်းမှုကို ပွားများခြင်းသည် ပစ္စုပ္ပန်တမလွန်နှစ်တန်သော ဘဝတို့၌ ချမ်းသာခြင်းကို ဖြစ်စေ၏။ (ဓမ္မပဒ-၁၁၈)

ရည်ညွှန်း - "ဓမ္မပဒ" ကမ္ဘာ့သာသနာပြု သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသ(၁၉၉၆ - ၁၉၉၇)

---

# ကျိုက်ခေါက်ဘုရားပွဲတော်တွင် ကျန်းမာရေးနှင့် ညီညွတ်သောအစားအစာများ ရောင်းချရန် ဆောင်ရွက်မည်ဟုဆို

မေဝင်းမွန်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့တွင် ယခုလအတွင်း ကျင်းပမည့် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်ဗုဒ္ဓပူဇနိယပွဲတော်ရက်တစ်လျှောက် ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများ ရောင်းချရေးအတွက် ကျန်းမာရေး ဆပ်ကော်မတီက စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ဓာတ်ပုံ - အောင်အောင်

တောင်ပိုင်းခရိုင် ဆရာဝန်ကြီးကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ကျန်းမာရေးမှူးများ၊ မြို့နယ်ဆရာဝန်များ၊ ဂေါပကအဖွဲ့ဝင်များ၊ စည်ပင်သာယာအဖွဲ့များ ပါဝင်သည့်အဖွဲ့က ကျန်းမာရေးဆိုင်ရာပညာပေးခြင်း၊ ပွဲတော်အတွင်း ဖုန်များသည့်အတွက် လုံခြုံစွာဖုံးအုပ်ရောင်းချခြင်း၊ ချက်ပြုတ်လုပ်ကိုင်မှုများကို ကြည့်ရှုကြပ်မတ်ခြင်း၊ ပွဲတော်ရက်အတွင်း သန့်ရှင်းသော သုံးရေအတွက် ရေတွင်းရေကန်များ ဆေးခတ်ခြင်း၊ ယင်လုံအိမ်သာများ စနစ်တကျပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ထားကြောင်း သိရသည်။

ကျိုက်ခေါက်ဘုရားပွဲတော်ကို နှစ်စဉ်တပို့တွဲလ ၈ ရက်မှ လပြည့်ကျော် ၁ရက်(ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၉ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ဘုရားပွဲတော်တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ရောင်းချသည့် လူသုံးကုန်၊ အဝတ်အထည်၊ မီးဖိုချောင်သုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ စားသောက်ကုန်စသည်တို့ရောင်းချသည့် ဆိုင်ခန်းအကြီး၊ အသေးပေါင်း ၂,၀၀၀ ကျော်ခင်းကျင်းရောင်းချမည်ဖြစ်ကြောင်းသိရသည်။

ဆိုင်ခန်းဈေးနှုန်းများမှာ ကုန်ကျစရိတ်များ၊လုပ်အားခများ တက်လာသည့်အတွက် ယခင်နှစ်ထက် ၁၀ရာခိုင်နှုန်းတက်သွားပြီး ဆိုင်ခန်းရောင်းချမှုကို လေလံစနစ်ဖြင့် မရောင်းချဘဲ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၊ ၄၀ ကတည်းက လာရောင်းသူများကို ဦးစားပေးစနစ်ဖြင့်ရောင်းချပေးမည်ဖြစ်ပြီး၊ ဌာနဆိုင်ရာ ဆိုင်ခန်းများလည်း ပါဝင်ကြောင်း သိရသည်။

"သန်လျင်ရဲ့ ဓလေ့ထုံးစံက ဘုရားကြီးကို နယ်သူနယ်သားတွေက နှစ်တိုင်းနှစ်တိုင်းရွှေချကြတယ်။ တစ်နှစ်မှာဆိုရင် ဘုရားပွဲမှာလှူတာကများတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် ရွှေသက်န်းအပါအဝင် ဘုရားကြီးအတွက် ကျပ်သိန်း ၁,၀၀၀လောက် လှူနိုင်ခဲ့တယ်။ ဟိုတုန်းကလွန်ခဲ့တဲ့ ၉ နှစ်လောက်ကဆိုရင် သိန်း၃၀၀ လောက်ရတယ်။ နောက် ၄၀၀၊ ၅၀၀၊ ၆၀၀ စသဖြင့်ရတယ်။ မနှစ်ကဆို သိန်း ၁,၀၀၀ ကျော်ရတယ်။ ဒီနှစ်ဆိုရင် သိန်း ၂,၀၀၀၊ ၃,၀၀၀ လောက်ရမယ်ထင်တယ်။ အဲဒီအလှူငွေတွေဆိုရင် ရွှေသင်္ကန်းကပ်တာအပြင်၊ လိုအပ်တဲ့သာသနိကအဆောက်အအုံတွေဆောက်ဖို့အတွက် အသုံးပြုသွားမှာဖြစ်ပါတယ်" ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဘုရားပွဲတော်ရက်အတွင်း လုံခြုံရေးနှင့် ယာဉ်ပိတ်ဆို့မှုများမဖြစ်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီစဉ်ဆောင်ရွက်ထားသည်ဟုဆိုသည်။

ပွဲတော်ရက်အတွင်း နာမည်ကြီးဇာတ်ပွဲလေးခု၊ မိုးကြိုးငှက်ငယ်လေးများအဖွဲ့၊ ဆပ်ကပ်အဖွဲ့၊မျက်လှည့်အဖွဲ့၊ ရုပ်သေးဗလာပွဲနှင့် ဟက်ပီးဝါးကစားပွဲ စသည်တို့ပါဝင်ပြသသွားမည်ဖြစ်သည်။

---

# ရွှေတိဂုံစေတီတော်တွင် ကျင်းပမည့် ထမနဲထိုးပွဲတော် အဖွဲ့ ၅၀ ဝင်ပြိုင်မည်

သန်းဌေး

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၃**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မြန်မာ့ရိုးရာထမနဲထိုးပွဲတော်ပြိုင်ပွဲတွင် ဘာသာရေးနှင့်လူမှုရေးအသင်းအဖွဲ့ပေါင်း ၅၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ထမနဲထိုးပြိုင်ပွဲကို အဖွဲ့ ၅၀ ဝင်ပြိုင်မှာ။ အဖိတ်နေ့ ညနေ ၄နာရီလောက်စမယ်'ဟု ၎င်းကပြောသည်။ တပို့တွဲလဆန်း ၁၄ရက် (ဖေဖော်ဝါရီ ၁၇ရက်)တွင် ယှဉ်ပြိုင်ကြပြီး ၁၈ရက် (တပို့တွဲလပြည့်)နံနက် ၅နာရီ၌ ရွှေတိဂုံစေတီတော် ရင်ပြင်တော် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်းတွင် ထမနဲဆွမ်းတော်ကြီး ကပ်လှူခြင်းနှင့်ဩဝါဒပါတိမောက်ဒေသနာ ရွတ်ဆိုပူဇော်ကြမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

နံနက် ၆နာရီတွင် ဘုရား အမှူးပြုသော သံဃာတော် ၆၂ပါးတို့အား ထမနဲဆွမ်းတော်ကြီးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း ပြုကာ နံနက် ၇နာရီတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်သည်။ ဆုရရှိသူများကိုလည်း ဆုပေးပွဲအခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ လှူဒါန်းလိုသူများသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ထံသို့ ထမနဲတစ်ဒယ်လျှင် ကျပ် ၂၀,၀၀၀ နှုန်းဖြင့် ကုသိုလ်ပြုနိုင်ကြောင်း စုံစမ်းသိရှိရသည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.46 · FEBRUARY 10, 2011



# လူကုန်ကူးမှုပြဿနာနှင့် ကွဲပြားသောအမြင်များ

ဝင်းနိုင်ထွန်း

ပြည်ပတွင် ဖြစ်ပွားခဲ့သော လူကုန်ကူးမှုခင်းများတွင် အဓိကဦးတည်နိုင်ငံသည် တရုတ်၊ ဒုတိယထိုင်း၊ တတိယ မလေးရှား၊ စင်ကာပူတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင်ဖြစ်ပွားနေသော လူကုန်ကူးခံရမှု၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရမှုတို့သည် တရုတ်အမျိုးသားများနှင့် အဓမ္မလက်ထပ်ရန် မြန်မာအမျိုးသမီးများအား ရောင်းစားခံရခြင်း၊ တရုတ်နိုင်ငံသို့ ကလေးသူငယ်များအား မွေးစားရန် ရောင်းစားခံရခြင်း၊ ထိုင်းငါးဖမ်းလှေများတွင် အဓမ္မစေခိုင်းရန် ရောင်းစားခံရခြင်း၊ ထိုင်းနိုင်ငံရှိ စက်ရုံများတွင် အဓမ္မစေခိုင်းခံရခြင်းနှင့် ခေါင်းပုံဖြတ်ခံရခြင်း၊ ပြည့်တန်ဆာအဖြစ်သို့ရောက်ရခြင်း၊ အိမ်ဖော်အဖြစ် အဓမ္မစေခိုင်းခံရခြင်းနှင့် ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခံရခြင်းတို့ဖြစ်သည်။

၂၀၁၀ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် လူကုန်ကူးခြင်းခံရသူ စုစုပေါင်း ၁၂၈ ဦးကို နှစ်နိုင်ငံအစီအစဉ်ဖြင့် လွှဲပြောင်းလက်ခံပြုလုပ်ခဲ့ကြသည်။ တစ်နှစ်အတွင်း ခြောက်ကြိမ်လွှဲပြောင်းလက်ခံပြုကြရာ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာအမျိုးသား ၈ ဦးနှင့် အမျိုးသမီး ၁၄ ဦး၊ မေလတွင် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၂၄ ဦး၊ ဇွန်လတွင် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး၁၇ဦး၊ ဩဂုတ်လတွင် အမျိုးသား ၂၀ ဦးနှင့် အမျိုးသမီး ၉ ဦး၊ အောက်တိုဘာလတွင် အမျိုးသားတစ်ဦး၊ ဒီဇင်ဘာလတွင် အမျိုးသား ၅ ဦးနှင့် အမျိုးသမီး ၆ ဦးတို့ဖြစ်ကြသည်။ စုစုပေါင်း လူကုန်ကူးခြင်းခံရသူ အမျိုးသား ၅၈ ဦးနှင့် အမျိုးသမီး ၇၀ ဦးတို့ဖြစ်ရာ ထိုင်းနိုင်ငံအတွင်း လူကုန်ကူးခံရသူများထဲတွင် အမျိုးသားများအများအပြားပါလာသည်ကိုတွေ့ရှိရသည်။ ထိုသူများသည် ထိုင်းငါးဖမ်းလှေများပေါ်တွင် လူကုန်ကူးခြင်းခံရသူ အများစုဖြစ်ကြသည်။

ထို့ကြောင့် လူကုန်ကူးခံရသူ အမျိုးသားများအား အမျိုးသမီးများကဲ့သို့ ပြုစုစောင့်ရှောက်ရေးအတွက် နှစ်နိုင်ငံစလုံးက စဉ်းစားလာကြပြီဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ လက်ခံပြီးသော အမျိုးသမီးများကို နှစ်ပတ်အကြာထိ ထိမ်းသိမ်းစောင့်ရှောက်ကြရသော်လည်း အမျိုးသားများကိုမူ ထို ရက်ရှည်ထိ ထားလေ့မရှိခဲ့၊ အချို့အမှုများတွင် ထိမ်းသိမ်းရေးစခန်းတွင်ပင် အမျိုးသားများသည် အရက်စွဲနေသူများဖြစ်သဖြင့် အရက်နာကျမှုကြောင့် နေရပ်သို့ ချက်ချင်းပို့လိုက်ရသည့် ဖြစ်စဉ်များရှိခဲ့သည်။

၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထိုင်းနိုင်ငံအဝန်းရှိ လူကုန်ကူးခြင်းခံခဲ့ရသူများ ထိမ်းသိမ်းစောင့်ရှောက်သည့်ဂေဟာများတွင် မြန်မာလူမျိုး ၇၀ ဦးကျန်ရှိနေသေးသည်။

ထိုင်းနိုင်ငံဘက်မှ လူကုန်ကူးခံရသူများ မဟုတ်သည့်သူများကို ပြည်နှင်သည့်အခါများတွင်လည်း နယ်စပ်နေရာအနှံ့အပြားသို့ ပြည်နှင်ခြင်းမဟုတ်ဘဲ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးစခန်းများရှိသည့် မြဝတီနှင့် တာချီလိတ်နယ်စပ် စစ်ဆေးရေးဂိတ်များမှသာ ပြည်နှင်ရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက ထိုသူများသည် လူကုန်ကူးခံရနိုင်သည့်အန္တရာယ်များတွေ့ကြုံနိုင်မည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်တွင်းနှင့်ပြည်ပနယ်စပ်များ၌ နှစ်စဉ်လူကုန်ကူးခံနေရရာ လူကုန်ကူးသူများ၏ လူစုဆောင်းသည့်နည်းလမ်းများတွင် လုပ်ခလစာကောင်းကောင်းရမည်ဟု စည်းရုံးခြင်း၊ ပြဿနာများနှင့် အခက်အခဲများ၏ ထွက်ပေါက်အဖြစ် စည်းရုံးသွေးဆောင်ခြင်း၊ ဟန်ဆောင်လက်ထပ်၍ ရောင်းစားခြင်း၊ ရည်းစားအဖြစ်လှည့်ဖြားခေါ်ဆောင်ခြင်း၊ စားဝတ်နေရေးအခက်အခဲဖြစ်မှုကို အခွင့်ကောင်းယူ၍ မက်လုံးပေးစည်းရုံးခြင်း၊ ထိုင်းနိုင်ငံသို့ ပို့ဆောင်ရာတွင် ပို့ဆောင်ခနှင့် ခရီးစရိတ်တို့ကို အကြွေးစနစ်ဖြင့် သတ်မှတ်ပြီး လုပ်အားခမှ အဆမတန်ဖြတ်ယူခြင်းနှင့် အကြွေးကျေသော်လည်း အသုံးစရိတ်များဖြင့် အကြွေးသံသရာလည်စေပြီး ဆပ်မဆုံးဖြစ်စေခြင်းတို့ဖြစ်သည်။

၂၀၁၀ ခုနှစ်အတွင်း ထိုင်းနိုင်ငံမှ လွှဲပြောင်းလက်ခံခဲ့ရသည့် လူကုန်ကူးခြင်းခံရသူ ၁၂၈ ဦး၏ အသက်အပိုင်းအခြားများကို လေ့လာရာတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း လူကုန်ကူးခြင်းခံရသူ ၅၅ဦး၊ အသက် ၁၃ နှစ်မှ ၁၇ နှစ်အတွင်း လူကုန်ကူးခြင်းခံရသူ ၃၈ ဦး၊ အသက် ၃၆ နှစ်နှင့် အထက်ရှိသူ ၁၈ ဦးနှင့် အသက် ၁၂ နှစ်အောက် ကလေး ၁၃ ဦးတို့ဖြစ်ကြသည်။

၂၀၁၀ ခုနှစ် ဇူလိုင်လက ပြည်တွင်းရှိ Save the Children UK မှ ပြန်ရောက်လာသူ အမျိုးသမီး ၁၈ ဦးအား ကူညီစောင့်ရှောက်မှုပြုခဲ့သည်။ ထို့အပြင် ၎င်းတို့၏ မိသားစုဝင်များကိုပါ တွေ့ဆုံ၍ ပညာပေးဆွေးနွေးမှုများ၊ ထပ်မံလူကုန်ကူးမခံရရေး သတိပေးမှုများပြုလုပ်ခဲ့သည်။ အလုပ် အကိုင်ရှာဖွေပေးခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ လည်း နိုင်ငံသားမှတ်ပုံတင်ကတ်များ ထုတ်ပေးခြင်းတို့ဆောင်ရွက်ပေးခဲ့ကြသည်။ သို့သော် ထိုသူများသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှဖြစ်ကြသောကြောင့် ထိုင်းနိုင်ငံသို့ တရားဝင်(သို့)တရားမဝင် အလွယ်တကူသွားလာနိုင်သည်ကိုသတိပြုရမည်ဖြစ်သည်။ ထိုပြန်လာသူများထဲမှ အမျိုးသမီးတစ်ဦးသည် ထိုင်းနိုင်ငံအလုပ်ရှင်ထံမှ နှစ်နာကြေးရလာသူဖြစ်သည့်အတွက် နေရပ်သို့ပြန်ရောက်သည့်အခါ အိမ်ဆိုင်ဖွင့်၍ ဘဝရပ်တည်နေသူကိုလည်းတွေ့ရသည်။

၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ် ဇူလိုင်လအထိ ပြည်တွင်းရှိ World Vision Myanmar သည် ပြည်ပနိုင်ငံများမှ လူကုန်ကူးခံခဲ့ရသူပေါင်း ၉၆ ဦးအား ပြန်လည်ထူထောင်ရေး၊ ပြန်လည်ပေါင်းစည်းရေးနှင့် မိသားစုဝင်များနှင့် ဝင်ဆန့်နိုင်ရေးတို့ကို အကူအညီပေးခဲ့သည်။ ထိုအထဲတွင် ထိုင်းနိုင်ငံမှ ၅၉ ဦးပါဝင်သည်။ ထိုအဖွဲ့သည် စိတ်ပိုင်းဆိုင်ရာ အထောက်အကူပေးခြင်း၊ ပညာသင်ကြားပေးခြင်း၊ ဆေးကုသပေးခြင်း၊ အသက်မွေးမှုလုပ်ငန်းများဖြစ်သော လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စက်ချုပ်လုပ်ငန်း၊ ကုန်စုံဆိုင်လုပ်ငန်းနှင့်ပရိဘောဂလုပ်ငန်းတို့တွင်အကူအညီပေးခဲ့ကြသည်။ အချို့သည် စက်ချုပ်လုပ်ငန်းတွင် အောင်မြင်မှုရကြသည်အထိ ဖြစ်ခဲ့ကြသည်။

ယခင် အတိတ်ကာလက မူရင်းနိုင်ငံနှင့် ဆိုက်ရောက်ရာနိုင်ငံများ၏ လူကုန်ကူးမှု တိုက်ဖျက်မှုကြိုးပမ်းကြရာတွင် ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ တရားစွဲဆိုခြင်း၊ ကယ်တင်ခြင်း၊ ပြန်လည်လက်ခံခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် ပြန်လည်ဝင်ဆန့်ပေါင်းစည်းခြင်းတို့ကို တူညီစွာအလေးပေးဆောင်ရွက်ခဲ့ကြ သည်။

ယခုအခါ လူကုန်ကူးမှုတိုက်ဖျက်သူများ ပြောင်းလဲစဉ်းစားလာကြသည်မှာ မူရင်းနိုင်ငံနှင့် ဆိုက်ရောက်နိုင်ငံများကို တူညီစွာမဖြေရှင်းတော့ဘဲ၊ ထွက်ခွာရာ မူရင်းနိုင်ငံတွင် ဥပမာ မြန်မာနိုင်ငံမျိုးသည် ကြိုတင်ကာကွယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့ကို ပိုမိုလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပြီး၊ ဆိုက်ရောက်ရာနိုင်ငံ ဥပမာ ထိုင်းနိုင်ငံမျိုးသည် တရားစွဲဆိုခြင်းလုပ်ငန်းကို ပိုမိုဆောင်ရွက်ရမည်ဟု စဉ်းစားလုပ်ဆောင်လာနေပေသည်။

## ငါးသယံဇာတလျော့ကျခြင်းမှာ ချောင်း၊ မြောင်းများ ကောသွားခြင်းနှင့်လည်း သက်ဆိုင်

**သန်းဌေး**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁

အင်း၊ အိုင်များတွင် ယခုနှစ်အနည်းငယ်အတွင်း ငါးသယံဇာတရရှိမှု လျော့ကျလာရခြင်းမှာ ချောင်းမြောင်းများကောခြင်းနှင့် သက်ဆိုင်ကြောင်း ရန်ကုန်တိုင်းငါးလုပ်ငန်းဦးစီးဌာနမှ အရာရှိကြီးတစ်ဦးကပြောကြားသည်။

"ဒီရက်ပိုင်းအတွင်း မြို့နယ်အတော်များများကို ကွင်းဆင်းကြည့်တဲ့အခါ ငါးကျက်စားမှုတွေပျက်စီးရတာ လူတွေကြောင့်ပါ။ ပတ်ဝန်းကျင်မှာရှိတဲ့ လှိုင်မြစ်၊ ဘောလယ်မြစ်၊ ပန်းလှိုင်မြစ်တွေတော်တော်ကိုကောသွားလို့ပါ။ သိန်းလေးငါးဆယ်တန်တဲ့ တင်ဒါချက်(အင်းလေလံ)တွေဆို လုံးဝကောသွားပြီ"ဟု ၎င်းကပြောကြားသည်။

ထိုသို့ တင်ဒါချက် ငါးချက်အပါအဝင် အင်း၊ အိုင်များပျောက်ကွယ်သွားရခြင်းမှာ ကျေးရွာချင်းဆက်လမ်းများ ဖောက်သောကြောင့်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"အဲဒီလိုမြစ်ချောင်းတွေကောသွားတော့ ငါးသယံဇာတလျော့ပါးလာပါတယ်"ဟု အဆိုပါအရာရှိကြီးကပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ အင်းလေလံဆွဲသောလုပ်ငန်းကို လုပ်ကိုင်ခဲ့သူ လုပ်ငန်းရှင်တစ်ဦးကလည်း ဟုတ်မှန်ကြောင်းပြောသည်။

"နွေရာသီတုန်းက မိုးရွာနောက်ကျတာရယ်၊ အပူလွန်ခဲ့တာရယ်ကြောင့် ရေပိတ်ပြီး အင်းထဲက ငါးတွေပေါက်ပွားနှုန်းကျလာတာဖြစ်မယ်။ ကျွန်တော် ဒီနှစ်ရှုံးတယ်"ဟု၎င်းကပြောကြားသည်။

ယခုနှစ် အင်းလေလံရာသီတွင်လည်း မည်ကဲ့သို့အခြေအနေရှိမည်ကို စောင့်ကြည့်နေရကြောင်း ၎င်းကပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၀၉-၂၀၁၀ ခုနှစ် စာရင်းအရ အင်းပေါင်း ၃,၇၂၄ အင်းရှိပြီး ၃,၄၅၁ အင်း ရောင်းချနိုင်ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း အင်းပေါင်း ၁,၇၈၁ အင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၆၈၈ အင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အင်း ၄၀၀ ဖြင့်အများဆုံးရှိသည်။ ထို့ကြောင့် အင်းခွန် ငွေကျပ်သန်းပေါင်း ၃,၅၈၄ ဒသမ ၉ သန်းရရှိခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ အဆင့်မြင့်အရာရှိကြီးကပြောကြားသည်။

အင်းအမျိုးအစားကွဲများရှိရာမှ ၁၉၉၁ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ရေချိုငါးလုပ်ငန်းဥပဒေ ၁/၉၁ အရ သုံးမျိုးသာ ခွဲခြားသတ်မှတ်လိုက်သည်။ ဂရန်အင်း၊ သီးသန့်အင်းနှင့် လိုင်စင်ဖြင့် လုပ်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်တို့ဖြစ်သည်။

ယခုနှစ်တွင် ချောင်း၊မြောင်းအချို့ကောလာပြီဖြစ်၍ ရေအဝင်မရှိတော့သော အင်း၊ အိုင်တို့၏ လေလံပွဲ စတင်တော့မည်ဖြစ်သည်။ ကြေးတိုင်နှင့်ပိုက်ချက်များအတွက် ယခင်နှစ်များအတိုင်း လျှောက်လွှာတင်သူ၊ ပါမစ်ရသူဦးရေ အတိုးအလျော့ ရှိနိုင်ကြောင်းသိရသည်။ အင်း၊ အိုင်များအတွင်း ငါးသယံဇာတပေါများမည်လား၊ လျော့ကျမဲ့ဖြစ်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်ကြောင်း အင်းလေလံအောင်ဖူးသူတစ်ဦးကပြောသည်။

# Health

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## ကလေးငယ်များတွင် ဖြစ်ပွားတတ်သည့် အထက်လှန်အောက်လျှော ဝေဒနာ



သီဟ

ယခုကဲ့သို့သော ဆောင်းရာသီတွင် ဗိုင်းရပ်စ်ပိုးတစ်မျိုးဖြစ်သည့် Rota ဗိုင်းရပ်စ်ကြောင့် ကလေးငယ်များတွင်အထက်လှန်အောက်လျှော ဝေဒနာများကို ခံစားရလေ့ရှိကြောင်းသိရသည်။

အဆိုပါ ဗိုင်းရပ်စ်သည် ဆောင်းရာသီတွင်သာ ပေါက်ပွားလေ့ရှိပြီး အသက် ၂ နှစ်အောက် ကလေးငယ်များအား အဓိကတိုက်ခိုက်တတ်သောကြောင့် ၂ နှစ်အောက်ကလေးငယ်များသည် ယခုကဲ့သို့သော ရာသီဥတုတွင် အထက်လှန်အောက်လျှော ဝေဒနာကို ခံစားရလေ့ရှိကြသည်ဟု ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာယုဇနစောမြင့်က ပြောသည်။

"ဒီဇင်ဘာနောက်ပိုင်းကစပြီး ဖြစ်နေတာ ဇန်နဝါရီထဲမှာလည်းဖြစ်တာများတယ်။ အခုအချိန်အထိလည်းဖြစ်နေတုန်းပဲ"ဟု ဒေါက်တာယုဇနစောမြင့်က ပြောသည်။

ထိုသို့ အထက်လှန်အောက်လျှောဖြစ်ကာ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းသည် အစာအိမ်နှင့် အူလမ်းကြောင်း အတွင်းသို့ ပိုးတစ်မျိုးမျိုးဝင်ရောက်သောကြောင့်ဖြစ်ပြီး ၂ နှစ်အောက်ကလေးငယ်များတွင် Rotaဗိုင်းရပ်စ်ကြောင့် အဖြစ်များ၍ ၂ နှစ်အထက်ကလေးငယ်များတွင်တော့ E.coli ပိုးနှင့် Salmonella ဟုခေါ်သည့် ဘက်တီးရီးယားပိုးတစ်မျိုးကြောင့် ဖြစ်ပွားလေ့ရှိကြကြောင်းသိရသည်။

Salmonella တွင် အူရောင်ငန်းဖျား Typhoid ဖြစ်သောပိုးနှင့် မဖြစ်စေသောပိုးဟူ၍နှစ်မျိုးရှိရာ Typhoid မဖြစ်စေသည့် ပိုးတစ်မျိုးမှ ကလေးငယ်များအား အထက်လှန်အောက်လျှောဖြစ်စေခြင်းဖြစ်ကြောင်း သိရသည်။

ကလေးငယ်များတွင် အဆိုပါ အထက်လှန်အောက်လျှောဝေဒနာဖြစ်ပွားခြင်းမှာ ကလေးငယ်များ၏ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းသို့ ရောဂါပိုးများသည်ကလေးငယ်များ စားသုံးသည့်အစာနှင့်ရေများမှတစ်ဆင့် ဝင်ရောက်သွားခြင်းကြောင့် ဖြစ်သည်။

Rota ဗိုင်းရပ်စ်ကြောင့် အထက်လှန်အောက်လျှောဖြစ်ပွားသည့် အသက် ၂ နှစ်အောက်ကလေးငယ်များတွင်မူ ယင်းတို့၏အသက်အရွယ်သည် အစားအစာအား ကိုယ်တိုင်ကြိုက်နှစ်သက်ရာ စားသုံးနိုင်သည့် အရွယ်မဟုတ်သေးသော်လည်း ပတ်ဝန်းကျင်မှ ကလေးချစ်သူများက အခြားအစားအစာများ ခွံ့ကျွေးခြင်းမှတစ်ဆင့်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတို့ကျွေးသည့် အစားအစာများသည် မျိုးစုံသဖြင့် ကလေးငယ်များ၏ အစာအိမ်နှင့်အူလမ်းကြောင်း အတွင်းသို့ အထက်လှန်အောက်လျှောဖြစ်စေသည့် ဗိုင်းရပ်စ်အပြင်အခြားအထက်လှန်အောက်လျှောဖြစ်စေသည့် ဘက်တီးရီးယားပိုးများပါ ဝင်ရောက်သွားစေနိုင်ကြောင်းသိရသည်။

အသက် ၂ နှစ်အထက်ကလေးငယ်များတွင် အချို့သည် ကျောင်းနေအရွယ်ဖြစ်ပါက အခြားလမ်းဘေးအစားအစာများအား ကိုယ်တိုင်ဝယ်ယူစားသောက်ခြင်းမှ အူရောင်ငန်းဖျားမဖြစ်စေသည့် Salmonella ဘက်တီးရီးယားနှင့် E.coli ဘက်တီးရီးယားများ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းသို့ဝင်ရောက်ကာ အထက်လှန်အောက်လျှော ဖြစ်ပွားစေခြင်းဖြစ်ကြောင်းသိရသည်။

ထိုသို့ အထက်လှန်အောက်လျှောဖြစ်ပွားရာတွင် နို့စို့ကလေးငယ်များဖြစ်ပွားပါက မိခင်အစားမှား၍ဖြစ်ပွားခြင်းဖြစ်သည်ဟု အယူအဆလွဲမှားတတ်ကြသည်ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

စာ(၁၄)သို့

## စားသုံးရန် မသင့်သောမုန့်နှင့် မှတ်ပုံတင်မထားသော တိုင်းရင်းဆေးအချို့အား ကြေညာ

ဝတ်ရည်

ရန်ကုန်၊ ဖေဖော်ဝါရီ – ၄

**မှတ်ပုံတင်ထားခြင်း မရှိသော တိုင်းရင်းဆေးအချို့နှင့် စားသုံးရန်မသင့်သည့် အစားအသောက်အချို့အား အများပြည်သူသိရှိရန် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာလိုက်သည်။**

မှတ်ပုံတင်ထားခြင်းမရှိသည့် အမှတ်တံဆိပ်တစ်မျိုးတည်း တိုင်းရင်းဆေးခုနစ်မျိုးအား ဖေဖော်ဝါရီ ၂ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့ပြီး၊ ဖေဖော်ဝါရီ ၃ရက်နေ့သတင်းစာများတွင် ဈေးကွက်အတွင်း ရောင်းချနေသည့် အစားအစာများထဲ၌ မုန့်လေးမျိုးတွင် ကျန်းမာရေးထိခိုက်စေနိုင်သည့် သုံးစွဲခွင့်မပြုသည့်ဆိုးဆေးများပါဝင်နေကြောင်း ထပ်မံဖော်ပြခဲ့သည်။

"မုန့်တွေ လုပ်တဲ့အခါ တာရှည်ခံအောင် အနံ့တွေပါအောင် ဓာတုပစ္စည်းတွေကို မဖြစ်မနေသုံးကြရတယ်။ အဲဒီမှာ သတ်မှတ်ထားတဲ့ ပမာဏထက် ပိုများနေတာ၊ တားမြစ်ထားတဲ့ ဓာတုပစ္စည်းတွေ အသုံးပြုထားတာတွေကို စားသုံးမိရင် အန္တရာယ်ဖြစ်စေနိုင်ပါတယ်"ဟု မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာဦးမြင့်ဇော်ကပြောသည်။

မှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးများမှာ KTH အမှတ်တံဆိပ်လင်ဇီးဆေးပရုတ်ဆီ၊ VIP အကြောပြေဒဏ်ကြေလိမ်းဆေး၊ ပရုတ်ဆီအဖြူ (ALUM PILES OINTENT)၊ လေးညှင်းဆီတမာလိမ်းဆေးနှင့် ဓားလှီးမုန့်တို့ဖြစ်ကြောင်းသိရသည်။

အစားအသောက်များမှာ ရတီကိတ်မုန့်၊ ဇမ္ဗူကျော်ကိတ်မုန့်၊ ဆန်းလာဘ်ဓားလှီးမုန့်(လေးထောင့်တုံး)နှင့်ဓားလှီးမုန့်တို့ဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ ဈေးကွက်အတွင်း ရောင်းချနေသည့် စားသုံးရန်မသင့်သည့်အစားအသောက်များနှင့် သုံးစွဲရန်မသင့်သည့် ဆေးဝါးများအား ကျန်းမာရေးဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်လေ့ရှိသည်။

## QC စင်တာများတွင် အိတ်ချ်အိုင်ဗီ စစ်ဆေးသူများလာသော်လည်း ရောဂါပိုးတွေ့ရှိမှု မြင့်တက်လာခြင်းမရှိဟုဆို

ရန်ကုန်၊ ဖေဖော်ဝါရီ – ၁

အိတ်ချ်အိုင်ဗီရောဂါပိုး ရှာဖွေစစ်ဆေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်း ဆောင်ရွက်နေသော ကျူစီစင်တာများတွင် လာရောက်စစ်ဆေးမှု ခံယူသူ ဦးရေ မြင့်တက်လျက်ရှိသော်လည်း ရောဂါပိုးတွေ့ရှိမှု မြင့်တက်လာခြင်း မရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ထားသော ကျူစီစင်တာတို့တွင် ၂၀၀၉ ခုနှစ်၌ လာရောက်စစ်ဆေးမှုခံယူသူ ၁၂,၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်၌ ၁၆,၀၀၀ ကျော် လာရောက်စစ်ဆေးမှုခံယူခဲ့ကြောင်း သိရသည်။

"အမျိုးသား၊ အမျိုးသမီး ဦးရေ ၁၆,၀၀၀ ကျော်ကို မနှစ်က ဝန်ဆောင်မှုပေးခဲ့တယ်။ ၂၀၀၉ ခုနှစ်က ၁၂,၀၀၀ ကျော်ရှိတယ်။ ဒါပေမဲ့ လူဦးရေ ၂,၀၀၀ ကျော်မှာပဲတွေ့ရှိရတဲ့အတွက် ရာခိုင်နှုန်းအနေနဲ့ကျသွားတယ်လို့ ပြောလို့ရတယ်"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

အိတ်ချ်အိုင်ဗီရောဂါပိုး တွေ့ရှိမှုတွင် အမျိုးသားများသည် အမျိုးသမီးများထက် နှစ်ဆခန့် ပိုပိုများပြားနေပြီး အိမ်ထောင်သည်များတွင် ရောဂါပိုးတွေ့ရှိရမှု မြင့်မားလျက်ရှိကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011



# သွားကျင်ခြင်းသည် သွားပျက်စီးတော့မည့် ရှေးဦးလက္ခဏာဖြစ်

**ဝတ်ရည်**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၄

ခံတွင်းအတွင်းရှိ သွားများ မခံနိုင်အောင် ကျင်ကျင်နေခြင်းသည် အချိန်မီ မကုသပါက သွားများပျက်စီးတော့မည့် ရှေးဦးလက္ခဏာ ဖြစ်ကြောင်းသိရသည်။

ပုံမှန်အားဖြင့် အချဉ်ဓာတ်ပါသော အစားအစာများ စားပြီးချိန်နှင့် တစ်ခါတစ်ရံ အချိန်များတွင် သွားများ ကျင်လေ့ရှိသော်လည်း မခံမရပ်နိုင်အောင်သော်လည်းကောင်း နေ့စဉ်ရက်ဆက်သော်လည်းကောင်းသွားများကျင်လာလျှင်မူ သတိထားကုသသင့်ကြောင်း သွားဘက်ဆိုင်ရာဆရာဝန်များကပြောသည်။

အပေါ်ယံ အပွန်းအပဲ့ခံနိုင်ရန် ဖုံးအုပ်ကာကွယ်ထားသော ကြွေလွှာသည် နည်းစနစ်မမှန်သည့် သွားတိုက်မှုပုံစံကြောင့်လည်းကောင်း၊ သွားအားတုတ်နှင့်ထိုးလေ့ရှိခြင်းကြောင့်လည်းကောင်း၊ တစ်ခုခုနှင့်ထိခိုက်မိခြင်းတို့ကြောင့်လည်းကောင်း ကြွေလွှာများ တဖြည်းဖြည်းပါးလာသောအခါ ကျင်လွှာအား ထိခိုက်မိပြီးသွားများ ကျင်ခြင်းဖြစ်ကြောင်း သွားဘက်ဆိုင်ရာဆရာဝန်တစ်ဦးက ပြောသည်။ "သွားကျင်တာ အမြဲတမ်းဖြစ်လာရင် နောက်ပိုင်း သွေးရှိတဲ့ အခေါင်းပေါက် ပွင့်သွားပြီး ပါးစပ်အတွင်းနေထိုင်တဲ့ပိုးမွှားတွေ ခန္ဓာကိုယ်အတွင်းရောက်ရှိသွားပြီး အန္တရာယ်ရှိလာနိုင်ပါတယ်။ ပြီးတော့ ကြာလာရင် သွားကိုက်တာတွေ၊ သွားဖုံးရောင်တာတွေလည်း ဖြစ်လာနိုင်ပါတယ်"ဟု အဆိုပါဆရာဝန်ကပြောသည်။

ခံတွင်းနှင့်ပတ်သက်ပြီး လူအများသည် ပုံမှန်စစ်ဆေးခြင်း၊ ရောဂါဖြစ်လာပါက စောစီးစွာကုသခြင်းများမရှိဘဲ သွားများ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲသည့်အချိန်မှသာ သွားဆေးခန်းသို့ ရောက်လာလေ့ရှိကြောင်းသိရသည်။


"သွားကျင်နေတာက တော်တော်လေးကိုကြာပြီ။ ကိုယ့်ပတ်ဝန်းကျင်က လူတော်တော်များများလည်း သွားကျင်နေကြတယ်လို့ ပြောကြပေမယ့် မနေနိုင်အောင် ကိုက်တာမဟုတ်တော့လည်း သွားဆေးခန်းတွေ၊ ဘာတွေလည်း မသွားဖြစ်တော့ပါဘူး" ဟု အသက်၄၂နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

# ဗီတာမင်ဒီသည် အဆုတ်အတွက် အရေးပါ

**ဩစတြေးလျ၊**
**ဖေဖော်ဝါရီ - ၁**

ကြွက်ငယ်များတွင် စမ်းသပ်မှုအရဗီတာမင်ဒီဓာတ်သည် အဆုတ်တည်ဆောက်ပုံ၊ အရွယ်အစားနှင့် အလုပ်လုပ်ပုံအပေါ် သက်ရောက်မှုရှိကြောင်း လေ့လာမှုအရတွေ့ရှိရသည်ဟု ဩစတြေးလျသုတေသီများက ပြောကြားသည်။

ဗီတာမင်ဒီ မလုံလောက်မှုသည် အဆုတ်ဖွံ့ဖြိုးမှုကို ပြောင်းလဲစေနိုင်ကြောင်း ခိုင်မာသောအထောက်အထားကို ပထမဆုံးအကြိမ်တွေ့ရှိခဲ့ရကြောင်း အနောက်ဩစတြေးလျ တယ်လီသွန်ကလေးကျန်းမာရေး သုတေသနမှ သုတေသီ ဂရီမီ ဇော့စကီးက ပြောကြားသည်။



ဗီတာမင်ချို့တဲ့ခြင်းသည် အဆုတ်ကြီးထွားမှုကို ပြောင်းလဲစေပြီး အဆုတ်၏ အရွယ်အစားနှင့် လုပ်ငန်းဆောင်တာများကို လျော့ပါးစေကြောင်း ယခုလေ့လာချက်က ရှင်းလင်းစွာပြသခဲ့သည်ဟု မစ္စတာဇော့စကီးကကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဇော့စကီးနှင့် အဖွဲ့သည် ကြွက်များ၏ အဆုတ်အရွယ်အစားနှင့် အလုပ်လုပ်ပုံကို ပလယ်သီမိုဂရပ်ဖ် ကိရိယာဖြင့် တိုင်းတာခဲ့သလို အဆုတ်အသားစနမူနာများကိုလည်း လေ့လာခဲ့ကြသည်။

ယင်းသို့လေ့လာရာတွင် ဗီတာမင်ဒီချို့တဲ့သော ကြွက်များနှင့် ဗီတာမင်ဒီဓာတ် အပြည့်အဝရရှိသော ကြွက်အုပ်စုနှစ်စုလုံးကိုလေ့လာခဲ့ခြင်း ဖြစ်သည်။ ယခုသုတေသနအရ အစောပိုင်း အဆုတ်ဖွံ့ဖြိုးလာပုံကို ကြည့်ရှု၍ ဗီတာမင်ချို့တဲ့မှုနှင့် အဆုတ်ရောဂါဆက်စပ်မှုကို ရှင်းလင်းပြသနိုင်မည်ဟုမျှော်လင့်ကြောင်း သုတေသီများက ပြောကြားသည်။

—Ref: UPI

## စာ-၁၃၊ ကလေးငယ်များတွင် ဖြစ်ပွားတတ်သည့် အထက်လုန်အောက်လျှောဝေဒနာ မှ

ထို့ကြောင့် ကလေးငယ်အားနို့တိုက်ခြင်းရပ်တန့်လိုက်လေ့ရှိကြသည်ဟုသိရသည်။အမှန်တကယ်တွင်မူ မိခင်နို့ရည်တွင် ကလေးငယ်အား ဘေးဥပဒ်ဖြစ်စေသည့်အရာများမပါဝင်သဖြင့် နို့တိုက်ခြင်းကို ရပ်တန့်ရန် မသင့်ကြောင်း သိရသည်။

အထက်လှန်အောက်လျှော၏ လက္ခဏာများသည် ကလေးငယ် အန်ခြင်းကို ဦးစွာဖြစ်ပေါ်စေပြီး အန်ခြင်းရပ်တန့်သွားပါက ဝမ်းပျက်ခြင်းတို့ဖြစ်ပေါ်လာတတ်ပြီး ကိုယ်ပူတက်ခြင်း ဗိုက်နာခြင်း အစားအသောက်ပျက်ခြင်းများ ဖြစ်ပေါ်တတ်ကြောင်းသိရသည်။

အစားအသောက်ပျက်ခြင်းသည် ရောဂါပိုးကြောင့် ကလေးငယ်၏အူလမ်းကြောင်း နံရံငယ်များ ပျက်စီးသွားခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ထိုသို့ မစားချင်မသောက်ချင် ကလေးဖြစ်နေခြင်းကို မိဘအုပ်ထိန်းသူများက ကလေးမစားချင်ဟုဆိုကာ မည်သည့် အစားအစာနှင့် အရည်မှ တိုက်ကျွေးခြင်း မပြုကြသဖြင့် ကလေးငယ်သည် ဝေဒနာ၏ ဒဏ်ကို ပိုခံစားရတတ်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

"ပျက်စီးသွားတဲ့ကလေးရဲ့ အူလမ်းကြောင်းလေးတွေက တစ်သက်လုံးပျက်စီးမှာ မဟုတ်ပါဘူး။ နှစ်ရက်သုံးရက်ဆို သူက အသစ်ပြန်ဖြစ်ပါတယ်။ အဲဒီအခါကျရင် ကလေးက ပြန်စားမှာပါ။ အဲဒီသဘောကို နားမလည်တဲ့အခါကျတော့ ကလေးအစာမဝင်ဘူး၊ ကလေးဓာတ်ဆားရည်မဝင်ဘူးဆိုဖြစ်ပြီးတော့ အပ်နဲ့ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ ထွင်းရသလိုဖြစ်သွားတာပေါ့"ဟု ဒေါက်တာယုဇနစောမြင့်ကပြောသည်။

အခြားလွဲမှားသည့်အချက်တစ်ခုမှာ ကလေးငယ် အန်နေခြင်းအား ရပ်တန့်သွားစေရန် အအန်ပျောက်ဆေးများ တိုက်ကျွေးခြင်းပင်ဖြစ်ကြောင်းသိရသည်။ ထိုဆေးများသည် ဘေးထွက်ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်သည့် ဆေးများဖြစ်သဖြင့် ဆရာဝန်ကသောက်သုံးရန် ညွှန်ကြားမည်ဆိုလျှင်ပင် အကျိုးနှင့်အပြစ်အား သေချာစွာ ချိန်ဆပြီးမှ ပေးခြင်းဖြစ်သဖြင့် ဆရာဝန်ညွှန်ကြားခြင်းမရှိဘဲ မိမိသဘောဖြင့် ကလေးငယ်အား အအန်ပျောက်ဆေးများ မတိုက်ကျွေးသင့်ကြောင်း သိရသည်။

အအန်ပျောက်ဆေးများအား လွန်ကဲစွာတိုက်ကျွေးမိပါက ကလေးငယ်တွင် သတိလစ်ခြင်း၊ တက်ခြင်း စသည့်ဦးနှောက်ရောင်သည့်လက္ခဏာများဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

"တချို့မိဘတွေက ကလေးကို အန်တိုင်းတိုက်နေတာရှိတယ် တစ်ခါအန် တစ်ခါတိုက်တယ် အဲဒီ့အခါကျတော့ ကလေးက ဆေးပမာဏများပြီး ခုနကပြောတဲ့လက္ခဏာတွေပြလာတာပေါ့" ဟု ဒေါက်တာယုဇနစောမြင့်က ပြောသည်။


ထို့အတူ အခြားလွဲမှားသည့် အယူအဆတစ်ခုမှာ ကလေးငယ် ဝမ်းသွားသည့်အတွက် ဝမ်းပိတ်ဆေးများတိုက်ကျွေးခြင်းပင်ဖြစ်သည်။ ဝမ်းပိတ်ဆေးသည် အူ၏ လှုပ်ရှားမှု အားနည်းသွားစေငြိမ်သွားစေသဖြင့် ငယ်ရွယ်သည့် ကလေးငယ်များအားတိုက်ကျွေးမိပါက ပိုးများသည် အူအတွင်း၌ပွားများမှု ပိုမိုများပြားလာပြီး သွေးကြောများအတွင်းသို့ ရောက်ရှိသွားရာမှ သွေးဆိပ်ပြန့်မှုများဖြစ်ပေါ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

အထက်ပါအချက်များအား သတိမမူမိကြဖြင့် လူကြီးမိဘများသည် ဝမ်းပိတ်စေရန်နှင့် အန်ခြင်းသက်သာစေရန် အဓိကပြုလုပ်နေကြကြောင်းသိရသည်။ တကယ်တမ်းတွင်မူ အန်ခြင်းနှင့် ဝမ်းသွားခြင်းသည် တစ်စုံတစ်ခုသော အချိန်တွင် ရပ်တန့်သွားမည်ဖြစ်သည်။ သို့သော် ထိုသို့ အန်နေချိန်နှင့် ဝမ်းသွားနေချိန်တွင် ကလေးငယ်အား အာဟာရပြတ်လပ်မှုမရှိစေရန်နှင့် ဆုံးရှုံးသွားသည့် ဓာတ်ဆားများ ပြန်လည်ရရှိစေရန် အစာနှင့် ဓာတ်ဆားရည်အား ကြိုးစားတိုက်ကျွေးကြရန်လိုအပ်သည်ဟု ဒေါက်တာယုဇနစောမြင့်က ပြောသည်။

ဓာတ်ဆားရည် တိုက်ကျွေးရာတွင်လည်း ကလေးငယ်ပိုမိုသောက်စေရန် အခြားပစ္စည်းများဖြစ်သည့် သကြား၊ ဆားကဲ့သို့သော အပိုပစ္စည်းများ ထည့်သွင်းခြင်း မပြုလုပ်ကြဘဲ ဓာတ်ဆားရည်သီးသန့်သာ တိုက်ကျွေးသင့်ကြောင်းသိရသည်။

ကလေးငယ်များတွင် ထိုသို့ အထက်လှန်အောက်လျှောဖြစ်ခြင်းအား ကာကွယ်ရန်အတွက် လူကြီး မိဘများ၏ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကလေးငယ်၏ တစ်ကိုယ်ရေ သန့်ရှင်းရေးအား အထူးဂရုစိုက်ကြရန်လိုအပ်ပြီး ကလေးငယ်စားသောက်မည့်အစားအစာများအားလည်း သန့်ရှင်းစင်ကြယ်စေရန် အထူးဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း သိရသည်။





Regional
7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## ဘုရားဖူးမေ့ကျန်ခဲ့သော ပိုက်ဆံအိတ်ကို ရိုးသားစွာအပ်နှံသူအား ဂုဏ်ပြု



ရိုးသားသူကို ဂုဏ်ပြုငွေချီးမြှင့်စဉ်။

**ပြင်ဦးလွင်၊ ဇန်နဝါရီ-၂၉**

ပြင်ဦးလွင် ပိတ်ချင်းမြောင်ရှိ ဖိနပ်အပ်ရာဌာနတွင် ဇန်နဝါရီ ၁၄ရက်က ရန်ကုန်မြို့မှ ဘုရားဖူးဧည့်သည်တစ်ဦး၏ ပိုက်ဆံအိတ် မေ့ကျန်ခဲ့ရာ ဖိနပ်အပ်ဌာနတာဝန်ကျဝန်ထမ်းက ဂေါပကအဖွဲ့ထံ ရိုးသားစွာလာရောက်အပ်နှံခဲ့သူကို ဂုဏ်ပြုခဲ့သည်။

ပိုက်ဆံအိတ်ထဲတွင် စိန်လက်စွပ်တစ်ကွင်း၊ ငွေနှင့် အရေးကြီးစာရွက်စာတမ်းများ၊ ယာဉ်မောင်းလိုင်စင်တို့ပါရှိပြီး ဂေါပကဉက္ကဋ္ဌက ပိုင်ရှင်ဖြစ်သူရန်ကုန်မြို့မှ ဦးတင်မောင်ဝင်းအားဆက်သွယ်၍ ဇန်နဝါရီ ၂၁ ရက်နေ့တွင် မေ့ကျန်ပစ္စည်းများကို ပြည့်စုံစွာပြန်လည်ပေးအပ်ခဲ့သည်။ ဘုရားဖူးမေ့ကျန်ခဲ့သော ပိုက်ဆံအိတ်ကို ရိုးသားစွာအပ်နှံခဲ့သူ ဖိနပ်အပ်ဌာနမှ တာဝန်ကျသူအား ပိုင်ရှင်နှင့် ဂေါပကအဖွဲ့ဉက္ကဋ္ဌတို့က ဇန်နဝါရီ ၂၉ ရက်တွင် ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

## ကံစမ်းမဲပေါက်သည်ဆိုပြီး လိမ်လည်သူများနယ်မှလူများအားပစ်မှတ်ထားလာ

မင်းသိန်းအောင်

**စစ်တွေ၊ ဖေဖော်ဝါရီ- ၁**

ရန်ကုန်မြို့မှနေ၍ အောင်ဘာလေထီကံစမ်းမဲဖြင့် စီဒီအမ်အေဖုန်းပေါက်သည်ဟုလိမ်လည်ကာဘဏ်မှတစ်ဆင့် ငွေလွှဲခိုင်းသူများ ရခိုင်ဒေသနယ်ကျေးရွာများအထိ ကျယ်ပြန့်စွာလုပ်ကိုင်လျက်ရှိနေကြောင်း ဒေသခံများ၏အဆိုအရ သိရသည်။

"ရန်ကုန်က တာဝန်ခံကိုကျော်ကျော်ဆိုပြီး ကျွန်မဖုန်းကို ဆက်လာပါတယ်။ ဘာပြောလဲဆိုတော့ အစ်မကြီးတို့ထီထိုးလို့ရှိပါသလားတဲ့။ ကျွန်မကလည်း ရှိတယ်ဆိုတော့ ဒါဆိုဟုတ်ပြီ ပင်ရင်းဆိုင်က ကံစမ်းမဲအစီအစဉ်လုပ်တာအစ်မမှာ စီဒီအမ်အေဖုန်းတစ်လုံးပေါက်တယ်။ အဲဒါကြောင့် ရန်ကုန်က မဟာကုဋေကြွယ်ထီဆိုင်ကဉက္ကဋ္ဌ ဦးကောင်းမြတ်ဆီဆက်သွယ်ပါဆိုပြီး ဖုန်းနံပါတ်တွေပါပေးထားခဲ့တယ်။ ကျွန်မက ဖုန်းကတစ်ဆင့် လိမ်လည်တာတွေကို ကြားဖူးထားတော့ သူတို့ပြောတာတွေကို မယုံဘူး။ ဒါပေမဲ့ သူပေးထားခဲ့တဲ့ ဦးကောင်းမြတ်ဆီကို ဆက်တယ်။ သူနဲ့တွေ့တော့ ဖုန်းပေါက်တာဟုတ်တယ်တဲ့။ ဒီလ မကုန်ခင် ဘယ်အချိန်လာထုတ်ထုတ်ရပါတယ်တဲ့။ နောက်ထပ်ထူးခြားတဲ့ ပုဂ္ဂိုလ်မြတ်တစ်ဦးဆီက ပေးတဲ့ ဂဏန်းနဲ့အစ်မမှာ နောက်ထပ် ထီပေါက်တော့မယ့် အခြေအနေမျိုးရှိနေတယ်တဲ့။ ဗလာမပါထီဆိုပြီး ရရင်လည်း ငွေမြတ်မြတ်လေးရအောင် ငွေ ၁၀ သိန်းလွှဲခိုင်းတယ်။ ကျွန်မက သူလိမ်နေတာမှန်းသိနေလို့စစ်တွေမြို့အမှတ်(၁)ရဲစခန်းမှာ အကြောင်းစုံတိုင်တန်းထားပါတယ်" ဟု မကြာခင်ရက်ပိုင်း အတွင်းက လိမ်လည်သူများ၏ ဆက်သွယ်မှု ကိုယ်တိုင်ကြုံခဲ့ရသူ စစ်တွေမြို့မှ မသန္တာလင်းက ပြောသည်။

လွန်ခဲ့သည့်လအတွင်းကလည်း စစ်တွေမြို့နယ် ကျားမသောက်ကျေးရွာသူတစ်ဦးက အထက်ပါနည်းလမ်းအတိုင်း အလိမ်ခံခဲ့ရရာ ကမ္ဘောဇဘဏ်မှတစ်ဆင့်ငွေလွှဲပေးပြီးမှ အလိမ်ခံရမှန်းသိလိုက်ရ၍ ငွေကျပ် ၁၀ သိန်းဆုံးရှုံးသွားခဲ့ရကြောင်း ကမ္ဘောဇဘဏ်ဝန်ထမ်းတစ်ဦးက ဆိုသည်။

ယခုအခါ ဖုန်းမှတစ်ဆင့် ဆက်သွယ် လိမ်လည်သူများမှာ မြို့ပေါ်၌သာမက ကျေးရွာများအထိ ကျယ်ပြန့်စွာတိုးချဲ့လုပ်ကိုင်လာလျက်ရှိနေရာ ဒေသခံများအနေဖြင့် သတိထားရန် လိုအပ်လာကြောင်း မသန္တာလင်းက ဆက်လက်ပြောသည်။

အလားတူ အောင်ဘာလေသိန်းဆုပေါက်သည်ဆိုသည့် လိမ်လည်မှုတစ်ရပ်လည်းရှမ်းပြည်နယ်၊ နောင်ချိုမြို့၌ ဖြစ်ပွားခဲ့သည်ဟု ယခုလ ၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

## ခေါင်ရည်ဆိုင်များက ခရုများကို ဈေးကောင်းပေးဝယ်ယူ

ကြီးမြင့်နိုင်(လွိုင်ကော်)

**လွိုင်ကော်၊ ဖေဖော်ဝါရီ-၂**

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)ဖယ်ခုံမြို့နယ်တို့တွင် ကယားတိုင်းရင်းသားရိုးရာ ခေါင်ရည်ဆိုင်များ၌ ခေါင်ရည်နှင့် ခရုပြုတ်ဟင်းလျာကို တွဲဖက်၍တည်ခင်းရောင်းချကြသဖြင့် ခရုများဈေးကောင်းရနေပြီး ခရုရှာဖွေရောင်းချသူများ ဝင်ငွေရှင်လျက်ရှိသည်။

ခရုရှာဖွေရောင်းချသူများက ခရုများကိုမြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌လိုက်လံရှာဖွေယူဆောင်ပြီး ခေါင်ရည်ဆိုင်များသို့ ပြန်လည်ရောင်းကြရာ ယခုအခါ ခရုနို့ဆီဘူးတစ်ဘူးလျှင် ၁၀၀ ကျပ်ဈေးရရှိကြောင်း ခရုရှာဖွေရောင်းချသူတစ်ဦးကပြောသည်။

အဆိုပါဒေသများအတွင်း ရိုးရာပွဲတော်များ၊ ဘုရားပွဲတော်များ၊ အထိမ်းအမှတ်ပွဲတော်များ ကျင်းပပြုလုပ်လေ့ရှိပြီး ယင်းပွဲတော်များ၌ ခေါင်ရည်ဆိုင်အများအပြား လာရောက်ဖွင့်လှစ်ရောင်းချလေ့ရှိရာ ပွဲတော်ရက်များရောက်ရှိသည့်အခါတိုင်း ခရုများကိုလက်မလည်အောင် ရှာဖွေရောင်းချကြရကြောင်းလည်း ဆိုသည်။

လွိုင်ကော်မြို့နယ်တွင် တံခွန်တိုင်ပွဲတော်၊ တောင်ကွဲစေတီဘုရားပွဲတော်၊မြို့နာမ်စေတီဘုရားပွဲတော်၊ မိုးကောင်းဘုရားကြီးပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ ကယားပြည်နယ်နေ့ပွဲတော်၊ ဖယ်ခုံမြို့နယ်တွင် နတ်တောဘုရားပွဲတော်၊ မိုးဗြဲမွေတော်ဘုရားပွဲတော် စသည့်ပွဲတော်များကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိပြီး ယင်းပွဲတော်များ၏ ဈေးတန်း၌ ခေါင်ရည်ဆိုင်ခန်းမှာ အများဆုံးဖြစ်ကြောင်းသိရသည်။

မက်ကတ်သီးမှုန့်၊ ငရုတ်မှုန့်၊ ဆန်လှော်မှုန့်၊ စပါးလင်၊ ကုလားနံနံတို့ဖြင့် ရောနှော၍ပြုတ်ထားသောခရုပြုတ်ဟင်းလျာမှာ ဒေသခံများအလွန်နှစ်ခြိုက်သည့်ရိုးရာ ဟင်းလျာတစ်မျိုးဖြစ်ပြီး ခေါင်ရည်ဆိုင်များကတည်ခင်းရောင်းချကြကြောင်း သိရသည်။




## မုံရွာမြို့အနီးတစ်ဝိုက်ရှိ မြေကွက်များ ဝယ်ယူရင်းနှီးမြှုပ်နှံသူများလာ



မန္တလေး-မုံရွာလမ်းမှ မုံရွာမြို့အဝင်ဆိုင်းဘုတ်ကို တွေ့ရစဉ်။ ဓာတ်ပုံ - မျိုးမင်းဦး

ရန်ကျော်

**မုံရွာ၊ ဖေဖော်ဝါရီ- ၁**

မုံရွာမြို့အနီးတစ်ဝိုက် လယ်ယာမြေများနှင့် မြို့ပေါ်ရပ်ကွက်ရှိ မြေများအား ကုမ္ပဏီလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူပိုမိုများပြားလာခဲ့ကြောင်း ဒေသခံများကပြောသည်။

"မုံရွာမြို့ အဝိကလမ်းမကြီးတွေဖြစ်တဲ့ ပြည်ထောင်စုလမ်းနဲ့ အဝေးပြေးမြို့ပတ်လမ်းကြားမှာ သစ်ကုမ္ပဏီတွေက ပြီးခဲ့တဲ့နှစ်တွေကစတင်လုပ်ကိုင်ခဲ့တာ။ နောက်ထပ်လယ်ယာမြေတွေဝယ်ယူပြီး တိုးချဲ့လုပ်ကိုင်လိုတဲ့ ကုမ္ပဏီတွေကြောင့် လယ်ယာမြေဝယ်ယူလိုသူတွေပိုများတယ်။ ဒီနှစ်ဆန်းပိုင်းမှာ ပြည်တွင်းသစ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက လယ်ယာမြေဧက ၄၀ ခန့်ကို ဝယ်ယူဖို့ ဒေသခံတောင်သူတွေနဲ့တွေ့ဆုံခဲ့တယ်။ နောက်ထပ်တိုးချဲ့လုပ်ကိုင်ဖို့အတွက် မြေဝယ်ယူလိုတဲ့အကြောင်းပြောသွားတယ်။ မြေကွက်အရွယ်အစားနဲ့ နေရာအလိုက်ကျပ်သိန်း ၂၀ ကျော်ကနေ ကျပ်သိန်း ၅၀ အထိဈေးပေးဝယ်နေတယ်"ဟု မုံရွာမြို့နယ်၊ ကျွဲရဲကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

"စီးပွားရေးလုပ်ငန်းရှင်တွေ တိုးချဲ့ရင်းနှီးလုပ်ကိုင်တဲ့အတွက် မုံရွာမြို့ မြေဈေးကွက်မှာ သိသိသာသာဈေးပိုရလာတယ်။ မုံရွာမြို့ပေါ်မှာလည်း စီးပွားရေးလုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာတဲ့အတွက်လွန်ခဲ့သော သုံးနှစ်ခန့်က ထိပ်ဆုံးမြေဈေးကွက်မှာ ကျပ်သိန်းနှစ်ထောင်အထိသာဈေးရခဲ့တာကနေအခုနှစ်မှာ ကျပ်သိန်းနှစ်သောင်းထိ မြေဈေးမြင့်တက်လာတယ်"ဟု မုံရွာဒေသခံအိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

မုံရွာမြို့ပေါ်ရပ်ကွက်များနှင့်အနီးတစ်ဝိုက်ဒေသများတွင် စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်လာသူများကြောင့် ဒေသခံများ စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းပိုများလာကြောင်း မုံရွာဒေသခံ အလုပ်သမားများပြောပြချက်အရ သိရသည်။

7 DAY NEWS JOURNAL
Vol.9, No.46 · FEBRUARY 10, 2011

# ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်သောဂေါ်ဖီထုပ်သုပ်စားမိ၍လူ ၃၀ ခန့်ဝမ်းလျှော

ထူးသန့်

**နေပြည်တော်၊ဖေဖော်ဝါရီ- ၁**

မကွေးတိုင်းဒေသကြီးမြန်အောင်မြို့နယ်တွင်ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်သော ဂေါ်ဖီထုပ်ကို အချဉ်သုပ်သုပ်စားမိရာမှ လူ ၃၀ ခန့်ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ခဲ့ပြီး ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်ဝေသောယနေ့ထုတ်လယ်ယာစီးပွားသတင်းဂျာနယ်တွင် ဖော်ပြထားသည်။

အဆိုပါမြို့နယ်အတွင်းရှိရှားမြူကုန်း ကျေးရွာတွင်ပြီးခဲ့သည့် ဇန်နဝါရီ ၁၁ ရက်က ပြုလုပ်ခဲ့သော အလှူအတန်းတစ်ခု၏ နေ့လယ်စာ၌ ဂေါ်ဖီထုပ်အချဉ်သုပ်ကို စားသုံးမိရာမှ လူ ၃၀ ဦးခန့် ဝမ်းပျက်ဝမ်းလျှောဖြစ်၍ ဆေးဝါးကုသမှုများ ခံယူခဲ့ရကြောင်း ပိုးသတ်ဆေးဖျန်းထားသည့် သီးနှံများကို မချက်ပြုတ်မီ ဆားရည်နှင့် စိမ်ထားရန်လိုအပ်ကြောင်းလည်း ယင်းသတင်းဂျာနယ်တွင် ဖော်ပြချက်အရသိရသည်။

ဎင်းကဲ့သို့ပင် ပိုးသတ်ဆေးတစ်မျိုးပျော်ဝင်နေသော ရေနှင့် အသီးအရွက်များ စားသောက်မိခြင်းကြောင့် ကျွဲ ၃၆ ကောင် ရက်ခြားသေဆုံးခဲ့သည့် ဖြစ်ရပ်လည်း ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ဝါရာဇွပ်ကျေးရွာတွင် ပြီးခဲ့သည့် ဇန်နဝါရီ ၂၉ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ပိုးသတ်ဆေးဓာတ်ကြွင်းသည် လူတို့၏ ခန္ဓာကိုယ်ထဲသို့ ရောက်ရှိသွားပြီးနောက် ဆေးကြွင်း ပမာဏများပြားခြင်းမရှိပါက ချက်ချင်းရောဂါလက္ခဏာမပြဘဲ အချိန်ကြာလာသည်နှင့်အမျှ ပိုးသတ်ဆေးကြွင်းပမာဏ များပြားလာကာ အဆုတ်ရောဂါ၊ အစာအိမ်ရောဂါ၊ မှတ်ဉာဏ်ဆုတ်ယုတ်သည့်ရောဂါ၊ အရေပြားရောဂါ၊ အာရုံခံစားမှုလျော့ကျသည့် ရောဂါ၊ အသည်းရောဂါ၊ ကင်ဆာရောဂါ၊ ကိုယ်ဝန်ပျက်ခြင်းနှင့် အင်္ဂါမစုံသော ကလေးမွေးဖွားခြင်းတို့ကို ဖြစ်ပေါ်စေကာ နောက်ဆုံးအသက်ပင် ဆုံးရှုံးစေနိုင်ကြောင်း ပါမောက္ခဦးကျော်မြင့်ဦး(မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့)က ၂၀၁၀ ဩဂုတ်လ ၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ဆောင်းပါးတွင် ဖော်ပြပါရှိသည်။

မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍတွင် အဆိုပါဆေးများ တင်သွင်းဖြန့်ဖြူးသည့် လုပ်ငန်းများ၏ ကြော်ငြာဆွဲဆောင်မှုများကြောင့် တောင်သူများအနေဖြင့် ပိုးသတ်ဆေးများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြကြောင်းလည်း စိုက်ပျိုးရေး ပညာရှင်တစ်ဦးက လက်ခံပြောကြားသည်။




# ပဲခူးဒီဂရီကောလိပ်အနီးရှိ မြေကွက်များ အရောင်းအဝယ်ဖြစ်လာ


ဖိုးကျော်မြင့်

**ပဲခူး၊ ဖေဖော်ဝါရီ- ၁**

ပဲခူးဒီဂရီ ကောလိပ်အနီးရှိ မြေကွက်များမှာ ယခုအခါ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကောလိပ်နှင့်နီးသော ဉဿမြို့သစ်မှာ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ ပျိုးဥယျာဉ်များ၊လုပ်ကိုင်လာကြမှုကြောင့်တဖြည်းဖြည်း လူနေစည်ကားလျက်ရှိသည်။ အချို့သော မြို့ကွက်များမှာ ဝင်းခြံများခတ်ထားပြီး လူမနေခြင်း၊ အချို့သော မြို့မြေကွက်လွတ်များတွင် စားသုံးသီးနှံစိုက်ခြံများ၊ ကြက်မွေးမြူရေးခြံများ၊ ကွမ်းခြံများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပဲခူးဒီဂရီကောလိပ်ကို တက္ကသိုလ်အဆင့်အထိ တိုးမြှင့်လိုက်ပါက ကျောင်းသား/သူဦးရေ များပြားလာမည် ဖြစ်သဖြင့် ကျောင်းသား/သူ ဘော်ဒါဆောင်များ ဆောက်လုပ်ငှားရမ်းသည့် လုပ်ငန်းကိုငွေကြေးတတ်နိုင်သူများက လုပ်ကိုင်ကြမည်ဖြစ်သောကြောင့်ပဲခူးဒီဂရီကောလိပ်အနီးအနားရှိမြို့မြေကွက်များမှာယခင်ကထက် အရောင်းအဝယ်ပိုမို ဖြစ်လာကြောင်း ဝိုင်းခြံမြေအရောင်းအဝယ်ပွဲစားတစ်ဦး၏ပြောပြချက်အရသိရသည်။






Vol.9, No.46 • FEBRUARY 10, 2011

# ဆန်စပါးဈေးစတင်ပြောင်းလဲ

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၁**

မိုးစပါးများ ရိတ်သိမ်းချိန်လွန်မြောက်ပြီး တစ်လခန့်အကြာ လယ်သမားများထံ၌ ရောင်းစပါးမရှိတော့၍ ဈေးကွက်အတွင်း ဆန်ဈေး၊ စပါးဈေး စတင်ပြောင်းလဲလာကြောင်း နေပြည်တော်ရှိ လယ်သမားများနှင့် ဆန်စက်လုပ်ငန်းရှင်များထံမှ စုံစမ်းသိရသည်။

လက်ရှိ အခြေအနေအရ ဈေးကွက်အတွင်း မနောအုပ်စုဝင်စပါးတင်း ၁၀၀ လျှင် ကျပ်လေးသိန်းခွဲအထက် ပေါက်ဈေးရှိနေပြီး ယင်းဆန်အမျိုးအစားများမှာလည်း ၂၄ ပြည်ဝင်တစ်အိတ်လျှင် ကျပ်တစ်သောင်းခုနစ်ထောင်အထိ ရှိနေကြောင်း နေပြည်တော်ပျဉ်း မနားမြို့ရှိ ဆန်စက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

“စပါးကဝယ်လို့ ခက်သွားတယ်။ လှောင်လက်တွေဆီမှာပဲရှိတော့တယ်။ သူတို့က ဆက်ပြီးလှောင်လေ အကျိုးပိုရှိလေ ဆိုတာကို သိနေတော့ ဈေးကိုင်တယ်။ အဲဒီတော့ ဆန်ဈေးလည်း လိုက်လာတာပဲ။ ပြီးခဲ့တဲ့ လဝက်လောက်ကတစ်အိတ်ကို ၁၄,၀၀၀ ကျပ်လောက်ရှိခဲ့ရာကအခု ၁၇,၀၀၀ ကျပ်ဖြစ်နေတယ်။ နောက်ထပ်လည်း ဆက်တက်နေဦးမယ်ထင်တယ်” ဟု ၎င်းကရှင်းလင်းပြောကြားသည်။

စပါးရိတ်သိမ်းချိန်က ၎င်းအုပ်စုဝင် စပါးများမှာ တင်း ၁၀၀ လျှင် သုံးသိန်းခွဲနီးပါးမှ လေးသိန်းအကြား ပေါက်ဈေးရှိခဲ့ပြီး ဒေသတွင်း လှောင်လက်များက အများအပြားဝယ်ယူခဲ့ကြသကဲ့သို့ ပျော်ဘွယ်၊ ရမည်းသင်းစသည့် ဆန်လိုအပ်ရာဒေသများကလည်းအများအပြားလာရောက်ဝယ်ယူခဲ့ကြကြောင်း ယခုအချိန်တွင် လယ်သမားများထံ၌ ရောင်းရန်ပိုလျှံစပါး အလွန်နည်းပါးသွားပြီဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

ဒေသခံလယ်သမားတစ်ဦးဖြစ်သူ ကိုစိုးမင်းကလည်း “ကျွန်တော်တို့ရောင်းတုန်းက သုံးသိန်းခွဲပဲရှိတယ်။ အခုတစ်လလောက်ပဲရှိဦးမယ်။ လေးသိန်းခွဲဆိုတော့ နှမြောတာပေါ့ဗျာ။ ဒါပေမဲ့ မတတ်နိုင်ပါဘူး။ ဒါက ကျွန်တော်တို့လယ်သမားတွေရဲ့ ဘဝပေးပေါ့” ဟု လယ်သမားအများစု၏ အခြေအနေကို ထင်ဟပ်ပြောဆိုသည်။

မြန်မာနိုင်ငံရှိ အခြားသောဆန်လိုဒေသများတွင်လည်း ယခုရက်သတ္တပတ်အတွင်း ဆန်ဈေးကွက်အနည်းငယ်လှုပ်ရှားခဲ့ကြောင်း စုံစမ်းသိရှိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

## နိုင်ငံတကာ ဆန်စပါးသုတေသနဌာနက စာတမ်းဖတ်ပွဲ ပြုလုပ်မည်

ထူးသန့်

**နေပြည်တော်၊ ဖေဖော်ဝါရီ- ၁**

ဖိလစ်ပိုင်နိုင်ငံရှိ နိုင်ငံတကာ ဆန်စပါးသုတေသနဌာန (IRRI) က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် ယခုလ တတိယပတ်အတွင်း စာတမ်းဖတ်ပွဲတစ်ခုပြုလုပ်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

“ဒီလ ၁၇ ရက်မှာ လုပ်ဖို့တော့ စီစဉ်ထားတယ်။အကြောင်းအရာကတော့ စပါးစိုက်ပျိုးတဲ့ နိုင်ငံတွေမှာ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုဒဏ်မှ ကာကွယ်နိုင်ဖို့အတွက်ပါ။ ဘယ်ပညာရှင်တွေတက်မယ်ဆိုတာတော့ မသိသေးပါဘူး”ဟု ယင်းဝန်ကြီးဌာနမှ အရာထမ်းတစ်ဦးကပြောကြားသည်။

အဆိုပါ သုတေသန ဌာနသည် မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးအတွက် နည်းပညာနှင့် အထွက်ကောင်းမျိုးများထောက်ပံ့ခြင်းကို နှစ်အတန်ကြာကတည်းကပင် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးထုတ်လုပ်ရေးကဏ္ဍတွင် ပျိုးထောင်ချိန်နှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများ အားနည်းနေသေးသည့်အတွက်ယင်းအချိန်များတွင် လေလွင့်မှုများဖြစ်ပေါ်နေဆဲဖြစ်ကြောင်း သိရသည်။

## နဖူးတွင် အသားပိုပါသောကလေးငယ် ခွဲစိတ်ကုသရန် ငွေကြေးခက်ခဲနေ



အိဖြူမွန်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

ပြင်စလူမြို့နယ်ခွဲ၊ ကုန်းကြီးကျေးရွာအုပ်စု၊ ကျားချောင်းကျေးရွာ၌ နဖူးပြင်အလယ်တွင် အချင်းသုံးလက်မခန့်ရှိ အသားပိုအကျိတ်တစ်လုံးပါသော ကလေးငယ်တစ်ဦး မွေးဖွားခဲ့ကြောင်း သတင်းရရှိသည်။

ယင်းကလေးငယ်အား အမျိုးသားနေ့တွင် ဖွားမြင်ခဲ့ပြီး ကျေးရွာအတွင်း ထူးဆန်းသောကြောင့် ယင်းကလေးငယ်ကို မထူးဟုအမည်ခေါ်ကာ လာရောက်ကြည့်ရှုသူများရှိကြောင်း သိရသည်။

ပါရှိသော အသားပိုအလုံးကြောင့် အသက်ရှုရန်ခက်ခဲပြီး ကလေးနို့တိုက်ရာတွင်လည်းကောင်း၊ အိပ်စက်ရာတွင်လည်းကောင်း အမြဲတမ်းချီမထားရကြောင်း၊ လပွတ္တာမြို့နယ်ဆေးရုံမှ ဆရာဝန်ကြီးက မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် ဆက်စပ်နေသောကြောင့် ရန်ကုန်မြို့တွင် ခွဲစိတ်ရန် အကြံပြုထားသည်။ လက်ရှိတွင် မိဘနှစ်ပါး၏ ငွေကြေးချို့တဲ့မှုကြောင့် ဆေးရုံသို့မသွားနိုင်သေးကြောင်း ကျားချောင်းကျေးရွာမှ ရာအိမ်မှူးဦးစန်းဝင်းက ပြောကြားသည်။

“ပျော့စိပျော့စိနဲ့ ရေအိတ်လား၊ သွေးအိတ်လား မသိဘူး။ ခေါင်းတော့ လှုပ်ရမ်းလို့မရဘူး။ နို့တိုက်ရင်တော့ အဲဒီ့ကလေးရဲ့အလုံးကို မ ထားပေးရတယ်။ အသက်ရှုလို့မရလို့၊ ဘယ်လောက်ကုန်မယ်မှန်းလည်းမသိဘူး။ လပွတ္တာဆရာဝန်ကြီးက ရန်ကုန်ကိုလွှဲတယ်။ ပိုက်ဆံမတတ်နိုင်လို့ အခုထိမသွားရသေးဘူး” ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ယင်းကလေးအား ခွဲစိတ်ရန်အတွက် ဆက်သွယ်လှူဒါန်းလိုပါက ကျားချောင်းကျေးရွာ ရာအိမ်မှူးဦးစန်းဝင်း ဖုန်းနံပါတ် ၀၉-၈၆၀၂၅၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

“ခက်တာက ပင်လယ်ဝနားက ရွာကလေးဖြစ်နေတယ်။ မိဘနှစ်ပါးစလုံးက သာမန်လက်လုပ်လက်စားဆိုတော့ ဒီအတိုင်းထားတယ်။ နဖူးကနေကျနေတဲ့အလုံးက နှာခေါင်းအထိကိုပိနေတော့ အသက်ရှုရတာခက်ခဲတယ်” ဟု လပွတ္တာမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်ပေးနေသော Ecodev မှ ဝန်ထမ်း ကိုဘိုဘိုဟန်က ပြောကြားသည်။

လှူဒါန်းမည့်ပုဂ္ဂိုလ်များအနေဖြင့် ကုန်ကျစရိတ်သေချာမေးပြီးမှသာ လှူဒါန်းသင့်ကြောင်း၊ ထိုသို့မဟုတ်ပါက အလှူခံပုဂ္ဂိုလ်နှင့်လှူဒါန်းမည့်သူအကြား တစ်ဆင့်အလှူခံသူများအကြား ငွေကြေးဆိုင်ရာပြဿနာများဖြစ်ပေါ်နိုင်၍ ဂရုပြုသင့်ကြောင်း လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ပေးနေသည့် အမျိုးသမီးတစ်ဦးက အကြံပြုသည်။

## ကန့်ဘလူမြို့နယ်တွင် ဝက်ရောဂါကာကွယ်ရေးစီမံချက်စတင်

မိုးမြင့်မိုး

**ကန့်ဘလူ၊ ဖေဖော်ဝါရီ- ၁**

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးအဖွဲ့ (FAO) တို့၏ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း စီမံကိန်းတစ်ရပ်အဖြစ် ဝက်ရောဂါစူးစမ်းရှာဖွေရေးလုပ်ငန်းစီမံချက်ကို ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ(၄)ခုတို့၌ ဇန်နဝါရီ ၆ ရက်မှစ၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝက်ရောဂါ စူစမ်းရှာဖွေရေးလုပ်ငန်းစီမံချက်အရ ကန့်ဘလူမြို့ အမှတ်(၅)ရပ်ကွက် ဇီးကုန်း(တ)ကျေးရွာထန်းကုန်းကျေးရွာနှင့် သပြေသာကျေးရွာတို့ရှိ ဝက်မွေးမြူရေးခြံ(၄)ခြံတို့မှ တစ်ခြံလျှင် ၁၀ ကောင်နှုန်းဖြင့် ဝက်အကောင် ၄၀ တို့၏ သွေးခဲရေကြည်ကိုရယူပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမြို့နယ်စီးဦးမှူးနှင့် ဒုတိယဦးစီးမှူးများနှင့် ကျေးလက်လုပ်သား ၂ ဦးတို့က သွေးခဲရေကြည်ရယူထားသော ဝက်များ၏ ကျန်းမာရေးအခြေအနေတို့ကို သုံးလကြာ လှည့်လည်စစ်ဆေးစမ်းသပ်သွားမည်ဟု သိရသည်။

• လင်းရောင်ခြည် USA
• American Mosaic
• News & Features USA

7Day News Journal
Vol.9, No.46 • FEBRUARY 10, 2011

## ရက္ခပေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၅**

ရက္ခပေဒဘွဲ့ရကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအား ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)နေ့ နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ "ဆရာက စစ်ကိုင်းဆောင်မှာအဆောင်မှူးဆိုတော့ အစည်းအဝေးတိုင်းတက်ဖြစ်တယ်။ ၁၉၆၇ ကနေ ၂၀၁၀ ခုနှစ်အတွင်း ရက္ခပေဒနဲ့ဘွဲ့ရခဲ့တဲ့ကျောင်းသား၊ ကျောင်းသူအားလုံးကို ဖိတ်ခေါ်ထားပါတယ်" ဟု ဆရာဦးစိုးဝင်းကပြောသည်။

အသက် ၆၄နှစ်ပြည့်ပြီးသော ရက္ခပေဒဘာသာရပ်သင် အငြိမ်းစားဆရာကြီး၊ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ အဆိုပါနေ့ ညနေ ၆နာရီတွင် နတ်မောက်လမ်းရှိ ကန်တော်ကြီးသဘာဝဥယျာဉ်၊ White Rice စားသောက်ဆိုင်၌ မိတ်ဆုံစားပွဲပါကျင်းပမည်ဖြစ်၍ လက်မှတ်တစ်စောင်လျှင် ကျပ်ခုနစ်ထောင်နှုန်းဖြင့်ဝယ်ယူနိုင်ကြောင်းသိရသည်။ ဆက်သွယ်လှူဒါန်းလိုသူများသည် ရန်ကုန်တက္ကသိုလ် ရက္ခပေဒဌာန ၅၃၅၀၃၀၊ ဦးမျိုးအောင် (ရက္ခပေဒ) ၇၃၁၁၅၁၁၆၊ ဦးစိုးဝင်း ၇၃၀၀၈၇၆၆ တို့အား ဆက်သွယ်နိုင်ကြောင်း သိရသည်။

## ဘွဲ့လွန်လူမှုရေးပညာဒီပလိုမာကျောင်းသူ၊ ကျောင်းသားများအာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၅**

ရန်ကုန်တက္ကသိုလ်၊ စိတ်ပညာဌာနတွင် ဖွင့်လှစ်ထားသော ဘွဲ့လွန်လူမှုရေးပညာ ဒီပလိုမာကျောင်းသူ၊ ကျောင်းသားများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီလ ၁၉ ရက်(စနေနေ့)၊ နံနက် ၈နာရီခွဲတွင် တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။ အဆိုပါ အာစရိယပူဇော်ပွဲကို အလှူငွေထည့်ဝင်လိုသူများသည် ဒေါက်တာသောင်းကြည် ဖုန်း-၅၃၇၃၇၅၊ ဦးအောင်သန်းဝင်း ဖုန်း-၀၉-၄၉၂၅၇၀၃၂၊ ဦးစံလှ ဖုန်း-၇၃၀၄၈၇၃၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

## မန်ကျည်းပင် အထက်တန်းကျောင်းခွဲတွင် အာစရိယပူဇော်ပွဲကျင်းပ

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၅**

၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ မန်ကျည်းပင်ကျေးရွာခွဲအထက်တန်းကျောင်းတွင် အသက် ၅၀ ဝန်းကျင်ရှိသော တပည့်ဟောင်း ၁၅၀ ကျော်ကအသက် ၆၅ နှစ်မှ ၈၀နှစ်အတွင်းရှိ ဆရာကြီး၊ ဆရာမကြီး ၃၇ ဦးကို အာစရိယပူဇော်ပွဲကျင်းပခဲ့သည်။



အနန္တောအနန္တဂိုဏ်းဝင်ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ချင်သောကြောင့် ဒုတိယအကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း တပည့်ဟောင်းတစ်ဦးဖြစ်သူ မန္တလေးမြို့မှဦးကျော်ဝင်း (တိုက်၊ အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေးနှင့် မြေအကျိုးတော်ဆောင်လုပ်ငန်း)ကပြောသည်။

ဆက်လက်ပြီး ၎င်းကျေးရွာအနီးတွင် သက်ကြီး ၂၇၂ ဦးကို သက်ကြီးပူဇော်ပွဲအဖြစ် ပူဇော်ကန်တော့ခဲ့ကြောင်းလည်း သိရသည်။ အာစရိယပူဇော်ပွဲတွင် ထိုင်းမှဝင်ရောက်လာသော မြဘုရား၊ နီလာဘုရား၊ စိန်ဘုရား၊ ပတ္တမြားဘုရား၊ ပုလဲဘုရား ၁၁ ဆူကိုလည်းကောင်း၊ သက်ကြီးပူဇော်ပွဲတွင် ၂၅ ဆူကိုလည်းကောင်း မဲဖောက်လှူဒါန်းပေးခဲ့ကြောင်း ဦးကျော်ဝင်းကပြောသည်။

# တောင်သူအချို့တက်ဈေးမျှော်၍ ပဲစင်းငုံဝယ်လှောင်



**ပုပ္ပားဒေသမှ ပဲစင်းငုံစိုက်ခင်းတစ်ခင်း။**

ဓာတ်ပုံ - အားမာန်

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၁**

ယခုနှစ်ဇန်နဝါရီလ ၂၀ ရက်နောက်ပိုင်းမုံရွာဈေးကွက်တွင် ပဲစင်းငုံဈေးအတက်အကျကြမ်းပြီး အပြောင်းအလဲမြန်ဆန်နေချိန် ရန်ကုန်ဝယ်လက်အချို့ လှောင်လက်ထုတ်ရောင်းပြီး မုံရွာဒေသခံတောင်သူဝယ်လက်အချို့ဈေးပြန်တက်နိုးနိုးစောင့်ရင်း ပဲစင်းငုံသိုလှောင်ရန် ဝယ်ယူမှုများရှိလာကြောင်းမုံရွာကုန်စည်ဒိုင်မှကောက်ပဲသီးနှံ ကုန်သည်များက ပြောကြားသည်။

"ဒီနှစ် မိုးနှောင်းကာလမှာ မိုးသည်းသည်းရွာတော့ပဲစင်းငုံအထွက်က သုံးပုံနှစ်ပုံလောက်သိသိသာသာလျော့တယ်။ ပုံမှန်နှစ်တွေထက် ပဲစင်းငုံအထွက်နည်းတော့ ပဲစင်းငုံဈေးကွက်တက်ဖို့များတာပေါ့။ ဒီနှစ် ဇန်နဝါရီလဆန်းပိုင်းမှာ ပဲစင်းငုံပေါ်စတစ်တင်း ၁၆,၀၀၀ နဲ့ ဈေးစဖွင့်တာ။ ဇန်နဝါရီ ၂၁ ရက်မှာ တစ်တင်း ၂၂,၇၀၀ ဈေးထိရှိလာတယ်။ ဈေးကျချိန်ဆိုတော့ ကုန်သည်တွေက ဝယ်လိုအားနည်းသွားပြီး ဈေးဆက်ကျသွားမှာစိုးတဲ့အချိန်နယ်ကတောင်သူကြီးတွေက အထွက်နည်းတဲ့ ပဲစင်းငုံတက်ဈေးပဲရှိတယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ လှောင်တဲ့သူပိုများလာတယ်။ပြည်တွင်းပြည်ပအဓိကတင်ပို့နေတဲ့ ရန်ကုန်၊ မန္တလေး ပဲစင်းငုံဝယ်လက်တွေက ဈေးကျမှာစိုးပြီး ထုတ်ရောင်း တောင်သူကြီးတွေက ဈေးတက်ဖို့ အလားအလာရှိတယ်ဆိုပြီး လှောင်သူလှောင်နဲ့ ဈေးကွက်အပြောင်းအလဲမြန်ပေမယ့် ကြိုက်ရောင်းကြိုက်ဝယ်တွေကြောင့် မုံရွာကုန်စည်ဒိုင်မှာ ပဲစင်းငုံဈေးကွက်ကို ကုန်သည်ပွဲစားတွေ စိတ်ဝင်စားစရာတစ်ခုဖြစ်လာတယ်"ဟု မုံရွာမြို့ခံ ပဲကုန်သည်တစ်ဦးကပြောကြားခဲ့သည်။

"ဈေးကွက်မှာ ပြည်ပငွေကြေးဈေးကွက်အခြေအနေရော ပဲဈေးကွက် အနေအထားရောကြောင့် တက်ဈေးထက် ကျဈေးကပိုမြန်နေတယ်။ ကျဈေးကိုကြောက်ပြီး ကုန်သည်တွေအချို့ကထုတ်ရောင်းနေတဲ့အချိန်တောင်သူကြီးအချို့က ပဲစင်းငုံကို ပြန်လှောင်နေတယ်။ ဒီနှစ်ဈေးကွက်အနေအထားရော သီးနှံအထွက်နှုန်းရောကြောင့် ပဲစင်းငုံ ဈေးကွက် အတက်အကျကြမ်းနေတာဖြစ်ပါတယ်" ဟု မုံရွာဒေသခံဝါရင့်ကောက်ပဲ သီးနှံရောင်းဝယ်သူတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် နှစ်အတွင်း အပူချိန်မြင့်မားသော အယ်နီညိုရာသီဥတုနှင့် အေးပြီး စိုစွတ်သော လာနီညာရာသီဥတုပြောင်းလဲမှုများကြောင့် ပဲစင်းငုံစိုက်ခင်းများတွင် အပူချိန်မြင့်မားသော နှစ်များက ကုန်းမြင့်ပိုင်းဒေသများထက် မြေနိမ့်ဒေသများတွင် ပဲစင်းငုံအထွက်များခဲ့ပြီး အေးပြီးစိုစွတ်သော လာနီညာရာသီကာလတွင်မြေနိမ့်ဒေသများတွင်ရေဝပ်၍ အပင်သေဆုံးမှုများကြောင့်ပဲအထွက်နှုန်းသိသိသာသာကျဆင်းပြီး ကုန်းမြင့်ပိုင်းဒေသများတွင် ပဲစင်းငုံအထွက်ပိုမိုကောင်းမွန်လာခဲ့ကြောင်း သိရသည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလအတွင်း သည်းထန်စွာ ရွာသွန်းခဲ့သောမိုးကြောင်း ကုန်းမြင့်ပိုင်းရှိပဲစင်းငုံ စိုက်ခင်းအချို့ အပွင့်ကြွေပြီး အထွက်လျော့ခဲ့သည့်နည်းတူ မြေနိမ့်ဒေသရှိ ပဲစင်းငုံစိုက်ခင်းများတွင် ရေဝပ်ပြီး အပင်သေဆုံးမှုများကြောင်း ပဲစင်းငုံစိုက်တောင်သူများ၏ ပြောပြချက်အရ သိရသည်။

[illegible]

Inforithm-Maze

ဝန်ထမ်းအလိုရှိသည် (အမြန်)

[illegible]

ဖြန့်ချိရေးဝန်ထမ်း ကျား (၁၅) ဦး

- [illegible]
- [illegible]
- အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း ရှိရမည်။
- [illegible]
- [illegible]
- [illegible]
- [illegible]
- [illegible]

[illegible]

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# ဆီးသီးစိုက်တောင်သူများ သစ်သီးပွဲရုံများကိုသာ အားထားရောင်းလာ

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၁**

မုံရွာဒေသ ဆီးသီးစိုက်တောင်သူများအား ယခင်နှစ်များအတွင်း သစ်သီးပွဲစားများကိုယ်တိုင် လာရောက်ဝယ်ယူပြီးငွေလိမ်လည်မှုများ ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း မုံရွာမြို့ပေါ်ရှိ သစ်သီးပွဲရုံများသို့ အဓိကအားထားရောင်းချလာကြကြောင်းမုံရွာမြို့နယ်၊ လယ်ဇင်စံ ပြ ကျေးရွာဆီးစိုက်တောင်သူများက ပြောကြားခဲ့သည်။



ဓာတ်ပုံ- www.molon.de

“ပြီးခဲ့တဲ့နှစ်တွေတုန်းက ဆီးခြံတွေကို ဆီးသီးပွဲစားတွေကိုယ်တိုင်ဆင်းဝယ်ကြတာတွေရှိတယ်။ မြန်မာ-အိန္ဒိယနယ်စပ်တမူးမြို့ကို အဓိကတင်ပို့ပြီး သစ်သီးပွဲစားအချို့ဆီးသီးတွေယူသွားပြီး ငွေမပေးလို့ တစ်ပြားမှမရတဲ့သူတွေရှိတယ်။ အချို့ဆီးခြံပိုင်ရှင်တွေဆို ငွေသိန်းဆယ်ဂဏန်းအထိအလိမ်ခံလိုက်ရတယ်။ ဒီနှစ်မိုးနှောင်းမှာ မိုးကောင်းကို ဆီးသီးအထွက်ကလည်းကောင်း၊ဈေးကလည်းထိပ်စ တစ်လုံး ၂၅ ကျပ်နေ ကျပ် ၅၀ အထိဈေးရတယ်။ အကြီးအသေးရောရာဆိုတစ်တင်းခွဲတစ်အိတ်ကို ၅,၀၀၀ကျပ်အထိဈေးရတယ်။ အသီးလည်းလှိုင် ဈေးကလည်းအသင့်အတင့်ဆိုတော့ လာဝယ်တဲ့ ကုန်သည်တွေဆီ ဘယ်သူ့မှ မရောင်းတော့ဘူး။ မုံရွာသစ်သီးပွဲရုံတွေပေါက်ဈေးနဲ့ ရောင်းတာက လက်ငင်းငွေသေချာတော့ ဆီးခြံတောင်သူတွေ သစ်သီးပွဲရုံတွေမှာ အဓိကအားထားရောင်းနေရတယ်”ဟု မုံရွာဒေသခံ ဆီးတောင်သူတစ်ဦးကပြောသည်။

“မိုးကြောင့်ဒီနှစ်နောက်ပိုင်း ဆီးသီးကအလုံးလည်းလှဈေးကွက်လည်းကောင်းတယ်။ အရင်နှစ်တုန်းက ဆီးသီးဈေးက သိပ်မကောင်းဘူး။ အပူချိန်ပြင်းတာကြောင့် အလုံးလည်းမလှဘူး။ ထိုင်ဝမ်ဆီးသီးတွေက ဖေဖော်ဝါရီ လဆန်းပိုင်းမှာ ကုန်သလောက်ရှိနေပြီ။ ယိုးဒယား ဆီးဝိုင်းသီးတွေကတော့ ဖေဖော်ဝါရီလဆန်းမှ စပေါ်တာ။ ဈေးကွက်မှာတော့ ထိုင်ဝမ်ဈေးကအဝယ်လိုက်ပြီး ဈေးကောင်းရတယ်။ ယိုးဒယားဆီးသီးကတော့ ထိုင်ဝမ်တွေလှိုင်လှိုင်ပေါ်ပြီးချိန်မှာဆိုတော့ စားတဲ့သူက နည်းသွားပြီ။ ယိုစုံဈေးကွက်အတွက် အဓိကထားရောင်းကြတယ်။ မုံရွာဆီးသီးဈေးကွက်မှာ ထိုင်ဝမ်ဆီးသီးနဲ့ ယိုးဒယားဆီးသီးတွေနေရာယူလာတဲ့အတွက် မြန်မာဆီးချဉ်၊ ဆီးပုလဲ၊ ဆီးပဲလှော်စတဲ့ မြန်မာ့ဆီးသီးတွေ ဈေးကွက်မှာ ပျောက်နေတယ်”ဟု မုံရွာဒေသခံ သစ်သီးပွဲစားတစ်ဦးကပြောသည်။

မုံရွာမြို့နယ်အတွင်းဆီးစိုက်ခင်းများမှဆီးသီးများအား ဒေသတွင်းစားသုံးရန် သာမက မြန်မာ-အိန္ဒိယနယ်စပ်ဈေးကွက်ဖြစ်သောတမူးမြို့သို့ပါ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရှိရသည်။

# ကုလားပဲနှင့် ဂျုံအထွက်နှုန်း ပိုကောင်းလာဖွယ်ရှိဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ- ၁**

မုံရွာခရိုင်အတွင်းပြီးခဲ့သည့် မိုးဦးကာလတွင် ပဲစင်းငုံ၊ မတ်ပဲနှင့် နှမ်းစိုက်ခင်းများအဓိက စိုက်ပျိုးခဲ့သော်လည်း မိုးနှောင်းကာလ ပဲစင်းငုံနှင့် မတ်ပဲစိုက်ခင်းများမိုးရေကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် ကုလားပဲနှင့်ဂျုံစိုက်ခင်းများအစားထိုးစိုက်ပျိုးသူ ပိုမိုများပြားလာကြောင်း ယင်းမာပင်မြို့နယ် ဒေသခံတောင်သူများက ပြောကြားသည်။

“ပြီးခဲ့တဲ့နှစ်ကဆုန်၊ နယုန်လတွေတုန်းက ပဲစင်းငုံနှင့် နှမ်းသီးညှပ်စိုက်ခင်းတွေပိုများလာတယ်။ နှမ်းတွေကတော့ မိုးတွင်းမှာ ရိတ်သိမ်းလိုက်နိုင်ပေမယ့် ပဲစင်းငုံစိုက်ခင်းတွေအပွင့်လိုက်တုန်း မိုးသည်းသည်းရွာလို့ အပင်တွေရေဝပ်ပြီး သေတာတွေရှိတယ်။ မတ်ပဲစိုက်ခင်းတွေက မိုးကောင်းတော့အပင်အဖြစ် သန်ပြီး အသီးမလိုက်တော့ဘူး။ အသီးအားနည်းတော့ မတ်ပဲစိုက်ခင်းတွေ ဖျက်တာလည်းရှိတယ်။ မတ်ပဲနဲ့ ပဲစင်းငုံခင်းတွေ အစားထိုးသီးနှံတွေအဖြစ် ကုလားပဲနဲ့ ဂျုံစိုက်တာတွေလည်းရှိတယ်။ လာမယ့်ဆောင်းသီးနှံပေးချိန်မှာ မထင်မှတ်တဲ့ ကုလား



ပဲနဲ့ ဂျုံကလှိုင်လှိုင်ပေါ်နိုင်တယ်။ မိုးကလည်းကောင်း၊ အအေးလှိုင်းကြောင့် နှင်းဖြိုင်ဖြိုင်ကျတဲ့အတွက် သီးနှံအဖျက်ပိုးတွေကလည်း မဝင်တော့ပဲရောဂျုံပါအထွက်ကောင်းတယ်”ဟု ယင်းမာပင်မြို့ ဒေသခံတောင်သူတစ်ဦးကပြောသည်။

“အရင်နှစ်ကအပူလှိုင်းကြောင့် ကုလားပဲအထွက်ကောင်းလို့ ပဲစင်းငုံတွေအဓိကထားစိုက်တာ။ မိုးကုန်မှာ ရေဝပ်လို့ ထွန်ယက်ပြီး ကုလားပဲပေါင်းစိုက်တယ်။ မိုးကောင်းတာရော နှင်းဖြိုင်တာရောကြောင့် ကုလားပဲအထွက်ကောင်းနိုင်တယ်။ လာမယ့် ၁၅ ရက်ဝန်းကျင်ဆို ကုလားပဲတွေရိတ်ရတော့မှာ။ အချို့နယ်တွေဆို ကုလားပဲကပေါ်နေပြီး လာမယ့်သီးနှံပေါ်ချိန်မှာ ကုလားပဲရော၊ဂျုံပါအထွက်ကောင်းနိုင်တယ်။ တောင်သူတွေစိုက်ချိန်ပျိုးချိန်ဆို စိုက်စားရိတ်ကလည်းကြီး မြေဩဇာဈေး၊ ပိုးသတ်ဆေးကလည်း ဈေးကြီးတယ်။ သီးနှံပေါ်ချိန်မှာ ဈေးကွက် ကမောက်ကမတွေကြောင့် တောင်သူတွေလုပ်ငန်းမှာ အမြတ်စွန်းနည်းတယ်။ မြောက်သူလို့ခေါ်တဲ့လယ်ယာလုပ်သားတွေ ငွေရှင်တာပဲ။ ကောက်ပဲသီးနှံစိုက်ခင်းတွေ သီးနှံပေါ်ချိန်မှာကမောက်ကမဈေးကွက်တွေကြောင့် တောင်သူအများစု ကွမ်း၊ ခရမ်းချဉ်၊ ကြက်သွန်စတဲ့ဥယျာဉ်ခြံစိုက်ပျိုးရေးကို ပိုမိုလုပ်ကိုင်လာကြတာတွေလည်းရှိတယ်” ဟု မုံရွာမြို့ လယ်ဇင်ကျေးရွာဒေသခံ တောင်သူတစ်ဦးက ပြောကြားသည်။

# အိုင်အိုဒင်းဆားနှင့် အပိုဓာတ်ဆားထုတ်လုပ်ခွင့် လိုင်စင်ယူရမည်

**နန္ဒနွေ**

**ကျောက်ဖြူ၊ ဖေဖော်ဝါရီ- ၁**

အိုင်အိုဒင်းဆားနှင့်အပိုဓာတ်ဆားများ ထုတ်လုပ်လုပ်ကိုင်နေသူများသည် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသို့ ထုတ်လုပ်ခွင့်လိုင်စင်များ လျှောက်ထားရယူလုပ်ကိုင်ကြမည်ဖြစ်ကြောင်း သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ကြေညာထားသည်။



၂၀၁၁-၁၂ ခုနှစ်အတွက် ထုတ်လုပ်ခွင့်လိုင်စင်များကို ဇန်နဝါရီ ၁ ရက်မှစ၍ လျှောက်လွှာတစ်စောင်လျှင် ၃,၅၀၀ ကျပ်ဖြင့် နေပြည်တော်၊ ရန်ကုန်(သာကေတ)၊ မော်လမြိုင်၊ ပုသိမ်မြို့၊ ကျောက်ဖြူမြို့နှင့် စစ်ကိုင်းမြို့များရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းများ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးရုံးခွဲများတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

လိုင်စင်များကို သတ်မှတ်ရက်အတွင်း လျှောက်ထားရမည် ဖြစ်ပြီး၊ သတ်မှတ်ရက်ကျော်လွန်ပါက ရက်လွန်ကြေးအဖြစ်တစ်ရက်လျှင် ဒဏ်ငွေ ၂၀၀ကျပ်စီကိုပေးဆောင်ရမည်ဟုဆိုသည်။ လုပ်ငန်းလိုင်စင်မရှိဘဲ ဆောင်ရွက်နေကြောင်းတွေ့ရှိရပါက ဆားလုပ်ငန်းဥပဒေနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းသိရသည်။ ရခိုင်ပြည်နယ်တွင် နေလှန်းဆားကွင်းများကိုကျောက်ဖြူ မြေပုံ၊ ပေါက်တော၊ ရသေ့တောင်၊ မောင်တောမြို့နယ်များတွင် အများအပြားလုပ်ကိုင်လျက်ရှိကြသည်။ အောက်တိုဘာလတွင် တိုက်ခတ်ခဲ့သည့် ဂီရိမုန်တိုင်းကြောင့် ကျောက်ဖြူနှင့်မြေပုံမြို့နယ်များရှိ ဆားကွင်းများ ထိခိုက်ခဲ့ရပြီး ပေါက်တောနှင့်မင်းပြားမြို့နယ်ရှိ ဆားကွင်းအချို့လည်း အကျိုးသက်ရောက်မှုရှိခဲ့ကြောင်းသိရသည်။ ဆားဈေးကျဆင်းမှု၊ မုန်တိုင်းကြောင့် ပျက်စီးမှုများကြောင့် ကျောက်ဖြူနှင့်ပေါက်တောမြို့နယ်များတွင် နေလှန်းဆားလုပ်ကိုင်နိုင်သူနည်းပါးနေ ကြောင်းသိရသည်။ ကျောက်ဖြူမြို့တွင်မူ ဆားတောင်သူများသို့ တစ်ဧကလျှင် ကျပ်နှစ်သိန်းမှ ကျပ်ဆယ်သိန်းအထိ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေထုတ်ပေးလျက်ရှိသည်။ ကျောက်ဖြူမြို့နယ်တွင် ယခင်နှစ်ကဆား တောင်သူ (ဆားလုပ်ကိုင်သူ)၂၄၀ ဦးခန့်ရှိခဲ့ရာ ယခုနှစ်တွင် ၁၀၀ ကျော်ခန့်သာ လုပ်ကိုင်ရန် ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

ဝန်ထမ်းအလိုရှိသည်
(၁) Musician (Organ, Piano) - (၂)ဦး
Organ,Piano

အမြန်အလိုရှိသည်
1. Quantity Surveyor/Estimator ၂ ဦး
(G.T.I, B.Tech, B.E)
2. Civil Engineer(for PE/SE Post) ၅ ဦး
(G.T.I, B.Tech., B.E, နယ်အတွေ့အကြုံ)
3. Driver ၂ ဦး

ဝန်ထမ်းအလိုရှိသည်
• Marketing Executive (၂) ဦး
Marketing Target
OT
CV form

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## မျက်နှာဖုံး-ပုဂ္ဂလိက စက်သုံးဆီဆိုင် ဝန်ထမ်းအချို့ အလွဲသုံးစား ပြုလုပ်နေ မှ

ကျွန်တော်တို့ တက္ကစီသမားတွေကျတော့ နှစ်ဂါလန်ဆို ၁၆ ပွိုင့်ဆိုတော့ ထိခိုက်တယ်။ ပုဂ္ဂလိကဆီဆိုင်တွေမှာ ဒါမျိုးဖြစ်နေတာ လုံးဝအဓိပ္ပာယ်မရှိဘူး"ဟုရန်ကုန်မြို့မှ စီးတီးတက္ကစီယာဉ်မောင်း တစ်ဦးကလည်း သူ၏အတွေ့အကြုံကို ပြောပြသည်။

"ကျွန်တော့်ကို လာညှိတယ်။ ပွိုင့်ပိုထည့်ပေးမယ်။ ပိုက်ဆံပိုပေးမလား။ တစ်ဂါလန်ကို ၂,၆၀၀ ပဲပေးလို့" ဟု တက္ကစီယာဉ်မောင်း တစ်ဦးကလည်း ရန်ကုန်မြို့မှ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှ ဝန်ထမ်း တစ်ဦးက ၎င်းအား လာရောက်ညှိနှိုင်းမှုကို ပြန်ပြောပြသည်။

အစိုးရက ကာလရှည် လုပ်ကိုင်ခဲ့သော စက်သုံးဆီရောင်းဝယ်ခြင်းလုပ်ငန်းများကို ၂၀၀၉ နှစ်ဆန်းပိုင်းက ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့ပြီး ၂၀၀၉ ဇွန် ၁၀ ရက်မှ စတင်၍ ပုဂ္ဂလိကစက်သုံးဆီဆိုင်များတစ်ပြေးညီဖွင့်လှစ်လုပ်ကိုင်ခဲ့သည်။ စတင်ဖွင့်လှစ်စဉ်မှ အောက်တိုဘာလအထိ ပုဂ္ဂလိကစက်သုံးဆီဆိုင်များတွင် ဓာတ်ဆီရောင်းဝယ်မှု အဆင်ပြေသော်လည်း နိုဝင်ဘာလဆန်းမှစတင်၍ ဆီခွဲတမ်းလျှော့ချပြီးနောက်ဆိုင်မှ ရောင်းသော ဆီဈေးနှင့် အပြင်ဆီဈေးကွာဟမှု စတင်များလာသည်။ ဆိုင်ထုတ်ဆီဈေးနှင့် ပြင်ပဈေးနှုန်း ကွာဟမှုများလာခြင်းကြောင့် ဆိုင်တွင် ဆီလာထုတ်ပြီး ပြန်ရောင်းသူများ ပေါ်များလာသည်။ ထို့ကြောင့် ဓာတ်ဆီရောင်းသော ဆိုင်တိုင်းတွင် ဆီဝယ်ရန်တန်းစီနေသော ကားများ၊ ဆိုင်ကယ်တန်းများ ရှည်နေခြင်းမှာတစ်နိုင်ငံလုံးပင်ဖြစ်သည်။

"ကျွန်တော်တို့ စိုးရိမ်တာ ဝန်ထမ်းတွေကိုပဲ။ ဝယ်လိုအားများလာတာကို အကြောင်းပြုပြီးတော့ သူတို့အောက်ဆိုက်ဝင်ငွေရအောင်ရှာလာမှာကို စိုးရိမ်တာ။ လူဆိုတာက လွယ်ရင် သူကြွယ်တောင်ခိုးတတ်တာမျိုး။ ဒါ့ကြောင့် ဝန်ထမ်းတွေကို မဟုတ်တာမလုပ်အောင် တော်တော်သတိထားစီမံနေရတယ်" ဟုရန်ကုန်မြို့ရှိ ပုဂ္ဂလိကစက်သုံးဆီဆိုင်များ ဖွင့်လှစ်ထားသော လုပ်ငန်းရှင်ကြီးတစ်ဦးကလည်း ပြောသည်။ စက်သုံးဆီဆိုင်ဖွင့်လှစ်ထားသော လုပ်ငန်းရှင်များအနေဖြင့် လက်ရှိအခြေအနေတွင် အမြတ်ရရှိရေးထက် ပြဿနာမဖြစ်ဘဲ အဆင်ပြေရေးကိုသာ ဦးစားပေးလုပ်ကိုင်နေသည်ဟု ၎င်းကဆိုသည်။

ထိုသို့ စက်သုံးဆီဆိုင်ဝန်ထမ်းအချို့ အလွဲသုံးစားပြုလုပ်မှုများမှာ နယ်မြို့များတွင်လည်းရှိသည်။ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ပြင်ပပေါက်ဈေးအတိုင်း ငွေပိုပေးပါက တန်းစီစရာမလိုဘဲ ငါးဂါလန်အထိ ဝယ်နိုင်ကြောင်း ကိုယ်တိုင်ဆီဝယ်ခဲ့သူများကပြောသည်။ ထိုဆိုင်တွင် ဆိုင်ကယ်တစ်စီး တစ်ပတ် လျှင် တစ်ဂါလန် ၂,၅၀၀ကျပ် နှုန်းဖြင့် ရောင်းချပေးသော်လည်း တစ်ဂါလန် ၃,၅၀၀ပေးပါက နေ့စဉ် ငါးဂါလန် ဝယ်နိုင်သည်ဟု ဆီဝယ်ခဲ့သူများကပြောသည်။

"ကျွန်တော်တို့က တန်းစီဖို့ အချိန်မရှိဘူးလေ။ ဒါ့ကြောင့် ဈေးပိုပေးပြီး ဝယ်လိုက်တာ" ဟုမြစ်သားမြို့ခံတစ်ဦးက ပြောသည်။

ထိုသို့ ဓာတ်ဆီဆိုင်များတွင် ဆီဝယ်သူများ စုပြုံတန်းစီနေသည့် အခြေအနေ အဆင်ပြေလာရန် စက်သုံးဆီဆိုင်များက ရောင်းချသောဓာတ်ဆီဈေးနှုန်းများကို ပြင်ပဈေးနှုန်းနှင့် တန်းတူသတ်မှတ်ပေးခြင်း၊ စက်သုံးဆီဆိုင်များသို့ သက်ဆိုင်ရာက ရောင်းချပေးသောဆီခွဲတမ်းတိုးပေးခြင်း၊ ဓာတ်ဆီနှင့် အောက်တိန်း ရောထားသောဆီကို သင့်တင့်သောနှုန်းဖြင့် ရောင်းချခွင့် ပြုခြင်းများပြုလုပ်ပါက အဆင်ပြေနိုင်ကြောင်း စက်သုံးဆီဈေးကွက် ကျွမ်းကျင်သူများကပြောသည်။

သို့သော် စက်သုံးဆီဝယ်ယူသုံးစွဲသူများက ဓာတ်ဆီရောင်းဝယ်မှု အဆင်မပြေဖြစ်နေခြင်းမှာ ဆီဆိုင်များက ဆိုင်သို့လာဝယ်သူများကို အနည်းငယ်သာရောင်းပြီး ပြင်ပတွင် ဈေးပိုပေးသူများကို ရောင်းချနေမှုများ ရှိနေ၍ဖြစ်ကြောင်း စွပ်စွဲကြသည်။

ယခုနောက်ဆုံးရရှိသော သတင်းအရ သက်ဆိုင်ရာက ဆီရောင်းဝယ်မှု ပိုမိုအဆင်ပြေရန် ဓာတ်ဆီကို ဒီဇယ်ကဲ့သို့ ပြင်ပဈေးနှုန်းအတိုင်း နှုန်းရှင်ဖြင့် လာမည့်လအနည်းငယ်အတွင်း ရောင်းချခွင့်ပြုရန် စီစဉ်နေကြောင်းသိရသည်။ ဒီဇယ်မှာ ပုဂ္ဂလိကဆီဆိုင်များစတင်ဖွင့်လှစ်စဉ်ကတည်းက ပြင်ပမှ ဈေးအတိုင်းရောင်းချခွင့်ပြုထားပြီး အဆင်ပြေလျက်ရှိသည်။

**အားမာန်၊ အောင်သူရ၊ ညီညီဇော်**

## မျက်နှာဖုံး-နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ လေလံပွဲတွင် လေလံအောင်သည့်ဈေးနှုန်းများမြင့် မှ

"ပဲခူးက ဆိုင်ဆိုရင် ကာလပေါက်ဈေးနဲ့ သိန်း ၄၀၀၊ ၅၀၀ လောက်ပဲမှန်းထားတာ။ ၁၀၀၀ကျော်ပေးဆွဲတဲ့သူရှိလို့ ထောင်ကျော်နဲ့ လေလံအောင်သွားတယ်"ဟု ကိုယ်တိုင်လေလံဝင်ရောက်ဆွဲခဲ့သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်းဆိုသည်။

ကာလတန်ဖိုးထက် နှစ်ဆခန့်ပေးပြီးဆွဲသွားသော စီးပွားရေး လုပ်ငန်းများစွာရှိပြီး အချို့စီးပွားရေးလုပ်ငန်းများမှာ ကျပ်သိန်းပေါင်း သိန်းနှင့်ချီ၍ လေလံ အောင်သွားကြောင်းလည်း သတင်းရရှိသည်။ အဆိုပါလေလံပွဲတွင် လေလံမအောင်သည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းမှာ နှစ်ခုသာရှိခဲ့ကြောင်းလည်း အထက်ပါပုဂ္ဂိုလ်များကပြောသည်။

ထို့ပြင် ယခုလေလံပွဲတွင် ငွေပေးသွင်းရသည့် ပုံစံပြောင်းလဲထားကြောင်း ကိုယ်တိုင်လေလံဆွဲသူများက ပြောသည်။ လေလံအောင်သူက တန်ဖိုး၏ ၁၀ရာခိုင်နှုန်းကို တစ်လအတွင်း ပေးသွင်းရပြီး ကျန် ၉၀ ရာခိုင်နှုန်းကို ကျပ်သန်းတစ်ထောင်အထက်ဖြစ်ပါက ခြောက်လအတွင်း၊ ကျပ်သန်းတစ်ထောင်အောက်ဖြစ်ပါက သုံးလအတွင်း အရစ်ကျစနစ်ဖြင့် ပေးသွင်းရန်သတ်မှတ်ထားသည်။ အဆိုပါလေလံပွဲမှာ ၂၀၁၁ခုနှစ်အတွင်း ပထမဆုံးလေလံဖြစ်ပြီး လေလံပွဲများ ထပ်မံကျင်းပရန် ရှိသေးကြောင်းလည်း သတင်းရရှိသည်။ "လေလံပွဲနှစ်ပွဲလောက်တော့ လာဦးမယ်ထင်တယ်။ အစိုးရပိုင်လုပ်ငန်းက ရှစ်ဆယ်လောက်ရှိတယ်။ ပုဂ္ဂလိက အဆောက်အအုံက ၁၇၀လောက် လေလံပစ်ဖို့ ကျန်သေးတယ်လို့သိရတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်းပြောသည်။




## စာ-၄၊ အင်အားပြင်းထန်သော မြေငလျင်တစ်ခု ဖေဖော်ဝါရီ ၄ရက်တွင် လှုပ်ခတ် မှ

မြောက်တက်သွားတာကိုမြင်လိုက်ရတယ်"ဟု ကိုနောင်နောင်က ဆက်လက်ပြောသည်။

ငလျင်လှုပ်ချိန်မှာ သုံးမိနစ်မှ ငါးမိနစ်အတွင်း ကြာမြင့်ခဲ့ပြီး၊ ငလျင်လှုပ်သည်ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော ဟုမ္မလင်းမြို့ခံတစ်ဦးကလည်း "အနှစ် ၂၀ အတွင်း ဒီငလျင်လောက် ပြင်းပြင်းထန်ထန်မကြုံဖူးသေးတော့ ဟုမ္မလင်းက လူတွေ ကြောက်လန့်နေကြတယ်။ စတိုးဆိုင်တစ်ဆိုင်မှာ ပစ္စည်းတွေ ပြုတ်ကျ ပျက်စီးတာရှိပေမယ့် နေအိမ်၊ တိုက်တာအဆောက်အအုံတွေအပျက်အစီး မရှိပါဘူး"ဟုပြောသည်။

မြေငလျင်အင်အား ပြင်းထန်သော်လည်း ပျက်စီးဆုံးရှုံးမှုနှင့် လူသေဆုံးမှုမရှိခြင်းမှာ ထိုဒေသတွင် ကြီးမားသောအဆောက်အအုံများ မရှိ၍ဖြစ်ကြောင်း မြေငလျင်ပညာရှင်များကပြောသည်။ စစ်ကိုင်းတိုင်း ဒေသကြီးမှာ မြန်မာနိုင်ငံ၏ မြေငလျင်အလှုပ်ခတ်ဆုံးဒေသများထဲမှ တစ်ခုဖြစ်သည်။ ထိုဒေသအတွင်း စစ်ကိုင်းငလျင်ကြော ရှိသော်လည်း ယခုငလျင်မှာ အဆိုပါငလျင်ကြောနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ပညာရှင်များကပြောသည်။

**အားမာန်၊ အေးမြကျော်၊ မျိုးမင်းဦး**

## မျက်နှာဖုံး-ဝန်ကြီးချုပ်ဦးသိန်းစိန်ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်မှ

ဖေဖော်ဝါရီ ၄ရက်တွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ သမ္မတရွေးချယ်ပွဲကို ပြုလုပ်ခဲ့ပြီး သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ နိုင်ငံတော်သမ္မတကို မဲပေးရွေးချယ်ခဲ့ကြရာ ဦးသိန်းစိန်က မဲအများဆုံးရရှိကာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရခြင်းဖြစ်သည်။ ဒုတိယသမ္မတအဖြစ် သမ္မတလောင်းအဖြစ် ရွေးချယ်ခံခဲ့ရသော သီဟသူရ တင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်းတို့ကို ရွေးချယ်တင်မြှောက်ခဲ့သည်။

သမ္မတရွေးချယ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ပေါင်း ၆၅၉ ဦးက ဆန္ဒမဲပေးခဲ့ကြပြီး၊ သမ္မတလောင်းအဖြစ် ရွေးချယ်ခံထားရသူသုံးဦးအနက် ဦးသိန်းစိန်က မဲအများဆုံးအဖြစ် ၄၀၈မဲရရှိကာ၊ သီဟသူရဦးတင်အောင်မြင့်ဦးက ၁၇၁ မဲ၊ ဒေါက်တာစိုင်းမောက်ခမ်းက ၇၅ မဲအသီးသီးရရှိခဲ့ပြီး၊ ပယ်မဲဖြစ်သော ဆန္ဒမဲ ၅မဲလည်းရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများမှတစ် ဆင့်ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတကာနှင့် ပြည်တွင်းမှ နိုင်ငံရေးစိတ်ပါဝင်စားသူများ စိတ် ဝင်တစားစောင့်ကြည့်ခဲ့ကြသည့် သမ္မတရာထူးအတွက် သမ္မတလောင်းသုံးဦးကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များဖြစ်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ဖေဖော်ဝါရီ ၃ ရက်နေ့က ရွေးချယ်တင်မြှောက်ခဲ့ကြကြောင်း နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့်ကြေညာခဲ့သည်။ ဦးသိန်းစိန်ကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့၊ သီဟသူရဦးတင်အောင်မြင့်ဦးအားပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့တွင်ပါဝင်သော တပ်မတော်သားကိုယ်စားလှယ်များအစုအဖွဲ့၊ ဒေါက်တာစိုင်းမောက်ခမ်းကို ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့တို့က ရွေးချယ်တင်မြှောက်ခဲ့ကြခြင်းဖြစ်သည်။

## မျက်နှာဖုံး-ပြည်ပအလုပ်သမားလက်မှတ်အတွက် ငွေသွင်းရသည့်ပုံစံပြောင်း မှ

"ဒီစနစ်က ကလေးတွေအတွက်ကောင်းတယ်။ ဘဏ်အကောင့်ဖွင့်ထားတယ်ဆိုတော့ အကောင်အထည်ရှိသေးတာပေါ့"ဟု ကျောက်တံတားမြို့နယ် လမ်း၄၀ရှိ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူကပြောသည်။

သို့သော်မလေးရှားနိုင်ငံသို့ အလုပ်သွားရောက်လုပ်ကိုင်သူအများစုမှာ သက်ဆိုင်ရာက သတ်မှတ်ထားသောငွေကျပ်ငါးသောင်းပေးသွင်းပြီး Oversea Employment Card ပြုလုပ်၍ သွားရောက်မှုသာ တရားဝင်သွားရောက်ခြင်းဖြစ်သော်လည်းအများစုမှာ ထိုကဲ့သို့ပြုလုပ်၍ မသွားရောက်ကြပေ။

သက်ဆိုင်ရာက ဘဏ်အ ကောင့်ဖွင့်၍ သွားရောက်စေခြင်းမှာ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်ကိုင်နေသူများက မိသားစုထံ ငွေပြန်လွှဲရာတွင် အဆင်ပြေစေရန်ရည်ရွယ်၍ ပြုလုပ်ပေးခြင်းဖြစ်သည်ဟုသိရသည်။

## စာ-၃၊ ဘုရင့်နောင်ကားကြီးကွင်း ပြောင်းရွှေ့မည့် သတင်းထွက် လုပ်ငန်းရှင်များ ပူပန် မှ

လက်ရှိကာလတွင် ဘုရင့်နောင်ဝင်းအတွင်း၌ ကားရပ်နားကွင်းရှိသော်လည်း လမ်းမများပေါ်တွင်ရပ်၍ စည်းကမ်းပျက်ယာဉ်အဖြစ် ဒဏ်ကြေးကျပ် ငါးရာထမ်းဆောင်၍ရပ်နေသည့် ကားများလည်း ရှိနေကြောင်းသိရသည်။ ထို့ကြောင့် ကားကြီးကွင်းမရှိပါက စည်းကမ်းပျက်ယာဉ်များလာကာ ဘုရင့်နောင်ဝင်းအတွင်း၌ ကားပိတ်ဆို့မှုများပါပိုဖြစ်လာနိုင်၍ ကားဂိတ်လုပ်ငန်းရှင်များ ပူပန်နေရကြောင်း ၎င်းတို့က ပြောသည်။

# Education

7DAY NEWS JOURNAL

Vol.9, No.46 • FEBRUARY 10, 2011

# IELTS အမှတ်ကောင်း၍စာမေးပွဲကြေးပြန်ရသူနှစ်ဦးထွက်ပေါ်

## ပြည်တွင်းရှိအင်တာနေရှင်နယ်ကျောင်းတစ်ခုမှ ဝဏ္ဏမောင်မောင်မိုးဇော်နှင့် မဆုဇာဝေနှင်းတို့နှင့်တွေ့ဆုံခြင်း

**နေလင်းထွန်း**

အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ (IELTS)၏ အရေး၊ အပြော၊ အဖတ်၊ အကြားစွမ်းရည်လေးမျိုးတွင် ၇ မှတ်၊ ၈မှတ်နှင့်အထက် ရရှိသောသူများကို စာမေးပွဲကြေး ပြန်ထုတ်ပေးခြင်းကို ပြီးခဲ့သည့် နှစ်ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့သော်လည်း ယခုနှစ် ဇန်နဝါရီလမှသာ သတ်မှတ်ချက်နှင့်ကိုက်ညီသော ကျောင်းသားနှစ်ဦးပေါ် ထွက်လာခဲ့သည်။ ပြည်တွင်းရှိ အင်တာနေရှင်နယ်ကျောင်းတစ်ခုတွင် ပညာသင်ယူနေသော အသက် ၁၆ နှစ်အရွယ် ကျောင်းသားများဖြစ်ကြသည့် မောင်ဝဏ္ဏ မောင်မောင်မိုးဇော်နှင့် မဆုဇာဝေနှင်းတို့၏ ဘာသာစကားလေ့လာမှုနှင့် ရည်မှန်းချက်တို့အား တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။



ဝဏ္ဏမောင်မောင်မိုးဇော်နှင့် ဆုဝေနှင်း

**လက်ရှိ ပညာသင်ယူနေမှုအကြောင်း ပြောပြပေးပါ။**

၁၁ တန်းပေါ့။ နှစ်လယ်ပဲ ရှိသေးတယ်။ ပြီးရင် ၁၂ တန်းတက်ရမှာပေါ့။ ISM မှာတက်နေပါတယ်။ အမေရိကန်သင်ရိုးညွှန်းတမ်းနဲ့ လေ့ကျင့်ပါတယ်။

**သမီးလည်း သူနဲ့ အတန်းရော၊ ကျောင်းရော အတူတူပါပဲ။**

ဒီစာမေးပွဲအတွက် ဘယ်လိုပြင်ဆင်လေ့ကျင့်ခဲ့ပါသလဲ။

သမီးက မဖြေခင် တစ်လလောက်မှာ စာမေးပွဲနဲ့ပတ်သက်ပြီး ပြင်ဆင်လေ့ကျင့်ပါတယ်။

ကျွန်တော်တို့ Practice (လေ့ကျင့်မှု)ကတော့ exposure to the language (ဘာသာစကားနဲ့ ထိတွေ့မှု)ပါပဲ။ တစ်လတည်းနဲ့တော့ ဘယ်လိုမှမလုပ်နိုင်ဘူးပေါ့။ ဘာသာစကားက ကျွန်တော်တို့အတွက် used to (ရင်းနှီးမှု)ဖြစ်နေပါတယ်။

**အခုလို ရလဒ်ကောင်းရဖို့အတွက် ဘယ်အချက်တွေ အရေးကြီးတယ်လို့ထင်လဲ။**

အရေးအကြီးကတော့ Reading (စာဖတ်ခြင်း)လုပ်ဖို့ပါပဲ။အင်္ဂလိပ်စာကို ကိုယ့်ဘာသာဖတ်တာတို့၊ ရေးတာတို့နဲ့ ဆိုင်ပါတယ်။ အင်္ဂလိပ်စာနဲ့ မစိမ်းဖို့အတွက်ပဲလိုပါတယ်။ ဘာသာစကားကျွမ်းကျင်မှုက အထိအတွေ့များမှပိုပြီးအဆင်ပြေမှာပါ။ သမီးအနေနဲ့ကတော့ Listening (အကြား)အတွက် ဆိုရင် အင်္ဂလိပ်ဇာတ်ကားခွေတွေ များများကြည့်ဖို့ပါပဲ။ သူတို့ပြောတာတွေလိုက် နားထောင်မယ်ဆိုရင် ပိုပြီးလွယ်ကူမှုရှိလာတယ်။

**အင်တာနေရှင်နယ်ကျောင်းတက်တဲ့အတွက် ဘယ်လိုအားသာချက်ရှိမယ်ထင်လဲ။**

It just provide the environment, we can practice english more comfortable. (ပတ်ဝန်းကျင်တစ်ခုဖန်တီးပေးလို့ ကျွန်တော်တို့ အင်္ဂလိပ်စာကို ပိုပြီး အဆင်ပြေပြေ လေ့ကျင့်နိုင်တာပေါ့)သမီးဆရာတွေက နိုင်ငံခြားကဆိုတော့ အင်္ဂလိပ်စာနဲ့ပိုပြီး ငယ်ငယ်ကတည်းက အထိအတွေ့ရှိတယ်။

စာ(၂၂)သို့

### ပညာရေးသတင်းတိုများ

## ဂျပန်စီးပွားရေးပညာရှင်တစ်ဦးဟောပြောမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၃**

ဂျပန်နိုင်ငံမှ ပညာရှင်တစ်ဦးသည် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက် မြင့်မားစေရေးများအကြောင်းကို ဖေဖော်ဝါရီလ ၁၈ ရက်၊ နံနက် ၉ နာရီမှ ၁၂ နာရီအထိ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI တွင် လာရောက်ဆွေးနွေးဟောပြောမည်ဖြစ်သည်။ ဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် ဖုန်း- ၂၁၄၃၄၄ သို့ ဆက်သွယ်စာရင်းသွင်းတက်ရောက်နိုင်သည်။

## စင်ကာပူဆရာဝန်တစ်ဦးက နာခေါင်းအကြောင်း ဟောပြောမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၃**

စင်ကာပူနိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ကြီးမှ "သင်သိထားသင့်သော သင့်နှာခေါင်းအကြောင်း"ခေါင်းစဉ်ဖြင့်ဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်၊ နံနက် ၁၀နာရီခွဲမှ စတင်၍ စင်ထရယ် ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ တက်ရောက်လေ့လာလိုသူများအနေဖြင့် ဖုန်း-၃၉၂၄၈၄သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိသည်။

## မြန်မာ့စီးပွားရေးအလားအလာ အကြောင်း ဟောပြောမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၃**

၂၀၁၁ မြန်မာ့စီးပွားရေးအလားအလာ အကြောင်းဟောပြောပွဲကို ဖေဖော်ဝါရီလ ၁၂ရက်၊ နေ့လယ် ၂ နာရီမှ စတင်၍ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ပါမောက္ခ ဒေါက်တာတင်စိုး (ဘောဂဗေဒမှ ဆွေးနွေးဟောပြောမည်ဖြစ်ပြီး စိတ်ဝင်စားသူများတက်ရောက်လေ့လာနိုင်ရန် ဖုန်း- ၇၃၀၅၁၁၉၀ သို့ စာရင်းပေးသွင်းနိုင်သည်။

## နိုင်ငံတကာကျောင်းသားများ ဗီယက်နမ်တကသိုလ်နှင့် ကောလိပ်များတွင် ကျောင်းတက်လိုပါက ဝင်ခွင့်ဖြေစရာမလို

**သီဟ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၅**

မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှ ကျောင်းသားကျောင်းသူများ ဗီယက်နာမ်နိုင်ငံရှိ တက္ကသိုလ်သို့မဟုတ် ကောလိပ်များတွင် ပညာဆက်လက်သင်ယူလိုပါက ဝင်ခွင့်ဖြေဆိုခွင့်အား ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာကျောင်းသားများအနေဖြင့် ဝင်ခွင့်ဖြေဆိုရန်မလိုသော်လည်း မိမိတို့အထက်တန်း တက်ရောက်စဉ်က ရရှိခဲ့သည့် ပညာရေးမှတ်တမ်းများအား မိမိတို့ဝင်ရောက်လိုသည့် ကျောင်းသို့ တင်ပြရမည်ဖြစ်ပြီး ကောင်းမွန်သည့်ပညာရေးမှတ်တမ်း ရှိရမည်ဟုသိရသည်။

နိုင်ငံတကာကျောင်းသားများအတွက် ဝင်ခွင့်ဖြေဆိုရန် မလိုအပ်သော်လည်း ပြည်တွင်း ကျောင်းသားများအတွက်မူ ဝင်ခွင့် ဖြေဆိုရမည်ဖြစ်ပြီး ဝင်ခွင့်မှာလည်း ခက်ခဲပညာရေးဝက်ဘ်ဆိုက်တစ်ခုတွင် ဖော်ပြထားသည်ကို တွေ့ရသည်။



ဗီယက်နမ်မှ တက္ကသိုလ်နှင့် ကောလိပ်အချို့သည် လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က မြန်မာနိုင်ငံရှိ ပညာရေးဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် စီစဉ်ခဲ့သော်လည်း ဘာသာစကားအခက်အခဲနှင့် တက္ကသိုလ်ကောလိပ်များ၏ သတင်း အချက်အလက်များ စုံလင်ခြင်းမရှိသဖြင့် အောင်မြင်မှုရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

## Fulbrightစကော်လာ မတ်လကုန် နောက်ဆုံး လျှောက်ထားရမည်

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂

နှစ်စဉ်ပေးအပ်လျက်ရှိသော အမေရိကန်အစိုးရ၏ Fulbright Science & Technology Award 2011 အတွက် မတ်လ ကုန် နောက်ဆုံးလျှောက်ထားရမည်ဖြစ်ကြောင်းသိရသည်။ ပညာသင်ဆုလျှောက်ထားလိုသူများအနေဖြင့် ၂၀၁၂ ခုနှစ်မတိုင်မီ ဒီဂရီ ဘွဲ့တစ်ခုရရှိထားရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှုအရည်အချင်းစစ်စာမေးပွဲများဖြစ်သော တိုဖယ် ၅၈၀မှတ်နှင့် အထက်၊ သို့မဟုတ် အိုင်အီးအယ်တီအက်စ် ၆ဒသမ၅မှတ်နှင့် အထက်ရရှိထားရမည်ဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုလျှောက်ထား နိုင်သော ဘာသာရပ်နယ်ပယ်များမှာ Aeronautics/ Aeronautical Engineering, Agriculture (theoretical/research), Astronomy/ Planetary Sciences, Biology, Biomedical Engineering, Chemistry, Computer Sciences/ Engineering, Energy, Engineering (electrical, chemical, civil, ocean, mechanical and petroleum), Environmental Science/ Engineering, Mathematics, Neurosciences, Oceanography, Physics, Public Health (research or theoretical focus only) တို့ဖြစ်ကြောင်း သံရုံးမှ သတင်းထုတ်ပြန်ထားသည်။ ပညာသင်ဆုနှင့်ပတ် သက်သော ပညာရေးဟောပြောပွဲအား ဖေဖော်ဝါရီ ၁၀ရက် ညနေ ၅နာရီမှစတင်ကာ ဒဂုံမြို့နယ်၊ တော်ဝင်လမ်းရှိ အမေရိကန်စင်တာတွင် ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။

## Coventry Universityတွင် အင်ဂျင်နီယာ ဘာသာရပ်များ တက်ရောက်နိုင်

**သီဟ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

အင်ဂျင်နီယာဘာသာရပ်ကို စိတ်ပါဝင်စားသူများ အင်္ဂလန်နိုင်ငံ Coventry University မှ အင်ဂျင်နီယာဒီပလိုမာနှင့် ဘွဲ့အတန်း များအား စင်ကာပူနိုင်ငံရှိ Auston Institute of Management တွင် တက်ရောက်နိုင်ကြောင်းသိရသည်။

အဆိုပါသင်တန်းများအတွက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများသည် ဒီပလိုမာ



တန်းမှစတင်တက်ရောက်ရမည်ဖြစ်ပြီး City & Guild ဒီပလိုမာရရှိပြီးသူများသည် အဆင့်မြင့်ဒီပလိုမာအတန်းများသို့ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံမှ BE ဘွဲ့ရရှိပြီးသူများသည် အင်ဂျင်နီယာဘွဲ့သင်တန်း နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်သည်။

အဆိုပါတက္ကသိုလ်မှ ထူးချွန်စွာအောင်မြင်သူများသည် စင်ကာပူရှိ အစိုးရတက္ကသိုလ်တစ်ခုဖြစ်သော Nanyaung Technological University သို့ မဟာဘွဲ့အတန်းများ တိုက်ရိုက်လျှောက်ထားနိုင်သည်။

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## စာ - ၂၁၊ ဝဏ္ဏမောင်မောင်မိုးဇော်နှင့် မဆုဇာဝေနှင်းတို့နှင့်တွေ့ဆုံခြင်း မှ

**ကျောင်းလခက ဘယ်လောက်လဲ။**

ကျောင်းလခက တစ်နှစ်ကို ဒေါ် လာခုနစ်ထောင်ပါ။

**အင်္ဂလိပ်ဘာသာစကားနဲ့မြန်မာဘာသာစကားကိုယ့်ကိုယ်ကိုယ် ဘာသာကအားသာတယ်ထင်လဲ။**

ကျွန်တော် အင်္ဂလိပ်စာဘက် ပိုသာတယ်။ မြန်မာစာက ကလေးထိပဲရတယ်။ ငယ်ငယ်ကတည်းက အင်္ဂလိပ်စာဖတ်တာ ပိုများတယ်။ အင်္ဂလိပ်ဇာတ်ကားတွေပဲ ကြည့်ဖြစ်တယ်။ မြန်မာကားတော့ အငြိမ့်တစ်ခုနှစ်ခုတွေ့ရင်ကြည့်ဖြစ်တယ်။

သမီးက အင်္ဂလိပ်စာပဲ ပိုအားသာပါတယ်။ မြန်မာစာက သိပ်အထိအတွေ့မရှိတော့ စာအုပ်တွေ သိပ်မဖတ်ဖြစ်ဘူး။ ငယ်ငယ်ကတော့ ကာတွန်းတို့၊ ရွှေသွေးတို့ဖတ်ဖြစ်တယ်။ ကြီးလာတော့ သိပ်မဖတ်ဖြစ်ဘူး။ သူငယ်ချင်းတွေနဲ့လည်း အမြဲတမ်း အင်္ဂလိပ်လိုပဲပြောဖြစ်နေတယ်။ မြန်မာစာထက်စာရင် အင်္ဂလိပ်စာနဲ့ ပိုပြီးထိတွေ့ဖြစ်နေတာပေါ့။

**အဆင့်မြင့်ပညာရေးအတွက် ဘယ်လိုစိတ်ကူးထားသလဲ။**

ကျွန်တော်က United State ကို သွားမှာပါ။ ဥပဒေဘာသာရပ်ကို စိတ်ဝင်စားပါတယ်။ ပညာသင်ဆုလျှောက်ဖို့လည်းရှိတယ်။ အမေရိကမှာပဲ အခြေချဖို့ စိတ်ကူးရှိတယ်။

သမီးက ဘာသာရပ်နှစ်ခုတက်ဖို့စိတ်ကူးရှိတယ်။ စိတ်ဝင်စားတာက ဆေးပညာနဲ့ နိုင်ငံတကာဆက်ဆံရေးပညာ ဘာသာရပ်နှစ်ခုပါ။

**အခုလိုဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

## စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများဖွင့်မည်

**ရန်ကုန်၊ ဇန်နဝါရီ - ၃၁**

စီမံခန့်ခွဲမှုနှင့် လူမှုဆက်ဆံရေးဆိုင်ရာရက်တိုသင်တန်းများအား ဖေဖော်ဝါရီလအတွင်း ပဲ့ခ်ရှိုင်ရယ်ဟိုတယ်၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း RV Centre မှသိရသည်။

ဖေဖော်ဝါရီ ၁၂ ရက်နှင့် ၁၃ရက်တို့တွင် Strategic HR Management သင်တန်း၊ ဖေဖော်ဝါရီ ၁၉ရက်နှင့် ၂၀ရက်တွင် Winnig and Influencing People သင်တန်းနှင့် ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တွင် သင်တန်းတို့အား ပြည်ပမှ ပညာရှင်နှစ်ဦး လာရောက်ဆွေးနွေးသင်ကြားမည်ဖြစ်သည်။

စနေနှင့် တနင်္ဂနွေနေ့တို့တွင် သင်ကြားမည့် ရက်တိုသင်တန်းများသည် နံနက် ၉နာရီမှ ညနေ ၅နာရီထိ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းကြေးမှာ ၁၂၀,၀၀၀ကျပ်ဖြစ်ကြောင်းသိရသည်။

## James Cook University တွင် MBAနှင့် အထူးပြုဘာသာရပ်နှစ်ခု သင်တန်းများ တက်ရောက်နိုင်

**သီဟ**

**ရန်ကုန်၊ဖေဖော်ဝါရီ - ၂**

ဩစတြေးလျနိုင်ငံရှိ James Cook University တွင် စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဟာဘွဲ့ MBA အား Finance & Accounting, Marketing, Human Resource Management စသည့် အထူးပြုဘာသာရပ်များဖြင့် တက်ရောက်နိုင်ပြီဖြစ်ပြီး အခြားဘွဲ့သင်တန်းများအားလည်း အထူးပြုဘာသာရပ်နှစ်ခု Double Major ဖြင့် တက်ရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။



ထို့အပြင် ဇီဝဗေဒနှင့် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးဘာသာရပ်ကို စိတ်ဝင်စားသူများ အနေဖြင့်လည်း စီးပွားရေးပညာနှင့်တွဲဖက်သင်ယူနိုင်မည့် Bachelor of Business and Environmental Science ဘာသာရပ်ကိုလည်း သင်ယူနိုင်ပြီး အခြားအထူးပြုဘာသာရပ်နှစ်ခုတွဲများဖြစ်သည့် အိုင်တီနှင့် ဂိမ်းကိုစိတ်ဝင်စားသူများနှင့် စိတ်ပညာရပ်အား စိတ်ဝင်စားသည့် MBBS ဘွဲ့ရများအတွက် ဆေးပညာနှင့် စိတ်ပညာ အထူးပြုဘာသာရပ်များအားလည်း သင်ယူနိုင်ကြောင်း သိရသည်။ အထက်ပါ ဘာသာရပ်များနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား ဖေဖော်ဝါရီ ၁၁ ရက်တွင် Summit Park View ဟိုတယ်၌ အသေးစိတ်ဟောပြောရှင်းပြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် အနာဂတ် MBA အလားအလာ ယူကေ MBA နှင့် ဩစတြေးလျ MBA ကွဲပြားမှုများကိုလည်း ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သိရသည်။

## ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဆုနှင့် ပါရဂူကျမ်းများအတွက် မတ်လ၇ရက် နောက်ဆုံးတင်သွင်းရမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ ပဥ္စမအကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဆုနှင့် ၂၀၁၀ပြည့်နှစ်အတွက် ပါရဂူကျမ်းများကို မတ် ၇ ရက် နောက်ဆုံးတင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၀ပြည့်နှစ်အတွင်း ပညာရေးဝန်ကြီးဌာန၏ တက္ကသိုလ်တစ်ခုခုမှ ပါရဂူဘွဲ့ရရှိသောသူများသည် ဝိဇ္ဇာပညာရပ်ဆု၊ သိပ္ပံပညာရပ်ဆုနှင့် လူမှုရေးပညာရပ်ဆုတို့အတွက် ပါရဂူကျမ်းတင်သွင်းနိုင်ကြောင်း မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ယခုနှစ် အောက်တိုဘာလတွင် ၎င်းပညာရပ်များကို ရွေးချယ်ချီးမြှင့်သွားမည်ဖြစ်ပြီး သုတေသနစာတမ်းဖတ်ပွဲများလည်း ကျင်းပသွားမည်ဟု သိရသည်။ ဒေသအသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပြည်ပမှ ပညာရှင်များအနေဖြင့် သုတေသနစာတမ်းတင်သွင်းဖတ်ကြားလိုပါက တင်သွင်းဖတ်ကြားမည့် စာတမ်းခေါင်းစဉ်နှင့် အကျဉ်းချုပ်ကို မတ် ၇ရက်တွင်လည်းကောင်း၊ စာတမ်းအပြည့်အစုံကို ဇွန်လအတွင်းလည်းကောင်း ပေးပို့ရမည်ဖြစ်သည်။







# Technology

7DAY NEWS JOURNAL

Vol.9, No.46 • FEBRUARY 10, 2011


## ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းချထားပေးမည့်အစီအစဉ် ရက်အကန့်အသတ်မရှိရွှေ့ဆိုင်း

**ယုဇနကိုကို**

ရန်ကုန်၊ဖေဖော်ဝါရီ- ၁

ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းချထားပေးမည့် အစီအစဉ်ကို ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားကြောင်း ရတနာပုံဝက်ဘ်ပေါ်တယ်လ်တွင် ဖော်ပြထားသည်။

အဆိုပါလုပ်ငန်းအနေဖြင့် ၎င်းတို့၏ ကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများအား တရားဝင်ကြေငြာချက်များထုတ်ပြန်ခဲ့သည့်ဇန်နဝါရီ ၃၁ ရက်တွင် ချထားမပေးနိုင်ခဲ့ခြင်းမှာ ကြိုတင်ငွေပေးချေကတ်များ (Prepaid Card) များအား ကြိုတင်ထုတ်လုပ်မှုများ အဆင်သင့် မဖြစ်သေးသောကြောင့် ဟုလည်း ယင်းလုပ်ငန်းတွင်ပါဝင်ပတ်သတ်နေသည့် တာဝန်ရှိသူအချို့ထံမှသိရသည်။

ထို့ကြောင့် မည်သည့်နေ့တွင် အဆိုပါဖုန်းများအား ချထားပေးမည်ကို လတ်တလောသတင်းထုတ်ပြန်နိုင်ခြင်းမရှိသေးဘဲ ရက်အကန့်အသက်မရှိရွှေ့ဆိုင်းထားကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ယင်းကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းဂယက်ကြောင့် ပြည်တွင်းနည်းပညာနှင့် မိုဘိုင်းဖုန်းဈေးကွက်အတွင်း ဈေးကွက်ကြိုတင်လှုပ်ရှားမှုများဖြစ်ပေါ်ခဲ့ပြီး လျှောက်ထားရန် ပြင်ဆင်နေသူများမှာလည်းအများအပြားရှိခဲ့ကြောင်း စုံစမ်းသိရှိရသည်။

ကျပ်ငါးသိန်းတန်ဂျီအက်စ်အမ်ဖုန်းများသည် ပြင်ပခေါ်ဆိုမှု

စာ(၂၄)သို့



ကျပ်ငါးသိန်းတန်ဖုန်းအတွက် အင်တာနက်အသုံးပြုခွင့်လျှောက်ထားသူများကို တွေ့ရစဉ်

ဓာတ်ပုံ- နေလင်းထွန်း

## ကျပ်ငါးသိန်းတန်ဖုန်းကြောင့် အင်တာနက်အသုံးပြုသူ ပိုများလာ

**ယုဇနကိုကို**

ရန်ကုန်၊ ဖေဖော်ဝါရီ- ၂

ကျပ်ငါးသိန်းတန် CDMA 800 MHz ဖုန်းများတွင် အင်တာနက်အသုံးပြုနိုင်သည့် EVDO စနစ်အား တပ်ဆင်အသုံးပြုခွင့်ချထားပေးလိုက်ပြီးနောက်ပိုင်း နေအိမ်များတွင် အင်တာနက်အသုံးပြုသူများ ပိုမိုများပြားလာကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှသတင်းရရှိသည်။

လက်ပ်တော့(သို့မဟုတ်) နုတ်ဘွတ်ခ်နှင့် နက်ဘွတ်ခ်များရှိမည်ဆိုပါက ထိုဖုန်းများနှင့် တွဲဖက်ချိတ်ဆက်ကာ အင်တာနက်အသုံးပြုနိုင်ခြင်းဖြစ်သဖြင့် နေအိမ်များတွင် အင်တာနက်အသုံးပြုမှု တဖြည်းဖြည်းမြင့်တက်လာဖွယ်ရှိနေကြောင်း မိုဘိုင်းဖုန်းဈေးကွက်ကျွမ်းကျင်သူများနှင့် အဆိုပါလုပ်ငန်းမှ တာဝန်ရှိသူများကသုံးသပ်ကြသည်။ ထိုဖုန်းရှိသူများမှာ အင်တာနက်အသုံးပြုလိုပါက ငွေကျပ်သုံးသောင်းကို တပ်ဆင်အသုံးပြုခအဖြစ် ပေးရမည်ဖြစ်ပြီး အင်တာနက်အသုံးပြုခမှာ တစ်မိနစ် ၄ ကျပ်ဖြစ်သည်။

"အရင်ဆို ရုံးလုပ်ငန်းတွေကို ရုံးမှာလုပ်ရတာအဆင်မပြေရင် အင်တာနက်ဆိုင်ကိုပြေးရတယ်။ ရုံးမှာ အင်တာနက်ကွန်နက်ရှင်မကောင်းရင် ဆိုင်မှာသွားသုံး။ ဆိုင်မှာမှမကောင်းရင်တော့ အလုပ်မဖြစ်တော့ဘူး။ ဒါပေမဲ့ အခုစနစ်က ငါးသိန်းဖုန်းရှိတာလေးကို နောက်ထပ်သုံးသောင်းထပ်ဆောင်းလိုက်တာနဲ့ အိမ်မှာအင်တာနက်သုံးလို့ရသွားတဲ့အပြင် ကွန်နက်ရှင်ကလည်း တော်တော်လေးကောင်းတယ်ဗျ။ တော်တော်လေးအဆင်ပြေတယ်။အစိုးရရဲ့ ဒီစနစ်ကိုတော့ ကြိုဆိုပါတယ်။ ကျွန်တော်တို့လို အခြေခံလူတန်းစားတွေတောင် အိမ်မှာအင်တာနက်သုံးပြီး အလုပ်လုပ်နိုင်လာပြီဆိုတော့ ဒီလိုကောင်းတဲ့စနစ်တစ်ခု ရေရှည်ပါစေလို့ပဲဆုတောင်းပါတယ်" ဟု အသက်၃၀ နှစ်အရွယ်ရှိယင်းစနစ်ကိုအသုံးပြုနေသည့် ဗဟန်းမြို့နယ်မှ ကုမ္ပဏီဝန်ထမ်း အမျိုးသားတစ်ဦးက ဆိုသည်။

စာ(၂၄)သို့













7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## ဂူးဂဲလ်ထုတ် Android OS သည် ကမ္ဘာ့အရောင်းရဆုံး စမတ်ဖုန်း OS ဖြစ်လာ



ဘေဂျင်း၊ ဖေဖော်ဝါရီ - ၁

ဂူးဂဲလ်ကုမ္ပဏီမှထုတ်လုပ်သော စမတ်ဖုန်း Operating System ဖြစ်သည့် Android သည် ၂၀၁၀ ၏နောက်ဆုံးသုံးလပတ်ဘဏ္ဍာရေးကာလအတွင်း အရောင်းရဆုံး စမတ်ဖုန်း OS ဖြစ်လာကြောင်း ဈေးကွက်သုတေသနကုမ္ပဏီ Canalys က ပြောကြားလိုက်သည်။ ပြီးခဲ့သည့် ၂၀၁၀ ၏ နောက်ဆုံးသုံးလပတ်အတွင်း Android OS အသုံးပြုသော စမတ်ဖုန်းအရေအတွက်လုံးရေ ၃၂ ဒသမ ၉ သန်းအထိ တင်ပို့ခဲ့ရပြီး မူလက စမတ်ဖုန်း OS များစာရင်းတွင် နံပါတ်တစ်နေရာတွင်ရှိနေသော Sybian OS ကို ကျော်ဖြတ်နိုင်ခဲ့သည်။

Sybian OS အသုံးပြုသော ဖုန်းများသည် ယင်းကာလတွင် တင်ပို့မှုအလုံးရေ ၃၁ သန်းသာရှိခဲ့သည်။ ဈေးကွက်ဝေစုအရလည်း Android OS သည် ၂၀၀၉ တွင် ၃၂ ဒသမ ၅ ရာခိုင်နှုန်း ရခဲ့ပြီး၊ Symbian မှာ ၃၀ ဒသမ ၆ ရာခိုင်နှုန်းသာရခဲ့သည်။ Conalys ၏ အဆိုအရ Apple မှထုတ်လုပ်သော iOSသည် စမတ်ဖုန်း OSဈေးကွက်တွင် တတိယနေရာရနေကာ ဈေးကွက်ဝေစု ၁၆ရာခိုင်နှုန်းရထားသည်ဟု သိရသည်။

သို့သော်ယင်း OS ကို အသုံးပြုသည့် Apple ထုတ် iPhone ရောင်းချရမှုမှာ ၂၀၁၀ တွင် အလုံးရေ ၁၆ ဒသမ ၂ သန်းအထိရှိခဲ့ ကြောင်းဆိုသည်။

*—Ref: Xinhua net*

## စာ(၂၃) - ကျပ်ငါးသိန်းတန်ဖုန်းများကြောင့် အင်တာနက်အသုံးပြုသူ ပိုများလာ မှ

ပုံမှန်အင်တာနက်မြန်နှုန်းများထက် ပိုမိုမြန်ဆန်သည်ဟု အသုံးပြုသူများကဆိုကြသည့် အဆိုပါ CDMA 800 MHz ဖုန်းဖြင့် အင်တာနက်အသုံးပြုနိုင်သည့် စနစ်သည် ယင်းစီဒီအမ်အေဖုန်းနှင့် ကွန်ပျူတာကြားတွင်ကြားခံအသုံးပြုရသည့် သရီးဂျီမိုဒမ် (3G Moden)များလိုအပ်သည့် ဖုန်းအမျိုးအစားများရှိသကဲ့သို့ထိုသရီးဂျီမိုဒမ်များမလိုအပ်သည့် ဖုန်းအမျိုးအစားများလည်းရှိကြောင်း သိရသည်။

ထိုကဲ့သို့ သရီးဂျီမိုဒမ်မလိုအပ်သည့် စီဒီအမ်အေဖုန်းများမှာ Huwei အမှတ်တံဆိပ်ကဲ့သို့ တရုတ်နိုင်ငံထုတ်ဖုန်းများဖြစ်ပြီး ယင်းမိုဒမ်များမလိုအပ်ပါက မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ငွေကျပ်သုံးသောင်းသွင်းရုံဖြင့် အင်တာနက်အသုံးပြုနိုင်မည့်စနစ်ကိုရရှိမည်ဖြစ်သည်။

အင်တာနက်အသုံးပြုနိုင်မည့် သရီးဂျီမိုဒမ်လိုအပ်သည့်ဖုန်းများမှာမူ မြန်မာ့ဆက်သွယ်ရေးတွင် ပေးသွင်းရမည့်အင်တာနက်အသုံးပြုခ ကျပ်သုံးသောင်းအပြင် အသုံးပြုလိုသည့်မိုဒမ်းအမျိုးအစားအလိုက် ကျပ်လေးသောင်းမှ ငါးသောင်းဝန်းကျင်အထိထပ်မံပေးဆောင်ရမည်ဖြစ်သည်။

အင်တာနက် အသုံးပြုခကို ကြိုတင်ငွေဖြည့်ကတ်ထဲမှပင် နှုတ်ယူသွားမည်ဖြစ်သည်။

## စာ(၂၃) -ကျပ်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းချထားပေးမည့်အစီအစဉ် ရက်အကန့်အသတ်မရှိရွှေ့ဆိုင်း မှ

တစ်မိနစ်လျှင် ကျပ်ငါးဆယ်ကျသင့်မည်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဂျီအက်စ်အမ်ဖုန်းလိုင်းမိသည့် ဧရိယာများအတွင်း အသုံးပြုနိုင်မည့် အဆိုပါဂျီအက်စ်အမ်ဖုန်းများသည် အာဆီယံနိုင်ငံများသို့လည်း သယ်ဆောင်အသုံးပြုနိုင်သည့် မိုဘိုင်းဖုန်းများအဖြစ်သို့ပါ အသုံးပြုနိုင်ရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အထက်ပါလုပ်ငန်း၏တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုလက်ရှိမြန်မာတစ်နိုင်ငံလုံးတွင် ကျပ်တစ်ဆယ့်ငါးသိန်းတန် ဂျီအက်စ်အမ်ဖုန်းအလုံးရေ ငါးသိန်းကျော်ချထားပေးပြီးဖြစ်သည်။








7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# 'အစိကကတော့ကိုယ်ယုံကြည်တဲ့ဟာကို ရဲရဲဝံ့ဝံ့နဲ့ သူများပြောတာ နားမယောင်ဘဲ ကိုယ့်ရဲ့ကိုယ်ပိုင်ဟန်နဲ့ဖောက်ထွက်နိုင်ဖို့က အရေးကြီးတယ်'

## ပန်းချီမင်းဝေအောင်နှင့် အင်တာဗျူး

ဥတ္တာကိုကို

ယနေ့မြန်မာ့ခေတ်ပြိုင်ပန်းချီလောကတွင်နိုင်ငံတကာဈေးကွက်၌ ကျယ်ကျယ်ပြန့်ပြန့်အောင်မြင်ထင်ရှားနေသောပန်းချီဆရာတစ်ဦးရှိသည်။ သူက ပန်းချီမင်းဝေအောင်ပင်ဖြစ်သည်။ သူရေးဆွဲသော ရဟန်းသံဃာနှင့် သီလရှင်များ၏နောက်ကျောပုံပန်းချီကားများကြောင့် သူ့ကိုကမ္ဘာကအသိအမှတ်ပြုခဲ့ကြသည်။ သံဃာတော်များကို နောက်ကျောမှ မြင်ရသောပန်းချီကားများတွင် ဓမ္မအမြင်များစိမ့်ဝင်နက်နဲနေသည်။ သူများနှင့် မတူသောအတွေးသစ်ကြောင့် သူ့ကိုကမ္ဘာတစ်ဝန်းမှ ဝိုင်းဝန်းအသိအမှတ်ပြုခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူဇာတိဖြစ်ပြီး ငယ်စဉ်က ဘုန်းကြီးကျောင်းတွင်နေခဲ့ရသည်ဟု သူကဆိုသည်။ ၁၉၇၉ ခုနှစ် ပန်းချီပန်းပုကျောင်းဆင်းပြီးပြီးချင်း ဒီဇိုင်းပုံများ၊ သရုပ်ဖော်ပုံလေးများရေးဆွဲခဲ့ရပြီး တဖြည်းဖြည်းနှင့် ပန်းချီလောကထဲရောက်ရှိတိုးဝင်လာခဲ့သည်။ သူ၏ ပထမဆုံးပန်းချီကားတွေကို ၁၉၉၄ ခုနှစ်တွင် သူငယ်ချင်းများနှင့် Group Show စတင်ပြသခဲ့သည်။ ယခုထိ နိုင်ငံတကာပြပွဲများစွာပြသခဲ့ပြီးဖြစ်ကာ New Treasure အမည်ရှိကိုယ်ပိုင်ပန်းချီပြခန်းကိုလည်း တည်ထောင်နိုင်ခဲ့သည်။ လတ်တလောအနေဖြင့် အော်စကာဆုမှန်းထားသော ဟောလိဝုဒ်ဇာတ်ကားကြီးတစ်ကားတွင် သူ၏ သံဃာတော်များ၏ပုံပန်းချီကားတစ်ချပ်ကို နိမိတ်ပုံအဖြစ် ထည့်သွင်းပြသခံရသည်။ ဆရာမင်းဝေအောင်နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များမှ စာဖတ်ပရိသတ်များအတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**♦ ဆရာ့ကိုရဟန်းသံဃာပုံ၊ သီလရှင်ပုံတွေကို အများနဲ့မတူတဲ့ရှုထောင့်က ရေးပြခဲ့တဲ့ ပန်းချီဆရာလို့ မြန်မာကရော၊ ကမ္ဘာကပါ အသိအမှတ်ပြုနေကြပါတယ်။ ဒီလိုပန်းချီကားတွေရေးဖြစ်ဖို့ စိတ်ကူးဉာဏ်ကွန့်မြူးခဲ့ပုံလေးကို အရင်ဆုံးပြောပြပေးပါ။**

ကျွန်တော်က ဒီရဟန်းသံဃာတွေကို မဆွဲခင်က လူပုံတွေ၊ ရှုခင်းတွေ လူ့ဘဝတွေကိုဆွဲတယ်။ အဲဒါက ၈၉ မတိုင်မီလောက်အထိ အဆွဲများတာပေါ့။ ၈၉ နောက်ပိုင်းမှာ ရဟန်းသံဃာတွေကိုနောက်ကျောကနေ ရေဆေးနဲ့ စဆွဲဖြစ်တယ်။ တောက်လျှောက်ကြီးတော့ မဆွဲသေးဘူး။ အဲဒီလိုလုပ်နေရင်း ၁၉၉၃ လည်းကျရော၊ အမေရိကန်မှာ တစ်လကြာသွားလေ့လာခွင့်ရတယ်။ ကျွန်တော်ရယ်၊ ဗိသုကာဦးတင်ဝင်းရယ်၊ ပန်းပုဆရာဦးဆန်နီညိမ်းရယ်။ အမေရိကန်မြို့ကြီးခြောက်မြို့ကိုလှည့်ပြီးတော့ လေ့လာရတယ်။ ဟိုမှာရှိတဲ့မြို့ကြီးတွေက Gallery တွေကိုရောက်တယ်။ ပန်းချီစတူဒီယိုတွေကိုရောက်တယ်။ လေ့လာရင်းကိုယ့်အတွက် ဘာတွေရခဲ့သလဲဆိုတော့ ၉၃ တုန်းက ပန်းချီဆရာတွေဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ အစ်ဖင်အစုံကို လုပ်နေကြတာပေါ့။ သူ့လိုင်းနဲ့သူမျှနေတယ်။ ကျွန်တော်တို့က ရိုးရိုးရီယယ်လစ်ဇင်ကိုပိုပြီးစိတ်ဝင်စားတာ။ ဒါပေမဲ့ အဲဒီမှာဘာတစ်ခုသွားတွေ့လဲဆိုတော့ ပန်းချီဆရာတွေဟာ သူကျွမ်းကျင်တဲ့ဟာကို စီးရီးလိုက်လုပ်ကြတာတွေ့ရတယ်။ တချို့ဆိုရင် ဥပမာ-ခြေထောက်ချည်းပဲရေးတယ်ဆိုပါတော့။ ခြေထောက်ကိုပဲ အမျိုးမျိုးလှည့်ပြီးတော့ စီးရီးတစ်ခုအနေနဲ့ရေးကြတယ်။ ရှုခင်းဆိုရင်လည်း တစ်ပွဲလုံးရှုခင်းတွေပဲရေးကြတယ်။ ကျွန်တော်တို့က မြန်မာပြည်မှာ အစုံရေးတာကိုး။ ရှုခင်းဆိုလည်း ရေးတယ်။ ပေါ့ထရိတ်ဆိုလည်း ရေးတယ်။ စတေလိုက်ဆိုလည်းရေးတယ်။ ဒီကြားထဲ သူများအလုပ်အပ်လို့ ပုံတူလည်းရေးသေးတယ်။ အစုံလုပ်လာရတာ။ ဟိုမှာကျတော့ ကိုယ်ကျွမ်းရင်ကျွမ်းသလို ဒီပေါ်မှာ တစ်ခုတည်းနဲ့ရပ်တည်လို့ရတယ်။ ၉၄ မှာတစ်ခေါက် ဂျပန်ကို မြန်မာပြည်ကပန်းချီကိုယ်စားပြုသွားလေ့လာရတယ်။ အဲဒီမှာလည်း အမေရိကန်မှာတွေ့ခဲ့သလို တစ်ခုခုကို ဇောင်းပေးပြီး ဒါကိုပဲစီးရီးအလိုက် စိုက်လိုက်မတ်မတ်လုပ်ကြတာတွေ့တယ်။ အစုံရေးတဲ့လူလည်း ရှိတယ်ပေါ့လေ။ ဒါပေမဲ့ ကျွန်တော်က အဲဒီလိုမျိုးတစ်ခုခုကို ဇောင်းပေးလုပ်တဲ့လူကို ပိုပြီးတော့သဘောကျမိတာပေါ့။ ဒီအပေါ်မှာ ပိုပြီးအားစိုက်ဖြစ်တော့ ပိုပြီးကျွမ်းကျွမ်းကျင်ကျင်ဖြစ်တယ်။ အဲဒီမှာ တစ်ခုခုကိုစိုက်လိုက်မတ်မတ်လုပ်ရမယ်ဆိုတဲ့ အတွေးလေးတစ်ခုရတယ်။ ပြီးတော့ တစ်ခါစင်ကာပူ Art-2 ကလူတွေရောက်လာပြီး ကျွန်တော့်ဘုန်းကြီးကားတွေကို စိတ်ဝင်စားတယ်ဆိုတာနဲ့ အဲဒါဆိုရင်တော့ ငါ တစ်လိုင်းတည်းပဲ လုပ်တော့မယ်ပေါ့လေ။ အဲဒါနဲ့ ရဟန်းသံဃာကားတွေကိုရေးဖြစ်တာ။ နောက်တစ်ခုအကြောင်းရင်းက ကျွန်တော်ကဘုန်းကြီးကျောင်းမှာနေခဲ့ရတယ်။ ငယ်ငယ်လေးတုန်းကတည်းက ရဟန်းတွေ၊ ဘုန်းကြီးတွေ၊ ကိုရင်တွေနဲ့ရင်းနှီးဆက်ဆံလာရတဲ့အခါကျတော့ ဘုန်းကြီးပန်းချီကားတွေ ရေးဖြစ်တဲ့အခါ အဆင်ပြေချောမွေ့တာပေါ့။

အဲဒီအချိန်မှာ ပန်းချီဆရာတော်တော်များများ ဘုန်းကြီးကားတွေ ရေးကြပါတယ်။ ဒါပေမဲ့ မျက်နှာတွေပဲများတယ်။ ဥပမာ- ကိုရင်လေးတစ်ယောက် စာဖတ်နေမယ်၊ တံမြက်စည်းလှဲနေမယ်။ နောက်မှာ ပုဂံဘုရားရှုခင်းရှိမယ်။ ရှေ့မှာတစ်ခုခုရှိမယ်။ သံဃာ့မျက်နှာတွေကို အဓိကထားပြီး လှုပ်ရှားမှုပန်းချီကားတွေပဲ ရေးကြတယ်။ ဒါပေမဲ့ ကျွန်တော်က ခုနကလို တစ်ခုခုရေးတော့မယ် စဉ်းစားလိုက်တဲ့အခါကျတော့ သူများနဲ့လည်း မတူချင်ဘူး။ ကိုယ်ပိုင်ဟန်မျိုးလည်း ဖြစ်ချင်တဲ့အခါကျတော့ နောက်ကျောကရေးဖို့ကို စိတ်ကူးမိတယ်ပေါ့လေ။ ရေးတဲ့အခါကျတော့လည်း တော်တော်များများက ဆွမ်းခံကြွတယ်ဆိုရင် အတန်းလိုက်ကြွတယ်။ ဒါပေမဲ့ ကျွန်တော်က Composition ပေါ့။ ရဟန်းတွေကြွတဲ့အခါတည့်တည့် မဟုတ်ဘဲ နည်းနည်းကွေ့ကောက်ပြီးသွားတဲ့သဘောမျိုးရေးလိုက်တယ်။ အဲဒီ့ကားကလည်း အရမ်းရောင်းရတယ်။

**♦ ဆရာ ပန်းချီပန်းပုကျောင်းကို ဘယ်နှစ်လောက်က စတက်ခဲ့ပါသလဲ။ ဆရာ့အပေါ် ကျေးဇူးရှိခဲ့တဲ့ ပန်းချီဆရာကြီးတွေအကြောင်း နည်းနည်းလောက် ပြောပြပါ။**

ကျွန်တော်က ၁၉၇၉ ခုနှစ်မှာတက်တယ်။ ၁၉၈၂ ခုနှစ်မှာ ပန်းချီကျောင်းကဆင်းတယ်။ ဆရာကြီးတွေကတော့ မြို့မှာငယ်ငယ်က ရပ်ကွက်ထဲက ဆရာကြီးဒဂုန်သန်းဆိုတာရှိတယ်။ သူကဆံပင်လည်း ညှပ်တယ်။ ဆိုင်းဘုတ်လည်းရေးတယ်။ ပန်းချီလည်း ဆွဲတယ်ပေါ့လေ။ သူ့ဆီမှာ ကျောင်းပိတ်ရက်မှာ သွားလေ့ကျင့်ရတယ်။ သူက မျက်လုံးလေးတွေ နှာခေါင်းလေးတွေဆွဲပြတယ်။ ကျွန်တော်တို့က လိုက်ကူးရေးပေါ့။ နောက်မူလတန်းကျောင်းတက်တော့ ဆရာလေးဦးသိန်းထွန်းဆိုတာရှိတယ်။ သူ့ရဲ့အားပေးမှုနဲ့ ပန်းချီဆွဲဖြစ်တယ်။ မှတ်မှတ်ရရ ပထမတန်း တက်တော့ ဆရာမဒေါ်အေးငွေဆိုတာ သိပ္ပံဘာသာသင်တယ်။ အဲဒီမှာကြက်ပုံတို့ ငှက်ပုံတို့ အကောင်ပုံတွေပြပြီးသင်ရတဲ့အခါ ကျောက်သင်ပုန်းမှာ ထွက်ဆွဲခိုင်းတယ်။ အထက်တန်းမှာ စက်မှုလက်မှုဆရာ ဦးဟန်အေး၊ မြန်မာစာဆရာဦးကံသိန်းတို့နဲ့ မိတ်ဆွေဖြစ်ပြီး ကျောင်းနံရံကပ်စာစောင်တွေ၊ မြို့က ပန်းချီလှုပ်ရှားမှုတွေရေးဖြစ်တယ်။ သူတို့က ကျွန်တော့်ရဲ့ အနုပညာမျိုးစေ့ကိုပျိုးပေးခဲ့တဲ့ ကျေးဇူးရှိတဲ့ဆရာတွေပါပဲ။ ပန်းချီပန်းပုကျောင်းရောက်တဲ့အခါ ပထမဆုံး ဆရာကြီးဦးသုခပေါ့။ ဒုတိယနှစ်ကျတော့ ရေဆေးပန်းချီကို ဆရာဦးမြင့်အေးဆီမှာသင်ရတယ်။ တတိယနှစ်ကျတော့ ဆရာကြီးဘိုကလေးဦးကျော်လှိုင်ဆီမှာ သင်ရတယ်။ ပန်းချီကျောင်းပြီးတော့ ဒီဇိုင်းဦးဖေထွန်းဆီမှာ ဒီဇိုင်းပညာသင်ရသေးတယ်။ ဆရာဦးဘရင်ကလေး၊ ဦးဘရင်ကြီး၊ ရန်ကုန်ဘဆွေတို့ကတော့ပြင်ပကသင်ဆရာမြင်ဆရာတွေပေါ့။

**♦ ပန်းချီနဲ့ပတ်သက်ပြီး ဆရာ အခုရေးဖြစ်နေတဲ့ပန်းချီကားတွေကို ဘယ်လို ISM မျိုးလို့ ပြောလို့ရမလဲဆရာ။**

ဒါကတော့ ကျွန်တော် အခုရေးတာကတော့ သဘာဝကို အခြေခံတဲ့ သဘာဝပန်းချီပဲပြောရမှာပေါ့။ အဲဒီမှာမှ သဘာဝကို အခြေခံပြီး ကိုယ်ပိုင်အမြင်နဲ့ ကိုယ်ပိုင်ဟန်နဲ့ရေးတာပေါ့။

**♦ လွင်မိုးတို့ ၊ ဓာတ်ပုံဆရာစိန်မျိုးမြင့်တို့နဲ့လုပ်ခဲ့တဲ့ 'မိုင် ၂၀၀၀ ခရီးသွား' ပန်းချီပြပွဲနောက်ပိုင်းမှာ ဆရာ့ပြပွဲတွေ ကျဲသွားတာတွေ့ရတယ်နော် ဆရာ။**

အဲဒီနောက်ပိုင်းမှာက ကျွန်တော်က ပြည်ပပြပွဲတွေပဲ နှစ်စဉ်ပြဖြစ်တယ်။ ပြည်တွင်းမှာ Group Show အနေနဲ့ အဲဒီ 'မိုင် ၂၀၀၀ ခရီးသွား'ပြတယ်။ အမျိုးသားပြတိုက်မှာ 'နတ်မတောင်မှ ဧရာဝတီသို့' ဆိုတဲ့ Group Show ပြတယ်။ ပြနေရင်းနဲ့ ကျွန်တော်ရယ်၊ ဦးမောင်မောင်လှမြင့်ရယ်၊ ဦးစိန်မျိုးမြင့်ရယ် ခရီးထွက်ပြီးတော့ Travel ဆိုပြီးတော့ သုံးယောက်ပွဲတစ်ခါပြဖြစ်တယ်။ အဲဒီ့ပွဲမတိုင်မီမှာ ဦးစိန်မျိုးမြင့်ရဲ့ ဓာတ်ပုံတွေနဲ့ ကျွန်တော့်ပန်းချီတွေကို Travel ဆိုပြီး တစ်ခါပြသေးတယ်။ ကျွန်တော့်ကားတွေက နိုင်ငံတကာပြပွဲတွေပဲပြဖြစ်တယ်။ ပြည်တွင်းမှာ ပထမဆုံးတစ်ကိုယ်တော် ပြပွဲကို အမျိုးသားပြတိုက်မှာပြဖြစ်တယ်။

**♦ ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၅ ရက်နေ့က ကမ်းနားဟိုတယ်မှာ တစ်ရက်တည်း ပြသခဲ့တဲ့ ' Landscape Works 2011 ' မှာ ပြသခဲ့တဲ့ ပန်းချီကားတွေကို ပန်းချီစုဆောင်းသူတစ်ဦးက ဝယ်ယူထားတယ်လို့ ကြားထားပါတယ်။ နိုင်ငံခြားမှာ ထပ်ပြမယ်ဆိုတာရောဟုတ်ပါသလား။**

ဟုတ်ပါတယ်ခင်ဗျ။ ပြည်တွင်းမှာ စုဆောင်းသူတစ်ယောက်ကလေးကားဝယ်ပါတယ်။ စင်ကာပူက စုဆောင်းသူတစ်ယောက်က လေးကားဝယ်ပါတယ်။ ဒီမှာပြတာက ၁၆ ကားပါ။ ပန်းချီကားတွေကို သူတို့က လိုချင်တယ်ဆိုတာနဲ့ ပို့ပေးရတော့မှာလေ။ ပို့တဲ့အခါမှာ ဒီမှာပြဖို့ကအခွင့်အရေးမရှိတော့ဘူး။ အဲဒါကြောင့် မပို့ခင် ဒီမှာအားချင်းပြလိုက်တဲ့သဘောပေါ့။ ဒီပန်းချီကားတွေကို စင်ကာပူက Iron ဆိုတဲ့ ရှော့ပင်းစင်တာက Gallery မှာ တစ်ကိုယ်တော်ပြပွဲလုပ်မှာပါ။

**♦ ပန်းချီဆရာကြီးဦးသုခ အမှတ်တရမွေးနေ့ပွဲကို နှစ်စဉ် ကျင်းပတယ်လို့ သိရပါတယ်။ ရည်ရွယ်ချက်လေးကို ရှင်းပြပေးပါဆရာ။**

ဆရာကြီး မကွယ်လွန်ခင်မှာ နှစ်စဉ် ဆရာကြီးဦးသုခ ကန်တော့ပွဲဆိုပြီးလုပ်ခဲ့တာ။ မွေးနေ့နဲ့ကန်တော့ပွဲ ပေါင်းလုပ်တာပေါ့။ ၂၀၀၇ မှာ ဆရာကြီး ကွယ်လွန်သွားတဲ့အခါကျတော့ ဆရာကြီးမရှိတဲ့ အခါပေမယ့်လည်း ကျွန်တော်တို့က ဆရာကြီးရဲ့ကျေးဇူးတွေကို အောက်မေ့တဲ့အနေနဲ့ ဆရာကြီးကိုရည်စူးပြီး နှစ်စဉ်ကျင်းပမယ်လို့ရည်စူးပြီးလုပ်ဖြစ်တာ။ အရင်က ဆရာကြီးရှိစဉ်တုန်းက လာကန်တော့ကြတဲ့တပည့်တပန်းတွေက တချို့



တတ်နိုင်တဲ့ လူတွေက လှူဖွယ်ဝတ္ထုတွေ၊ မတတ်နိုင်တဲ့ လူကလက်အုပ်ချီကန်တော့တယ်။ တချို့ကျတော့ အဲဒီမှာပန်းချီပြပွဲလေးလုပ်တယ်။ ရောင်းရတဲ့ငွေတွေနဲ့ ဆရာကြီးကို ကန်တော့တယ်။ ဆရာကြီးမရှိတော့ အစဉ်အလာမပျက်ကန်တော့ပွဲနဲ့ ပြပွဲလုပ်ချင်တယ်ဆိုပြီး မိတ်ဆွေတွေနဲ့ တိုင်ပင်ပြီး ပြပွဲကရတဲ့ငွေတွေကိုစုဆောင်းထားပြီး ပန်းချီဆရာကြီးဦးသုခဖောင်ဒေးရှင်းလုပ်ပြီး ဘဏ်ထဲမှာထည့်ထားတယ်။ ရတဲ့အတိုးငွေတွေကို ပန်းချီလောကအတွက် အထောက်အပံ့လုပ်မယ်ဆိုပြီး လုပ်ဖြစ်တာပါ။ ဖောင်ဒေးရှင်းအနေနဲ့ တရားဝင်မလျှောက်ထားရသေးတဲ့အတွက် ဦးသုခရန်ပုံငွေအနေနဲ့ ထိန်းသိမ်းထားတာပေါ့။

**♦ မြန်မာ့ခေတ်ပြိုင်ပန်းချီလောကရဲ့ ပန်းချီဆရာတွေထဲမှာမှ ဆရာ့ရဲ့ပန်းချီကားတွေကနိုင်ငံတကာမှာ ဈေးကွက်ဝင် အရောင်းအဝယ်ဖြစ်နေတယ်လို့သိရပါတယ်။ နိုင်ငံတကာပန်းချီဈေးကွက်ထဲကို ခြေဆန့်မိဖို့ ဆရာဘယ်လို အစပြုခဲ့ရပါသလဲ။**

၉၃ မှာ အမေရိကန်နဲ့၊ ၉၄ မှာ ဂျပန်နိုင်ငံတို့ကို သွားလေ့လာပြီး မြန်မာနိုင်ငံ ပြန်ရောက်တဲ့အခါကျတော့ ကျွန်တော်က ရဟန်းသံဃာတွေကိုဆွဲတယ်။ တခြားဟာတွေလည်းလုပ်နေရင်း စင်ကာပူမှာ ရှိတဲ့ IMM ဆိုတဲ့ ရှော့ပင်းစင်တာမှာ Art Fair တစ်ခုလုပ်တော့ ဒီကသွားပြဖြစ်တယ်။ ကျွန်တော့် ရဲ့ ဘုန်းကြီးပန်းချီကားတွေရော၊ လူပုံတွေရောပါတယ်။ ပြီးတော့ ပြန်လာပြီး မကြာခင်မှာ စင်ကာပူမှာရှိတဲ့ Art-2 ဆိုတဲ့ ဂယ်လာရီက မစ္စရှီယန်းဆိုတာ ရောက်လာတယ်။ သူက မြန်မာနိုင်ငံအတွက် တာဝန်ယူပြီးတော့ ပန်းချီဆရာလာရှာတာပေါ့။ ကျွန်တော့်ဂယ်လာရီကို ရောက်လာတယ်။ မင်းကားတွေကို စိတ်ဝင်စားတယ်ဆိုတာနဲ့ ကျွန်တော်က လူပုံတွေ ရှုခင်းတွေ ဈေးကားတွေပြတော့ သူတို့က စိတ်မဝင်စားဘူး။ သူနဲ့ အတူ Asian Art News ဆိုတဲ့ မဂ္ဂဇင်းက ထုတ်ဝေသူအယ်ဒီတာတစ်ယောက်ပါလာတယ်။ သူက ဘုန်းကြီးတွေနောက်ကျောက ရေးထားတဲ့ကားတွေကိုပဲ စိတ်ဝင်စားတယ်ဆိုတာနဲ့ အဲဒီကျတော့မှ ဘုန်းကြီးကားတွေ ထုတ်ပြလိုက်တယ်။ သူတို့က ဟုတ်ပြီ။ ငါတို့ ဒီဘုန်းကြီးကားတွေကို စိတ်ဝင်စားတယ်။ ဟိုကားတွေကိုတော့ စိတ်မဝင်စားဘူး။ မင်းဒီကားတွေနဲ့ ငါတို့ဆီက ဂယ်လာရီမှာ တင်မလား။ တင်မယ်ဆိုရင် ငါတို့လက်ခံမယ်ပေါ့။ အဲဒါနဲ့ ညှိနှိုင်းပြီး သဘောတူညီမှုရတော့ အဲဒီမှာ ပန်းချီကားတွေတင်ဖြစ်တယ်။ အဲလိုနဲ့ စခဲ့တာပါ။

**♦ New Treasure ပန်းချီပြခန်းနဲ့ ပတ်သက်ပြီး ဆရာလုပ်ဖြစ်ခဲ့တဲ့ အကြောင်းလေး ပြောပြပေးပါဦး။**

၁၉၈၉ ခုနှစ်မှာ Treasure ဆိုပြီး သူငယ်ချင်း ၁၂ ယောက်ပေါင်းဖွဲ့စည်းပြီး ပြခန်းစဖွင့်တာပေါ့လေ။ အဲဒါက ငါးမိုင်ခွဲ၊ ခရမ်းပြာမှာပေါ့။ နောက်မှ အဖွဲ့အကြောင်းအမျိုးမျိုးကြောင့် ဆက်မလုပ်ဖြစ်ကြတော့ဘူး။ ကျွန်တော်နဲ့ New Zero လုပ်တဲ့ကိုအေးကိုနဲ့ပေါင်းပြီး New Treasure ဆိုပြီး ဆက်လုပ်တယ်။ အဲဒီတုန်းကလည်း ကိုအေးကိုရဲ့ ငွေကြေးကူညီပံ့ပိုးမှုနဲ့ လုပ်ဖြစ်တယ်။ အဲဒီကနေ နေရာအခက်အခဲကြောင့် ရွှေတောင်ကုန်းဘက်ကို ရောက်လာတယ်။ အဲဒီ့အချိန်ကျတော့ ကျွန်တော်တစ်ယောက်တည်းဖြစ်သွားတယ်။

စာ(၄၀) သို့

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# မျက်လုံးတွေကို ဖွင့်ကြစို့

ရဲရင့်တင့်ဆွေ

ကျွန်မအမျိုးသား ကစ်ဟန်နဲ့ ကျွန်မတို့က တကယ်တော့ဒေလီကပါ။ သူက အကြီးတန်း ဘဏ်ဝန်ထမ်းတစ်ဦး ဆိုတော့ သုံးနှစ်ကို တစ်ခါလောက်မြို့သစ်တစ်ခုကို ရွှေ့ပြောင်းတာဝန်ထမ်းဆောင်နေရတာလေ။ ဒါကြောင့်လည်း ၂၀၀၆ ခုနှစ်အရောက်မှာ ဘင်္ဂလားဆိုတဲ့ နေရာလေးမှာ နေထိုင်ရဖို့အကြောင်းဖန်လာတာထင်ပါရဲ့။ အဲဒီကိုရောက်ပြီး မကြာခင်မှာပဲ ဂီတဆိုတဲ့ အိမ်အကူမလေး တစ်ဦးကိုလည်း ငှားလိုက်တယ်လေ။

အဲဒီကောင်မလေးကတော့ တကယ့်ကို တွန့်ဆုတ်တွန့်ဆုတ်နဲ့ ကြောက်ရွံ့နေတတ်တဲ့သူကလေးပါ။ တစ်ရက်မှာတော့ ဂီတက သူ့ရဲ့ဘဝအကြောင်းတွေကို ကျွန်မဆီဖွင့်ချလာပါလေရော။ တကယ်တော့ သူဟာ ဆိုးဝါးလှတဲ့ အိမ်ထောင်ရေးဒဏ်တွေကို ခံစားနေရရှာတာလေ။ သူ့အမျိုးသားက သူ့ကို နေ့စဉ်လူမဆန်စွာ ရိုက်တယ်။ သူရှာရသမျှ ဝင်ငွေအားလုံးကို ဖဲရိုက်တယ်။ အရက်သောက်ပစ်တယ်။ ဒါကြောင့် သားသုံးယောက်နဲ့ ဂီတဟာ အမြဲတမ်းငွေလိုနေတဲ့ ဘဝကို ခံစားနေရတာတဲ့လေ . . ။

တစ်နေ့မှာတော့ ကျွန်မရယ်၊ ကစ်ဟန်ရယ်၊ ကျွန်မရဲ့မြီးကောင်ပေါက် သမီးနှစ်ယောက်ရယ်နဲ့ ညစာစားရင်း ဂီတရဲ့ အတိဒုက္ခနဲ့ဘဝဖြစ်စဉ်တွေကို စကားစပ်မိကြပါလေရော။ စကားစပ်မိတယ်ဆိုတာကလည်း ကျွန်မကပဲ ကစ်ဟန်ကို စပြောမိတာပါ။ ဒီတော့ ကစ်ဟန်က ဘာပြောတယ်မှတ်လဲ။ ဂီတတို့ရဲ့ ဒီလိုကိစ္စတွေက လင်နဲ့မယားကြားမှာ ဖြစ်တတ်တဲ့ ကိုယ်ရေးကိုယ်တာ အကြောင်းအရာမျိုးတွေပါတဲ့။ တကယ်တမ်းမင်းအဓိကစဉ်းစားရမှာက ကိုယ်တို့ သမီးနှစ်ယောက်ရဲ့ ပညာရေးပဲတဲ့လေ။ တကယ်တော့ကစ်ဟန်ပြောတာကို ကျွန်မလည်း သဘောတူပါတယ်။ တကယ်တမ်းလုပ်ရမှာက ကိုယ့်သမီးတွေ အရေးပဲ မဟုတ်လား ။

ဒီလိုနဲ့ နောက်ထပ် ၂ နှစ်လောက် ကြာသွားတဲ့အချိန်ထိလည်း ဂီတကတော့ အိမ်ကိုနေ့စဉ်လာပြီး အလုပ်လုပ်နေရှာတာပါပဲ။ ဒါပေမဲ့ ပွန်းပဲ့ဒဏ်ရာတွေနဲ့ ဖူးရောင်နေတဲ့ သူ့မျက်နှာကိုပဲ အမြဲလိုလို တွေ့မြင်နေရတော့ သူ ပြောတာတွေနဲ့ ခံစားနေရတာတွေဟာ အမှန်တွေလို့ ကျွန်မယုံကြည်မိတယ်လေ။ သူ့အခြေအနေက သာမန်ဆိုးတယ်ဆိုတဲ့ အနေအထားမျိုးထက် အများကြီးသာလွန်နေပြီဆိုတာ တွေးနေမိပေမယ့် ကျွန်မအနေနဲ့ ဘာတစ်ခုမှ လုပ်မပေးခဲ့မိပါဘူး။

တကယ်တော့ ကျွန်မအိမ်ထောင်ရေးဘဝကို ပြန်စဉ်းစားကြည့်ရင် ခင်ပွန်းဖြစ်သူ ကစ်ဟန်ကလည်း အလုပ်ကောင်းကောင်းလုပ်တယ်။ ချစ်ကြည်ရင်းနှီးမှုလည်း အပြန်အလှန်ရှိကြတယ်။ လှပတဲ့ သမီးလေးနှစ်ယောက်ကိုလည်း ပိုင်ဆိုင်ထားတယ်။ ဒီလောက်ဂုဏ်ယူကြည်နူးစရာဘဝမျိုးဘယ်မှာ ရှိလိမ့်မှာလဲလေ။ ဒါပေမဲ့ ဒါတွေက ကျွန်မရဲ့ အတွေးစတွေပါ။ နောက်ဆုံးတော့ ဒီလိုဂုဏ်ယူကြည်နူးစရာတွေက ဖြစ်မလာခဲ့ပါဘူး။ သမီးကြီးဖြစ်သူ ဒီပီက ကောလိပ်တစ်ခုမှာ ဂျာနယ်လစ်ပညာ သင်ယူနေသူမို့ တစ်ရက်မှာ သူ့ရဲ့ ပါမောက္ခနဲ့ သွားတွေ့ရတဲ့အခါ ကြားရတဲ့စကားက ကျွန်မကိုအကြီးအကျယ် တုန်လှုပ်သွားစေခဲ့တယ်လေ။ ဒီပီက ကျောင်းမတက်တာ လေးလကျော်ရှိပြီတဲ့။ ကျွန်မဖြင့် ရှိသမျှအားအင်တွေအားလုံး ကုန်ခန်းသွားသလိုပါပဲ။

ဒီလိုနဲ့ ကျွန်မနဲ့ ကစ်ဟန်တို့နှစ်ဦးသမီးကြီးဖြစ်သူကို မျက်နှာချင်းဆိုင် ဆွေးနွေးကြပါလေရော။ ဒီပီကကတော့ ဝန်ခံရှာပါတယ်။ သူ့အနေနဲ့ ကောလိပ်မှာ တွေ့ထားတဲ့ ကောင်လေးကိုပဲ အိမ်ထောင်ပြုဖို့ရှိကြောင်း၊ ကျောင်းဆက်မတက်တော့ကြောင်း သူ့အစီအမံတွေကို ပြောတာပေါ့။ ကျွန်မတို့ကလည်း ဒီအချိန်မှာ အိမ်ထောင်ကျဖို့ စောသေးကြောင်း၊ ဘွဲ့တစ်ခုခုရပြီးမှ အိမ်ထောင်ပြုဖို့အကြောင်း စသဖြင့်ပေါ့လေ။ နောက်တစ်ခုကလည်း ဒီအချိန်မှာသာ အိမ်ထောင်ပြုရင် ကောင်လေးလည်း ကျောင်းကထွက်ရမှာဖြစ်ပြီး ဘာအလုပ်အကိုင်မှ မရှိနဲ့ ဒုက္ခရောက်မယ်ပေါ့။ ပိုဆိုးစေတဲ့ကြောင်းတစ်ခုက ကောင်လေးက အသောက်သမားလေးတစ်ဦးဖြစ်နေတာပဲ။ ကျွန်မလည်းမင်္ဂလာဆောင်ကို အချိန်ဆွဲပြီး ဒီပီက စိတ်ကိုပြောင်းဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ပါဘူး။ နောက်ဆုံးတစ်နေ့မှာ သူ့ကိုစည်းကမ်းနဲ့ ကြပ်ဖို့ကြိုးစားခဲ့သေးပေမယ့် ဒီပီကကသူ့ကိုယ်သူ သတ်သေမယ်ဆိုတဲ့အထိ ပြန်ခြိမ်းခြောက်တာနဲ့ လက်လျှော့လိုက်ပါတော့တယ်လေ။ ကစ်ဟန်တစ်ယောက်လည်း ဝမ်းနည်းပက်လက်ပေါ့။

မင်္ဂလာဆောင်အပြီး နှစ်လအကြာ တစ်နေ့မှာတော့ ကျွန်မတို့ အိမ်တံခါး ခေါင်းလောင်းသံက မြည်လာခဲ့ပါတယ်။ ကျွန်မတံခါးဖွင့်လိုက်တယ်ဆိုရင်ပဲ ဒီပီက ဟာ ကျွန်မရဲ့ ရင်ခွင်ထဲကို လှဲချပြီး ရှိုက်ကြီးတငင်ငိုတော့တာပါပဲ။ သူ့ကိုအိမ်ထဲတွဲခေါ်ပြီး ကြည့်လိုက်တော့မှ မျက်နှာပေါ်မှာ၊ လည်ပင်းနဲ့လက်မောင်းတွေပေါ်မှာ ပွန်းပဲ့ဒဏ်ရာတွေကို တွေ့လိုက်ရတယ်။ နောက်တော့ သူ့ယောကျ်ားက အရက်ကိုဘယ်လိုသောက်ကြောင်း၊ သူ့ကိုဘယ်လိုရိုက်နှက်ကြောင်းတွေ ပြောပြပါတယ်။ အဲဒီအချိန်မှာ ကျွန်မ ချက်ချင်း ဘာကို သွားစဉ်းစားမိလိုက်လဲသိလား။ အိမ်အကူမလေး ဂီတရဲ့ ဆိုးဝါးလှတဲ့ဖြစ်စဉ်အကြောင်းတွေကိုပေါ့။ အခုလည်း ကျွန်မသမီးလေးမှ ဒီလိုအဖြစ်မျိုး ဘာကြောင့်များ ကြုံတွေ့ရပါလိမ့်။ အမေဖြစ်သူ ကျွန်မကိုယ်တိုင်က ကျွန်မ အိမ်အကူမလေး ဒီလိုတွေဖြစ်နေတုန်းက ကူညီစောင့်ရှောက်ဖို့ကို လူသားမဆန်စွာ ငြင်းပယ်ခဲ့မိလို့များလား။ ဒါမှမဟုတ်ရင်လည်း တရားမမျှတမှုတွေ၊ လူလူချင်း ကိုယ်ချင်းမစာအလေးမထားမှုတွေကို ကာကွယ်ပေးဖို့ ကျွန်မတို့ကို တပ်လှန့်နိုးထစေတဲ့ ခေါင်းလောင်းသံလိုမျိုးများလား စသဖြင့် စဉ်းစားမိလာပါတယ်။

ကျွန်မ တကယ့်ကို ကြေကွဲစွာ ခံစားမိရတယ်လေ။ ကျွန်မနဲ့ ကျွန်မအမျိုးသားဖြစ်သူတို့ အမြဲတမ်းယုံကြည်ခဲ့တာက အိမ်ထောင်တစ်ခုပြုပြီးတဲ့နောက် ဆင်းဆင်းရဲရဲနဲ့ချို့တဲ့သူတွေအတွက်ကတော့ အိမ်ထောင်ရေး ဒုက္ခတွေကို ခံစားကြရမယ်။ ချမ်းသာသူတွေကတော့ အိမ်ထောင်ရေးသုခ အပြည့်အဝကို ရရှိကြမယ်လို့ပေါ့။ ဒါနဲ့ ကျွန်မလည်း သမီးကြီးဖြစ်သူ ဒီပီကကို မေးကြည့်မိပါသေးတယ်။ ဒီလိုနှိပ်စက်ခံနေရတာကို ဘာကြောင့်များ အကြာကြီး ငြိမ်ခံနေရတာလဲပေါ့။ သမီးပြန်ပြောတာကို နားထောင်ရမှ တကယ်ဟုတ်ထိတော့တာပဲ။ "အမေရေ သမီးက ဖုန်းဆက်ပြီး မေမေ့ကို လှမ်းပြောဖို့ အမြဲစဉ်းစားခဲ့မိပါတယ်။ ဒါပေမဲ့ သမီးသွားပြီး အမှတ်ရမိတာ တစ်ခုက သမီးနဲ့ အလားတူနဲ့ အရင်က ဂီတရဲ့ ဖြစ်စဉ်မျိုးတွေဆိုရင် ဖေဖေရော၊ မေမေကပါ အမြဲတမ်း ဝင်ရောက်စွက်ဖက်ခြင်း မပြုဘဲ နှုတ်ဆိတ်နေခဲ့ကြတာကိုလေ။ နောက်ပြီး ဖေဖေ အမြဲပြောတာတစ်ခုက ဒါ ဟာ လင်နဲ့မယားအကြား ဖြစ်တတ်တာမျိုးပဲ။ သွားမရှုပ်နဲ့ဆိုတာမျိုးပေါ့။ ဒါကြောင့် သမီးလည်း တိတ်တိတ်ပဲ နေခဲ့မိတာပါ" တဲ့။


အဲဒီမှာ ကျွန်မသဘောပေါက်သွားပါတယ်။ ဘာမှမလုပ်ဘဲနေကြမယ်ဆိုတဲ့ နားလည်ခံစားမှု အချိန်တစ်ခု ပြီးဆုံးသွားပြီဆိုတာပါပဲ။ ဒါကြောင့် ကျွန်မ အိမ်အကူမလေးဂီတနဲ့ ကလေးတွေကို ကျွန်မတို့အိမ်ကို ပြောင်းလာစေလိုက်ပါတယ်။ ကျွန်မသမီးနဲ့ အိမ်အကူမလေးတို့အတွက် လွတ်လပ်ပြီး ချစ်စရာကောင်းတဲ့ ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ပေးဖို့အတွက် ဘာမဆိုပြုလုပ်တော့မယ်လို့လည်း စိတ်ပိုင်းဖြတ်ပြီးခဲ့ပါပြီ။ အဲဒီနောက် ရှေ့နေနဲ့ ကျွန်မဆက်သွယ်ပြီး ဒီပီကနဲ့ ဂီတတို့ရဲ့ အမျိုးသားတွေကို ကွာရှင်းပြတ်စဲပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဘုရားသခင်ရဲ့ စောင့်ရှောက်မှုနဲ့ မျက်မြင်သက်သေတွေရဲ့ ထွက်ချက်တွေကြောင့် အမှုနှစ်ခုစလုံးကို ကျွန်မတို့နိုင်ခဲ့တယ်လေ။

တကယ်တော့လည်း ဒီပီကနဲ့ ဂီတတို့လို ဖြစ်စဉ်မျိုးတွေကို ကြုံတွေ့နေရတဲ့ အမျိုးသမီးလေးတွေအတွက် အခုလို အကူအညီတွေ တကယ်လိုအပ်နေပါတယ်။ ဒါတွေက အိမ်တွင်းရေး သူ့ဘာသာသူဖြစ်နေကြတဲ့ အကြောင်းအရာတွေလို့ ယူဆကြဖို့ မဟုတ်တော့ပဲ နီးစပ်ရာ ရဲစခန်းတွေကို အကြောင်းကြားမယ်၊ ဘယ်လိုမျိုးလုပ်သင့်တယ်ဆိုတဲ့ အကြံဉာဏ်မျိုး၊ အတွေ့အကြုံမျှဝေပေးတာမျိုးတွေ လုပ်ပေးကြဖို့ တကယ်လိုအပ်လာပြီလို့ ကျွန်မတော့ယုံကြည်မိပါတယ်။ ဒါကြောင့်နောက်ပိုင်း သိပ်မကြာမီမှာပဲ ဘင်္ဂလားမှာ ဒီလိုအမျိုးသမီးတွေအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းလေးတစ်ခုကို ထူထောင်ပြီး ရွာတွေမှာရှိတဲ့အမျိုးသမီးတွေ အားလုံးအနေနဲ့ ဥပဒေအကြောင်းအရ သိသင့်သိထိုက်တာတွေကို ပို့ချပြောကြားပေးခဲ့ပါတယ်။

အခုအချိန်မှာတော့ ဒီပီက တစ်ယောက်က နောက်အိမ်ထောင်ပြုပြီး ခင်ပွန်းဖြစ်သူရယ်၊ အသစ်မွေးဖွားလာတဲ့ ကလေးငယ်လေးရယ်နဲ့အတူ ချန်းနီမှာ ပျော်ရွှင်ဖွယ်ဘဝကို ဖြတ်သန်းနေပါပြီ။ ကျွန်မအမျိုးသားကစ်ဟန်ဒေလီကိုပြန်ပြောင်းရတဲ့နောက်မှာတော့ ဂီတတစ်ယောက်လည်း သူ့ရွာသူပြန်ပြီး ဘင်္ဂလားက အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းကျောင်းလေးမှာ ဆရာမ ပြန်လုပ်နေပါတယ်။

နောက်ကြောင်း ပြန်စဉ်းစားကြည့်ရင်း ကျွန်မသဘောပေါက်လာတာက ဂီတရဲ့ ဖြစ်စဉ်မျိုးမှာ ကနဦးအစကတည်းက စောစီးစွာဝင်ရောက်ဖြေရှင်းပေးခဲ့ရင် ကျွန်မရဲ့သမီးကြီးကိုပါ နာကျင်ခံစားရတဲ့ ဒုက္ခတွေကနေ ရှောင်ရှားနိုင်မယ့် မှန်ကန်သော ဥပမာမျိုးဖြစ်စေ၊ ရစေခဲ့မယ်ဆိုတာပါပဲ။ ဒီလိုအဖြစ်အပျက်မျိုးတွေ ထပ်မံဖြစ်ပျက်လာတဲ့အထိ နောင်ကို စောင့်ကြည့်မနေသင့်တော့ဘူးဆိုတာ အခုတော့ ကျွန်မကောင်းကောင်း သိခဲ့ပြီလေ. . . . ။

Ref: Opeining My Eyes:
By Neha Mehta
Reader's Digest
February 2011



## ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်၍ အသင်းတစ်သင်း ပေါ်ပေါက်လာရန်လိုအပ်

**သီဟ** — **ပြင်ဦးလွင်၊ ဇန်နဝါရီ-၁၇**

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ ယခုထက်ပိုမိုစနစ်ကျစွာ ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်သည့်အသင်းအဖွဲ့တစ်ခု ထူထောင်ရန်လိုအပ်လာပြီဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးဒေသတာဝန်ခံ ဦးမြင့်ဆွေက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ကော်ဖီများသည် အသင်းအဖွဲ့မရှိသဖြင့် သက်ဆိုင်ရာခြံများမှ မိမိတို့အစီအစဉ်ဖြင့်ရောင်းချနေကြလျက်ရှိရာ ဈေးကွက်ငြိမ်သက်မှုမရှိဘဲ ဈေးကွက်အခြေအနေအား ထိန်းချုပ်၍မရဘဲဖြစ်နေကြောင်းသိရသည်။ "ကော်ဖီနဲ့ပတ်သက်တဲ့အသင်းအဖွဲ့တစ်ခုခုရှိလာမယ်ဆိုရင် ကော်ဖီရဲ့အရည်အသွေးထိန်းချုပ်တာတို့ ဈေးနှုန်းသတ်မှတ်တာတို့ပြုလုပ်လာနိုင်မှာပါ"ဟု ဦးမြင့်ဆွေကပြောကြားသည်။ လက်ရှိတွင် မြန်မာနိုင်ငံမှ ကော်ဖီများသည် အရည်အသွေးကောင်းမွန်မှုရှိသော်လည်း နိုင်ငံတကာကော်ဖီအဖွဲ့အစည်း International Coffee Originazion (ICO) သို့ ဝင်ရောက်ထားခြင်းမရှိသည့်အတွက်လည်း ကမ္ဘာ့ဈေးကွက်တွင် ဈေးနှိမ်ခံနေရကြောင်း ကော်ဖီလုပ်ငန်းရှင်များထံမှ သိရသည်။ ထို့ကြောင့် ဈေးကွက်တည်ငြိမ်မှုရှိစေရန်နှင့် အရည်အသွေးထိန်းချုပ်နိုင်စေရန် အခြားသောလုပ်ငန်းရှင်များ ထုတ်လုပ်သူများအသင်းများကဲ့သို့ ကော်ဖီထုတ်လုပ်ရောင်းချမှုဆိုင်ရာ အသင်းတစ်သင်းကိုလည်း မကြာမီဖွဲ့စည်းရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

7DAY NEWS JOURNAL

# Current Affairs

Vol.9, No.46 • FEBRUARY 10, 2011

## “အရပ်သားထဲကလည်း သမ္မတဖြစ်ခွင့်ရှိပြီဆိုတာက အထူးခြားဆုံးသော အပြောင်းအလဲပဲ”

### အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ် ဏာစိုးနှင့်တွေ့ဆုံခြင်း

အေးမြကျော်၊ အိဖြူလွင်

အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးကို သမ္မတရွေးချယ်ပွဲမကျင်းပမီ တစ်ရက်အလို (ဖေဖော်ဝါရီ ၃ ရက်နေ့) ညနေတွင် နေပြည်တော်၌ တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

လွှတ်တော်ထဲမှာ ဆန္ဒမဲပေးတဲ့ အခြေအနေက လွတ်လပ်မှုရှိပါသလား။ အပြည့်အဝလွတ်လပ်မှုရှိပါတယ်။ လွှတ်တော်ကိုတက်တာ သုံးရက်ရှိပြီ။ ပထမဆုံးရက်မှာ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ စရွေးရတယ်။ ရွေးတဲ့အချိန်မှာလည်း လွတ်လပ်စွာ Nominate လုပ်ပိုင်ခွင့်ရှိတယ်။ အမည်စာရင်းတင်သွင်းနိုင်ခွင့်ရှိတယ်။ ဆရာတို့က ဒေါက်တာဗညားအောင်မိုး (မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီဒုဥက္ကဋ္ဌ)ကို အဆိုပြုခဲ့တယ်။ မဲခွဲပြီး ဆုံးဖြတ်တဲ့အခါကျတော့ ဦးမြငြိမ်းရသွားတယ်ပေါ့။ ဒါတကယ့် ဒီမိုကရေစီကျင့်စဉ်အတိုင်းပဲ။ အမျိုးသားလွှတ်တော်ကတင်တဲ့ ဒုတိယသမ္မတလောင်းနှစ်ဦးလုံး ဒေါက်တာအေးမောင်ရော၊ ဒေါက်တာစိုင်းမောက်ခမ်း နှစ်ယောက်လုံးက အရပ်သားတွေ။ တပ်မတော်သားတွေ မဟုတ်ဘူး။ အဲဒီတော့ စစ်ရေးအတွေ့အကြုံလုံးဝမရှိဘူး။ ဒီနေ့(ဖေဖော်ဝါရီ ၃)ကျတော့ နှစ်ယောက်လုံးကို ဒုသမ္မတလောင်းအဖြစ် ကြေညာတယ်ဆိုတော့ အရပ်သားထဲကလည်း သမ္မတဖြစ်ခွင့်ရှိပြီဆိုတာက အထူးခြားဆုံးသော အပြောင်းအလဲပဲ။ အဲဒီတော့ ဒီမိုကရေစီနည်းလမ်းကျကျမဲပေးတယ်။ မဲပေးတာတောင်မှ ခလုတ်နှိပ် ဆန္ဒမဲပေးတဲ့စနစ်ကိုသုံးတာမဟုတ်ဘူး။ စာရွက်နဲ့ မဲပုံးထဲမှာထည့်ရတယ်။ ဆန္ဒမဲမှာ ဆန္ဒပြုတဲ့သူကို အမှန်ခြစ်၊ ဆန္ဒမပြုတဲ့သူကို အမှားခြစ်ရတာဖြစ်လို့ Fair ဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်ရာမှာ ဒီမိုကရေစီကျင့်ထုံးကျင့်စဉ်နည်းအရ အရေးနိမ့်တယ်။ သို့သော် ဘာကိုပြချင်တာလဲဆိုတော့ ဒီမိုကရက်တစ်ပရိုက်တစ်ကို ဖော်ဆောင်တယ်။ ပြိုင်ဘက်မရှိဆိုတာမျိုး မဖြစ်တော့ဘူး။ ၄၈ နှစ်တာကာလမှာ ဘယ်သူကမှ သမ္မတရွေးချယ်ပွဲကို ဝင်လို့မရဘူး။ အားလုံးက ခန့်အပ်သွားတာပဲ။ ပြည်သူတစ်ယောက်ဟာ ဘယ်လိုမှ ဝင်လို့မရဘူး။ အခုက ပြည်သူတစ်ယောက်က ဝင်လို့ရပြီ။ လွှတ်တော်ကိုယ်စားလှယ်တွေဆိုတာလည်း သူ့ကိုယ်စားလှယ်တွေပဲ။ Public ကပဲ မဲပေးတယ်။ Public ကလည်း ဝင်အရွေးခံလို့ရတယ်ဆိုတာ အကြီးမားဆုံး အပြောင်းအလဲ။

ဒေါက်တာဗညားအောင်မိုးနဲ့ ဒေါက်တာအေးမောင်ကိုမဲပေးခဲ့တယ်လို့ ဆရာပြောခဲ့တယ်။ သူတို့နဲ့က ပါတီချင်းလည်းမတူဘူး။ ဘာအကြောင်းကြောင့် ပေးဖြစ်ခဲ့တာလဲ။

ပထမနေ့တုန်းက လွှတ်တော်ဥက္ကဋ္ဌ



အမျိုးသားလွှတ်တော်ကိုယ်စားလှယ်
ဒေါက်တာမြတ်ဉာဏစိုး

ရွေးချယ်တဲ့နေရာမှာတော့ တောက်လျှောက်ပြောခဲ့တယ်။ ဒီအချိန်ဟာ ပြိုင်ဘက်တွေ မဟုတ်တော့ဘူး။ လုပ်ဖော်ကိုင်ဖက်အဆင့်ကိုသွားရမယ်။ တစ်စိတ်တည်းတစ်ဝမ်းတည်း သွားရမယ်ဆိုတဲ့အတိုင်းပဲ။ ဦးခင်အောင်မြင့်ကို ကန့်ကွက်သူမရှိ အားလုံးက ရွေးချယ်ခဲ့ကြတယ်။ ဥက္ကဋ္ဌရွေးချယ်မှုမှာ ၂၂၄ ဦးသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေက အားလုံးတူညီစွာ ရွေးခဲ့ကြတယ်။ ဒုတိယဥက္ကဋ္ဌမှာကျတော့ ပြည်ခိုင်ဖြိုးပါတီက ဦးမြညိမ်းကို အမည်စာရင်းတင်သွင်းတယ်။ အဲဒီတော့ ဒီဘက်မှာ NDF အနေနဲ့ ဒေါက်တာဗညားအောင်မိုးကို အဆိုပြုထားတယ်။ မွန်ပါတီ၊ RNDP၊ ကျားဖြူ လေးဖွဲ့လုံးက အဆိုပြုတယ်။ ဒါဘာကိုပြသလဲဆိုတော့ Unity ပေါ့နော်။ ဒါမှမဟုတ်ရင် တစ်ပါတီစနစ်ပြန်ဖြစ်သွားမယ်။ ပြည်ခိုင်ဖြိုးပါတီကို ရန်ဘက်အဖြစ်ယှဉ်ပြိုင်တာ မဟုတ်ဘဲနဲ့ ပြည်ခိုင်ဖြိုးပါတီအပြင် တခြားပါတီတွေကလည်း ဝင်ရောက်ပူးပေါင်းဆောင်ရွက်တာ။ ဒါမှမဟုတ်ရင် ပြိုင်ဘက်မရှိ တစ်ဦးတည်း ရွေးနေရမှာပေါ့နော်။ ဒါတကယ့် ဒီမိုကရေစီကျင့်ထုံးအရ မဲစနစ်နဲ့ ဆုံးဖြတ်လိုက်ရတယ်။ အဲဒီလိုပဲ ဒေါက်တာအေးမောင်ကကျတော့ NDF က အဆိုပြုတယ်။ နောက်ကျားဖြူပါတယ်။ ချင်းအမျိုးသားပါတီက တိုင်းရင်းသားတွေရယ် ဒီမိုကရေစီအင်အားစုတွေဖြစ်တဲ့ NDF က အဆိုပြုတယ်။ အဲဒါကလည်း ပူးပေါင်းတာပဲ။ ပူးပေါင်းပြီးတော့ ပြည်ခိုင်ဖြိုးပါတီကကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းတင်သွင်းတယ်။ ဒီမိုကရေစီကျင့်ထုံးကျင့်နည်းအရ ဒုတိယသမ္မတလောင်း ရွေးကောက်တဲ့ဥပဒေနည်းဥပဒေအရ အမည်စာရင်းတင်သွင်းတယ်။ တင်သွင်းပြီးတဲ့အခါမှာ အခု ဒုသမ္မတလောင်း ရွေးချယ်ခံရတဲ့ ဒေါက်တာစိုင်းမောက်ခမ်း ရွေးချယ်ခံရတဲ့အခါမှာလည်း ဂုဏ်ယူစွာနဲ့ပဲ ဂုဏ်ပြုတယ်။ ပါတီစွဲ ဂိုဏ်းဂဏစွဲ ရှိစရာမလိုတော့ဘူး။ ဝမ်းသာစရာအကောင်းဆုံးကတော့ တိုင်းရင်းသားလူမျိုး၊ တပ်မတော်သားမဟုတ်တဲ့ အရပ်သားဒုသမ္မတတစ်ဦး ဒီနေ့ ဒီအချိန်မှာပေါ်ထွန်းခဲ့ပြီ။ ၂၀၁၅၊ ၂၀၂၂ မှာ အများကြီး ပြောင်းလဲသွားစရာရှိပါတယ်။

မနက်ဖြန် ရွေးချယ်မယ့် သမ္မတအသစ်နဲ့ပတ်သက်ပြီး ဘာများပြောစရာရှိပါသလဲ။ ဒီအပြောင်းအလဲကိုရော ဘာများပြောစရာရှိပါသလဲ။ အင်နားရှားသဘောတရားရှိတယ်။ လက်ရှိအစိုးရအဖွဲ့၊ လက်ရှိအုပ်ချုပ်နေတဲ့ယန္တရားကြီးကို Sudden Change တစ်မုဟုတ်ချင်း ပြောင်းလဲလို့မရဘူး။ အင်နားရှားသဘောတရားအရ လဲပြိုသွားမယ်။ အဲဒီ့အတွက်ကြောင့် မနက်ဖြန်(ဖေဖော်ဝါရီ ၄ရက်)မှာ ရွေးချယ်မယ့် သမ္မတကလည်း အုပ်ချုပ်ရေးအတွေ့အကြုံရှိခဲ့တယ်။ တကယ့်ကို အစိုးရအဖွဲ့အစည်းထဲမှာ နေရာတစ်ခုယူပြီး ဆောင်ရွက်နေတဲ့ပုဂ္ဂိုလ်မျိုး။ အဲဒီလို အကြီးအကဲမျိုးဆိုရင် တိုင်းပြည်အတွက် အင်မတန်အကျိုးရှိမယ်။ ဆက်ပြီး ပြောင်းသွားတဲ့ တိုင်းပြည်ကို ပဲ့ကိုင်ပြီးတော့ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်ပြီးတော့ ငါးနှစ်တာအတွက် ဦးဆောင်မှုပေးနိုင်လိမ့်မယ်လို့ထင်တယ်။

လွှတ်တော်ထဲကို မရောက်ခင်က ဒုသမ္မတအနေနဲ့ ဘယ်သူ့ကို အဆိုတင်သွင်းမယ်လို့ တွေးထား၊ ရည်ရွယ်ထားတာများ ရှိခဲ့ပါသလား။ ရှိပါတယ်။ ရှိပါတယ်။ ပထမရည်ရွယ်ထားတာက ဘယ်လောက်အတိုင်းအတာထိ အဆိုပြုလို့ရမလဲဆိုတာ မသိခဲ့ဘူး။ မသိခဲ့တဲ့အခါကျတော့ အဲဒီ့ကတည်းက အသက်အရွယ်လည်း မကြီးရင့်ဘူး။ လက်ရှိအုပ်ချုပ်နေတဲ့ ခေါင်းဆောင်ပိုင်းကပဲ ရွေးချယ်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တင်ခဲ့၊ အဆိုပြုခဲ့တဲ့သမ္မတဟာ သမ္မတကြီးဖြစ်တဲ့အထိ ရွေးချယ်ခံစေချင်တယ်ဆိုတဲ့ ဆန္ဒရှိခဲ့တယ်။ အခုဆိုရင်တော့ နဂိုတုန်းက ရည်ရွယ်ခဲ့တာနဲ့ အခုလုပ်ကိုင်နေတဲ့အလုပ်တွေနဲ့ တစ်ထပ်တည်း မကျဘူးလို့ပြောလို့ရတယ်။ ဘာဖြစ်လို့ တိုင်းရင်းသားပါတီတွေက ခေါင်းဆောင်တွေကို ရွေးချယ်သလဲဆိုတော့ ခုနက ပြောသလို ဒီမိုကရက်တစ်ပရိုက်တစ်ကို ကျင့်သုံးလို့ရပြီဆိုတာကို ပြည်သူတွေကိုပြချင်လို့။ ကျွန်တော်တို့အတွက်က အခုချိန်မှာ အရွေးချယ်ခံရတာ၊ မခံရတာ ပြဿနာမဟုတ်ဘူး။ ပြည်သူလူထုကို တကယ်လုပ်လို့ရနေပြီ ဆိုတာကိုပြချင်တာ။

ဘာမှ ပြောင်းလဲမသွားပါဘူး။ အရင်ကအတိုင်းပါပဲလို့ ပြောနေကြတဲ့သူတွေကို တစ်ခုခုပြောချင်တာများရှိလား။

အများကြီးပြောင်းပါတယ်။ ဥပမာအားဖြင့်ဆိုရင် အရင်ကဆို အုပ်ချုပ်သူပြောင်း၊ စနစ်မပြောင်းပေါ့။ အခုဆိုရင် အုပ်ချုပ်သူလည်း ပြောင်းပြီ။ နောက်လွှတ်တော်တွေမှာ အာဏာတည်လာပါပြီ။ နောက်တစ်ခု ဥပမာပေးရမယ်ဆိုရင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှာ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တွေ ဘာရှိလဲဆိုတော့ အဆိုတင်သွင်း ပိုင်ခွင့်ရှိတယ်။ မေးခွန်းမေးမြန်းနိုင်ခွင့်ရှိတယ်။ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ဖေဖော်ဝါရီ ၁ ရက်နေ့က ပြည်သူတွေအတွက် တကယ်အကျိုးရှိတဲ့ ဆက်သွယ် ရေးကဏ္ဍနဲ့ သက်ဆိုင်တဲ့ မေးခွန်း

စာ(၃၇)သို့

## “တိုင်းရင်းသားတစ်ယောက် ဒုသမ္မတ ဖြစ်တဲ့အတွက်တော့ ကျေနပ်ပါတယ်”

### ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းနှင့်တွေ့ဆုံခြင်း

အေးမြကျော်၊ အိဖြူလွင်

သမ္မတရွေးချယ်ပွဲမကျင်းမီတစ်ရက်အလို (ဖေဖော်ဝါရီ ၃ ရက်နေ့)တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သော ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ဦးရဲထွန်းကို နေပြည်တော်တွင် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

လွှတ်တော်ထဲမှာ လွတ်လွတ်လပ်လပ် မဲပေးခွင့်ရှိလား။

ဆန္ဒပြုခန်းထဲမှာ မဲပေးရတယ်။ ဘောလ်ပင်တွေ ချထားပေးတယ်။ ကိုယ့်ဘောလ်ပင် ယူသွားလည်းရတယ်။ လွတ်လပ်တယ်။ ပယ်မဲတွေတော့ရှိပါတယ်။

စားရေးသောက်ရေးတွေရော အဆင်ပြေပါသလား။

ပြေပါတယ်။ တစ်နေ့ကို တစ်သောင်းပေးထားတယ်။ စားတာက ရိပ်သာထဲမှာ ကင်တင်းရှိတယ်။ တစ်နပ်ကို ၁,၅၀၀ ကျပ်နှုန်းလည်းရှိတယ် ၂,၀၀၀ ကျပ်လည်းရှိတယ်။ လျှော်တာက ပင်းမင်းရှိပါတယ်။ သွားတာလာတာလည်း ဘယ်သွားသွား မကန့်ကွက်ဘူး။ လွတ်လွတ်လပ်လပ်သွားလို့ရတယ်။ ပြန်ဝင်ရင်သာ ဝင်ခွင့်ကတ်ကို စစ်တာပဲရှိတာပါ။ ကားငှားပြီးတော့ မသွားဖြစ်ဘူး။ ဈေးလည်းကြီး တော့လေ။

လွှတ်တော်ထဲက လုပ်ထုံးလုပ်နည်းတွေကိုရော စိတ်ကျေနပ်မှုရှိပါသလား။

မဲပေးပုံစနစ်တွေ တော်တော်လေး ဒီမိုကရေစီဆန်ပါတယ်။ မတူတဲ့အမြင်တွေကို တင်ခွင့်ရတဲ့အတွက် ဒီစနစ်အတိုင်း ရေရှည်သွားရင်သဘောကျစရာကောင်းပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကပြောတဲ့ အခုလွှတ်တော်ကိုယ်စားလှယ်တွေက ပြည်ထောင်စုအကျိုး၊ တိုင်းရင်းသားတွေရဲ့ အကျိုးကိုပဲ ဦးထိပ်ထားရမယ်တဲ့။ ပါတီစွဲ၊ လူမျိုးစွဲတွေမရှိရဘူးဆိုတာကို အရမ်းသဘောကျတယ်။ မဟုတ်ရင် ဥပဒေကြမ်းတစ်ခုတင်လိုက်လို့ ဒါက ဘယ်ကတင်တာဆိုပြီး ကန့်ကွက်နေရင် အကျိုးမရှိဘူး။ ကိုယ့်ရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ပဲစဉ်းစားပြီး ဆန့်ကျင်တာ၊ ကန့်ကွက်တာလုပ်ဖို့လိုတယ်။ အဲဒီလို မဟုတ်ရင် ကန့်ကွက်နေကြတာနဲ့ပဲ ဘာဥပဒေမှ လုပ်နိုင်မှာမဟုတ်ဘူး။

ဒါဆိုရင် ဒီထဲကအခြေအနေကို ဘယ်လောက်အတိုင်းအတာထိ သဘောကျပါသလဲ။

စည်းရုံးရေးသဘောအရ ပါဝင်မှု အချိုးအစားကိုတော့ မတတ်နိုင်တော့ဘူး။ အရှိကို လက်ခံရမယ်။ လုပ်ထုံးလုပ်နည်းတွေကတော့ ဒီနေ့ချိန်ထိ စနစ်ကျပါတယ်။ ကျေနပ်ပါတယ်။ အချိန်တော့ကြာတယ်။ ဒါပေမဲ့ ရှင်းရှင်းလင်းလင်းနဲ့ ပွင့်လင်းမြင်သာပါတယ်။

မနက်ဖြန်မှာ သမ္မတကိုမဲပေးဖို့ ဘယ်သူ့ကို ရည်ရွယ်ထားပါသလဲ။ ဘာကြောင့်ပေးဖြစ်မှာပါလဲ။

ဒေါက်တာစိုင်းမောက်ခမ်းကို ပေးဖို့ရည်ရွယ်ထားပါတယ်။ သူလည်း တိုင်းရင်းသားဖြစ်တဲ့အတွက် မဲမနည်းအောင်အတွက်ပါ။ နောက်တစ်ခုက သူက ဒုတိယမဲအများဆုံးဖြစ်ခဲ့ရင် ယာယီသမ္မတတာဝန်ကို ထမ်းဆောင်နိုင်တယ်ပေါ့။ ဘာပဲဖြစ်ဖြစ် တိုင်းရင်းသားတွေအကျိုးအတွက် လုပ်ပေးအောင် ဇန်နဝါရီက ရန်ကုန်မှာ ငါးပါတီ ပူးတွဲကြေညာချက်ထုတ်တုန်းက ဒုသမ္မတသစ်ကို တိုင်းရင်းသားထဲကပဲ ခန့်ပေးရမယ်ဆိုတာ ဒီမိုကရက်တစ်ပါတီတွေထဲကပဲ ဖြစ်ရမယ်လို့မဆိုထားပါဘူး။ လူထုကောင်းဖို့အတွက်ပါပဲ။ ကျားဖြူပါတီကတော့ သူ့ကိုပေးဖို့ ရည်ရွယ်ထားပေမယ့် ဒီမိုကရေစီအခွင့်အရေးပါပဲ။

ကြိုမှန်းထားတဲ့ လွှတ်တော်နဲ့ အခုလွှတ်တော်နဲ့ကွာပါသလား။

မကွာပါဘူး။ ဘာလို့လဲဆိုတော့ အစီအစဉ်တွေကို ကြည့်လိုက်တဲ့အခါ ဒီလိုတော့ လုပ်ပေးမှာပဲလို့ထင်တယ်။ တချို့ကတော့ အစီအစဉ်တွေကို ကြည့်ပြီး သူတို့က အားလုံးစီစဉ်ပြီးသားလို့ ထင်ကြတယ်။ မဟုတ်ပါဘူး။ နိုင်ငံတကာက ဟာတွေလိုပဲ လုပ်ထားတာပါ။ ဒီထဲမှာ သမ္မတကို စွပ်စွဲပြစ်တင်လို့ရတယ်။ အမျိုးသားလွှတ်တော်က ဥက္ကဋ္ဌကလည်းရှင်းပြတယ်။ ဒါတွေက ပါလီမန်ခေတ်က ဥပဒေတွေလိုပါပဲ။ တချို့ နားလည်ရခက်တဲ့ အသုံးအနှုန်းတွေကို ပြင်ထားတာပဲရှိတယ်လို့ပြောတယ်။ တကယ်တမ်းစိတ်ဝင်တစားလုပ်မိဖို့အတွက် လွှတ်တော်အမတ်တွေက ဥပဒေတွေကို သေသေချာချာလေ့လာရမယ်။ မသိဘဲနဲ့ ရမ်းလုပ်လို့မရဘူး။ ချက်ကျလက်ကျသိဖို့လိုတယ်။ ဖတ်ရမယ်။ အခု တိုင်ပင်ထားတာကတော့ မြန်မာနိုင်ငံက ဥပဒေတွေနဲ့ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အာဏာတွေကို တစ်စုတစ်စည်းတည်း ဖတ်နိုင်ဖို့အတွက် လွှတ်တော်ကလုပ်ပေးပါလို့ပြောဖို့ပါ။ ခံစားခွင့်တွေနဲ့ ပတ်သက်လို့ လွှတ်တော်က ပြင်ဆင်တာတွေလုပ်နိုင်တယ်လို့ပြောပါတယ်။

လွှတ်တော်အမတ်တွေမှာ စိုးရိမ်စိတ်တွေရောရှိနေပါသလား။ သူတို့ကို အပြင်ကလူတွေက လက်ညှိုးထောင်ခေါင်းညိတ်လို့ပြောကြတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။

ဒီမိုကရက်တစ်ပါတီတွေ ရွေးကောက်ပွဲဝင်ကတည်းက လက်ညှိုးထောင် ခေါင်းညိတ်လုပ်တဲ့ နိုင်ငံရေးသမားတွေနဲ့ လူတွေကို အားမရလို့ဝင်လုပ်တာ။ ဦးတို့ဒေသမှာတော့ နိုင်ငံရေးလုပ်ဖို့ သတ္တိအများကြီးမွေးရတယ်။ ပြည်သူတွေကိုလည်း လက်ညှိုးထောင် ခေါင်းညိတ်မလုပ်ပါဘူးလို့ ပြောခဲ့တာ။ အခုလည်း ကန့်ကွက်တဲ့သူ မတ်တပ်ရပ်လို့ဆိုတဲ့အခါမှာ ရဲရဲတင်းတင်းရပ်ရဲတယ်။ ဘာမှ စိုးရိမ်စိတ်မရှိပါဘူး။ တချို့ပါတီကလူတွေကတော့ အုံ့သြရင်အုံ့သြမှာပေါ့။ မနိုင်မှန်းသိပေမယ့်ပြောတယ်။ အဲဒါ သမ္မတရွေးချယ်စိစစ်ရေးအတွက် ဦးသောင်းနဲ့ ဦးစိုင်းဆောင်ဆီနဲ့ကို မဲပေးရတုန်းကပါ။

လွှတ်တော်ထဲမှာ ပြည်ခိုင်ဖြိုးပါတီက အမတ်တွေနဲ့ ဒီမိုကရေစီ အင်အားစုပါတီတွေက အမတ်တွေ ပြောဆိုဆွေးနွေးကြတာမျိုးရှိလား။

ရှိပါတယ်။ ရင်းရင်းနှီးနှီးလာနှုတ်ဆက်ကြတယ်။ ဝန်ကြီးတချို့ကို ကိုယ့်ဒေသမှာဖြစ်နေတာ ပြဿနာတချို့ကို ပြောပြနိုင်တော့ ဒေသကချက်ချင်းလည်း အကျိုးခံစားခွင့်ရတယ်။ လွှတ်တော်အမတ်တွေမှာ မေးခွန်းတွေ မေးနိုင်ခွင့် အဆိုတွေ တင်သွင်းနိုင်ခွင့် ဥပဒေကြမ်းတွေ တင်နိုင်ခွင့်တွေရှိပါတယ်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011


လွှတ်တော်အဆောက်အအုံများကို ဖေဖော်ဝါရီ၄ရက်က တွေ့ရစဉ်။
ဓာတ်ပုံ – အေးမြကျော်

# ဖေဖော်ဝါရီ၄ရက်မှတ်တမ်း

အေးမြကျော်၊ အိဖြူလွင်

**ရှမ်းကန်** ဟု နေပြည်တော်ပျဉ်းမနားမြို့ခံများခေါ်တွင်ကြသောကန်၏ ဘေးပတ်လည်ရှိ လက်ဖက်ရည်ဆိုင်၊ အစားအသောက်ဆိုင်များတွင်နံနက်မိုးသောက်ကတည်းကအသက်ဝင်လျက်ရှိနေသည်။ နံနက်၇နာရီဝန်းကျင်ဖြစ်သည့်အတွက် ထိုနေရာတစ်ဝိုက်တွင် နံနက်စာစားသူများ၊ လမ်းလျှောက်ပြန်သူများဖြင့်ဆောင်းမနက်ခင်းမှာစည်ကားနေသည်။ ရာသီဥတုကလည်းဆောင်းမကုန်သေးသဖြင့် အေးမြမြရှိနေသည့်အတွက် သွားလာလှုပ်ရှားနေသူများမှာ အနွေးထည်ကိုယ်စီနှင့်။

နေပြည်တော်ပျဉ်းမနားမြို့၊ မြို့မဈေးတွင် ဥပုသ်ထွက်နေ့ဖြစ်သည့်အတွက် အနီးချုပ်စပ်ရွာများမှ ဈေးဝယ်လာကြသော ဈေးဝယ်သူများဖြင့်စည်ကားနေလေသည်။ နံနက်၉နာရီဝန်းကျင်အချိန်ရှိသေးသော်လည်း ဈေးတောင်းခေါင်းရွက်သွားလာနေကြသူများ၊ ခရီးသည်ခေါ်နေသောယာဉ်နောက်လိုက်များ၊ ခရီးသည်မျှော်ရင်း အချင်းချင်းစကားပြောနေကြသော သုံးဘီးယာဉ်မောင်းများနှင့် ဈေးသရုပ်သကန်မှာ အတော်ပင်ပေါ်လွင်နေပြီဖြစ်သည်။

ဈေးအနီးနားတွင်ဆိုင်ခန်းနှင့်ဖွင့်လှစ်ထားသော နေပြည်တော်ပျဉ်းမနား၏နာမည်ကျော် နန်းစိန်ကိတ်မုန့်ဆိုင်တွင် လက်ဆောင်အတွက် ဝယ်သူများစည်ကားနေသလို ဈေးတောင်ဘက်တန်းရှိ ကြက်သွန်ကြော်၊ လက်ဖက်ပဲခြမ်းကြော်များရောင်းသော ရွှေနန်းတော်ဆိုင်ရှေ့တွင်လည်း လူအများစုပြုံကာ ဝယ် ယူနေကြသည်။

ပျဉ်းမနားမြို့လယ်လမ်းမများတွင်တော့ ဆိုင်ကယ်များကကြီးစိုးနေပြီး ကား၊စက်ဘီးများလည်းရှုပ်ယှက်ခတ်နေသည်။ နေပြည်တော်ပျဉ်းမနားမြို့လယ်နှင့် နေပြည်တော်ကိုဆက်စပ်ပေးရာလမ်းမကြီးဟုခေါ်ဆိုနိုင်မည့် ရာဇဌာနီဂလမ်းသွားလမ်းမကြီးပေါ်တွင်တော့ ကားအသွားအလာ ကျဲပါးနေသည်။ သပြေကုန်းအဝိုင်းဟု ခေါ်ဆိုကြသောနေရာအနီးရောက်မှ သာသက်ဆိုင်ရာရုံးဌာနများသို့ ဆိုင်ကယ်များ၊ကားများဖြင့်သွားလာနေကြသောသက်ဆိုင်ရာ ရုံးဝတ်စုံများဝတ်ဆင်ထားသည့် ဝန်ထမ်းများကိုတွေ့ရသည်။ သပြေကုန်းအဝိုင်းအနီး ကုန်းကမူတစ်ခုပေါ်တွင် အပြာရောင်ဝတ်စုံဖြင့် လုံခြုံရေးဝန်ထမ်းအချို့ကိုတွေ့မြင်ရသည်။

နေပြည်တော်ရာဇဌာနီလမ်းမကြီးပေါ်တွင်တော့ ကားနှင့်ဆိုင်ကယ် ခပ်ကျဲကျဲကိုတွေ့ရသည်။ ကြာပန်းအဝိုင်းဟု ခေါ်ကြသောအဝိုင်းအနီးတွင်လမ်းမကြီးကို ကာရံပိတ်ဆို့ထားသော အကာအရံများ၊ လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော ရဲဝန်ထမ်းအချို့နှင့် ယာဉ်ကြောရှင်းလင်းရေးကိုတာဝန်ယူရန် ဝတ်စုံပြည့်ဝတ်ဆင်ထားသော ယာဉ်ထိန်းများထိုနေရာအနီးတွင်ရှိနေသည်။ Policeဟုရေးထားသောတောင်းအဲ့ကား အဖြူရောင်တစ်စီးသည်လည်း ထိုအနီးအနားတွင်ရပ်ထားသည်။ အချိန်က နေ့လယ် ၁၁နာရီရှိလေပြီ။

နေပြည်တော်မြို့တော်၏ကွန်ကရစ်လမ်းများနံဘေးတွင် ဆိုင်ကယ်များဖြင့် ယာဉ်ထိန်းရဲများကို လမ်းဆုံတိုင်းတွင်တွေ့ခဲ့ရသည်။ ရာဇဌာနီလမ်းအတိုင်းတက်လာလျှင်တော့ လတ်တလောတွင် လွှတ်တော်အစည်းအဝေးများကိုလက်ခံကျင်းပရာ ၃မိုင်ပတ်လည်ခန့်ကျယ်ဝန်းနိုင်သည့် လွှတ်တော်ဝင်းကို အထင်းသားမြင်ရမည်ဖြစ်သည်။ သူရဲခိုသဏ္ဍာန် သုံးဆင့်အမိုးချွန်များပါသော အဖြူရောင်လွှတ်တော်အဆောက်အအုံများက ထိုလွှတ်တော်ဝင်းအတွင်းတွင် ခံ့ညားစွာနေရာယူထားကြသည်။

တိုင်လုံးဖြူဖြူများကို မျဉ်းပြိုင်ထောင်ထားသည့် သဏ္ဍာန်ရှိသော အဆောက်အအုံများက မည်သည့်နေရာမှကြည့်ကြည့် ခမ်းနားလွန်းလှသည်ဆိုသည်ကတော့ ရောက်ဖူးမြင်ဖူးသူတိုင်း မှတ်ချက်ပြုကြသည့်စကားပင်ဖြစ်သည်။ ယနေ့တွေ့ရသည့် လွှတ်တော်အဆောက်အအုံများထဲမှ ပြည်သူ့လွှတ်တော်ညီလာခံခန်းမတွင်တော့ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲစာရွက်များဖြင့် အလုပ်များနေလောက်လေပြီ။ အဘယ့်ကြောင့်ဆိုသော် နာရီမှာ မွန်းတည့် ၁၂နာရီကျော်ကိုညွှန်ပြနေ၍ပင်ဖြစ်သည်။


ယနေ့သည် မြန်မာနိုင်ငံ၏ နှစ်ပေါင်း၂၀ကျော်အတွင်း အဦးဆုံးသမ္မတဖြစ်လာမည့်သူကို ရွေးချယ်ကြမည့်နေ့ဖြစ်သောကြောင့် လွှတ်တော်အနီးတစ်ဝိုက်တွင်လုံခြုံရေးများတင်းကျပ်ထားသည်။ ဆောင်းရာသီ၏နေ့ရက်တစ်ရက် ဖြစ်သော်လည်းမွန်းတည့်နေက နွေနေ့တစ်နေ့လိုပူလှသည်။

နေ့လယ် ၂နာရီထိုးလုပြီ ။ ဖုန်းအဆက်အသွယ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကပြောကြားသဖြင့် မြန်မာနိုင်ငံ၏သမ္မတအမည်ကို သိခွင့်ရလိုက်သည်။ သမ္မတလောင်း၃ဦးအနက်မှ လက်ရှိဝန်ကြီးချုပ် ဦးသိန်းစိန်က မဲအများဆုံးရရှိကာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံလိုက်ရပြီဖြစ်ကြောင်း သိလိုက်သည်။ နေပြည်တော် ပျဉ်မနားမြို့တွင်းမှ ဘီယာနှင့်အစားအသောက်တွဲဖက်ရောင်းချသောဆိုင်တွင် လူရှင်းနေပြီး ဆိုင်ရှင်နှင့်စားပွဲထိုးအချို့က 5Movie မှလာသော ဟောလိဝုဒ်ရုပ်ရှင်ကို ကြည့်နေကြသည်။ ခပ်လှမ်းလှမ်းတွင် ဖုန်းပြောနေသူထံမှ သမ္မတရွေးချယ်သည့်အကြောင်း နားစွန်နားဖျားကြားရသည့်အခါ သူတို့အာရုံများမှာ ထိုနေရာသို့ လှမ်းအကဲခတ်ကာ စူးစမ်းသလို လှမ်းကြည့်ကြလေသည်။

ညနေ၅နာရီကျော်လေပြီ။ နေပြည်တော်ပျဉ်းမနားမြို့တွင်း၌ ကားရောင်စုံများက ဥဒဟိုသွားလာနေကြသည်။ မိန်းလမ်းမကြီးထက်တွင် အဝေးပြေးကားများ ၅မိနစ်လျှင် တစ်စီးနှုန်း ဖြတ်သန်းသွားနေကြသည်။ ထိုနေ့သည် သောကြာနေ့ဖြစ်သဖြင့် နေပြည်တော်တွင် တာဝန်ထမ်းသူများ အိမ်သို့ပြန်သည့်နေ့လည်းဖြစ်ကာ အဝေးပြေးကားများ ခပ်စိပ်စိပ်ထွက်ခွာနေကြပြီး၊ နေပြည်တော် မြို့မဈေး အဝေးပြေးကားဝင်းတွင်အဝေးပြေးကားများဖြင့်ပြည့်နှက်နေပြီး လမ်းတစ်ဖက်တွင်ရှိသောမြို့မဈေးရှေ့ညဈေးတန်းတွင်တော့ ဈေးဝယ်သူများနှင့်စည်ကားနေခဲ့သည်။ ညနေမှောင်ရီပျိုးစနေဝင်ချိန်အလင်းရောင်ကိုအားယူကာ ရောင်းဝယ်နေကြပြီး အချို့ဆိုင်များတွင်တော့ နီယွန်မီးများထွန်းညှိထားကြလေပြီ။

ညနေ၆နာရီကျော်သည်နှင့် အမှောင်ထုကကြီးစိုးလာပြီး နေပြည်တော်ညချမ်းမှာလည်း ရောင်စုံမီးများထိန်ညီးကာလှပနေတော့သည်။

ထို့နေ့သည် ဖေဖော်ဝါရီ၄ရက်ဖြစ်သည်။ တစ်နည်းပြောရမည်ဆိုလျှင် မြန်မာနိုင်ငံ၏ သမ္မတရွေးချယ်သည့်နေ့ဖြစ်သည်။





SPECIAL RESPORT

# မျက်စိတစ်မှိတ်

အားမာန်

သူရေချိုးပြီးသည်နှင့် သားနှင့် သမီးငယ်တို့က
မျက်နှာသုတ်ပဝါကို လှ၍ ပေးကြသည်။
၆ နှစ်အရွယ် သမီး ငယ်က
သူပြန်ရောက်နေလျှင် ကစားဖော်များနှင့်
ထွက်မဆော့ တော့။ဖခင်အနား၌သာနေသည်။
စာတော်သောသားကလည်း သူ အိပ်ရန်
လှဲလိုက်သည်နှင့် နင်းနှိပ်ပေးတော့သည်။

ချစ်ဇနီး၊ လိမ္မာရေးခြားရှိသော သားနှင့်သမီးငယ်တို့ကြောင့် အင်ဂျင်နီယာ ကိုမင်းအောင်တစ်ယောက် လုပ်ငန်းခွင်မှ ပင်ပန်းခက်ခဲမှုများ အိမ်အရောက်ပြေပျောက်ကုန်တော့၏။သည် မိသားစုဘဝလေးက သူ့အား ပျော်ရွှင်ကြည်နူးစေသလို၊ ဂုဏ်လည်းယူတတ်စေသည်။

ထိုအခြေအနေများက လွန်ခဲ့သော တစ်လကျော်တိတိပဲဆို ရလျှင် ၂၀၁၀ ဒီဇင်ဘာ ၃၀ မတိုင်ခင် ကိုမင်းအောင်ပိုင်ခဲ့သော မိသားစုဘဝ။ ဒီဇင်ဘာ ၃၀နံနက်ခင်းစောစောတွင်တော့ ကိုမင်းအောင်ထံ ကြမ္မာဆိုးဝင်လာသည်။ သူ၏ချစ်ဇနီး၊ သားငယ်နှင့် သမီးငယ်တို့မှာ ယာဉ်မတော်တဆမှုကြောင့် ပွဲချင်းပြီးသေဆုံးသွားသည်။ ရန်ကုန်မှ မန္တလေးသို့ ရွှေစင်စကြာ ခရီးသည်တင်ယာဉ်ဖြင့် အလာ ဝမ်းတွင်းမြို့အနီးဒီဇင်ဘာ ၃၀ နံနက်အစောယာဉ်တိမ်းမှောက်၍ဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၁၁ဦး ဒဏ်ရာရ ပြီး လေးဦးသေဆုံးရာတွင် ကိုမင်းအောင်၏ မိသားစုသုံးဦးမှာ ရုပ်ပျက်ဆင်းပျက်ဖြင့် ပွဲချင်းပြီး သေဆုံးသည့်အထဲပါဝင်ခဲ့သည်။

"ကြည့်တောင် မကြည့်ရဲတော့ဘူး။ မိသားစုသုံးဦးကို ဖက်ငိုလို့တောင် မရဘူး။ ခြေထောက်ကိုကိုင်ပြီးငိုခဲ့ရတယ်"ဟု အသက် ၄၅နှစ်အရွယ် ကိုမင်းအောင်က ဒီဇင်ဘာ ၃၀အဖြစ်ဆိုးအကြောင်း ကြေကွဲစွာပြောသည်။ သူတို့မိသားစုက ရန်ကုန်မြို့ မင်္ဂလာဒုံမှ ဖြစ်သည်။ အလုပ်ကိစ္စဖြင့်မန္တလေး ရောက်နေသော ကိုမင်းအောင်ထံ ဒီဇင်ဘာ ၂၉ရက်ညနေက ရန်ကုန်မှ မိသားစုက လိုက်လာခြင်းပင်။ ဒီဇင်ဘာ ကျောင်းပိတ်ရက်အတွင်း သားနှင့်သမီးတို့ကိုမန္တလေး၊ နေပြည်တော်၊ နှင့် ကျိုက်ထီးရိုးဘုရားသို့ လိုက်ပို့ရန် စီစဉ်ထားခဲ့ကြသည်။ ကလေးငယ်ပါတိုင်းရထားစီးလေ့ရှိသော်လည်း အဝေးပြေးခရီးသည်တင်ဘတ်စ်ကား တစ်ကြိမ်လောက်စီးကြည့်ချင်သည်ဟု ဇနီးမခင်သက်လှိုင်ကဆို၍ လိုက်လျောခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးတွင်တော့ သူ့မိသားစုမှာ အိတ်စ်ပတ်ကားတစ်ကြိမ်စီးကြည့်ရင်း ကြမ္မာဆိုးနှင့် ကြုံရတော့သည်။ "အချိန်နောက် ပြန်ဆုတ်လို့ရရင်တော့ ကားဘယ်စီးခိုင်းမလဲ။ တစ်သက်လုံးကားမစီးခိုင်းဘူး။ရထားပဲစီးခိုင်းမှာ။ အရင်လို မိသားစုနဲ့ သိုက်သိုက်ဝန်းဝန်းပြန်နေချင်တယ်။ အရင်မိသားစုဘဝလေးကိုပြန်လိုချင်တယ်။ ညဘက်အိပ်ရင် ပိုဆိုးတာပေ့ါ။ သူတို့ကို သတိရတာ။ သားလေးနဲ့ သမီးလေးအင်္ကျီတွေကိုပဲ ခြုံအိပ်ဖြစ်တယ်။ စိတ်ထဲမှာတော့ အခုချိန်ထိ မသေသေးဘူးပေ့ါ"ဇန်နဝါရီ ၂၉ ရက်ညဦးပိုင်းက သူ့ခံစားချက်ကို ဖြည်းဖြည်းချင်းဖွင့်ဟသည်။ ဖြူပြာကွက်ချည်ထပ်ရှပ် အင်္ကျီလက်တို၊ မြင်းခိုးရောင် ပုဆိုးနှင့် အသားညို၍ ပိန်ပါးပါး ကိုမင်းအောင်၏ မျက်နှာတွင်ပူဆွေးဝမ်းနည်းမှုများ အထင်းသား မြင်ရသည်။ ဝမ်းနည်းစိတ်များကြောင့် တစ်ခါတစ်ခါ စကားလုံးများ လည်ချောင်းအတွင်း တစ်ဆို့သွားတတ်သည်။ ထိုအဖြစ်ဆိုးမျိုးက ကိုမင်းအောင်တစ်ယောက်တည်းကြုံရသည် တော့မဟုတ်ပါ။ မြန်မာနိုင်ငံတွင် နေ့စဉ်မိသားစုနှစ်စုသုံးစုမှာ အလားတူအဖြစ်မျိုးကို ကြုံနေရသည်။ အကြောင်းမှာ တစ်နိုင်ငံလုံးတွင် ယာဉ်တိုက်မှုကြောင့် ပျမ်းမျှလူခြောက်ဦးခန့်သေဆုံးနေ၍ဖြစ်သည်။ ဟုတ်ပါသည်။ သက်ဆိုင်ရာက တရားဝင်ထုတ်ပြန်သော စာရင်းအရ တစ်နိုင်ငံလုံးတွင် ဖြစ်ပွားသောအရေအတွက် နှင့် သေဆုံးသူနှစ်စဉ်တိုးလာသည်။ ၂၀၀၉ ခုနှစ်ကယာဉ်တိုက်မှုပေါင်း ၈၄၆၁ မှုဖြစ်ပွားပြီး၊ ၂၁၇၃ ဦးသေဆုံးခဲ့၍ တစ်ရက်ပျမ်းမျှ ၆ ဦးခန့်(၅ဒသမ၉၅) သေဆုံးနေခြင်းဖြစ်၏။ ဒဏ်ရာရသည့် ဦးရေမှာ တစ်ရက်ပျမ်းမျှ လူ ၄၀ကျော်သည်။ ထိုတစ်နှစ်တည်း တစ်နှစ်တည်း ယာဉ်တိုက်မှုကြောင့် ၁၄၇၀၀ဦး ဒဏ်ရာရရှိခဲ့သည်။

သက်ဆိုင်ရာမှထုတ်ပြန်သောစာရင်းဇယားများအရ ၂၀၀၈ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး ယာဉ်တိုက်မှုပေါင်း ၇၂၀၄မှုဖြစ်ပွားကာ ၁၈၅၃ ဦး သေဆုံး၍ ၁၂၈၀၃ဦး ဒဏ်ရာရခဲ့သည်။ တစ်ရက်ပျမ်းမျှ (၅) ဦးကျော် သေဆုံးခဲ့ခြင်းဖြစ်သည်။ ထိုယာဉ်တိုက်မှုများမှာ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီစသော ယာဉ်အားလုံးဖြစ်ပွားသောအမှုများဖြစ်သည်။

ပြီးခဲ့သော ၂၀၁၀ အတွက် သက်ဆိုင်ရာက စာရင်းဇယားများ မထုတ်ပြန်သေးသော်လည်း တိုးပွားလာသည့် ဆိုင်ကယ်နှင့် ကားအစီးရေကြောင့် ယာဉ်တိုက်မှုမှာ ၂၀၀၉က ထက် လျော့ကျဖွယ်မရှိကြောင်း လေ့လာသူများကသုံးသပ်သည်။ ထိုသို့ တစ်ရက်ပျမ်းမျှ ခြောက်ဦးခန့်သေ၍ လူလေးဆယ်ကျော် ဒဏ်ရာရနေသော်လည်း အများစုက ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများကို လျစ်လျူရှုဆဲ။

"ဖြစ်တာတွေက နေရာအနှံ့ ပြန့်ကျဲဖြစ်လာပြီး တစ်နေရာတည်း စုပြုံဖြစ်လာတာမဟုတ်တော့ လူတွေကကြောက်ရကောင်းမှန်း မသိဘူး"ဟု လူအများစု ယာဉ်တိုက်မှုများကို သတိမမူကြခြင်းနှင့် ပတ်သက်၍ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး အောင်နိုင် (အငြိမ်းစား)က မှတ်ချက်ပြုသည်။


ယာဉ်တိုက်မှုဖြစ်ပွားသော အရေအတွက်တိုးလာနေခြင်းမှာ ယာဉ်အစီးရေများလာခြင်း၊ ကျေးလက်တွင် နေထိုင်သူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိ နည်းပါးခြင်း၊ အမြန်လမ်းမကြီးများ ရှိလာပြီဖြစ်၍ အချို့တွင် အားနည်းချက်များရှိခြင်းစသော အကြောင်းများကြောင့်ဖြစ်ကြောင်း ယာဉ်မတော်တဆမှုများကို လေ့လာစောင့်ကြည့်နေသူနှင့် ယာဉ်မောင်းအချို့ကပြောသည်။

"ဘယ်သင်တန်းမှ မတက်ဘဲ လိုင်စင်ရထားတယ်။ ရက်တိုသင်တန်းလောက်တက်ပြီး လိုင်စင်ရထားတယ်။ အဲလိုလူတွေက ယာဉ်စည်းကမ်းလမ်းစည်းကမ်းသိပ်မသိဘူး။ ကျေးလက်ကလူတွေက ယာဉ်စည်းကမ်းလမ်းစည်းကမ်းမသိကြဘူး။ မသိကြတော့ဖြစ်ပွားနှုန်းများတာ။ အဓိကတော့ လူပါပဲ။ ယာဉ်မောင်းတွေ၊ လမ်းသွားလမ်းလာတွေပေ့ါ"ဟု ဦးအောင်နိုင်ကယာဉ်တိုက်မှုတိုးလာခြင်း၏အကြောင်း သုံးသပ်ပြောသည်။ ၁၉၉၃ခုနှစ်က တစ်နိုင်ငံလုံးတွင် ယာဉ်အစီးရေ တစ်သန်းကျော်သာ ရှိခဲ့သော်လည်း ၂၀၁၀တွင် ယာဉ်မျိုးစုံ နှစ်သန်းကျော်အထိ တိုးလာသည်။ ယာဉ်အစီးရေအားလုံး၏ ရှစ်ဆယ်ရာခိုင်နှုန်းဝန်းကျင်မှာ ဆိုင်ကယ်များဖြစ်သည်။

ဆိုင်ကယ် မတော်တဆမှုများကတော့ တစ်နေရာမဟုတ် တစ်နေရာ နေ့စဉ်ဖြစ်ပွားနေသည်။ ဆိုင်ကယ်မှာ ယခုနောက်ဆုံး ဆယ်စုနှစ်အတွင်း ဝယ်စီးနိုင်သူများခြင်းနှင့်အတူ ယာဉ်မတော်တဆမှု ဖြစ်ပွားသောကိန်းဂဏန်းများကိုလည်း တိုးစေသည်။ ဆိုင်ကယ်စီးနင်းသူများ၏ မကျွမ်းကျင်မှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားမလည်မှု၊ယာဉ်စည်းကမ်းလမ်းစည်းကမ်း သိသော်လည်းမလိုက်နာမှုတို့ကြောင့် နေ့စဉ်နီးပါး လူ့အသက်များဆုံးရှုံးလျက်ရှိသည်။

စာ(၃၀)သို့





# အချိန်သာရခဲ့မယ်ဆိုရင် . . .

အိန်ဂျယ်လင်း

တစ်ခါတလေမှာ အဆိုးအဖြစ်အပျက်တွေလို့ထင်ရတဲ့ကိစ္စတွေကနေ သင်အမှန်တကယ်လိုလားအပ်တဲ့အရာတွေကိုရယူနိုင်အောင် ပြောင်းလဲပေးနိုင်တဲ့ အခွင့်အလမ်းတွေ ဆောင်ကြဉ်းလာတတ်တယ် ဆိုတာကို ရှင်တို့လည်း ကြုံဖူးကြလိမ့်မယ် ထင်ပါတယ်။

ကျွန်မရဲ့ လက်ရှိအလုပ်အကိုင်က ကျွန်မအတွက်တော့တကယ်ပြီးပြည့်စုံတဲ့အလုပ်တစ်ခုပါပဲ။ ဒီအလုပ်ကအချိန်ပိုင်းအလုပ်ဖြစ်ပြီး ကျွန်မကြိုက်တဲ့အချိန်ကိုညှိယူနိုင်တယ်လေ။ ကျွန်မအလုပ်ရှင်ကလည်း ကျွန်မကလေးတွေရဲ့အချိန်ဇယားနဲ့ကိုက်ညီအောင် ကျွန်မအလုပ်ဆင်းမယ့်အချိန်ကိုလိုသလိုပြောင်းခွင့်ပေးထားခဲ့တယ်။ ဒီတော့ကျွန်မမှာအလုပ်ချိန်အပြင် ပတ်ဝန်းကျင်ရပ်ရွာအသိုင်းအဝိုင်းနဲ့လည်း ထိတွေ့ဆက်ဆံဖို့အချိန်ရှိနေပါသေးတယ်။ ကျွန်မတို့မိသားစုရဲ့အခြေခံလိုအပ်ချက်ကလေးတွေကို လုံလုံလောက်လောက်ဖြည့်ဆည်းနိုင်တဲ့အပြင် မိသားစုပျော်ရွှင်မှုအတွက် အပိုသုံးစွဲစရာကလေးတွေပါ နည်းနည်းပိုထွက်တဲ့အတွက် နေပျော်တဲ့ဘဝတစ်ခုဖြစ်နေတာဖြစ်ပါတယ်။

အဲဒီလိုနဲ့ စီးပွားရေးကျဆင်းတဲ့အချိန်ကိုရောက်တဲ့အခါမှာတော့ အခြေအနေတွေဟာအပြောင်းလဲကြီးပြောင်းလဲလာခဲ့တော့တယ်။ ကျွန်မတို့ရဲ့ကုမ္ပဏီငယ်ကလေးကဧရာမစီးပွားရေးလုပ်ငန်းကြီးတွေအတွက်ကော်ပိုရိတ်အစည်းအဝေးကြီးတွေကျင်းပဖို့ ကူညီဆောင်ရွက်ပေးတဲ့ ကုမ္ပဏီဖြစ်ပါတယ်။ အခုလိုစီးပွားရေးကျတဲ့အခါကျတော့ ကော်ပိုရေးရှင်းကြီးတွေကသူတို့ရဲ့ အသုံးစရိတ်တွေကိုလျှော့ချဖို့လုပ်တဲ့အခါမှာ ပထမဦးဆုံးပါသွားတာက ကော်ပိုရိတ်အစည်းအဝေးတွေကျင်းပတဲ့စရိတ်ပဲပေါ့။

အစကတော့ကျွန်မတို့ကုမ္ပဏီငယ်ကလေးဟာစီးပွားရေးကပ်ထဲမှာကောင်းကောင်းရှင်သန်နိုင်မယ်လို့ ထင်ထားခဲ့တာဖြစ်ပါတယ်။ လအနည်းငယ် အကြာမှာတော့ အချို့အဓိကမကျတဲ့ဝန်ထမ်းအနည်းငယ်ကို စပြီးလျှော့ချရပါတယ်။ ကျန်တဲ့သူတွေကိုတော့ ဒီအတိုင်းပဲဆက်ထိန်းထားမယ်လို့ ကျွန်မတို့ကို ကတိပေးပါတယ်။

ဒါပေမဲ့ ကျွန်မတို့အားလုံးဟာ အခြေအနေကိုကောင်းကောင်းသိပြီးသားဖြစ်တဲ့အတွက် သူတို့ပြောတာကိုဘယ်သူမှအပြည့်အဝမယုံကြည်ကြပါဘူး။ ကျွန်မကတော့အဆိုးဆုံးပေါ့။ ကျွန်မရုံးသွားတဲ့အခါတိုင်းမှာ ‘ကဲ၊ စိတ်တော့မကောင်းပါဘူးကွာ။ ဒီကနေ့ကစပြီးမင်းအလုပ်ဆင်းစရာမလိုတော့ဘူး’ လို့ပြောလာမှာကိုပဲ စိုးတထိတ်နဲ့ စောင့်မျှော်နေခဲ့ရပါတယ်။

ဒီလိုမျိုးရင်တထိတ်ထိတ်နဲ့တစ်လလောက်ကြာတဲ့အခါမှာတော့ကျွန်မစောင့်မျှော်နေတဲ့နေ့ရက်ကရောက်ရှိလာခဲ့တယ်။ ကျွန်မရုံးထဲရောက်သွားတဲ့အချိန်မှာ ကျွန်မတို့ရုံးကလူကြီးနဲ့ ရုံးချုပ်ကလာတဲ့လူတစ်ဦးတို့အစည်းအဝေးခန်းထဲမှာ ခေါင်းချင်းရိုက်နေကြတာတွေ့ရပါတယ်။ နောက်မိနစ်အနည်းငယ်ကြာတဲ့အခါမှာ ကျွန်မကိုသူတို့ရုံးခန်းထဲလှမ်းခေါ်လိုက်တယ်။

သူတို့နှစ်ယောက်စလုံးဟာ ကျွန်မအပေါ်မှာ အင်မတန်စာနာ နားလည်တဲ့ပုံရှိပြီး လူကြီးလူကောင်းဆန်ဆန်သိမ်သိမ်မွေ့မွေ့နဲ့ ကျွန်မမျှော်လင့်ထားတဲ့ကိစ္စကိုပြောကြပါတယ်။ သူတို့က စာနာဖေးမသလိုကျွန်မကိုယ်တိုင်လည်း မျှော်လင့်ထားပြီးသားကိစ္စတစ်ခုဖြစ်ပေမယ့် တကယ်တမ်းကြုံလာရတဲ့အခါ ဆုံးရှုံးမှုကို နင့်နင့်နဲနဲခံစားလိုက်ရပါတယ်။ ကျွန်မဟာအသက် ၁၆ နှစ်သမီးအရွယ်ကတည်းက အလုပ်အမျိုးမျိုးကိုလုပ်ခဲ့ရသူဖြစ်ပါတယ်။ ကျွန်မကလေးပဋိသန္ဓေနေတဲ့အချိန်တွေကလွဲလို့ကျန်တဲ့အချိန်တွေမှာ ကျွန်မဟာအလုပ်တစ်ခုပြီးတစ်ခုလုပ်နေရတာပဲဖြစ်ပါတယ်။ တကယ်တော့အလုပ်လုပ်တယ်ဆိုတာ ကျွန်မရဲ့ကိုယ်ပိုင်အမှတ်လက္ခဏာတစ်ခုတောင်ဖြစ်နေပါပြီ။ အခုကျွန်မဘယ်လိုလုပ်ရမလဲ။

အိမ်အပြန်လမ်းတစ်လျှောက်လုံး ကျွန်မငိုကျွေးနေခဲ့တယ်။ နောက်လေးငါးရက်လောက်အထိကျွန်မစိတ်ဓာတ်ကျပြီး အိမ်ထဲမှာပဲအောင်းနေခဲ့တယ်။ နောက်တစ်ပတ်လောက်ကြာတော့ ကျွန်မကျွန်မစိတ်နည်းနည်းပြောင်းစပြုလာတယ်။ လက်ရှိအခြေအနေကိုအပြုသဘောမြင်ကြည့်ဖို့ ကျွန်မစပြီးကြိုးစားလာခဲ့တယ်။ ဘာပဲပြောပြောကံကောင်းတဲ့အချက်ကကျွန်မမှာ စုဆောင်းငွေကလေးအနည်းငယ်ကျန်နေသေးတယ်။ ဒီတော့လောလောဆယ်တော့ရက်အနည်းငယ်လောက် အေးအေးဆေးဆေးအနားယူလိုက်ဦးမှပဲလို့တွေးမိတယ်။

တခြားအလုပ်လုပ်တဲ့အမျိုးသမီးအများစုလိုပဲ ကျွန်မဘဝတစ်လျှောက်လုံးအလုပ်နဲ့အိမ်နဲ့ကြားမှာ လွန်းထိုးနေခဲ့ရတယ်။ ‘တကယ်လို့ ကျွန်မမှာကိုယ်ပိုင်အချိန်အားသာရှိခဲ့ရင်’ ကျွန်မဘာတွေကိုလုပ်ချင်သလဲဆိုတာမျိုးကျွန်မတွေးဘူးပေမယ့် တစ်ခါမှ လက်တွေ့ချစဉ်းစားတဲ့အဆင့်ကိုမရောက်ဘူးပါဘူး။

အခုတော့ ကျွန်မရဲ့ မိခင်ကြီးနဲ့ အချိန်အနည်းငယ်ပေးပြီး ပိုနေဖြစ်တာပေါ့။ နောက်ပြီး နေ့လည်နေ့ခင်း အလယ်အပတ်သွားတာတွေ၊ မိသားစုစုံညီနေ့လယ်စာစားတာမျိုးတွေလို အရင်ကမလုပ်နိုင်ခဲ့တဲ့ ‘ကိစ္စကလေးတွေ’ ကိုလုပ်နိုင်လာတယ်။

ကျွန်မကလေးတွေနဲ့လည်းအချိန်အများကြီးပိုပြီးပေးနိုင်လာတာပေါ့။ သူတို့ရဲ့ ကျောင်းကကိစ္စဝိစ္စကလေးတွေမှာလည်း ကျွန်မကအမေတစ်ယောက်အနေနဲ့ ပိုပြီးပါဝင်လာနိုင်ခဲ့တယ်။ ကျွန်မကလေးတွေကလည်းငယ်ရွယ်လွန်းတဲ့အရွယ်ကလေးတွေဖြစ်တဲ့အတွက် သူတို့ကလေးတွေရဲ့ ကျောင်းကကိစ္စလေးတွေမှာကျွန်မကိုပါဝင်စေချင်ကြတယ်လေ။ ဒါကြောင့်သူတို့ဘာပဲတောင်းဆိုဆို ခဏကလေးနဲ့ ‘အေး’ လို့ ပြန်ဖြေနိုင်တာပေါ့။ အရင်တုန်းကတော့ ကျွန်မဟာသူတို့ကလေးတွေရဲ့တောင်းဆိုမှုတွေကို ဘယ်တော့မှချက်ချင်းအဖြေပြန်မပေးနိုင်တာများခဲ့တယ်လေ။ ‘မေမေအလုပ်ရှင်ဆီမှာခွင့်တောင်းလိုက်ပါဦးမယ်ကွယ်’ ဆိုတာ သူတို့ ကြားရနေကျ ကျွန်မရဲ့တုံ့ပြန်မှုဖြစ်ပါတယ်။

နောက်ပြီးကျွန်မရဲ့ ကိုယ်ပိုင်ဘဝမှာလည်း ရွေးချယ်စရာအခွင့်အလမ်းတစ်ခုကိုအမှန်တကယ်စဉ်းစားရွေးချယ်ခွင့်ရလာခဲ့တယ်။ စာရေးဆရာဘဝကို အမြဲတမ်းအလုပ်အကိုင်တစ်ခုအဖြစ်ခံယူလိုက်တော့မလားလို့ကျွန်မစပြီးစဉ်းစားဖြစ်ခဲ့တယ်။

ဒီဆုံးဖြတ်ချက်ကို ချဖို့တော့ကျွန်မမဝံ့မရဲ ဖြစ်နေတုန်းပါပဲ။ ကျွန်မရဲ့လက်ရာတွေဟာသတင်းစာဂျာနယ်တချို့မှာစပြီး ပါနေတာကြာပြီဖြစ်ပေမယ့် ဝါသနာအလျောက်စာရေးတဲ့ဘဝကနေ စာရေးဆရာတစ်ယောက်အဖြစ် တကယ်တမ်းခံယူလိုက်တော့မလားဆိုတာကတော့ကျွန်မအတွက်ခက်ခဲတဲ့ ဆုံးဖြတ်ချက်တစ်ခုဖြစ်နေပါသေးတယ်။

ဒီဆုံးဖြတ်ချက်အတွက် ကျွန်မလိပ်ခဲတည်းလည်းဖြစ်နေခဲ့တာအတော်ကြာသွားခဲ့တယ်။ နောက်ကျတော့ သတင်းစာတစ်စောင်မှာကျွန်မဖတ်မိတဲ့ဆောင်းပါးလေးတစ်ပုဒ်ကိုအမှတ်ရပြီးကျွန်မအားတက်သွားခဲ့တယ်။ စာရေးသူကော်လံမှာရေးထားတဲ့ စာကလေးတစ်ပုဒ်ပါ။

‘မင်းကိုယ်တိုင် မဖန်တီးနိုင်သေးသရွေ့တော့ မင်းတုပရဦးမှာပဲတဲ့’

သူပြောတဲ့အကြံကရုတ်တရက်ကြည့်ရင်အလွယ်ပြောတာလို့ထင်ရပေမယ့် တကယ်တမ်းလည်း ဒီနည်းလမ်းကိုပဲ လူတိုင်းသုံးကြရတာဖြစ်ပါတယ်။ ကျွန်မတို့ကိုယ့်ဖာသာယုံကြည်မှုမြင့်တက်လာပြီးကိုယ့်ရဲ့လက်ရာတွေအဆင့်အတန်းတစ်ခုကို တဖြည်းဖြည်းချင်းရောက်လာတဲ့အခါကျတော့မှ သူပြောတဲ့နည်းစနစ်တွေမှန်ကန်ကြောင်းသိလာရတာဖြစ်ပါတယ်။

ကျွန်မအခုလိုထိုင်ပြီးတော့ဒီအကြောင်းတွေလျှောက်တွေးနေရုံနဲ့တော့စာရေးဆရာတစ်ယောက်ဘဝကိုရောက်လာမှာမဟုတ်ပါဘူး။ ဒီဘဝကိုတကယ်ရောက်ချင်ရင်တကယ်ခံယူပြီးလျှောက်လှမ်းမှရမယ်ဆိုတာကိုတော့ ကျွန်မကောင်းကောင်း နားလည်နေပြီဖြစ်ပါတယ်။ အောင်မြင်မှုရဖို့ဆိုတာကြိုးစားဖို့အပြင် မအောင်မမြင်ဘဲဆုံးရှုံးရမယ့်အဖြစ်တွေကိုလည်းမလွှဲမသွေ ဖြတ်သန်းရမှာဖြစ်ပါတယ်။ တကယ်တော့ ကြိုးစားတယ်ဆိုတာ အသေးအဖွဲ့ပါပဲ။ ဆုံးရှုံးမှုကိုရင်ဆိုင်ရတာကမှ တကယ်ခက်ခဲတဲ့အစိတ်အပိုင်းဖြစ်ပါတယ်။ အပယ် ခံရတဲ့ကိစ္စတိုင်းဟာ စာရေးဆရာ တစ်ယောက်အဖို့ ကိုယ့်ကိုယ်ကိုယ်တိုးတက်အောင်ကြံဆောင်ဖို့အခွင့်အလမ်းပဲလို့ကျွန်မသဘောထားပါတယ်။ တကယ်တမ်းဒီလိုသဘောထားဖို့ဆိုတာ အမြဲတမ်းတော့ဘယ်လွယ်မှာလည်းတစ်ခါတလေကိုယ့်ကိုယ်ကိုယ်ယုံကြည်ချက်ပျက်သွားလောက်တဲ့အထိ စိတ်ဓာတ်ကျတဲ့အခါတွေလည်းရှိတာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ စာရေးဆရာဆိုတာ ကိုယ့်ဘဝရဲ့အစိတ်အပိုင်းတွေကို စာပေနဲ့တင်ဆက်နေတာဖြစ်လို့ ကိုယ့်လက်ရာတွေကို အငြင်းခံရတယ်ဆိုတာ ‘မင်းကို ငါတို့ သဘောမကျဘူး’ လို့ အပြောခံရသလိုပါပဲ။

ဒါပေမဲ့ အပယ်ခံရတာကို စိန်ခေါ်မှုအဖြစ်ဆက်လက်သဘောထားပြီး ကျွန်မဆက်ကြိုးစားခဲ့ပါတယ်။ ကျွန်မရေးတိုင်းလည်းအမြဲမပါသေးပေမယ့် ကျွန်မကိုယ်ကျွန်မအမြဲတမ်းစာရေးသူတစ်ယောက်အနေနဲ့ ခံယူလာနိုင်ခဲ့တယ်။ ကျွန်မရဲ့ ပုံမှန်ပရိသတ်ကိုလည်း တဖြည်းဖြည်းချင်း စုဆောင်းလာနိုင်တယ်လေ။ ဘာပဲပြောပြော အရင်ကထက်ပိုပျော်စရာကောင်းတဲ့ ဘဝကိုကျွန်မပိုင်ဆိုင်လာနိုင်တာကိုတော့ သတိထားမိပါတယ်။ ‘အချိန်ရရင်’ ဆိုပြီး စာရင်းတို့ထားတဲ့ အရေးကြီးတဲ့ ကိစ္စအတော်များများကို ကျွန်မလုပ်နိုင်လာတယ်လေ။

*Ref: 'If Only I Had Time ' by Jennifer Flaten*

# ကြောက်စိတ်

ထက်ကျော်


ဒီဆောင်းပါးဟာ ‘HERBERT CASSON’ ရဲ ‘BRAIN BUILDING FOR ACHIEVEMENT’ဆိုတဲ့ စာအုပ်ထဲက ကြောက်ရွံ့စိုးရိမ်စိတ်များနဲ့ပတ်သက်ပြီး တင်ပြထားတဲ့အခန်းတစ်ခန်းကိုဆီလျော်အောင် ဘာသာပြန်တင်ပြထားတာဖြစ်ပါတယ်။ မူရင်းစာရေးဆရာဟာ ကမ္ဘာကျော်တက်ကျမ်းဆရာကြီးတစ်ဦးဖြစ်ပြီး၊ သူ့ရဲ့စာအုပ်များဟာ တိုးတက်မှုကိုလိုလားတဲ့ လူငယ်လူကြီးမရွေးလက်ကိုင်ထားရတဲ့စာအုပ်များဖြစ်ပါတယ်။ ‘BRAIN BUILDING FOR ACHIEVEMENT’ မှာ သူက ကြောက်စိတ်ဖြစ်ပေါ်လာပုံ၊ ကြောက်စိတ်ဟာ လူတွေကိုဘယ်လိုအကျိုးသက်ရောက်မှုဖြစ်စေပုံ စတာတွေကို ဒီလိုတင်ပြထားပါတယ်။

ကြောက်စိတ်ဆိုတာ လူတွေကို အမြဲဒုက္ခပေးနေတဲ့ အဆိုးဆုံး စိတ်ရောဂါတစ်ခုဖြစ်ပါတယ်။ ကြောက်စိတ်ကြောင့် ဦးနှောက်စွမ်းရည်ကို ထိခိုက်ပျက်စီးနိုင်တယ်။ ကြောက်စိတ်ကြောင့် ကိုယ့်ကိုလေးစားမှုတွေပျက်ပြယ်သွားနိုင်တယ်။ ကြောက်စိတ်ကြောင့် ဘဝတိုးတက်မှုကို ထိခိုက်ပျက်စီးနိုင်တယ်။ ဒါပေမဲ့ လူတွေက တစ်ခုမဟုတ်တစ်ခုဆိုသလို အမြဲလိုလိုပဲကြောက်နေတတ်ကြတယ်။

ကြောက်စရာကောင်းတာတွေကို ကြောက်ကြသလို စိတ်ကူးနဲ့မှန်းဆပြီး ကြောက်နေကြတာတွေလည်းရှိတယ်။ ဒီလိုဖြစ်နေတဲ့အတွက် အယူသီးတဲ့လူတွေကို ခြောက်လှန့်၊ ကြုံလာမယ့်အန္တရာယ်တွေကို ကာကွယ်ပေးမယ်လို့ပြော၊ ဟိုပူဇော်မှု၊ ဒီပူဇော်မှုတွေလုပ်ပြီး ငွေလိမ်စားနေကြတဲ့ လူတွေဟာအများအပြားပါ။ အာဏာရှင်တွေကတော့ လူတွေကို မကြောက်ကြောက်အောင်ခြောက်ပြီး အုပ်ချုပ်တတ်ကြရဲ့။

လူတစ်ယောက်ဟာ သူ့ရဲ့ဦးနှောက်စွမ်းရည်နဲ့ အရည်အချင်းများအလိုက် သူတို့ရဲ့အခွင့်အလမ်းကိုရှာဖွေတတ်ကြပါတယ်။ ဒီအချိန်မှာပဲ သူ့ရဲ့ကြောက်စိတ်ကို သူပြန်တွေ့လာကြရမြဲပါ။ ရှေ့တစ်လှမ်းတိုးတိုင်း အတားအဆီးတစ်မျိုးမဟုတ် တစ်မျိုးတွေ့လာရတာကိုး။

စာ(၄၀) သို့



7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# မှန်ကန်သောအကြောင်းပြချက်များသာဖြစ်ပါစေ . . .

အနမ်း(သုခုမ)

ဘယ် ကိစ္စမဆို အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာ လူသားတိုင်းသဘောပေါက်ကြဖို့လိုပါတယ်။ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်များသာမက အခြားဘယ်ဘာသာဝင် ဘယ်လူမျိုးမဆို ကိုယ်လုပ်တဲ့အကြောင်းတရားတွေကြောင့်သာ အကျိုးဖြစ်လာတယ်ဆိုတာ နားလည်ထားရပါလိမ့်မယ်။ ဗုဒ္ဓဟောကြားချက်တွေဟာ ဗုဒ္ဓဘာသာဝင်တွေအတွက်သာ မဟုတ်ပါဘူး။ လောကသားအားလုံးအတွက် အကျိုးဝင်ပါတယ်။

ကိစ္စတစ်ခုကို ကိုယ်ကလိုလိုချင်ချင် တောင့်တမှုရှိပါမှ လုပ်ရတာအဆင်ပြေလွယ်ကူပြီး၊ အကျိုးရှိစေမှာပါ။ ကိုယ်လိုချင်တဲ့အရာဝတ္ထုတစ်ခုရှိရင်တောင် ရအောင်လုပ်ကြသေးတာပဲမဟုတ်လား။ အဲဒီလိုလုပ်တဲ့အခါ ကြိုးစားအားထုတ်မှု(လုံ့လဝီရိယ)လိုပါတယ်။ ဒါကြောင့် ကိုယ်ရွေးချယ်တဲ့လမ်းကို ကိုယ်ကြိုးစားဖို့ အရေးကြီးပါတယ်။ ကြိုးစားမှုနဲ့အတူ မှန်ကန်မှုလည်းဖြစ်ရပါမယ်။



အကြောင်းအရာတစ်ခုကြောင့် ကိုယ်ပြုခဲ့တဲ့ကိစ္စတိုင်းမှာ မှန်ကန်မှုရှိပါရဲ့လား။ မှန်ကန်မှုမရှိဘဲ အကျိုးဖြစ်မှာလည်း မဟုတ်ဘူးဆိုရင်တော့ အဲဒီကိစ္စကို မလုပ်တာပိုကောင်းပါလိမ့်မယ်။ ဥပမာ- လူတစ်ယောက်က စစ်တပ်ထဲဝင်ပါတယ်။ သူ့ရဲ့ရည်ရွယ်ချက်က ဘာပါလဲ။ ရုပ်ရှင်တွေထဲမှာ တစ်ခါတစ်ရံကြည့်ဖူးပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စစ်တပ်ထဲရောက်လာပုံကို မေးကြတဲ့အခါ များသောအားဖြင့် အသည်းကွဲလို့ စိတ်ညစ်ပြီး စစ်ထဲဝင်ခဲ့တာတဲ့။ အချို့ကလည်း မိဘနဲ့ မတည့်ကြလို့ဆိုတာမျိုး။ ဒါဟာ အကြောင်းပြချက် မမှန်ကန်တဲ့ အကြောင်းတရားတွေပါ။ တကယ်တော့ စစ်တပ်ထဲဝင်တာ ကိုယ့်ဝါသနာအရ တိုက်ချင်ခိုက်ချင်လို့၊ ပြည်သူကို ကာကွယ်ချင်လို့ ဒါမှမဟုတ် တိုင်းပြည်ကို ငြိမ်းချမ်းစေချင်လို့ စသဖြင့်ဖြစ်ရမယ်လို့ထင်ပါတယ်။

နောက်တစ်မျိုးကလည်း ဒီနည်းအတိုင်းပါပဲ။ အဲဒါကတော့ ရိပ်သာဝင်တယ်ဆိုတာပါ။ မိဘနဲ့ သားသမီးမတည့်ကြရင် လင်မယားတွေ ရန်ဖြစ်ကြရင် ရိပ်သာသွားမယ်လို့ပြောတတ်ကြပါတယ်။ အချို့လည်း တကယ်မသွားနိုင်ဘဲ ပြောတတ်သလို၊ အချို့လည်း တကယ်ရိပ်သာကို ဝင်သွားကြပါတယ်။

ဒါပေမဲ့ ရိပ်သာဝင်တဲ့ အကြောင်းရင်းကို ဆန်းစစ်ကြည့်တော့ တရားအားထုတ်ချင်တဲ့စိတ် အမှန်အကန်ရှိလို့မှ မဟုတ်ဘဲ စိတ်ညစ်လို့ပြဿနာတက်လို့တိမ်းရှောင်ချင်တဲ့ သဘောထားတွေ ပါဝင်နေပါတယ်။ တရားအားထုတ်ချင်လို့ တကယ်ရိပ်သာဝင်ချင်ရင်တော့ ကောင်းပါတယ်။ တကယ်လည်းအကျိုးများပါတယ်။ တရားလိုချင်သလား။ အမှန်တကယ် စိတ်အေးချမ်းချင်တာလား။ အစစ်အမှန်ဟုတ် မဟုတ်ဆိုတာ ကိုယ့်စိတ်ကိုယ် စစ်ကြည့်ပါ။

တရားအားထုတ်တယ်ဆိုတာ ထိုင်နေမှလည်း မဟုတ်သလို၊ ထနေ(ရပ်နေ)မှလည်း မဟုတ်ပါဘူး။ နေရာမရွေး အချိန်မရွေး ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ အားထုတ်လို့ရပါတယ်ဆိုတဲ့အကြောင်းကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်နဲ့ (တပည့်သား သံဃာတော်) ဆရာတော်အရှင်သူမြတ်များ ဟောကြားထားပြီးဖြစ်လို့ အားလုံးနီးပါး သိနေကြပြီးသားဖြစ်မှာပါ။ ရွှေဥမင်ရိပ်သာက (လက်ရှိ)ကျောင်းထိုင်ဆရာတော်ဦးတေဇနိယမိန့်တဲ့ "တရားဆိုတာ မတရားတာမလုပ်တာဘဲ"ဆိုတာကိုစာရေးသူသဘောကျမိပါတယ်။ ဒါက လူ့ပတ်ဝန်းကျင်မှာ တရားနဲ့နေထိုင်တတ်ဖို့ အဓိကအချက်ပါပဲ။ တရားအားထုတ်တယ်ဆိုတိုင်း တရားရတယ်လို့မပြောနိုင်သေးပါဘူး။ အဓိက တရားတော်နဲ့ ညီတဲ့အလုပ်ကို လုပ်နိုင်ကြရဲ့လား ကိုယ်ကိုယ်တိုင်အရင်ဆုံး ဆန်းစစ်ကြည့်ကြပါ။ ဥပမာ-လူသားချင်း စာနာနိုင်တဲ့စိတ် ထားနိုင်ဖို့ပါ။ လူသားချင်း စာနာစိတ် ထားနိုင်တာက တရားတော်နဲ့ညီတဲ့အလုပ်လို့ ပြောနိုင်ပါတယ်။

ကိစ္စရပ်တိုင်းမှာ အကြောင်းပြချက်ဆိုတာရှိပါတယ်။ ယနေ့နိုင်ငံကျော် အနုပညာရှင်အသီးသီးတို့ကိုမေးမြန်းတဲ့အခါမှာ ဘာကြောင့်ဒီအလုပ်ကို လုပ်သလဲဆိုတာမျိုး မေးလေ့ရှိသလို ပြန်ဖြေကြားခြင်းဟာ အကြောင်းပြချက်တစ်ခုပါပဲ။ ဒါကြောင့် တစ်စုံတစ်ခုသောကိစ္စရပ်ကိုပြုလုပ်မယ်ဆိုရင် အကြောင်းပြချက်ကို သတိထားပြောဆိုသင့်ပါတယ်။

မမှန်ကန်သော အကြောင်းပြချက် မခိုင်မာသောအကြောင်းပြချက်များဟာ ကိုယ်လုပ်တဲ့ကိစ္စတွေအတွက် အောင်မြင်မှုရနိုင်မှာ မဟုတ်ပါဘူး။ အဓိကအားဖြင့် ကိုယ်မလုပ်ချင်ဘဲနဲ့ လုပ်ရတဲ့ကိစ္စတွေကို ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့်ဆိုပြီး အကြောင်းပြချက် မထားပါနဲ့။ ကိုယ်လုပ်ပြီဆိုတဲ့အလုပ်ကိုလည်း ဖြစ်ဖြစ်မြောက်မြောက်နဲ့ ပြီးဆုံးသည်ထိ လုပ်ဖို့ပဲ အရေးကြီးပါတယ်။

အချို့ကျတော့ ဝါသနာမပါဘဲ လုပ်ရတဲ့အလုပ်တွေရှိပါတယ်။ မိဘကြောင့်ဖြစ်စေ တစ်စုံတစ်ဦးကြောင့်ဖြစ်စေ လုပ်ခဲ့ရတဲ့အလုပ်မျိုးပေါ့။ ဥပမာ-သားသမီးကို ဆရာဝန်ဖြစ်စေချင်တဲ့မိဘကြောင့် သားသမီးမှာ ဆရာဝန်လုပ်လိုက်ရတာမျိုး၊ ကိုယ်ချစ်သူခင်သူများကြောင့် ကိုယ်မကျွမ်းကျင်တဲ့ စီးပွားရေးမှာ ရင်းနှီးမြှုပ်နှံလိုက်တာမျိုး စတဲ့ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး ကိစ္စရပ်အမျိုးမျိုးတွေပေါ့။

အဲဒီလို လုပ်မိပြီဆိုရင် ပန်းတိုင်ရောက်သည်အထိ တိုးတက်အောင်မြင်အောင် လုပ်ကြဖို့သာ အဓိကကျပါတယ်။ အလုပ်တစ်ခုကို တစ်ပိုင်းတစ်စနဲ့ လုပ်ပြီးကာမှ ဆက်မလုပ်တော့ဘဲ နောက်တစ်ခုကိုပြောင်းလုပ်မယ်ဆိုရင် ဝါသနာအရ လုပ်တဲ့အလုပ်သာဖြစ်ရပါမယ်။

ဒါမှလည်း အကြောင်းပြချက်ခိုင်လုံနိုင်မှာပါ။ ဆရာဝန်တစ်ယောက်က ဆေးကုတဲ့အလုပ်ကို မလုပ်တော့ဘဲ သူဝါသနာပါတဲ့ အနုပညာအလုပ်ကို လုပ်ခြင်းမျိုးပါပဲ။ အဲဒီလိုမျိုးတွေ များစွာရှိနေကြပါတယ်။ ဒါပေမဲ့ သူဝါသနာပါလို့ လုပ်တာကြောင့် အောင်မြင်မှုတွေ ရနေကြတာကို မြင်တွေ့ရပါတယ်။ ကိုယ်ပြောင်းလုပ်တဲ့အလုပ်ကလည်းကိုယ့်ဝါသနာအရမဟုတ်ဘူးဆိုရင်တော့ ကိုယ်နဲ့ အဆင်မပြေမချင်း အလုပ်များစွာကို ပြောင်းနေပြီး ဘယ်အလုပ်မှာမှ တိုးတက်မယ်မထင်ပါဘူး။

အထက်မှာ ပြောသလို မခိုင်လုံတဲ့အကြောင်းပြချက်များနဲ့ စစ်တပ်ထဲဝင်သူက စစ်တပ်မှာရှိတဲ့ တာဝန်အသီးသီးကို ကျေပွန်စွာထမ်းဆောင်ကြပြီး၊ ရိပ်သာ ဝင်ရောက်သွားသူများအနေနဲ့လည်း ဘုရားဟောတရားတော်များနဲ့အညီ တရားအကျင့်များ ကျင့်ကြံသွားနိုင်ဖို့ပဲဖြစ်ပါတယ်။ အဲဒီလိုဆိုရင် အကြောင်းပြချက် မခိုင်လုံ မမှန်ကန်ဘူးဆိုပေမယ့် ကိုယ်လုပ်တဲ့အလုပ်က အဓိပ္ပာယ်ရှိသွားပါသေးတယ်။ မဟုတ်ရင်တော့ အကြောင်းပြချက် မခိုင်လုံတဲ့အတိုင်းကိုယ့်လုပ်ရပ်များလည်း လွဲချော်သွားပါလိမ့်မယ်။ အချိန်တိုတိုအတွင်းမှာပဲ အဲဒီအလုပ်မှာမပျော်မွေ့နိုင်ဘဲ အလုပ်က တခြား၊ စိတ်က တခြားဖြစ်ကာ အောင်မြင်မှုနဲ့ အလှမ်းဝေးသွားမှာပါပဲ။

ကိုယ်လုပ်မယ့်ကိစ္စတိုင်းမှာ အကြောင်းပြချက်ရှိရမယ်ဆိုပေမယ့် မှန်ကန်တဲ့အကြောင်းပြချက်၊ ခိုင်လုံတဲ့အကြောင်းပြချက်ဖြစ်ဖို့ကအရေးကြီးပါတယ်။ အကြောင်းပြချက် ခိုင်လုံရမှာဖြစ်သလို၊ ကိုယ်လုပ်မယ့်ကိစ္စကလည်း ခိုင်မာရပါလိမ့်မယ်။ သို့မှသာ ကိုယ်လုပ်တဲ့ကိစ္စတိုင်း၊ အကြောင်းအရာတိုင်းဟာ ကိုယ့်အတွက် အကျိုးဖြစ်ထွန်းစေမှာ မလွဲပါဘူး။

ဒါကြောင့် ဘယ်ကိစ္စမဆို သူတစ်ပါးကို အပြစ်ဖို့ အကြောင်းရှာဖို့ မစဉ်းစားဘဲ ကိုယ့်လုပ်ရပ်တိုင်းကို ကိုယ်မှန်ကန်အောင်၊ အကြောင်းပြချက်မှန်မှန်ကန်ကန်နဲ့ဆုံးဖြတ်ချက်ချကာ လုပ်ကိုင်ကြရပါမယ်။ ။

## JOKE

### စည်းချက်ညီ

တစ်နေ့တွင် ရောဘတ်သည် စားသောက်ဆိုင်တစ်ခုအတွင်း ဝင်၍စားသောက်စရာများကို မှာကြားထားပြီး စောင့်ဆိုင်းနေစဉ် လေလည်ချင်စိတ်ဖြစ်လာသည်။ သို့နှင့် သူကြားနေသောသီချင်း စည်းချက်အတိုင်း လေလည်လိုက်ပါတော့သည်။

ပြီးမှ ဘေးစားပွဲဝိုင်းမှလူများသူ့ကို ဝိုင်းကြည့်နေသည်ကို တွေ့ရ၍ ဘာများမှားနေသလဲဟု ရောဘတ်က မိမိကိုယ်ကိုယ် ဆန်းစစ်လိုက်သည်။ ထိုအခါကျမှ သီချင်းမှာ စားသောက်ဆိုင်မှ ဖွင့်ထားသည်မဟုတ်ဘဲ သူ့ကိုယ်ပိုင် သီချင်းဖွင့်စက် iPod နားကြပ်မှ ကြားနေရခြင်းဖြစ်ကြောင်း ရောဘတ်က သတိရပါတော့သည်။

### အာကာသသုတေသန

အမေရိကန်အာကာသအေဂျင်စီ(နာဆာ)သည် ပထမဦးစွာ အာကာသယာဉ်မှူးများကို အာကာသအတွင်းသို့ စေလွှတ်ရာတွင် ကမ္ဘာမြေပေါ်၌သုံးသော ဘောလ်ပင်များမှာ ဆွဲငင်အားမရှိသည့်အာကာသထဲတွင် သုံးမရဖြစ်နေသည်ကိုတွေ့ရသည်။

ယင်းပြဿနာကိုဖြေရှင်းရန်အတွက် နာဆာသိပ္ပံပညာရှင်များသည် ဆယ်စုနှစ်တစ်ခုကြာ သုတေသနလုပ်ပြီး ဒေါ်လာ ၁၂ ဘီလီယံခန့်သုံးစွဲပြီးချိန်တွင် အာကာသထဲတွင်သာမက ရေအောက်မှာရော၊ မည်သည့်မျက်နှာပြင်ပေါ်တွင်မဆို ရေးသားနိုင်သော ဘောလ်ပင်တစ်မျိုး တီထွင်လိုက်နိုင်ပါတော့သည်။

ထိုအချိန်တွင် ရုရှားအာကာသယာဉ်မှူးများမှာ ခဲတံဖြင့် မှတ်တမ်းအမြောက်အမြား ရေးသားပြီးသွားခဲ့ပြီဖြစ်သည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး၊ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနို၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်၊ ညိုညိုဝင်း။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွန့်(ရေနံချောင်း)၊ အင်မိုင်ခ၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်းနွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၀၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7 DAY NEWS JOURNAL

Vol.9, No.46 • FEBRUARY 10, 2011

## ရေချိုငါးမျိုးစိတ်မွေးသူများ အခက်ခဲဆုံးကာလရောက်

**သန်းဒွေး**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၁

ပြည်ပရောင်းတန်းဝင် ရေချိုငါး မျိုးစိတ်များထပ်မံမွေးမြူရေးအတွက် အခက်ခဲဆုံးကာလကို ရင်ဆိုင်ကြုံတွေ့နေရပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသန်းလွင်ကပြောကြားသည်။

"သွင်းအားစုဖြစ်တဲ့ ငါးစာက တစ်ပိဿာကို ၅၀ ကျပ်တက်တယ်။ ထုတ်လုပ်ပြီး ပေါ်လာတဲ့ ငါးကို ပြန်ရောင်းတဲ့အခါ ပြည်တွင်းက ဝယ်အားနည်းသလို ပြည်ပကလည်း ဝယ်လိုအားကျဆင်းတယ်။ ဈေးနှုန်းလည်း ကျလာတယ်။ အဲဒီလိုတွေ ဆုံစည်းလာတော့ မွေးမြူထုတ်လုပ်သူတွေ ရှုံးတယ်။ ဒါကြောင့် နောက်ထပ် ထုတ်လုပ်နိုင်ဖို့ လုပ်ငန်းရှင်များစွာ ထိပါးလာတဲ့အကြောင်း အမျိုးမျိုးနဲ့ ရင်ဆိုင်လာရပါပြီ"ဟု ဦးသန်းလွင်က မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တွင်ပြောသည်။



ငါးမွေးမြူရေးကန်မှ ရေချိုငါးများကို ဖော်ယူ၍ ကုန်ကားပေါ်သို့ အလုပ်သမားများက တင်ဆောင်နေစဉ်။
ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

ပဲဖတ်၊ နှမ်းဖတ် တစ်ပိဿာလျှင် ၇၃၀ ကျပ်ဝန်းကျင်ဈေးနှုန်းရှိနေရာမှ ယခုဖေဖော်ဝါရီလဆန်းတွင် တစ်ပိဿာလျှင် ၇၈၀ ကျပ်သို့ ၅၀ ကျပ်စီတက်သွားခြင်းမှာ သယ်ယူပို့ဆောင် စရိတ်ကြောင့်ဖြစ်ရကြောင်း မြန်မာနိုင်ငံ ငါး/ပုစွန်အစာ ထုတ်လုပ်ရောင်းဝယ်သူများအသင်း အလုပ်အမှုဆောင် ဦးသန်းဦးကပြောသည်။

"အရင်က ပဲဖတ်၊ နှမ်းဖတ် တစ်ပိဿာကို မန္တလေးကနေ သယ်ဆောင်စရိတ် ၄၀/၅၀ ကျပ်ရှိနေရာက အခု ၁၂၀ ကျပ်လောက်ဖြစ်သွားလို့ပါ"ဟု ၎င်းကပြောသည်။

ယခု ဗဟိုစံပြငါးဈေးကြီး (ကြည့်မြင်တိုင်)သို့ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ ငါးကန်များမှကန်ဖော်ပြီး

စာ(၃၄)သို့

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၀၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၆၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၂. ၂၀ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၅၅၆ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၅. ၅၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၇၄၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၁၃. ၆၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၄၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၈၂ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၉၃၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၁၉,၄၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၈၆၃ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၀. ၉၈၆၀ | ဒေါ်လာ | (သြစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၉၉၇ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၂၉. ၃၉၇၆ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၃၅၂. ၈၀၀ |
| ရေနံ | စည် | ၁၀၂. ၀၁၀ |
| ငွေ | ၁ အောင်စ | ၂၈. ၈၃၅ |
| ကြေးနီ | ပေါင် | ၄၅၅. ၃၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၃၆၄ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ ဖေဖော်ဝါရီ ၅ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ရွှေဝယ်လိုအား ပြန်တက်လာ

**သိမ့်သိမ့်စိုး**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၅

ပြည်တွင်းရွှေဈေးနှုန်းများ သိသာစွာပြောင်းလဲမှု မရှိသော်လည်း ကမ္ဘာ့ရွှေဈေးနှုန်း တက်ရိပ်ပြနေ၍ ရွှေဝယ်လိုအားများ ပြန်လည်မြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ယခုလ ၂ရက်နေ့တွင် ၆၂၉,၀၀၀ ကျပ်ထိ ကျဆင်းနေရာမှ ၆၃၁,၀၀၀ ကျပ်သို့ ပြန်လည်မြင့်တက်လာသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ ဖေဖော်ဝါရီ ၂ ရက်တွင် တစ်အောင်စလျှင် ၁,၃၃၅ ဒေါ်လာရှိနေရာမှ ၁,၃၅၀ ဒေါ်လာထိ မြင့်တက်လာခဲ့ကြောင်းသိရသည်။ ယခုရက်ပိုင်းတွင် အမေရိကန်ငွေဈေးမှာလည်း တစ်ယူနစ်လျှင် ၈၆၀ ကျပ်ဝန်းကျင်ရှိနေသည်။

"ပြည်တွင်းဈေးက အကျဘက်မှာပဲရှိနေပြီး ကမ္ဘာ့ရွှေဈေးက ဈေးငြိမ်နေရာကနေ ဒီရက်ပိုင်း တက်ရိပ်ပြနေတော့ ရွှေဖြတ်စဝယ်တဲ့ဘက်မှာ ဝယ်အားတစ်ဆလောက်ကို တက်လာတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စာ(၃၄)သို့

## ထီရောင်းကောင်းနေဆဲ

**မေဝင်းမွန်**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂

အောင်ဘာလေထီရောင်းအားအနေအထားမှာ ရန်ကုန်နှင့် နယ်ဈေးကွက်တွင် ရောင်းအားတက်လာကြောင်း ထီကုန်သည်ကြီးများထံမှ စုံစမ်းသိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲမှ (၂၆၅)ကြိမ်မြောက်မှစ၍ အက္ခရာ ၂၄ လုံးဖြင့် ထီလက်မှတ်များ ရောင်းချပေးခဲ့သည်။ ထီဈေးကွက်မှာ သုံးလတိုင်အောင် နယ်အနှံ့ ရောင်းကောင်းလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကျပ်နှစ်ရာတန် အောင်ဘာလေထီတစ်စောင်လျှင် ၃၅၀၊ ၄၀၀ ကျပ်အထိ ရောင်းဈေးရှိနေကြောင်း ထီဈေးကွက်မှ စုံစမ်းသိရသည်။

"ထီက လူတန်းစားမရွေးထိုးကြတာမျိုးပါ။ ခုကာလက ငွေရှင်တဲ့ကာလလို့ပြောရမယ်။ တစ်ပြည်လုံးအတိုင်းအတာနဲ့ဆိုရင် ရောင်းအားက နယ်အနှံ့တက်နေပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကောင်းနေဦးမယ့်အနေအထားရှိပါတယ်"ဟု ထီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထီဈေးကွက်တွင် ပြီးခဲ့သည့်လများက ကံစမ်းမဲအစီအစဉ်ဖြင့် ရောင်းချခြင်းများ ပြုလုပ်ခဲ့သော်လည်း အောင်ဘာလေသိန်းဆုဌာနခွဲက ရောင်းချခွင့်မပြုခဲ့ကြောင်းသိရသည်။

## စီးပွားရေးမဂ္ဂဇင်းသစ် စတင်ထုတ်ဝေ

**ဗိုလ်ဗိုလ်ဝင်း**

ရန်ကုန်၊ ဖေဖော်ဝါရီ- ၃

စီးပွားရေးသတင်းဆောင်းပါးများပါဝင်သည့် လစဉ်ထုတ် The Future Myanmar Business Report မဂ္ဂဇင်းကို Yangon Publishing House စာပေမှ လာမည့်အပတ်အတွင်း စတင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်မတို့နိုင်ငံကို ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာလို့ရယ်၊ နည်းပညာတွေရရှိဖို့အတွက် အဓိကရည်ရွယ်ထုတ်ဝေဖြစ်တာပါ"ဟု ၎င်းမဂ္ဂဇင်း၏ မန်နေဂျင်းအယ်ဒီတာ ဒေါ်စိုးယုဝေက ပြောသည်။

တစ်အုပ်လျှင် ကျပ် ၈၀၀ နှုန်းဖြင့် ဖြန့်ချိမည့်အဆိုပါ မဂ္ဂဇင်း၏ အတွဲ ၁ တွင် စာမျက်နှာ ၁၄ မျက်နှာပါဝင်သော်လည်း နောက်ပိုင်းတွင် စာမျက်နှာတိုးချဲ့သွားရန်ရှိကြောင်း ၎င်းကဆက်လက်ပြောသည်။ ဂျာနယ်မဂ္ဂဇင်းဈေးကွက်အတွင်း စီးပွားရေးအသားပေး ဂျာနယ်နှင့်မဂ္ဂဇင်းများ ပိုမိုထုတ်ဝေလာပြီး၊ လက်ရှိမဂ္ဂဇင်းများထဲတွင် ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန်(Living Color)နှင့် မြန်မာ့ခနေတို့မှာလည်း စီးပွားရေးအသားပေးဖော်ပြကြသည်။




7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# စားအုန်းဆီထုတ်ဈေး တစ်လအတွင်း နှစ်ကြိမ်ပြောင်း

**အောင်သူရ**

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂

စားအုန်းဆီထုတ်ဈေးမှာ တစ်လအတွင်း ဈေးနှုန်းနှစ်ကြိမ်ပြောင်းလဲခဲ့ကြောင်း စားအုန်းဆီ ကိုယ်စားလှယ်ကြီးများက ပြောသည်။

ဇန်နဝါရီ ၁၀ ရက်က တစ်ပိဿာလျှင် ၁,၈၁၆ ကျပ်ဈေးရှိခဲ့သော စားအုန်းဆီထုတ်ဈေးမှာ ဇန်နဝါရီ ၁၇ ရက်တွင် ၁,၉၁၆ ကျပ်သို့ပြောင်းလဲခဲ့သည်။ ဇန်နဝါရီ ၃၁ ရက်တွင်လည်း ၂,၀၁၅ ကျပ်သို့ ထပ်မံပြောင်းလဲခဲ့သည်။



"မလေးရှားဈေးကိုက တစ်စည်ကို ၈၅ ဒေါ်လာလောက်တက်သွားလို့ ဈေးတက်သွားတယ်လို့ပြောတာပဲ"ဟု စားအုန်းဆီ ကိုယ်စားလှယ်တစ်ဦးကပြောသည်။

ထို့ကြောင့် လက်ရှိပြင်ပစားအုန်းဆီပေါက်ဈေးမှာ တစ်ပိဿာလျှင် ၂,၅၇၅ ကျပ်ဝန်းကျင် ဈေးရှိနေပြီး ငွေလဲနှုန်းပြောင်းလဲလာပါက ဈေးနှုန်းထပ်မံပြောင်းလဲမှုဖြစ်ပေါ်နိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ် ပြောဆိုကြသည်။

စားအုန်းဆီဈေးနှုန်းနည်းတူ ပဲဆီဈေးနှုန်းမှာလည်း ဈေးကောင်းလျက်ရှိပြီး လက်ရှိ ပဲဆီ တစ်ပိဿာ ပေါက်ဈေးမှာ ၄,၀၀၀ ကျပ်ဝန်းကျင်ရှိကြောင်းသိရသည်။




## စာ(၃၃) - ရွှေဝယ်လိုအား ပြန်တက်လာ မှ

ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် ဆယ်ဒေါ်လာကျော်ထိ မြင့်တက်လာနေပြီး ပြည်တွင်းဈေးနှုန်း သိသာစွာမြင့်တက်မှု မရှိခြင်းမှာ ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးနှုန်းထက် မြင့်တက်နေခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များကခန့်မှန်းသည်။

ပြည်တွင်းရွှေဈေးနှုန်းမှာ ကမ္ဘာ့ရွှေဈေးနှုန်းထက် ကျပ် ၂၅,၀၀၀ ဝန်းကျင် ဈေးမြင့်နေကြောင်းသိရသည်။

"အထည်ဈေးကွက်က ရောင်းအားအများကြီးတက်လာတာတော့ မရှိသေးဘူး။ ရောင်းအားကောင်းတယ်လို့ ပြောလို့ရတယ်"ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။ အပိုင်းဈေးကွက်၏ ဝယ်လိုအားမှာ ယခုရက်ပိုင်းတွင် တစ်ဆကျော်ထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ ၁၅ပဲရည်ဈေးနှုန်းမှာ ၅၉၁,၀၀၀ ကျပ်မှ ၅၉၄,၄၀၀ ကျပ် ထိမြင့်တက်လာခဲ့သည်။

## စာ(၃၃) - ရေချိုငါးမျိုးစိတ်မွေးသူများ အခက်အခဲဆုံး ကာလရောက် မှ

ရေခဲရိုက်သယ်လာသော ငါးကားများကိုလည်း တန်ချိန် ချိန်တွယ်ကာ ကျသင့်ငွေတိုး၍ ကောက်ခံနေပြီဖြစ်ကြောင်း ငါးဒိုင်မှ လုပ်ငန်းရှင်တစ်ဦးကလည်း ပြောသည်။

"ဖေဖော်ဝါရီတစ်ရက် ဒီနေ့ကစပြီး ရန်ကုန်၊ မအူပင်ဘက်တွေကလာတဲ့ ရေခဲရိုက်တင်လာတဲ့ ငါးကားတွေကို တန်ချိန်နဲ့ချိန်ပြီးပေးရမယ်တဲ့။ ကျွန်တော်တို့ငါးတွေကို ရေခဲရိုက်လာတာ ရေခဲပျော်မကျသွားသေးခင် ချိန်တဲ့အခါ ငါးသားက ဘယ်လောက်မှမရှိပါဘူးဗျာ"ဟု ၎င်းကပြောသည်။

အကြောင်းများကြောင့် ငါးအသားတိုးနှုန်း တစ်ပိဿာရရန် အစာသုံးပိဿာ ကျွေးရသဖြင့် ငါးအသား တစ်ပိဿာရရှိရေး အတွက် ယခင်ကထက် ၁၅၀ကျပ် ကုန်ကျစရိတ်ပိုလာသည်။ ယခင်ကတည်းက ငါးမွေးသူများမှာ ငါးတစ်ပိဿာ ရောင်းပါက ၂၀၀ ကျပ်သာ မြတ်နေရာမှ ယခုအခါ ၅၀ ကျပ်ပင် မမြတ်တော့ခြင်းမှာ ငါးဝယ်သူများက ယခင်ကထက် ဈေးလျှော့ဝယ်လာသောကြောင့် ဖြစ်ကြောင်း ၎င်းကပြောသည်။

"အရင်က တူးအပ်(နှစ်ကီလိုခွဲအရွယ်) တစ်ပိဿာကို ၂,၃၀၀ ကျပ်ပေးတာ အခု ၁,၈၀၀ လောက်ပဲဆိုတော့ အဲဒီမှာရင် ၅၀၀ လျော့တော့ မရှုံးဘဲနေမလားဗျာ" ဟု ငါးမြစ်ချင်းမွေးမြူရေးသမားတစ်ဦးက လည်း ပြောသည်။

ထိုသို့ ဖြစ်ရသည်မှာ ၂၀၁၀ ခုနှစ် စက်တင်ဘာမှ စတင်ကာ ယခုနှစ် ဖေဖော်ဝါရီလဆန်းအထိ ကူဝိတ်မှတစ်ဆင့် အီရတ်သို့ တင်ပို့မှုရပ်ဆိုင်းသွားခြင်းနှင့် ဆော်ဒီအာရေးဗီးယားမှ ဝယ်ယူမှုတန့်နေခြင်းကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

"အခု နွေရာသီရောက်တော့မှာမို့ နေပူလာပြီ။ မနှစ်ကလို ဖြစ်ရင်တော့ ရှုံးရာက ဆုံးရတော့မယ်။ ငါးတွေ ရာသီဥတုဒဏ် မခံနိုင်ဘဲ သေကျေပျက်စီးမှာစိုးတော့ မြန်မြန်ကန်ဖော်ပြီး ရတဲ့ဈေးနဲ့ ရောင်းထုတ်မယ်။ ထပ်မွေးဖို့တော့ အများအခြေအနေကို ကြည့်လုပ်မယ်"ဟု မွေးမြူရေးသမားတစ်ဦးက ၎င်းအခြေအနေမှန်ကို ပြောသည်။

ရေချိုငါး အမယ်စုံမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သော ဒေါက်တာမြင့်စိန်က "ရှုံးရင်မရောင်းသေးဘူး၊ ရှိသမျှ ဘဏ်မှာပေါင်ပြီး ဒီအတိုင်း ရသလောက်ထားကြည့်မယ်၊ ကန်မဖော်သေးဘူး"ဟု ၎င်း၏ခံနိုင်ရည်ကို တွက်ဆပြောသည်။

ရေချိုငါးမျိုးစိတ်မျိုးစုံ မွေးမြူကြရာတွင် ငါးမြစ်ချင်း ငါးမျိုးစိတ်ကို အဓိကထား မွေးမြူသူများပြားသကဲ့သို့ ငါးကြင်းလုံး၊ ငါးတန်၊ ငါးသိုင်းခေါင်းပွ၊ တီလားပီးယားငါးမျိုးစိတ်များကိုလည်း အများအပြားမွေးမြူကြသည်။

"ဘာပဲပြောပြော အခြေခံဆိုတဲ့အတိုင်း တစ်ခုခုဖြစ်ပြီဆို အခြေက စခံရတာပဲ။ ကျွန်တော်တို့လို အခြေခံထုတ်လုပ်သူတွေဖြစ်တဲ့ မွေးမြူထုတ်လုပ်သူတွေပဲ ခံကြရတာ"ဟု ဦးသန်းလွင်က ပြောသည်။

အထက်ပါ အကြောင်းရင်းပေါင်းစုံကြောင့် ငါးမွေးကန်မဖော်ရသေးသူများရော ဖော်ပြီးများပါ နောက်ထပ် မွေးမြူရေးအတွက် အခက်အခဲဆုံးကာလနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း ပြောကြသည်။

"ရေချိုငါး တင်ပို့မှုက ဖေဖော်ဝါရီလထဲမှာ တရုတ်နှစ်ကူးရှိနေတော့ ဝယ်တာက ဘင်္ဂါလီနိုင်ငံ၊ စားတာက ဘင်္ဂါလီတွေဆိုတော့ အဝယ်တော့ လျော့နေဦးမယ်'ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကလည်း သုံးသပ်သည်။


၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ကာလအတွင်း ငါးမွေးမြူရေးကန်ဧက ၂၁၇,၀၀၀ ခန့်ရှိပြီး ပြည်ပသို့ ရေထွက်ကုန်တင်ပို့မှု စုစုပေါင်းမှာ ၂၀၁၁ ဇန်နဝါရီ ၃၀ ရက်အထိ ကန်ဒေါ်လာသန်းပေါင်း ၄၆၄ ဒသမ ၉၆၃ သန်းရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## 7DAY BOOK REVIEW

# ဘဝမှတ်တမ်း

## နေဝင်း (လန်ဒန်)

ဘီဘီစီ မြန်မာပိုင်းသတင်းဌာနတွင် ၁၉၆၀ မှ ၁၉၆၂ ခုနှစ်ထိနှင့် ၁၉၇၇ မှ ၁၉၉၅ ခုနှစ်ထိ နှစ်ကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့သော ဦးနေဝင်း(လန်ဒန်)၏ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ ဘဝမှတ်တမ်းစာအုပ်ဖြစ်သည်။



မြန်မာစာနယ်ဇင်း လောကနှင့် အနုပညာလောကတွင် နာမည်တူ နေဝင်း အများအပြားရှိခဲ့သည်။ ဥပမာ ဗိုလ်ချုပ်အောင်ဆန်း၏ အပါးတော်မြဲ တက္ကသိုလ်နေဝင်း၊ စာရေးဆရာမောင်နေဝင်း၊ တေးရေးကိုနေဝင်း စသဖြင့်ရှိခဲ့ကြသည်။ ယခု ဦးနေဝင်းသည် ဘီဘီစီနေဝင်းအဖြစ် လူသိများသော မြန်မာသောတရှင်များကြားတွင် သူ၏ အသံလွှင့်အစီအစဉ်များ၊ လေယူလေသိမ်း တက်သံကျသံ၊ စကားအဖြတ်အတောက် ဌာန်ကရုဏ်းကျမှုများဖြင့် လေလှိုင်းထဲတွင်လူသိများ ထင်ရှားအောင်မြင်သောသမိုင်းကြောင်းရှိသူဖြစ်သည်။

ဘီဘီစီဦးနေဝင်းသည် သူဖြတ်သန်း ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဘဝအထွေထွေကို ပထမတွဲ၊ ဒုတိယတွဲခွဲကာ ပြည့်ပြည့်စုံစုံ ရေးသားတင်ပြထားခဲ့ပြီး ယခုစာအုပ်မှာ ဒုတိယတွဲဖြစ်သည်။ စာရေးသူသည် ၁၉၅၇ ခုနှစ်တွင် ခေတ်ပညာ ဘီအေဘီအယ်လ်အောင်၊ သတင်းစာပညာ ဒီပလိုမာဘွဲ့ရ၊ အထောက်တော်ဦးအုန်းမြင့်၏အထောက်တော်သတင်းစာ ညလက်ထောက်အယ်ဒီတာ၊ ထိုမှ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနနည်းပြ၊ မြန်မာ့အသံထုတ်လွှင့်ရေးအရာရှိ၊ ယင်းမှ ဗြိတိန်နိုင်ငံသို့သွားရောက်ပြီး ကမ္ဘာကျော် ဘီဘီစီ မြန်မာပိုင်း အစီအစဉ်ထုတ်လွှင့်သူ၊ ထိုမှတစ်ဖန် မြန်မာနိုင်ငံသို့ ပြန်လာကာ ဗဟိုတရားရုံး ရှေ့နေ၊ ထိုမှ ဗြိတိန်နိုင်ငံသို့ ပြန်လည်သွားရောက်၍ ဘီဘီစီ မြန်မာပိုင်းအစီအစဉ်၏ အထက်တန်းထုတ်လွှင့်ရေးမှူးအဖြစ်အောင်မြင်စွာဖြတ်သန်းခဲ့သလို 'မြန်မာ့ဆေးမြီးတိုများ'၊ 'ဆရာတော်ကြီးများနှင့် တွေ့ဆုံလျှောက်ထားခန်း' စသည့် ထင်ရှားသောစာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။

ဆရာဦးနေဝင်း၏ ဖြတ်သန်းမှုမှတ်တမ်းသည် ရေစုန်ကို ကိုယ်ဖော့၍ မျှောလိုက်တတ်သူမျိုး၏ စရိုက်လက္ခဏာမဟုတ်။

ကမောက်ကမ ရေဆန်လေထန် ခရီးကြမ်းထဲ၌ ရေဝဲနှင့်လှိုင်းတံပိုးဒဏ်ကို လက်ပန်းကျမခံဘဲ ဖွဲလုံ့လဝီရိယကို အရင်းပြုလျက် အန်တုဆန်တက်၍ လူ့ဘဝတန်ဖိုးကို ကိုယ့်ဘာသာ မြှင့်တင်ရင်း လူ့ဝန်းကျင်၌ အထိုက်တန်ဆုံးက္ကန္ဒြေရရ နေထိုင်နိုင်အောင် ကြိုးပမ်းအားထုတ်ခဲ့သူတစ်ဦး၏ ဂုဏ်ရောင်ပြောင် အတ္ထုပ္ပတ္တိဖြစ်ပါသည်ဟု မောင်သွေးသစ်က သူ၏အမှာစာတွင် မှတ်တမ်းတင်ခဲ့သည်။ ထို့ပြင် စာရေးဆရာ မော်ဝန်းကြည်မြတ်၏အမှာစာတွင်

သူသည်. . .

ဗြိတိသျှနိုင်ငံသုံး ငွေ စတာလင် ပေါင် ၇ ပေါင် မြန်မာငွေ ၅၁ ကျပ်တည်းဖြင့် မြန်မာနိုင်ငံမှ ယူနိုက်တက်ကင်းဒမ်း (ယူကေ)သို့ စွန့်စားထွက်ခွာခဲ့သူ။

ကမ္ဘာကျော် ဘီဘီစီ အသံလွှင့်ဌာနတွင် နှစ်ကြိမ်တိုင် ကာလကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်းမြန်မာစာပေယဉ်ကျေးမှု အမွေအနှစ် အကြောင်းအရာများကို ထုတ်လွှင့်၍ အမျိုးသားရေးတာဝန် ကျေပွန်ခဲ့သူ။

သူ၏ဘဝမှတ်တမ်း (ပထမတွဲ၊ ဒုတိယတွဲ)စာအုပ်သည်ဘဝတစ်လျှောက် ပုဂ္ဂိုလ်ရေးရာများနှင့် ပြွမ်းတီးနေသည်ဟု ထင်မှတ်စရာရှိသော်လည်း သူ၏ ပုဂ္ဂိုလ်ရေးရာ အကြောင်းခြင်းရာများသည်ပင် လေ့လာစရာ၊ သင်ခန်းစာထုတ်ယူစရာ၊ အားကျအတုယူစရာ၊ ချီးကျူးဂုဏ်ပြုဖွယ်ရာများနှင့် ပြည့်စုံကြွယ်ဝနေသည်ကတော့ အမှန်ပင်ဟု ရေးသားထားပါသည်။

ယခုစာအုပ်သည် ဘဝအောက်ခြေမှစ၍ ရုန်းကန်လှုပ်ရှား ရင်ဆိုင်ကျော်ဖြတ်ရင်း အောင်မြင်ခဲ့သော လူပုဂ္ဂိုလ်တစ်ဦး၏ဘဝကို စိတ်ဝင်စားဖွယ် လေ့လာဖတ်ရှုရမည့်စာအုပ်ကောင်းတစ်အုပ်ဟု ဆိုချင်ပါသည်။

မြင်းခြံစာပေမှ တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

## Knowledge ဗဟုသုတ

### လက်တွဲဖော်များနှင့် လမ်းခွဲရသည့်အကြောင်းရင်း

ကမ္ဘာတစ်လွှားရှိ နိုင်ငံပေါင်း ၁၅ နိုင်ငံကို စစ်တမ်းကောက်ယူချက်အရ နိုင်ငံ ၁၀ နိုင်ငံက အိမ်ထောင်စုအတွင်း မတရားညှဉ်းပန်းနှိပ်စက်ခံရသည့်အချက်ကို အိမ်သူသက်ထားဇနီး၊ ခင်ပွန်းတို့နှင့် လမ်းခွဲရခြင်း၏အကြောင်းရင်းဖြစ်ကြောင်း အများဆုံးဖြေကြားခဲ့ကြသည်။ နိုင်ငံ ငါးနိုင်ငံကမူ ဖောက်ပြန်ခြင်းကိစ္စရပ်ကလက်မခံနိုင်ဆုံးဖြစ်သည်ဟုဆိုခဲ့ကြသည်။ ကမ္ဘာတစ်လွှားကို ကြည့်မည်ဆိုလျှင် အမျိုးသား၊ အမျိုးသမီးများသည် ၎င်းတို့လက်တွဲဖော်များ၏ ရုပ်ပိုင်းဆိုင်ရာပြဿနာများဖြစ်သော အလုပ်အကိုင်မရှိခြင်းနှင့် ကိုယ်ခန္ဓာအဝလွန်ခြင်းတို့ကိုသည်းခံနိုင်စွမ်းမရှိကြဘဲ ကွာရှင်းရခြင်း၏အကြောင်းရင်းများအဖြစ် တွေ့ရှိလာခဲ့သည်။ စစ်တမ်းများအရ ဖောက်ပြန်ခြင်းအချက်သည် နိုင်ငံ ၁၂ နိုင်ငံမှအမျိုးသားများ လက်မခံနိုင်ဆုံးအကြောင်းရင်းဖြစ်ပြီး ဖောက်ပြန်ခြင်းကိုမက္ကဆီကိုနိုင်ငံမှ ၇၁ ရာခိုင်နှုန်း၊ တရုတ်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့က ၇၀ ရာခိုင်နှုန်းဖြင့် လက်မခံထားနိုင်ကြောင်း တွေ့ရှိရသည်။

ကိုယ်အလေးချိန်ပြဿနာကို ဂျာမနီနိုင်ငံက ၂၀ ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံက ၁၃ ရာခိုင်နှုန်းဖြေကြားထားကြပြီး၊ အိမ်ထောင်စုအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု အကြောင်းပြချက်ကို ပြင်သစ်နိုင်ငံက ၆၇ ရာခိုင်နှုန်း၊ ဩစတြေးလျနှင့် ကနေဒါနိုင်ငံတို့က ၅၇ ရာခိုင်နှုန်း၊ နယ်သာလန်နိုင်ငံက ၅၅ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုက ၅၄ ရာခိုင်နှုန်း၊ ရုရှားနှင့်အင်္ဂလန်က ၄၉ ရာခိုင်နှုန်း၊ ဘရာဇီးနှင့်မလေးရှားနိုင်ငံက ၄၈ ရာခိုင်နှုန်း၊ ဂျာမနီနိုင်ငံက ၃၉ ရာခိုင်နှုန်းဖြင့် ဖြေကြားခဲ့ကြကြောင်း သိရသည်။

—Source: Reader's Digest

## တစ်ပတ်တာ ကံကြမ္မာ

**ဖေဖော်ဝါရီ ၉ ရက် မှ ၁၅ ရက် အထိ**

### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ရန်ကို ထိပ်တိုက်ရင်ဆိုင်ခြင်းမပြုပါနှင့်။ ဉာဏ်ပရိယာယ်သုံး၍ ရှောင်ရှားပြီးမှ ရင်ဆိုင်ဖြေရှင်းပါ။ ဖြစ်လာသည့်ပြဿနာများကို တစ်ကြိမ်မက စဉ်းစားပြီးမှဆုံးဖြတ်ပါ။ အလောတကြီးလုပ်ရန် လုံးဝမသင့်လျော်ပါ။ တစ်ပါးသူက ဤကိစ္စ ဤနေရာတွင် ဆုံးဖြတ်မှအဆင်ပြေမည်။ နောက်ကျသွားလျှင် ဆုံးရှုံးမည်ဟုတိုက်တွန်းမှုမျိုး မည်သို့ပြုစေ အေးအေးဆေးဆေးလုပ်ပါ။ အကျိုးရှိမည်။ မေတ္တာရေးကံကောင်းသည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ထူးခြားသောငွေဝင်ခြင်းမျိုးကြုံမည်။ ကာလအတန်ကြာ ပိတ်နေသောလမ်းကြောင်းများပေါ်မည်။ ဘဝအတွက် တိုးတက်မှုများ ဖြစ်ထွန်းစေသော ကံကောင်းခြင်းများကြုံမည်။ ကာလအတန်ကြာ မြုပ်နေသည့် မိမိပိုင်၊ မိသားစုပိုင်ကုန်ပစ္စည်းများ အမြတ်အစွန်းကောင်းစွာရရှိရောင်းထွက်မည်။ ကိုင်တွယ်ထားသည့် အရောင်းထိုင်းပစ္စည်းများ အရောင်းအဝယ်သွက်လက်မည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အပြောင်းအလဲသစ်ရှိမည်။ အခက်အခဲများဖြေရှင်းနိုင်မည်။ မမျှော်လင့်ဘဲ လုပ်လိုက်သည်များမှ အောင်မြင်မှုများရရှိမည်။ စီမံကိန်းဆွဲပြီး ကျကျနနဆောင်ရွက်ထားသည်များအားလုံးတလွဲတချော်ဖြစ်မည်။ မိမိအားကိုးအားထားပြုသောသူများသည်လည်း အညံ့နှင့်ကြုံရတတ်သည်။ မထင်မှတ်ထားသောကိစ္စများ တစ်မျိုးပြီးတစ်မျိုးပေါ်မည်။ ရေရှည်လုပ်သောလုပ်ငန်းထက် ချက်ချင်းလုပ်သောလုပ်ငန်းအဆင်ပြေမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

အကောင်းအဆိုးရောထွေးနေသည်။ ငွေကြေးကံကောင်းမည်။ ကိုယ်လုပ်နေသောကိစ္စတွင် စိတ်မဝင်စားသလိုဖြစ်မည်။ လုပ်ငန်းတွင် မကြာခဏပြဿနာဖြစ်မည်။ သူတစ်ပါးက ကိုယ့်ကို အကြောင်းမဲ့ဒုက္ခပေးပြီး အကျိုးမဲ့အောင်ပြုမည်။ မကောင်းသတင်း၊ အတင်းအဖျင်းပြောမည်။ ကျိန်းသေတွက်ဆထားသည်များ တလွဲတချော်ဖြစ်မည်။ ကိုယ်က ကူညီထားသူကပင် ကျေးဇူးမသိသောကိန်းဆိုက်မည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အခွင့်အရေးနှစ်မျိုး တစ်ပြိုင်နက်တည်းကြုံမည်။ အလုပ်နှစ်မျိုး အောင်မြင်မည်။ ကြုံတွေ့နေရသည့်ပြဿနာသုံးခုကို အပြီးသတ်ဖြေရှင်းနိုင်မည်။ ရုတ်တရက် ပေါ်လာသောအခွင့်အရေးကို အသုံးချ၍ တိုးတက်မှုရမည်။ မိမိစိတ်ကူးရည်ရွယ်ချက်များကို ပိုင်ပိုင်နိုင်နိုင်အသုံးချ၍ တိုးတက်မှုရရှိမည်။ ခရီးကိစ္စအဆင်ပြေမည်။ သူတစ်ပါးကြောင့် မိမိတွင် ငွေကုန်၊ စိတ်ပန်းဖြစ်မည်။ ငွေလက်လွှန်တတ်သည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

အလုံးစုံကောင်းသည်။ မိမိလိုလားချက်များ အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ စိတ်ချမ်းမြေ့မှုများရမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများ အောင်မြင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ မိသားစုနှင့်ပတ်သက်သောကောင်းသတင်းများကြုံတွေ့ရမည်။ စန်းပွင့်မှုမြင့်မားမည်။ ကျန်းမာရေးဂရုစိုက်သင့်သည်။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အဘက်ဘက်မှ အဆင်ပြေမည်။ လုပ်သမျှအောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ရည်ရွယ်ထားသည်များ ပြည့်ဝမည်။ စိတ်ကူးသစ်၊ အကြံသစ်များ အကောင်အထည်ဖော်၍အောင်မြင်မည်။ ခါတိုင်းထက်ပို၍ငွေဝင်မည်။ ပျိုရွယ်သူများ မိမိလိုလားချက်၊ ရည်ရွယ်ချက်များပြည့်ဝမည်။ အလွန်စန်းပွင့်မည်။ ငွေကြေးအကုန်အကျများမည်။ ရည်မှန်းထားသည်ထက်ပို၍ အသုံးစရိတ်ကြီးမားနေမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

အပြောင်းအလဲကောင်းများရှိမည်။ လူမျိုးကွဲအကျိုးပေးမည်။ ငွေကြေးကံကောင်းမည်။ ပစ္စည်းအပျောက်အရှုရှိတတ်သည်။ မောင်နှမသားချင်းကိစ္စများ၊ ဆွေမျိုးကိစ္စများအတွက် စိတ်အနှောင့်အယှက်များရှိသည်။ နိုင်ငံခြားခရီးကံပေါ်မည်။ ခရီးကိစ္စ စီစဉ်ထားသူများ လိုရာခရီးရောက်မည်။ အိမ်တွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ဖြစ်မည်။ ရပ်ဝေးမှ အတတ်ပညာများကို လေ့လာအောင်မြင်မည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ရွှေရန် အခွင့်အလမ်းနှစ်မျိုး တစ်ပြိုင်တည်း ကြုံတတ်သည်။ အလုပ်အကြံအစည်တစ်ခု မပြီးမီ နောက် တစ်မျိုးဆောင်ရွက်ရန်ကြုံမည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စ ပြဿနာငယ်အချို့ဖြေရှင်းရမည်။ ခြံ၊ ကား၊ အခန်းနှင့်ပတ်သက်၍ ငွေဝင်မည်။ နေရာအပြောင်းအလဲကိစ္စအဆင်ပြေမည်။ အိမ်မှသူများ တစ်ဦးပြီးတစ်ဦး ဖျားနာခြင်းရှိမည်။ တစ်ယောက်တစ်မျိုးစီ အဖုံဖုံအလီလီငွေကုန်ခြင်းများရှိမည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

အထူးကောင်းသည်။ ဆောင်ရွက်သမျှအောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ အလုပ်အကြံအောင်မည်။ သူတစ်ပါးနှင့်မတူသောရှုထောင့်မှ တွေးခေါ်၍ သေသေသပ်သပ် ပိုင်ပိုင်နိုင်နိုင်နှင့် လုပ်ငန်းများဆောင်ရွက်အဆင်ပြေမည်။ ဘာသာစကား လေ့လာမှုများ အကျိုးပေးမည်။ ပညာနှင့်ပတ်သက်၍ လုပ်ငန်းအကျိုးပေးမည်။ ငွေကြေးကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် စကားပြောဆိုရမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

အထူးကောင်းသည်။ ရည်မှန်းချက်သစ်အောင်မြင်မည်။ မိမိဆောင်ရွက်သမျှ ထိထိမိမိနှင့်တိုးတက်မည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်မည်။ ကြန့်ကြာနေသော အခက်အခဲများကို ကျော်လွှားနိုင်မည်။ ထိပ်တိုက်ရင်ဆိုင်လာသော ရန်အပေါင်းကိုကျော်လွှားနိုင်မည်။ လုပ်ငန်းသစ်၊ အကြံသစ်များကို ရှေ့တိုးဆောင်ရွက်၍ ထူးခြားစွာအကျိုးရှိမည်။ ညာခြေ၊ ညာလက်တွင် မတော်တဆထိခိုက်တတ်သည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အထူးကောင်းသည်။ ရည်မှန်းချက်သစ်အောင်မြင်မည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်မည်။ မိမိအပေါ်တွင် အန္တရာယ်ပေးသူများ တစ်စတစ်စကင်းဝေးသွားမည်။ မနာလိုသူများ ပပျောက်သွားမည်။ ဆောင်ရွက်သည့်ကိစ္စအလုံးစုံ ထူးထူးခြားခြား အဆင်ပြေမည်။ ကိုယ်တိုင်တွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ ဥစ္စာခနေတိုးပွားမည်။ ထူးခြားသော ပညာသင်တန်းများ လေ့လာရန်ကြုံမည်။

Vol.9, No.46 • FEBRUARY 10, 2011



# အမေရိကန်အတွက် အီဂျစ်သင်ခန်းစာ

ကြည်နေဝင်းမင်း

ဇန်နဝါရီလ ၂၅ ရက်နေ့ အီဂျစ်နိုင်ငံမှာ အမေရိကန်က ထောက်ခံတဲ့ သမ္မတဟို့စနီမူဘာရက်အစိုးရကို ဆန့်ကျင်ပြီး လူထုဆန္ဒပြပွဲတွေ ဖြစ်ပေါ်ခဲ့တဲ့အချိန်မှာ အမေရိကန်နိုင်ငံသား ငါးသောင်းကျော်လောက် အီဂျစ်နိုင်ငံမှာရှိနေပါတယ်။ သူတို့ထဲက တော်တော်များများဟာ သာမန်အားဖြင့် အီဂျစ်ခရီးသွားရာသီအစမှာနာမည်ကျော်ပိရမစ်တွေဆီကိုသွားရောက် လည်ပတ်နေကြတာဖြစ်ပါတယ်။ အခုအချိန်မှာတော့ အမေရိကန်အစိုးရက နိုင်ငံသားတွေကို ဟိုတယ်တွေမှာပဲနေဖို့နဲ့ ဆန္ဒပြပွဲတွေကို ဝေးဝေးရှောင်နေဖို့ အကြံပေးထားပါတယ်။ ဖေဖော်ဝါရီ ၁ ရက် အီဂျစ်ကို ကျွန်တော်ရောက်သွားတဲ့အချိန်မှာ အမေရိကန်နိုင်ငံ တံဆိပ်ကြီး ပြူးပြူးပြဲပြဲကပ်ထားတဲ့ အမေရိကန်အစိုးရ ဂျက်လေယာဉ်ကြီးကိုင်ရိုနိုင်ငံတကာလေဆိပ်မှာ ရပ်ထားပါတယ်။ အမေရိကန်သံတမန်တွေနဲ့ သူတို့မိသားစုတွေကို အမေရိကန်ပြန်ခေါ်သွားဖို့ပါ။

အီဂျစ်မှာ မြင်တွေ့ရတဲ့မြင်ကွင်းဟာ ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေးကို အမှတ်ရစေပါတယ်။ အဲဒီတုန်းက အမေရိကန်ကထောက်ကန်ပေးထားတဲ့ အာဏာရှင် တစ်ယောက်ဖြစ်တဲ့ ရှားဘုရင် ပြုတ်ကျသွားတဲ့အချိန်မှာ အစွန်းရောက်တွေဟာ တီဟီရန်မှာရှိတဲ့ အမေရိကန်သံရုံးကိုဝင်ရောက်စီးနင်းခဲ့ကြပါတယ်။ အီဂျစ်မှာအဲဒီလိုမျိုး ထပ်ဖြစ်မှာစိုးလို့လားတော့ မသိဘူး။ ကိုင်ရိုမြို့လယ်မှာရှိတဲ့ အမေရိကန်သံရုံးအဝင်ဝမှာ အမေရိကန် ဒီဇိုင်းထုတ်ပေးထားတဲ့ အီဂျစ်အာဘရမ်သံချပ်ကာကားတစ်စီးက စောင့်ကြပ်နေပါတယ်။ အမေရိကန်သံရုံးကလည်း ကန့်ကွက်ဆန္ဒပြမှုတွေရဲ့ ဗဟိုချက်ဖြစ်တဲ့ တာရာရင်ပြင်နဲ့ နှစ်လမ်းသုံးလမ်းလောက်ပဲဝေးတာပါ။

ဒါပေမဲ့ ဒါဟာ ၁၉၇၉ မဟုတ်ပါဘူး။ ကိုင်ရိုကလမ်းတွေပေါ်မှာ အမေရိကန်အလံတွေကို မီးရှို့မနေကြပါဘူး။ ကျောင်းကိစ္စတွေနဲ့ အီဂျစ်မှာ ရောက်နေတဲ့ အမေရိကန် ကောလိပ်ကျောင်းသားတွေ ဆန္ဒပြပွဲတွေကိုသွားမလေ့လာကြတာလည်း တော်တော်ဆိုးပါတယ်။ ဆန္ဒပြသူတွေဟာ အမေရိကန် ဧည့်သည်တွေကို ယဉ်ကျေးပျူငှာကြရုံတင်မကပါဘူး။ မူဘာရက်ရဲ့ အုပ်ချုပ်မှုအဆုံးသတ်ဖို့ တောင်းဆိုနေတဲ့ အီဂျစ်ပြည်သူလူထုအုံကြွမှုဟာ တကယ်တော့ အမေရိကန်နဲ့ အီဂျစ်နိုင်ငံကြားပိုကောင်းတဲ့ ဆက်ဆံရေးဖြစ်ပေါ်လာဖို့ လမ်းစဖြစ်နိုင်ပါတယ်။

အမေရိကန်က ကြားဝင်စေ့စပ်ပေးခဲ့ပြီး ၁၉၇၉ ခုနှစ်မှာ အစ္စရေးနဲ့ အီဂျစ်ကြားချုပ်ဆိုခဲ့တဲ့ Camp David ငြိမ်းချမ်းရေးသဘောတူညီချက်ဟာ အရှေ့အလယ်ပိုင်းဒေသမှာ အမေရိကန်နိုင်ငံခြားရေးပေါ်လစီရဲ့ အခြေခံအုတ်မြစ်ဖြစ်ပေမယ့်လည်း အီဂျစ်နဲ့အမေရိကန်တို့ရဲ့ ဆက်ဆံရေးပုံမှန်မလည်ပတ်ခဲ့တာကြာပါပြီ။ အစ္စရေးနိုင်ငံကို အကာအကွယ်ပေးရေး အမေရိကန်ရဲ့ ကြိုးပမ်းမှုတွေမှာ အီဂျစ်နိုင်ငံက ဆက်လက်ထောက်ခံနေတဲ့အတွက် အမေရိကန်က အီဂျစ်ကို ဒေါ်လာဘီလီယံနဲ့ချီပြီး အကူအညီတွေပေးခဲ့ကာ မူဘာရက်အစိုးရရဲ့ အာဏာရှင်ဆန်ဆန်ပေါ်လစီတွေကို မမြင်ချင်ယောင်ဆောင်နေခဲ့ပါတယ်။ သို့သော်လည်း အီဂျစ်အစိုးရရဲ့ ထင်ရာစိုင်းတဲ့နည်းနာတွေနဲ့ အမေရိကန်ကို ထောက်ခံတဲ့ပေါ်လစီတွေဟာ ပါလက်စတိုင်း-အစ္စရေး ငြိမ်းချမ်းရေးကိစ္စလိုပဲ လူထုကြားထဲမှာ ပေါ်ပြူလာမဖြစ်ခဲ့တာကြာပါပြီ။ Camp David သဘောတူညီချက်ရဲ့ အန္တိမရည်မှန်းချက်ဖြစ်တဲ့ ပါလက်စတိုင်း-အစ္စရေးငြိမ်းချမ်းရေးဟာလည်း ဘယ်တော့မှ အကောင်အထည်ပေါ်မလာခဲ့ပါဘူး။

အီဂျစ်နိုင်ငံမှာမလွဲမသွေကြုံတွေ့ရမယ့် ပြိုကွဲမှုဟာ ရုပ်ဆိုးကျည်းတန်လိမ့်မယ်ဆိုတာကို အမေရိကန်က အချိန်အတော်ကြာကြာကပဲ စိုးရိမ်နေခဲ့ပြီး မစ္စတာမူဘာရက်ကို အစားထိုးမယ့် လူဟာလည်း အီဂျစ်ရဲ့ အကြီးမားဆုံး အတိုက်အခံပါတီ မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ ဖြစ်လိမ့်မယ်ဆိုတာကိုလည်း အမေရိကန်က စိုးရိမ်နေခဲ့ပါတယ်။ မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ဟာလည်း အစ္စရေးကိုဆန့်ကျင်တဲ့ ပါလက်စတိုင်းစစ်သွေးကြွအုပ်စု ဟားမားစ်အဖွဲ့နဲ့ အဆက်အသွယ်ရှိတဲ့ အဖွဲ့ပါ။



ဒါပေမဲ့ ကျယ်ကျယ်ပြန့်ပြန့်ထောက်ခံမှုရှိတဲ့ လူထုအင်အားနဲ့ မူဘာရက်အစိုးရကို ဘေးဖယ်ထုတ်နေကြတယ်ဆိုတဲ့ အချက်ဟာ နှစ်နိုင်ငံဆက်ဆံရေးတာရှည်ခံရေး ပြန်လည်တည်ဆောက်ရေး အမေရိကန်နိုင်ငံအတွက် အခွင့်အခါကောင်း ဖြစ်နိုင်ပါတယ်။ အရှေ့အလယ်ပိုင်း ဒေသမှာ စစ်အေးဖြစ်စေတဲ့ ဟစ်ဘိုလာ၊ ဆီးရီးယား၊ ဟားမားစ်၊ အီရန်စတဲ့ အမေရိကန်ဆန့်ကျင်ရေး၊ အစ္စရေးဆန့်ကျင်ရေး ဝင်ရိုးတန်းနဲ့ တစ်ထပ်တည်းကျဖို့ အီဂျစ်ပြည်သူတွေက သူတို့နိုင်ငံရဲ့ အုပ်ချုပ်သူကို ဆန့်ကျင်နေကြတာမဟုတ်ပါဘူး။

တာရာရင်ပြင်မှာ အော်ဟစ်နေကြတဲ့ ကြွေးကြော်သံတွေ၊ ရေးသားထားတဲ့ စာသားတွေ၊ အမှတ်အသားတွေထဲမှာတောင် အစ္စရေးကိုရည်ညွှန်းထားတဲ့ အမှတ်အသားတစ်ခုပဲ တွေ့မိပါတယ်။ လမ်းဘေးမီးတိုင်မှာ ချိတ်ဆွဲထားတဲ့ မူဘာရက်ပုံတူမှာ အစ္စရေးအလံပုံစံကြယ်နဲ့ နက်ကတိုင် တစ်ခုတင်ထားခြင်း ဖြစ်ပါတယ်။ အာရပ်ကမ္ဘာနိုင်ငံရေး ဆန္ဒပြပွဲတစ်ခုမှာဒါဟာ ဘာမှမဟုတ်ပါဘူး။ ဆန္ဒပြသူတစ်ယောက်က ကျွန်တော့်နားကပ်လာပြီး အခုလိုပြောပါတယ်။ "ဒါဟာ အစ္စရေးနဲ့ မပတ်သက်ဘူးဆိုတာ အမေရိကန်တွေကို သိစေချင်ပါတယ်။ ကျွန်တော်တို့ဟာ အစ္စရေးနဲ့ အေးဆေးပါပဲ။ ကျွန်တော်တို့ အေးအေးဆေးဆေး မဖြစ်တာက မူဘာရက်နဲ့ပါ" ဟူ၍. . .

တကယ်တော့ အီဂျစ်နိုင်ငံသားတွေဟာ ကမ္ဘာပေါ်မှာသူတို့နိုင်ငံအတွက် ဂုဏ်ယူဝံ့ကြွားနိုင်တဲ့ပုံမှန်ခေတ်မီ နိုင်ငံဖြစ်ဖို့၊ သူတို့ရဲ့ ခေါင်းဆောင်တွေနဲ့ နိုင်ငံခြားပေါ်လစီကို သူတို့ကိုယ်တိုင်ရွေးချယ်တဲ့ နိုင်ငံဖြစ်ဖို့၊ သူများပေးကမ်းတာတွေကို လက်ဝေခံရယူပြီး လူမှုအဆင့်အတန်းနိမ့်ကျလာတဲ့ စာရိတ္တတန်ဖိုးတွေ လျော့ပါးလာတဲ့ နိုင်ငံမဖြစ်ဖို့ အတွက် လမ်းပေါ်ထွက်ဆန္ဒပြကြတာပါ။ ဒါဟာ ဘာအဓိပ္ပာယ်လဲဆိုတော့ အီဂျစ်မှာ ထွက်ပေါ်လာမယ့် အစိုးရသစ်ဟာ လုံခြုံရေးပေါ်လစီမှာ အစ္စရေးနဲ့ ပူးပေါင်းဆောင်ရွက်ချင်မှ ဆောင်ရွက်ပါလိမ့်မယ်။ ပါလက်စတိုင်းအရေးအတွက် ပိုပြီးအားစိုက်ကြိုးပမ်းကောင်းကြိုးပမ်းပါလိမ့်မယ်။ ဒါပေမဲ့ အီဂျစ်ဟာ စစ်ကိုတော့ မလိုလားပါဘူး။

"ဒေးဗစ်စခန်းကိစ္စ (ပါလက်စတိုင်း-အစ္စရေးငြိမ်းချမ်းရေးကိစ္စ) ဟာ အီဂျစ်နိုင်ငံမှာတင်မကဘဲ အရှေ့အလယ်ပိုင်း တစ်ခုလုံးမှာရှိတဲ့ အကြောင်းအရာဖြစ်ပါတယ်" လို့ အီဂျစ်နိုင်ငံခြားရေးဌာနမှာ ထိပ်တန်းအရာရှိတစ်ဦးဖြစ်ခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ အတိုက်အခံပါတီခေါင်းဆောင်ဖြစ်လာတဲ့ မစ္စတာနာဂူအီ အယ်လ်ဂါထရီဖီက ပြောကြားပါတယ်။ ဆန္ဒပြနေတဲ့ တာရာရင်ပြင် ဝတ်ပြုဆုတောင်းပွဲတစ်ခုအပြီးမှာ သူနဲ့ စကားပြောခဲ့တာဖြစ်ပါတယ်။

"အရှေ့အလယ်ပိုင်းကို ကြည့်လိုက်မယ်ဆိုရင် အဖိနှိပ်ချုပ်ချယ်ဆုံးအစိုးရတွေသာ အစ္စရေးနဲ့ဆက်ဆံရေးပုံစံဟောင်းတွေကို လိုက်နာကျင့်သုံးနေကြတာပါ။ ဒါပေမဲ့ ဒါဟာ အီဂျစ်ပြည်သူတွေအနေနဲ့ ပါလက်စတိုင်းမှာဖြစ်စေ၊ ပြည်တွင်းမှာဖြစ်စေ တရားမျှတမှု မရှိတာတွေကို လက်သင့်ခံမယ်ဆိုတဲ့ အဓိပ္ပာယ်မဟုတ်ပါဘူး" ဟူ၍ မစ္စတာနာဂူအီက ဆက်ပြောခဲ့ပါတယ်။

အီဂျစ်နိုင်ငံက အဖြစ်အပျက်တွေကို နိုင်ငံခြားရေး ပေါ်လစီမှန်ဘီလူးထဲကနေသာ ကြည့်ရင် ကြီးမားသော မှားယွင်းမှုဖြစ်ပါလိမ့်မယ်။

*—Ref: Time (Egypt's Crisis: What the U.S Can Learn About People Power)*

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011





## Leader's Profile

# အီဂျစ်သမ္မတ ဟိုစနီမူဘာရက်

ရဲမင်း

မိုဟာမက် ဟိုစနီဆေရစ်မူဘာရက်သည်အီဂျစ်နိုင်ငံ၏ စတုတ္ထမြောက်နှင့် လက်ရှိသမ္မတဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် ဒုတိယသမ္မတအဖြစ် ခန့်အပ်ခံခဲ့ရပြီး ၁၉၈၁ ခုနှစ်တွင်ထိုစဉ်က အီဂျစ်သမ္မတအန်နဝါဆာဒတ် လုပ်ကြံခံရပြီးနောက် ယင်းနှစ်အောက်တိုဘာလ ၁၄ ရက်တွင် အီဂျစ်သမ္မတဖြစ်လာသည်။

မူဘာရက်အား အီဂျစ်နိုင်ငံမိုနူဖီယားပြည်နယ်တွင် ၁၉၂၈ ခုနှစ်၊ မေလ ၄ ရက်၌ မွေးဖွားခဲ့သည်။ အထက်တန်းကျောင်းပြီးဆုံးချိန်တွင် မူဘာရက်သည် အီဂျစ်စစ်ဘက် အကယ်ဒမီသို့တက်ရောက်ခဲ့ပြီး စစ်ဘက်သိပ္ပံပညာဘွဲ့ရရှိခဲ့သည်။ ယင်းမှ စစ်ဘက်အကယ်ဒမီသို့ ဆက်လက်တက်ရောက်ပြီး ၁၉၅၀ပြည့်နှစ်တွင်လေယာဉ်မှူးဖြစ်လာသည်။ မူဘာရက်သည် လေတပ်တွင် တာဝန်ထမ်းဆောင်ရင်း တိုက်လေယာဉ်မှူးတစ်ဦးဖြစ်လာခဲ့သလို လေတပ်အကယ်ဒမီတွင်လည်း သင်တန်းဆရာအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၅၉ မှ ၁၉၆၁ ခုနှစ်အထိ ဆိုဗီယက်ယူနီယံတွင် အဆင့်မြင့်လေယာဉ်မှူးသင်တန်းများ ထပ်မံတက်ရောက်ခဲ့သည်။

၁၉၆၄ ခုနှစ်အထိ ဆိုဗီယက်ယူနီယံတွင် ဆက်လက်နေထိုင်ခဲ့ပြီး အီဂျစ်နိုင်ငံသို့ ပြန်လာသောအခါ လေတပ်တပ်မှူးတာဝန်များကို ထမ်းဆောင်ရင်း မူဘာရက်သည် ၁၉၆၉ ခုနှစ်တွင် အီဂျစ်လေတပ်၏ ဦးစီးချုပ်ဖြစ်လာခဲ့သည်။ ၁၉၇၃ ခုနှစ် အောက်တိုဘာ စစ်ပွဲအပြီးတွင် မစ္စတာမူဘာရက်သည် လေတပ်အကြီးအကဲ ဦးစီးချုပ်ဗိုလ်ချုပ်ကြီးဖြစ်လာသည်။

၁၉၇၅ ခုနှစ်ဧပြီလတွင် မစ္စတာမူဘာရက်အား သမ္မတအန်နဝါဆာဒတ်က အီဂျစ်နိုင်ငံ၏ ဒုတိယသမ္မတအဖြစ် ခန့်အပ်ခဲ့သည်။ သမ္မတကြီး အန်နဝါဆာဒတ်၏ ပေါ်လစီများကို မစ္စတာမူဘာရက်က သစ္စာရှိရှိ ပံ့ပိုးခဲ့ပြီး အစိုးရအဆင့် ဆွေးနွေးညှိနှိုင်းမှုအများအပြားတွင် ပါဝင်ခဲ့သည်။ အနာဂတ်တွင် ထိတွေ့တိုက်ခိုက်မှု မပြုရေး အစ္စရေးတို့နှင့်သဘောတူညီချက်အတွက် အမိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၈၁ ခုနှစ်တွင် အီဂျစ်-အစ္စရေးငြိမ်းချမ်းရေး သဘောတူညီချက်အား ဆန့်ကျင်သူ အီဂျစ်စစ်ဘက်အရာရှိများက သမ္မတအန်နဝါဆာဒတ်အား လုပ်ကြံခဲ့ရာမစ္စတာဟိုစနီမူဘာရက်သည် အီဂျစ်နိုင်ငံ၏ သမ္မတဖြစ်လာသည်။ အမျိုးသားဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌရာထူးကိုလည်း တစ်ပါတည်း ရယူခဲ့သည်။

သမ္မတ ဟိုစနီမူဘာရက်လက်ထက် ၁၉၉၁ ပင်လယ်ကွေ့စစ်ပွဲတွင် အီဂျစ်နိုင်ငံသည် မဟာမိတ်တပ်ပေါင်းစု၌ ပါဝင်ခဲ့ပြီး ကူဝိတ်နိုင်ငံမှ အီရတ်တပ်ဖွဲ့များအား တွန်းလှန်မောင်းထုတ်ရာတွင် အီဂျစ်မြေပြင်တပ်ဖွဲ့များ ပါဝင်ခဲ့သည်။ ယင်းအတွက်အီဂျစ်နိုင်ငံသည် စစ်သားတစ်ဦးအတွက် ကန်ဒေါ်လာငါးသိန်း ရရှိခဲ့သည် (သို့မဟုတ်)ချေးငွေချေးငှားခွင့် ရရှိခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့သည်။ ယင်းစစ်ပွဲပြီးနောက် အမေရိကန်၊ ပင်လယ်ကွေ့နိုင်ငံများနှင့် ဥရောပနိုင်ငံများက အီဂျစ်နိုင်ငံ၏ ကြွေးမြီကန်ဒေါ်လာ ၁၄ ဘီလီယံခန့်ကို လျှော်ပေးခဲ့သည်ဟု အီကိုနောမစ်မဂ္ဂဇင်းက ဖော်ပြခဲ့သည်။

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲတွင်မူ မစ္စတာမူဘာရက်သည် စစ်ပွဲအပေါ် ဆန့်ကျင် ပြောဆိုခဲ့ပြီးအစ္စရေး-ပါလက်စတိုင်း ပြဿနာကို ပထမဦးစွာ ဖြေရှင်းရမည်ဟုပြောကြားခဲ့သည်။ အီရတ်စစ်ပွဲသည်ဘင်လာဒင်ပေါင်း တစ်ရာခန့်ထွက်ပေါ်လာစေလိမ့်မည်ဟု ပြောဆိုခဲ့သည်။

မစ္စတာမူဘာရက်သည် ၂၀၀၄ ခုနှစ်တွင် ဝန်ကြီးချုပ်အာတက်ဖ်ဒီဘေ့ဒ် အစိုးရနုတ်ထွက်ခြင်းကို လက်ခံခဲ့ပြီးဝန်ကြီးချုပ်အာမက်နာဇစ် ဦးဆောင်သောအစိုးရအဖွဲ့ဖြင့် အစားထိုးခန့်ထားခဲ့သည်။ ၎င်းအစိုးရလက်ထက်တွင်စီးပွားရေးအခြေအနေ တိုးတက်ကောင်းမွန်လာသော်လည်း မစ္စတာမူဘာရက်သည် စီးပွားရေးလုပ်ငန်းကြီးများနှင့် နိုင်ငံပိုင်လုပ်ငန်းများအား ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းများကို အားပေးပြီး အလုပ်သမားများ၏ အခွင့်အရေးကိုကာကွယ်မှုမပေးဟုဝေဖန်ခံခဲ့ရသည်။

မစ္စတာမူဘာရက်သည် အီဂျစ်အခြေခံဥပဒေအရ ၁၉၈၇၊ ၁၉၉၃၊ ၁၉၉၉ ရွေးကောက်ပွဲများတွင် ပြိုင်ဘက်မရှိ နိုင်ငံ၏သမ္မတရာထူးကို ပြန်လည်ရယူနိုင်ခဲ့သည်။ နောက်ပိုင်းတွင် နိုင်ငံတကာနှင့်ပြည်တွင်းဖိအားများကြောင့်အခြေခံဥပဒေကို ပြင်ဆင်ခဲ့ပြီး ၂၀၀၅ ခုနှစ် စက်တင်ဘာလတွင်ပြုလုပ်သည့်ရွေးကောက်ပွဲအား ပြိုင်ဘက်များစွာပါဝင်သည့်ရွေးကောက်ပွဲအဖြစ် ကျင်းပခဲ့သည်။ ၎င်းရွေးကောက်ပွဲများအပြီး နောက်တစ်ရက် စက်တင်ဘာလ ၈ ရက်တွင် အယ်လ်ဂတ်ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်သူ အေမန်နောက ရွေးကောက်ပွဲရလဒ်အား အငြင်းပွားခဲ့ပြီး ရွေးကောက်ပွဲ ပြန်လည်ကျင်းပရန် တောင်းဆိုခဲ့သည်။ နောက်ပိုင်းတွင် မစ္စတာအေမန်နောအား ဖမ်းဆီးထောင်ချခဲ့ရာ အမေရိကန်နိုင်ငံက ကန့်ကွက်ခဲ့သည်။

လောလောဆယ်တွင် နိုင်ငံ၌ လူထုအုံကြွမှုကြီးနှင့်ကြုံတွေ့နေရသည့်အီဂျစ်သမ္မတသည် ဇနီးဆူဇန်းမူဘာရက်နှင့် သားနှစ်ဦးထွန်းကားခဲ့သည်။

*—Ref: Wikipedia*

## အမေရိကန်ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေကို တရားသူကြီး ပယ်ချ

မီယာမီ၊ ဖေဖော်ဝါရီ - ၁

သမ္မတ ဘားရက်အိုဘားမားလက်ထက်တွင် အထင်ကရပြဋ္ဌာန်းခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေးဥပဒေမှာ အခြေခံဥပဒေနှင့် မကိုက်ညီဟုဆိုကာဖလော်ရီဒါပြည်နယ် ဖယ်ဒရယ်တရားသူကြီးတစ်ဦးက ပယ်ချလိုက်ရာ ယင်းဥပဒေပြဋ္ဌာန်းရေးတွင် ဖယ်ဒရယ်အာဏာပိုင်များအတွက် အကြီးမားဆုံးဥပဒေအရစိန်ခေါ်မှု ရင်ဆိုင်ရခြင်းဖြစ်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

အမေရိကန်နိုင်ငံသားများ အနေဖြင့် ၂၀၁၄ ခုနှစ်မှစ၍ ကျန်းမာရေး အာမခံဝယ်ယူရမည် သို့မဟုတ်ပါက ဒဏ်ငွေပေးဆောင်ရမည်ဟူ၍ သတ်မှတ်ထားသည့် “လူတစ်ဦးတစ်ယောက်၏ တာဝန်ဝတ္တရား” ဟူသည့် ပြဋ္ဌာန်းချက်မှာအခြေခံဥပဒေနှင့် မကိုက်ညီကြောင်း အမေရိကန်ခရိုင်တရားသူကြီး ရော်ဂျာဗင်ဆန်ကပြောကြားသည်။ ၎င်းပြဋ္ဌာန်းချက်ကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုဥပဒေမှ ဖယ်ရှား၍မရသည့်အတွက် ဥပဒေတစ်ရပ်လုံးအား ပျက်ပြယ်သည်ဟု ကြေညာခြင်း ဖြစ်ကြောင်း တရားသူကြီးကရေးသားဖော်ပြသည်။

လူနာစောင့်ရှောက်ရေးနှင့် လူတိုင်းတတ်နိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ဥပဒေပါ အဓိက ပြဋ္ဌာန်းချက်အား ငြင်းခုံကြရာတွင် အမေရိကန်တရားသူကြီး မစ္စတာဗင်ဆန်သည် အခြားအမေရိကန် ၂၆ ပြည်နယ်မှ အုပ်ချုပ်ရေးမှူးများ၊ ရှေ့နေချုပ်များနှင့် အတူ ရပ်တည်လိုက်ခြင်းဖြစ်သည်။

ယင်းပြည်နယ် အားလုံးမှာလည်း ရီပက်ဘလေကန်များ ကြီးစိုးရာ ပြည်နယ်များဖြစ်သည်။ ထိုအတောအတွင်း အမေရိကန်အစိုးရအိမ်ဖြူတော်က မစ္စတာဗင်ဆန်၏ ဆုံးဖြတ်ချက်ကို လျှောက်လဲသွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံရေးငြင်းခုံ ဆွေးနွေးမှုများ အကြားပြုလုပ်နေရသည့် ကျန်းမာရေးဥပဒေကိစ္စတွင် အောင်မြင်မည်ဟုယုံကြည်ကြောင်း ပြောကြားသည်။ *—Ref: Reuters*

### စာ(၂၇) - အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ် ဏာစိုးနှင့်တွေ့ဆုံခြင်း မှ

တစ်ခုရယ်၊ စွမ်းအင်ကဏ္ဍနဲ့ သက်ဆိုင်တဲ့မေးခွန်းတစ်ခုကို လွှတ်တော်ဥက္ကဋ္ဌဆီကို တင်ပြခဲ့တယ်။ သက်ဆိုင်တဲ့ဌာနတွေကို ဖြေကြားဖို့ မေးခွန်းတွေနဲ့ပတ်သက်ပြီး ဖြေကြားဖို့ ပေးပို့လိုက်ပြီ။ အရင်တုန်းက ပြည်သူတစ်ယောက်အနေနဲ့ဆိုရင် အရင်တုန်းက သတင်းစာက လူထုအော်သံလောက်မှာပဲ အော်လို့ရတာ။ ဒီအခွင့်အရေးတွေက ထူးခြားတဲ့အခွင့်အရေးတွေပဲလေ။ အဲဒီတော့ ပြည်သူတွေကို အဓိကပြောချင်တာကတော့ လူတွေကို မကြည့်နဲ့။ ဘယ်သူ အများစု၊ ဘယ်သူ အနည်းစု လူပုဂ္ဂိုလ်တွေကို ထည့်မတွက်ဘဲ သွားနေတဲ့လမ်း၊ ကျင့်ထုံးတွေ ကျင့်စဉ်တွေကိုကြည့်ပါ။ အများကြီး ပြောင်းလဲပါတယ်။

လွှတ်တော်ကို တီဗီဖန်သားပြင်ကပဲ တွေ့နေရတော့ ကိုယ်တိုင်တက်ရောက်ခဲ့ရသူအနေနဲ့ လွှတ်တော်ရဲ့ အနေအထားလေးတွေ မျှဝေပေးစေချင်ပါတယ်။

အင်မတန်ကို ခမ်းနားပါတယ်။ ခမ်းနားတဲ့ အဆောက်အအုံကြီးတွေဖြစ်ပါတယ်။ ဖန်ခွက်တစ်ခွက်ထဲမှာ ရေတစ်ဝက်ရှိနေရင် ရေတစ်ဝက်ပဲရှိတယ်လို့မြင်တဲ့သူရှိသလို တစ်ဝက်ကြီးများတောင်ရှိတယ်လို့ မြင်တဲ့သူလည်း ရှိတာပေါ့။ ဒီလောက်ခမ်းနားထည်ဝါတဲ့ အဆောက်အအုံကြီးတွေကို နိုင်ငံတော်ဘဏ္ဍာကိုဖြုန်းတီးပြီး ဆောက်ထားသလားလို့ မြင်တဲ့သူတွေကမြင်မယ်။ သို့သော် နိုင်ငံတကာလွှတ်တော်တွေမှာလည်း လွှတ်တော်တွေရဲ့ အဆင့်အတန်းဆိုတာရှိတယ်။ အဲဒီတော့ ဒီလောက်ခမ်းနားတဲ့ အဆောက်အအုံကြီးတွေထဲမှာ ဆွေးနွေးတော့ မိန်းမကောင်းရန်တွေ့မဟုတ်တော့ဘူး။ အားလုံးသည် ရင့်ကျက်မှုတစ်ခုကိုရသွားမယ်။ အရှိန်အဝါ တစ်ခုကိုရသွားမယ်။ လွှတ်တော်ကိုယ်စားလှယ်ဆိုတဲ့ အရှိန်အဝါတစ်ခုကိုရသွားမယ်။

### နောက်ကျောဖုံး - ဩစတြေးလျတောမီးကြောင့် အိမ် ၄၁ လုံးလောင်ကျွမ်း မှ

ဖေဖော်ဝါရီ ၅ ရက်တွင် စတင်လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် ကယ်ဆယ်ထားရသော လူများအားလောလောဆယ် နေအိမ်သို့ ပြန်ခွင့်မပေးသေးကြောင်း ခရက်ဟိုင်းစ်က ပြောကြားသည်။ ၎င်းဧရိယာမှ မြောက်ဘက် ဆွမ်းတောင်ကြားခရိုင်တွင်လည်း မီးသတ်သမား ၁၅၀ သည် ရဟတ်ယာဉ်များ၊ ထရပ်ကားများ၏အကူအညီဖြင့် နောက်ထပ်တောမီးလောင်ကျွမ်းမှုတစ်ခုကို ထိန်းချုပ်နိုင်ခဲ့ကြောင်းသိရသည်။

*—Ref: Reuters*



### နောက်ကျောဖုံး - ချုပ်တည်းမှုများပြုကြရန် ထိုင်းနှင့်ကမ္ဘောဒီးယားအား စင်ကာပူ တိုက်တွန်း မှ

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါ ဘန်ကောက်နှင့် ဖနွမ်းပင်မြို့များသို့ သွားရောက်လည်ပတ်ခြင်းကိုလည်း စင်ကာပူက ကြိုဆိုထောက်ခံပါကြောင်း စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။ အင်ဒိုနီးရှားသည် အာဆီယံ၏ လက်ရှိဥက္ကဋ္ဌလည်းဖြစ်သည်။

ဖေဖော်ဝါရီလ ၇ ရက်မှာ ပင် ၁၁ ရာစု ဟိန္ဒူဘုရားကျောင်းအနီးတွင် ထိုင်းနှင့်ကမ္ဘောဒီးယားတပ်ဖွဲ့များ ထပ်မံငြိစွန်းပစ်ခတ်မှုများရှိခဲ့ကြောင်းသိရသည်။ ယင်းမတိုင်မီ ပထမတစ်ရက်တွင် ထိုင်းနိုင်ငံ၏ ကျူးကျော်ရန်စမှုကို ရပ်တန့်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ် အစည်းအဝေးပြုလုပ်သင့်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က တိုက်တွန်းခဲ့သည်။

သို့သော် ထိုင်းနိုင်ငံက ကျူးကျော်ရန်စသူဖြစ်သည်ဆိုသော စွပ်စွဲမှုကို ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ ပါနီတန် ဝပ်တာနာယာကွန်က ပယ်ချခဲ့ကြောင်းသိရသည်။

*—Ref: CNA, AFP*

# Commodity Watch

7 DAY NEWS JOURNAL
Vol.9, No.46 · FEBRUARY 10, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 59,700 |
| Intel P4 Dual Core 2.7 (E 5400) Processor | 56,200 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 119,400 |
| Intel P4 Core i5 3.2 GHz (650) (1156) Processor | 162,600 |
| Intel P4 Core i7 2.93 Ghz (870) (1156) Processor | 258,600 |
| **Motherboard** | |
| MSI P41-C33 (775) Motherboard | 54,500 |
| MSI G41M-P33/P23 (775) Motherboard | 52,800 |
| MSI P43- C51 (775) Motherboard | 68,300 |
| MSI H55M-E32 (1156) Motherboard | 82,200 |
| ASUS P7P55D-ELX (775) Motherboard | 134,100 |
| ASUS P7P55-MLX Motherboard | 77,900 |
| ASUS P5P41T-LE (775) Motherboard | 71,800 |
| ASUS P5G41T-MLX (775) Motherboard | 53,600 |
| Gigabyte P41-ES3G (775) Motherboard | 64,900 |
| Gigabyte EP43-UD3L (1156) Motherboard | 86,500 |
| **Memory** | |
| 1 GB DDR2 (800) Kingston Memory | 19,000 |
| 2 GB DDR3 (1333) Kingston Memory | 21,600 |
| 4 GB DDR3 (1333) Kingston Memory | 39,800 |
| **Harddisk** | |
| 500 GB Seagate SATA | 38,900 |
| 1 TB Seagate SATA | 56,200 |
| 2 TB Seagate SATA | 100,300 |
| **PCI Express Card** | |
| MSI R4350-MD 1GB DDR2 1GB PCI Express Card | 51,900 |
| MSI N 210 MD1G 1GB D3 PCI Express Card | 56,200 |
| MSI R5570 MD 1GB 1GB DDR3 PCI Express Card | 83,900 |
| ASUS EAH 5750 Formula 1GB PCI Express Card | 136,700 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 49,300 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 73,500 |
| Gigabyte Geforce 220 OC 1GI 1GB PCI Express Card | 78,700 |
| Gigabyte 4550 512 MI 512MB PCI Express Card | 45,800 |
| **Memory Stick** | |
| Memory Stick Kingston 16 GB | 29,000 |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick Imation 16 GB | 23,400 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Apacer 8 GB | 11,000 |
| Memory Stick Kingston 4 GB | 8,000 |
| Memory Stick Adata 4GB | 11,200 |
| **UPS** | |
| Power Tree (650VA) | 37,000 |
| Power Tree (1.2KVA) | 64,000 |
| SVC (600VA) | 28,500 |
| SVC (1.2 KVA) | 55,400 |
| Power Pro (650 VA) | 34,500 |
| Allways (650 VA) | 32,000 |
| EAST (650 VA) | 29,400 |
| EAST (1.2KVA) | 56,200 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,000 |
| ASUS DVD Writer (SATA) | 27,700 |
| Liteon DVD Writer (SATA) | 22,500 |
| **အိတ်ဆောင်တီပိငှကအဘိဓာန်** | 160,000 |

Technoland ဆိုင်မှ ဖေဖော်ဝါရီ(၅) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i5 2.67Ghz 2GB DDR3,640GB HDD,14.0″ | 735,000 |
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6" | 600,000 |
| **Asus** | |
| Intel Atom 1.66Ghz 1GB DDR3,250GB HDD,10.1″ | 289,000 |
| **HP** | |
| Intel Corei3 2.4Ghz 2GB DDR3,320GB HDD,15.6″ | 640,000 |
| Intel Corei5 2.4Ghz 4GB DDR3,500GB HDD,14.0″ | 761,000 |
| **Hasee** | |
| Intel Corei3 2.13Ghz 2GB DDR3,500GB HDD,14.0″ | 497,000 |
| **MSI** | |
| Intel Corei3 2.13Ghz 2GB DDR3,500GB HDD,14.0″ | 549,000 |
| **ViewSonic** | |
| Intel Core 2 Duo 1.3Ghz 2GB DDR2,320GB HDD,13.3″ | 557,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 215,000 |
| LG(LCD) | 22LH15R | 250,000 |
| Sony (LCD) | 22BH300 | 290,000 |
| Toshiba | LZE 21-28 | 130,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 28,000 |
| EVD(sukura) | DVK75 | 35,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 35,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 195,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 295,000 |
| Panasonic | NR.BT222 | 300,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၅) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ယိုးဒယား TPI) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၇၆ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၀၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၄,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၁၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြွယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြွယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြွယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၆၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၅)ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(ထိုင်ဝမ်) | ၁ သေတ္တာ | ၄,၀၀၀-၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၂၀၀-၄၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၂၀၀-၃၅၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၈၀၀-၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀-၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၇၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၁,၈၀၀-၂,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၆၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၅၀၀-၃,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၆၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၂၀၀-၁,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ ဖေဖော်ဝါရီ (၅) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၁၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၇၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၀၀-၁၂၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၀၀၀-၁,၃၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၅,၀၀၀-၅,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၅၀၀-၁,၆၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၃၀၀ |
| အာလူး | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၂၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၆၈၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၈၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၁,၆၀၀-၃,၆၀၀ |
| ငါးခူ | ၁ ပိဿာ | ၁,၆၀၀-၃,၃၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၁,၆၀၀-၃,၇၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၂၀၀-၃,၇၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၉၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၈၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၂,၀၀၀-၁၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၂,၉၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၄၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၁,၈၀၀-၂,၇၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၃,၅၀၀-၅,၀၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၄,၀၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၀၀၀-၈,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၀၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၂,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၃,၀၀၀-၁၉,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

ဖေဖော်ဝါရီလ (၄)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/သ/အ | ၁၂၀နှင့် ၁၂၅ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁၀/၂၀ | ၂၀၀ |
| တောင်းအေ့ ပစ်ကပ် | ၂၀၀၀ | - | ၁၈၀ |
| စူဇူကီးR (2 Way) | - | ၁၀/၂၀ | ၁၃၀ |
| တိုယိုတာ (လီမိတက်) | ၉၀ | ၄၀ | ၃၄၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂/၉၃ | ၄၀ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ) ရွှေငါး | ၂၀၀၂ | ၄၀ | ၈၀၀ |
| နစ်ဆန်းစူပါဆလွန်း | ၉၀ | ၄၀ | ၃၅၀-၃၆၀ |
| ပါဂျဲရို | ၉၇ | ၄၀ | ၇၅၀ |

ဖေဖော်ဝါရီ (၅) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Jan(29) | Jan (30) | Jan (31) | Feb (1) | Feb (2) | Feb (3) | Feb (4) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Octane ဒီဇယ် | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ | ၃,၃၀၀ |
| Premier ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |

7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## စာ(၂၅) 'အဓိကကတော့ ကိုယ်ယုံကြည်တဲ့ဟာကို ရဲရဲ၀့့်၀့့်နဲ့သူများပြောတာနားမယောင်ဘဲကိုယ့်ရဲ့ ကိုယ်ပိုင်ဟန်နဲ့ ဖောက်ထွက်နိုင်ဖို့က အရေးကြီးတယ်' မှ



**♦ ဆရာ့ပန်းချီပြခန်း New Treasure နဲ့ကပ်လျက်မှာ အဆောက်အအုံကြီးတစ်ခု ဆောက်နေတာတွေ့ရပါတယ်။ အဲဒါကို ပန်းချီပြခန်းကြီး ပြတိုက်ကြီးပုံစံမျိုးလုပ်မယ်လို့ ပြောနေသံကြားရပါတယ်။ ဟုတ်ပါသလား ဆရာ။**

ပြတိုက်တော့ မဟုတ်ဘူး။ အဲဒီမှာက ပြခန်းပါမယ်။ လူနေခန်းပါမယ်။ စတူဒီယိုပါမယ်။ အဓိကကတော့ အောက်ထပ်မှာ ပေ ၄၀ ပေ ၇၀ Hall ကြီးပါမယ်။ အဲဒါကြီးက ပြခန်းလုပ်မှာပေါ့၊ ပြခန်းနာမည်ကလည်း New Treasure အနေနဲ့ပဲဖြစ်မှာပါ။

**♦ ဆရာ့ရဲ့ အအောင်မြင်ဆုံးလို့ ပြောရမယ့်ပြပွဲကိုပြောပြပါ။**

မှတ်မှတ်ရရကတော့ ၂၀၀၁ ခုနှစ်က အင်္ဂလန်မှာ ပြခဲ့တဲ့ Golden Heritage ဆိုတဲ့ပြပွဲတစ်ပွဲပါ။ အဲဒီမတိုင်မီက အမျိုးသားပြတိုက်မှာ တစ်ကိုယ်တော်အနေနဲ့ပြသွားတာပေါ့။ အဲဒီ့ကားတွေကိုပဲ အင်္ဂလန်မှာဆက်ပြတာ။ အဲဒီပြပွဲကတော့ကျွန်တော်ပြခဲ့သမျှ ပြပွဲတွေထဲမှာ အအောင်မြင်ဆုံးလို့ပြောရမှာပေါ့။

**♦ လက်ရှိမြန်မာ့ပန်းချီလောကမှာ ခုနှစ်ပိုင်းအတွင်း တော်တော်လေးလှုပ်ရှားမှု အားကောင်းလာကြပါတယ်။ ပန်းချီပြပွဲတွေ စိပ်လာသလို ပြခန်းအသစ်တွေလည်း ပေါ်လာကြတယ်။ အဲဒီ့အပေါ် ဆရာ့အမြင်လေးပြောပြပေးပါ။**

ပန်းချီပြခန်းတွေ အများကြီးပေါ်လာတဲ့အတွက် ပန်းချီဆရာတွေပြစရာအများကြီးပေါ်လာတာပေါ့။ ဒီနှစ်တွေနောက်ပိုင်းမှာ ပြည်တွင်းက ပန်းချီကား ၀ယ်ယူစုဆောင်းသူတွေလည်း အများကြီးပေါ်လာတယ်လေ။ အရင်တုန်းကတော့ ကျွန်တော်တို့က နိုင်ငံခြားသားတွေကိုပဲ အဓိကထားပြီး ရောင်းရတာ။ ခုနောက်ပိုင်းကျတော့ ပြည်တွင်းက ၀ယ်သူစုဆောင်းသူတွေလည်းပါလာတဲ့အတွက်ကြောင့် ပန်းချီဆရာတွေအတွက် ဈေးကွက်က ပိုပြီးတော့ကျယ်ပြန့်သွားတာပေါ့။

**♦ ဆရာ့ပန်းချီကား အရောင်းအ၀ယ်လုပ်ဖြစ်တာက ဘယ်လိုပုံစံမျိုးပါလဲ။**

အရောင်းအ၀ယ်ဆိုတာက ဒီလိုလေ။ ကျွန်တော်တို့က ကိုယ်ပိုင်ဂယ်လာရီရှိတဲ့အခါကျတော့ New Treasure Art Gallery Member တွေရှိတဲ့အတွက် လေးလတစ်ကြိမ် မန်ဘာပြပွဲတွေလုပ်တယ်ပေါ့။ ကိုယ့်မန်ဘာကားတွေ ရောင်းပေးတာပေါ့။ ရောင်းရတဲ့အပေါ်မှာ ကျွန်တော်တို့က ကော်မရှင်ရတာ။ ကျန်တာကတော့ ကျွန်တော်ပန်းချီကားတွေကို စုဆောင်းတယ်။ ပြန်ရောင်းတာတော့မဟုတ်ဘူး။ ၀ယ်ယူစုဆောင်းတာပေါ့။

**♦ မြန်မာ့ပန်းချီမျိုးဆက်သစ်တွေအတွက် ဘာများအကြံပြုပြောကြားချင်ပါသေးသလဲ။**

အဓိကကတော့ ကိုယ်ယုံကြည်တဲ့ဟာကို ရဲရဲ၀့့်၀့့်နဲ့ သူများပြောတာနားမယောင်ဘဲ ကိုယ့်ရဲ့ကိုယ်ပိုင်ဟန်နဲ့ဖောက်ထွက်နိုင်ဖို့က အရေးကြီးတယ်လို့ထင်တာပါပဲ။ Ism ဟာ အဓိကမဟုတ်ဘူး။ ဘာပဲလုပ်လုပ်စွဲစွဲမြဲမြဲနဲ့ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်ဖို့က အရေးကြီးတယ်။ နောက်ကိုယ့်ဟန်ဖြစ်ဖို့ပေါ့လေ။ အဲဒါကလည်းအရေးကြီးတယ်။ ကျွန်တော်တို့ ပန်းချီဆရာတွေရဲ့ဘ၀က တာ၀ေးအပြေးသမားပေါ့။ ရုပ်ရှင်မင်းသား အဆိုတော်တွေလို တစ်ကားတည်း တစ်ပုဒ်တည်းနဲ့ နာမည်ကြီးပြီး ဟုန်းခနဲ အောင်မြင်သွားတဲ့ဟာမျိုးက ကျွန်တော်တို့လောကမှာ အရမ်းနည်းပါတယ်။ ပန်းချီဆရာကရေရှည်သွားရတာပေါ့။ ရေရှည်ရပ်တည်နိုင်ဖို့၊ ရေရှည်အောင်မြင်ဖို့ပဲကြိုးစားရတာ။ ရေတိုမဟုတ်ဘူး။ ရေရှည်မှာ ဖွဲမလျှော့ဘဲ စိတ်ဓာတ်မကျဘဲသွားနိုင်ဖို့အရေးကြီးပါတယ်။ ။

Policy News

## ကလေးငယ်များအတွက် ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်၊ဖေဖော်၀ါရီ-၅

Mo Asia Co., Ltd (Dumex) နှင့် S.I.E.C Preschool တို့ ပူးပေါင်းပါ၀င်သော ကလေးငယ်များအတွက် ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို ၂၃-၁-၂၀၁၁ (တနင်္ဂနွေ)နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ Micasa Hotel ၌ ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် ကလေးအထူးကုဆရာ၀န်ကြီး ပါမောက္ခဗိုလ်မှူးကြီးကေသီထွန်းမှ Nurturing for Brighter Future ခေါင်းစဉ်ဖြင့် ဟောပြောပို့ချခဲ့ပြီး၊ Mo Asia Co., Ltd (Dumex)မှ Nutrition Advisor ဒေါက်တာအောင်ကျော်ဦးမှ 'ကလေးများ ဦးနှောက်ဖွံ့ဖြိုး ခုခံအားတိုး'ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ပါသည်။ထို့နောက် ကလေးအထူးကုဆရာ၀န်ကြီး ပါမောက္ခဗိုလ်မှူးကြီးကေသီထွန်းမှ တက်ရောက်လာကြသော ကျောင်းသားမိဘများ၏ ကျန်းမာရေးနှင့် ပတ်သက်သော သိရှိလိုသည့်မေးခွန်းကို ပြန်လည် ဖြေကြားပေးခဲ့သည်။

ယင်းအခမ်းအနားတွင် S.I.E.C Preschool မှ သားငယ်၊ သမီးငယ်များ၏ လက်မှုအနုပညာလက်ရာများ၊ ပန်းချီ၊ အင်္ဂလိပ်စာစွမ်းရည်များကိုလည်း ခင်းကျင်းပြသခဲ့သည်။ ထို့နောက် တက်ရောက်လာသော ကျောင်းသားမိဘများ၊ သားငယ်သမီးငယ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော် များအား အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံကာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့ပါသည်။ S.I.E.C တွင် ၂ နှစ်မှ ၅ နှစ်ထိ ကလေးငယ်များအား တနင်္လာနေ့မှ သောကြာနေ့အထိ စင်ကာပူသင်ရိုးညွှန်းတမ်းများအတိုင်း လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး စနေ၊ တနင်္ဂနွေနေ့များတွင် Y.L.E course များအဖြစ် Starter, Mover, Flyer အတန်းများနှင့် Mighty Grammar & Vocabulary Course များကိုလည်းကောင်း၊ မတ်လမှ မေလအထိ Summer Package Programme များကိုလည်းကောင်းသင်ကြားပေးလျက်ရှိပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း(၀၁-၅၀၂၁၂၇ နှင့် ၅၀၂၁၂၈)သို့ စုံစမ်းနိုင်ကြောင်း သိရှိရသည်။

## စာ (၃၁)ကြောက်စိတ် မှ

ဒါဟာ ဘ၀တစ်လျှောက်လုံးတွေ့ရမှာပါ။ အခက်အခဲကိုသာ ကြောက်နေရင်တော့ တိုးတက်မှုဟာ မလွဲမသွေနှေးသွားမှာဖြစ်ပါတယ်။

ဆီးနှင်းတွေက ပန်းဥယျာဉ်တစ်ခုလုံးကို ထိခိုက်စေသလို ကောင်းကျိုးမပေးတဲ့ကြောက်စိတ်ကြောင့်လည်း ဦးနှောက်စွမ်းရည်ကိုထိခိုက်စေပါတယ်။ ကြောက်စိတ်က စဉ်းစားဆင်ခြင်နိုင်မှုကို အနှောင့်အယှက်ပေးနေလေတော့ ကြောက်နေတဲ့ လူတစ်ယောက်ဟာ ဘယ်မှာဦးနှောက်ကောင်းကောင်းနဲ့ အလုပ်လုပ်နိုင်ပါ့မလဲ။ ဘ၀လုံခြုံရေးနဲ့ တည်မြဲရေးကိုပဲ အာရုံစိုက်နေရတော့ အခြားဘက်တွေမှာ အားနည်းသွားတဲ့သဘောပါ။

လူတစ်ယောက် ကြောက်စိတ်၀င်လာပြီဆိုရင် ပျော့ညံ့သွားပြီသာမှတ်၊ အလုပ်လက်မဲ့ဘ၀နဲ့ သုံးလလောက်နေရသူတစ်ဦးဟာ သူအလုပ်မရနိုင်တော့ဘူးလို့ ထင်မှတ်သွားတတ်တယ်။ တစ်နှစ်လောက်သာ အခြေအနေဆိုးတွေကို ရင်ဆိုင်နေရရင်တော့ ငါဒုက္ခရောက်တော့မယ်လို့ မကောင်းတဲ့အမြင်တွေ ၀င်သွားတတ်တယ်။ ကြောက်စိတ်တွေကြောင့် လူဟာ ပိုပြီး ပျော့ညံ့သွားတတ်တာဟာ ဓမ္မတာပါပဲ။

လူတော်တော်များများဟာ ကင်ဆာရောဂါကို ကြောက်ကြတယ်။ ကင်ဆာရောဂါဟာ ကူးစက်မှုမရှိသလို မျိုးရိုးကြောင့်လည်း ရောဂါမကူးစက်နိုင်ဘူးလို့ ပညာရှင်တွေကပြောကြတယ်။ ဒါပေမဲ့ လူအတော်များများဟာ မိသားစုတစ်ခုတည်းမှာ ကင်ဆာရောဂါဖြစ်လာတယ်ဆိုရင် ကျန်တဲ့လူတွေကို ကူးစက်မှာကြောက်တတ်ကြတယ်။ တကယ်တော့ ဒီရောဂါဟာ မိုးကြိုးပစ်သလိုမျိုးပါ။ မိုးကြိုးဆိုတာ ဘယ်အချိန်၊ ဘယ်အခါ၊ ဘယ်နေရာမှာ ပစ်မယ်မှန်းမသိဘဲ ကြိုပြီး ကြောက်လန့်နေတာမျိုးနဲ့တူပါတယ်။ ဒီလိုကြောက်တတ်မှုဟာ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်တာသာအဖတ်တင်ပါလိမ့်မယ်။

လူတစ်ယောက်ဟာ တောနက်တစ်ခုထဲမှာ အိမ်တစ်လုံးဆောက်ပြီး နေထိုင်ဖို့အတွက် အခြေအနေဖန်တီးလာတယ်ဆိုပါတော့။ သူဟာ အိမ်ဆောက်နေစဉ်မြွေ၊ ကျား စတဲ့တောကောင်တွေကိုတွေးမိပြီး ကြောက်ရွံ့တဲ့ ဓာတ်ကလွှမ်းမိုးလာတယ်ဆိုပါတော့။ အဲဒီ့အချိန်မှာ သူဟာ တူတွေ၊ ဆောက်တွေ၊ လွှတွေဆိုတဲ့ လက်သမားကိရိယာတန်ဆာပလာတွေကို ဘေးချထားပြီး ဓားတွေ၊ လှံတွေ၊ လေးမြားတွေကိုင်ရင်း သတိနဲ့နေနေရပါတယ်။ ဒီတော့ သူ့ရဲ့ မူလအလုပ်က လစ်ဟင်းသွားပါလေရော။ ဒါဟာ ကြောက်ရွံ့နေမှုကြောင့် စဉ်းစားမှုတွေဟာ နုံနဲ့ပြီးသွားတာကို ဖော်ပြနေတာပဲဖြစ်ပါတယ်။ စိတ်နုတဲ့သူတွေက ပိုးဆိုးပါတယ်။ ဘာမှမဟုတ်တာတွေကို အတွေးနယ်ချဲ့ပြီး တစ်စိတ်ကို တစ်အိတ်လုပ်လို့ ကြောက်နေတတ်ကြပြန်တယ်။ မရှိတဲ့အန္တရာယ်ကို ရှိတယ်ထင်ပြီးတော့လည်း ကြောက်နေကြပြန်ရော။ အခြေအနေသစ်၊ အပြောင်းအလဲသစ်တစ်ခုနဲ့တွေ့ပြီဆိုရင် ကြောက်စရာ၊ လန့်စရာတွေကိုပဲ ရှာကြံတွေးတောပြီး ကြောက်နေတတ်တဲ့လူမျိုးတွေပါ။ သူတို့ဟာအတွေးပေါင်းစုံနဲ့ အတွေးနယ်ချဲ့ပြီး ကြောက်စရာမရှိ ကြံဖန်တွေးပြီး အကြောက်လွန်နေကြသူတွေဖြစ်ပါတယ်။

အကြောက်တရား ၅၇ ပါး ရှိတယ်လို့ ပြောကြတယ်။ အချို့ကဘေးလူတွေက တောင်ပြောမြောက်ပြောပြောခံရမှာကိုကြောက်တယ်။ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ကြောက်ကြတယ်။ အလုပ်ပြုတ်မှာ၊ ရာထူးကျမှာကြောက်တယ်။ ဆင်းရဲမွဲတေသွားမှာကြောက်တယ်။ လမ်းပေါ်ကလူတွေကို အချိန်နည်းနည်းယူပြီး သတိထားကြည့်လိုက်စမ်းပါ။ သူတို့မျက်နှာတွေမှာ ကြောက်စိတ်၀င်နေတာတွေကိုတွေ့ရလိမ့်မယ်။

ကြောက်စိတ်ကြောင့် ပူပန်သောကတွေဖြစ်၊ သောကကြောင့် မအေးချမ်းနိုင်၊ အရေးရယ် အကြောင်းရယ်ဆိုရင် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကြ၊ ကိုယ့်စွမ်းရည်ကိုလည်း ကိုယ်အသုံးမချနိုင်တဲ့အခါ စိတ်ပိုင်းရော ရုပ်ပိုင်းမှာပါ ရောဂါရလာကြရာက တစ်ဆင့် အိပ်မပျော်တာ၊ ရူးသွပ်သွားကြတာ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေကြတာတွေအထိ ဖြစ်သွားကြပါတော့တယ်။ လူဆိုတာ သတ္တိရှိအောင် သတ္တိမွေးကြဖို့လိုပါတယ်။

သတ္တိရှိတဲ့လူဆိုတာ ဘာပဲလုပ်လုပ် သောကနည်းပါတယ်။ မိသားစုကိစ္စအတွက် အနည်းအကျဉ်းသောကရှိနေကောင်းရှိမယ်။ ဒါပေမဲ့ ပြိုင်ဘက်ကို ယှဉ်ပြိုင်ဖို့ ၀န်မလေးတတ်ကြဘူး။ မကြောက်ကြဘူး။ အန္တရာယ်ကြားမှာ စွန့်စားလုပ်ကိုင်ရဲကြတယ်။ အဲဒီလိုလူတွေဟာ ဘေးအန္တရာယ်ကို တွေးပူနေကြသူတွေမဟုတ်ဘဲ ပေါ်လာမယ့် အခွင့်အလမ်းကိုပဲ မျှော်လင့်နေကြတဲ့သူတွေပဲဖြစ်ပါတယ်။

ကြောက်စိတ်ကို ဖြေဖို့ဆိုရင် ကိုယ်တွေးပြီး ကြောက်ကြောက်နေတတ်တဲ့ ကြောက်စရာတွေဟာ တကယ်ဖြစ်လာမှာမဟုတ်ပါဘူးဆိုတာ ပထမဆုံးသဘောပေါက်အောင်လုပ်ဖို့ပါပဲ။ ဒီအချက်ကို 'လွိုက်အာမခံကုမ္ပဏီကြီး'ကို ကြည့်ရင် သိနိုင်မှာပါ။ ဒီအာမခံလုပ်ငန်းရဲ့ အောင်မြင်မှု၊ တိုးတက်မှုနဲ့ တည်ငြိမ်မှုတွေက သက်သေပြနေပါတယ်။ နှစ်တစ်ရာကျော်ပြီဖြစ်တဲ့ ကုမ္ပဏီသက်တမ်းမှာ လူတွေ တွေးကြောက်ပြီး အာမခံထားနေတဲ့ကိစ္စတွေသာ တကယ်ဖြစ်လာခဲ့ရင် 'လွိုက်အာမခံလုပ်ငန်း'ဆိုတာ ရှိတော့မှာမဟုတ်ပါဘူး။ ဗြိတိန်နိုင်ငံမှာ ရှိတဲ့ အခိုင်မာဆုံးငွေကြေးအာမခံကုမ္ပဏီကြီးဖြစ်တဲ့ 'လွိုက်'ဟာ အန္တရာယ်ကိုတွေးမကြောက်လို့ ဒီလိုရပ်တည်နိုင်တာဖြစ်ပါတယ်။

စစ်ပွဲတွေမှာကြည့်၊ စစ်သားတွေသာ ကြောက်စိတ်မွေးနေရင် ဘယ်မှာ အောင်မြင်ပါ့မလဲ။ သူတို့ဟာ ကြောက်စိတ်တွေကို စိတ်စွမ်းရည်တွေနဲ့ ဖယ်ရှား၊ ဥပေက္ခာပြုသင့်တာတွေကို ဥပေက္ခာပြုပြီး ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းသွားကြတာ ဖြစ်ပါတယ်။

စိတ်ဓာတ်စွမ်းအားတွေရရှိလာရင် ရင်ဆိုင်နေရတဲ့အခက်အခဲမှန်သမျှတွေဟာ ဘာမှမပြောပလောက်တဲ့ကိစ္စမဟုတ်ဘဲ အသေးကလေးမှ တကယ့်အသေးကလေးတွေဖြစ်သွားတတ်ပါတယ်။

ဒါကြောင့် 'ကြောက်စိတ်တွေကိုဖယ်ကြပါ'လို့ တိုက်တွန်းပါရစေ. . . .

Ref:Herbet Casson 'Brain Building For Achievement'

Environment

7 DAY NEWS JOURNAL

Vol.9, No.46 • FEBRUARY 10, 2011

# အာတိတ်ဒေသသို့စီးဝင်သောရေများ နှစ်ပေါင်း ၂၀၀၀ ကျော်အတွင်း အပူနွေးဆုံး အဆင့်ရောက်

**လန်ဒန်၊ ဇန်နဝါရီ - ၃၁**

မြောက်အတ္တလန္တိတ် သမုဒ္ဒရာမှ အာတိတ်ဒေသအတွင်းသို့ စီးဝင်သောရေများသည် နှစ်ပေါင်း ၂,၀၀၀ ကျော်အတွင်း အပူနွေးဆုံး အဆင့်ရောက်ခဲ့ကြောင်း ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသီများ ကပြောကြားလိုက်သည်။ ဂရင်းလန်းကျွန်းနှင့်နော်ဝေပိုင် ဆဗဲဘတ်ကျွန်းစုအကြား ပင်လယ်ကွေ့အတွင်းမှ ပင်လယ်ရေသည် ပြီးခဲ့သော နွေရာသီများအတွင်း ပျမ်းမျှ ၆ ဒီဂရီ (၄၂ ဖာရင်ဟိုက်) ရှိခဲ့ပြီး လွန်ခဲ့သော ရောမခေတ်နှင့် အလယ်ခေတ်ကာလမှ အမြင့်ဆုံး အပူချိန်ထက်ပင် ပူနွေးကြောင်းဆိုသည်။ ပညာရှင်များက ယခုကဲ့သို့ အပူချိန်မြင့်တက်လာမှုသည် မကြာသေးမီနှစ်များအတွင်း အာတိတ်ဒေသကို ရေခဲကင်းစင်သော ဒေသအဖြစ် ပြောင်းလဲပစ်ကာ ရေခဲမြစ်မရှိလျှင် ပိုလာဝက်ဝံများ မျိုးသုဉ်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

ပညာရှင်များက အာတိတ်ရေပြင်ရှိ ပျမ်းမျှအပူချိန်သည် ယခင်က ၃ ဒသမ ၄ စင်တီဂရိတ် (၃၈ ဖာရင်ဟိုက်) ရှိခဲ့သော်လည်း ယခုအခါ ၅ ဒသမ ၂ စင်တီဂရိတ် (၄၁ ဖာရင်ဟိုက်) အထိမြင့်တက်လာကြောင်း ဆိုသည်။ အာတိတ်ဒေသ၌ ပိုမိုပူနွေးလာမှု၏ အကျိုးသက်ရောက်မှုမှာ ၂၀၀၉ တွင် ရေခဲပြင်ထုထည်မှာ အနိမ့်ဆုံးအဆင့် ကျဆင်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ၁၉၇၉ နှင့် ၂၀၀၉နှစ်များအတွင်း အလာစကာပြည်နယ်ထက်ပိုမိုကျယ်ဝန်းသော ရေခဲပြင်ကြီးတစ်ခုပျောက်ကွယ်ခဲ့ရကြောင်း သိရသည်။



*အာတိတ်ဒေသမှ ပိုလာဝက်ဝံများကို တွေ့ရစဉ်။*

—Ref: Dailymail

## ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်၍ ပညာရှင်သုံးဦးဟောပြောမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဇန်နဝါရီ - ၃၀**

မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲခြင်းကို အများဆုံးခံစားရသော ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဟောပြောမည်ဖြစ်ကြောင်း ဟောပြောမည့်ပုဂ္ဂိုလ်များမှ သတင်းရရှိသည်။

မြန်မာနိုင်ငံ၏ ရာသီဥတု ပြောင်းလဲခြင်းကို စောင့်ကြည့်လေ့လာထားကြသူများဖြစ်သော ဦးဝင်းမျိုးသူ၊ ဦးထွန်းလွင်၊ ဦးအုန်းတို့က ရာသီဥတုစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ဟောပြောမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် အမရပူရမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် စစ်ကိုင်းမြို့တို့၌ ဟောပြောမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ မြောင်းမြ၊ ဖျာပုံ၊ ကျိုက်လတ်တို့တွင် ဟောပြောမည်ဖြစ်ကြောင်းသတင်းရရှိသည်။ စစ်ကိုင်းမြို့တွင် ဖေဖော်ဝါရီ လ ၉ ရက်နေ့၊ အမရပူရမြို့တွင် ၁၀ ရက်နေ့၊ မန္တလေးမြို့တွင် ၁၁ ရက်၌ ဟောပြောမည်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးတွင် ယင်းဟောပြောပွဲမှ ပြန်လာသည့်နောက်ပိုင်း၌ ဆက်လက်ဟောပြောမည်ဖြစ်ကြောင်း သိရှိရသည်။

## အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းအတွက် လိုအပ်ချက်နှင့်အခက်အခဲများကို သက်ဆိုင်ရာသို့တင်ပြမည်

**အိဖြူမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

မြန်မာနိုင်ငံအတွင်း ၁၉၉၅ ခုနှစ်မှ အစပြုခဲ့သော အစုအဖွဲ့ပိုင်သစ်တော(CF)တည်ထောင်ခြင်း၏ ၁၆ နှစ်တာကာလအတွင်း ကြုံတွေ့ခဲ့ရသည့် လိုအပ်ချက်များ၊ အခက်အခဲများကို လေ့လာဆန်းစစ်ပြီး သစ်တောဦးစီးဌာနသို့ တင်ပြမည်ဖြစ်ကြောင်း လေ့လာသုတေသနပြုလုပ်နေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သော ECCDI မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောသည်။"မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ CF တောတွေကို လေ့လာပြုစုမယ်။ ပြုစုထားတဲ့ CF တောတွေရဲ့ လက်ရှိလိုအပ်ချက်ကို ဦးစီးဌာနကိုတင်ပြမယ်။ ဥပမာပြောရရင် ဥပဒေပိုင်းကလိုရင် ဥပဒေပေါ့။ အခုလက်ရှိ ၁၉၉၅ ခုနှစ်က ထွက်ထားတဲ့ CF က ဥပဒေတစ်ခုအနေနဲ့မထွက်ထားဘူး။ ညွှန်ကြားချက်လောက်ပဲရှိသေးတာကိုး။ အဓိကက ပိုကောင်းအောင် လုပ်မယ်လို့ ရည်ရွယ်ထားတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မြန်မာနိုင်ငံတွင် အစုအဖွဲ့ပိုင်သစ်တောများ တည်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်၊မြောက်)၊ ကချင်ပြည်နယ်၊



*ကချင်ပြည်နယ်ရှိ အစုအဖွဲ့ပိုင်သစ်တောတစ်တောကို တွေ့ရစဉ်။* ဓာတ်ပုံ - အိဖြူမွန်

ဧရာဝတီတိုင်းဒေသကြီးတို့တွင် အဓိကထားလေ့လာထားကြောင်း၊ ၁၆ နှစ်တာကာလအတွင်း ကြုံတွေ့ရခြင်းများကို လေ့လာဆန်းစစ်သည့် သုတေသနပြုခဲ့သော ကာလမှာ ငါးလကြာမြင့်ခဲ့ကြောင်း အထက်ပါပုဂ္ဂိုလ်ထံမှ သတင်းရရှိသည်။

မြန်မာနိုင်ငံတွင် အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်မှာ ၁၉၉၅ ခုနှစ်တွင် ထွက်ရှိခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် သစ်တောပြုန်းတီးမှု အားကောင်းခဲ့သောဧရာဝတီတိုင်းဒေသကြီး၌ သစ်တောဦးစီးဌာနနှင့်ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်(UNDP)၊ အခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူမှုအဖွဲ့အစည်းများဖြင့်စတင်အကောင်အထည်ဖော်ခဲ့သည်။


အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ရာ၌ သစ်တောဦးစီးဌာနရှိ အချို့သော သစ်တောဝန်ထမ်းများသည် CF လမ်းညွှန်ခြင်းများအား နားလည်သဘောပေါက်မှု သိရှိမှု အားနည်းနေသေးကြောင်း၊ ထို့အပြင် မြေယာအသုံးချခြင်းနှင့် ပတ်သက်သော အခက်အခဲများကြောင့် CF ပေးရန် တွန့်ဆုတ်မှုများရှိနေကြောင်း၊ ယခုလက်ရှိ CF တောများအား ပြုစုပျိုးထောင်ရာ၌ ထောက်ပံ့ပေးကြသော ပြည်တွင်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းများမှ သတင်းရရှိသည်။


CF တည်ထောင်မည့် ဒေသခံများကလည်း မြေယာအသုံးချခွင့်ဖြစ်သည့် အနှစ်သုံးဆယ်လုပ်ပိုင်ခွင့်အပေါ် စိုက်ပျိုးမြေပြန်လည်သိမ်းဆည်းသွားနိုင်သည်ဟူသော သံသယများ၊ ဌာနဆိုင်ရာများ နှင့် ဆက်ဆံရေးအတွေ့အကြုံနည်းပါးမှုများ တွေ့ရကြောင်း၊ ထို့အပြင် ကာလရှည် ရင်းနှီးမြှုပ်နှံမှုအပေါ် တွန့်ဆုတ်မှုများရှိကြောင်း လေ့လာစောင့်ကြည့်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများမှသိရှိရသည်။

"CF လျှောက်ရတာ အရမ်းကြာတယ်။ သုံးနှစ်လောက်စောင့်ရတယ်။ဒီမှာကသစ်ပင်တွေစိုက်ထားပြီးပြီ။ CF က မရသေးဘူး။ ဒီကြားထဲမှာ ပြန်သိမ်းယူမလားဆိုတဲ့စိုးရိမ်ပူပန်မှုမျိုးတော့ရှိတယ်။ သစ်ပင်တစ်ပင်က ဆယ်နှစ်ရှိရင်တောင် သိပ်ကြီးတာမဟုတ်ဘူး။ အကြာကြီးစောင့်ရတယ်။ အနှစ်သုံးဆယ်ဆိုရင်တောင် အရင်လိုသဘာဝတောက ထွက်တဲ့သစ်လုံးတောင်မရနိုင်ဘူး"ဟု ကချင်ပြည်နယ် ဝှူးယန်းကျေးရွာ အစုအဖွဲ့ပိုင်သစ်တောမှ ဒေသခံတစ်ဦးက ပြောသည်။

(ECCDI) ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူအစုအဖွဲ့ဖွံ့ဖြိုးရေးအသင်းအနေဖြင့် CF အား လေ့လာဆန်းစစ်ထားသော သုတေသနပြုချက်များကို သစ်တောဦးစီးဌာန၊ ပြည်တွင်းရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူမှုအဖွဲ့အစည်းများ၊ CF အား စောင့်ကြည့်လေ့လာသည့်ပြည်ပမှ ပညာရှင်များ၊ နိုင်ငံတကာလူမှုအဖွဲ့အစည်းများနှင့် မတ်လတွင် နှစ်ရက်အကြာ ဆွေးနွေးမှုပြုလုပ်မည်ဟု သတင်းရရှိသည်။

ECCDI သည် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များဖြင့်ဖွဲ့စည်းတည်ထောင်ထားသည်။ ယခင်က CF လမ်းညွှန်ချက်အား ထုတ်ပြန်ရန်အတွက် လိုအပ်ချက်များကို ရေးသားရာတွင် ပါဝင်သော ပညာရှင်များ အသင်းတွင် ပါဝင်ကြောင်း သိရှိရသည်။



# Tourism
7DAY NEWS JOURNAL

Vol.9, No.46 • FEBRUARY 10, 2011


# ဟိုတယ်အချို့ အခန်းခအက်ဖ်အီးစီဖြင့်ပေးလျှင် အပိုဆောင်းမယူတော့

## ဒေါ်လာနှင့် အက်ဖ်အီးစီတန်ဖိုး ကွာဟချက်ကျဉ်းမြောင်းလာခြင်းကြောင့် ဖြစ်သည်။

အောင်သူရ

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၅**

ပြည်တွင်း နိုင်ငံခြားငွေလဲလှယ်သည့် ဈေးကွက်တွင် အက်ဖ်အီးစီနှင့် အမေရိကန်ဒေါ်လာတို့၏ တန်ဖိုးကွာဟမှု ကျဉ်းမြောင်းလာခြင်းကြောင့် ရန်ကုန်မြို့ရှိ အဆင့်မြင့်ဟိုတယ်ကြီးအချို့မှာ အက်ဖ်အီးစီပေးလျှင် အပိုငွေထပ်ဆောင်းစရာမလိုဘဲလက်ခံလာကြသည်။

"ဇန်နဝါရီလ ၂၄ရက်နောက်ပိုင်း အက်ဖ်အီးစီနဲ့ အခန်းခပေးချေရင် အရင်ကလို ဆယ်ရာခိုင်နှုန်း ဆောင်းပေးစရာမလိုတော့ဘူးလို့ ထရိတ်ဒါးဟိုတယ်ကပြောလာတယ်"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ထို့အပြင် ချက်ထရီယမ်ဟိုတယ်ကလည်း အက်ဖ်အီးစီနှင့်ဒေါ်လာအား တန်းတူလက်ခံနေပြီဖြစ်ကြောင်း အဆိုပါဟိုတယ်မှ တာဝန်ရှိသူကပြောသည်။

သို့သော် အချို့သောဟိုတယ်များကလည်း ငွေထပ်ဆောင်းစရာမလိုဘဲ ပေးချေသည့်ငွေပမာဏ၏ ထက်ဝက်အား အက်ဖ်အီးစီနှင့် ပေးချေ၍ ကျန်ထက်ဝက်အား အမေရိကန်ဒေါ်လာနှင့်ပေးချေရန် သတ်မှတ်လာကြကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က ၂၀၀၉ ခုနှစ် နှစ်ဆန်းမှစ၍တန်ဖိုးတူ သတ်မှတ်ထားသော အက်ဖ်အီးစီနှင့် အမေရိကန်ဒေါ်လာတို့မှာ ၂၀၁၀ ခုနှစ်ဇွန်လဆန်းမှစ၍ ကျပ်ငါးဆယ်ခန့် ကွာဟလာခဲ့သဖြင့် ဟိုတယ်အများစုက အခန်းခကို အမေရိကန်ဒေါ်လာနှင့် ပေးချေရန်သတ်မှတ်လာကြသည်။

ဖေဖော်ဝါရီ ၅ ရက်နေ့တွင် အက်ဖ်အီးစီတစ်ယူနစ် တန်ဖိုးမှာ ၈၃၅ ကျပ်ဈေးရှိနေပြီး အမေရိကန်တစ်ဒေါ်လာတန်ဖိုးမှာ ၈၅၆ ကျပ်ဈေးရှိကြောင်းသိရှိရသည်။



*ရန်ကုန်မြို့အတွင်း လှည့်လည်နေသော ကမ္ဘာလှည့်မိသားစုတစ်စုကို ဇန်နဝါရီလ တတိယပတ်ကတွေ့ရစဉ်။*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



*ကရဝိက်နန်းတော်တွင် ထွေးဦးမြန်မာရုပ်သေးအဖွဲ့မှ ဖျော်ဖြေသည့် ရုပ်သေးရုပ်များကို နိုင်ငံခြားသားအချို့က စမ်းသပ်ကပြနေသည်ကို ဇန်နဝါရီလကုန်ပိုင်းက တွေ့ရစဉ်။*

ဓာတ်ပုံ - ထွေးဦးမြန်မာ

# ကရဝိက်နန်းတော်တွင် ထွေးဦး ုပ်သေး စတင်ဖျော်ဖြေ

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၃**

အောင်သူရ

မြန်မာ့ရုပ်သေးသဘင်အား မြန်မာ့ဆိုင်းဝိုင်းဖြင့် ကန်တော်ကြီးအတွင်းရှိ ကရဝိက်နန်းတော်တွင် ဖေဖော်ဝါရီလဆန်းမှစ၍ တစ်နေ့လေးကြိမ် နေ့စဉ်ကပြတင်ဆက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရုပ်သေးသဘင်ကြည့်ရှုချင်သူများအနေဖြင့် နိုင်ငံခြားသားဖြစ်ပါက လူကြီးတစ်ဦးလျှင်ကျပ် ၅,၀၀၀၊ ကလေးတစ်ဦးလျှင် ကျပ် ၁,၀၀၀ သတ်မှတ်ထားကာ မြန်မာနိုင်ငံသားများအတွက်မူ လူကြီးကျပ် ၂,၀၀၀ နှင့် ကလေးကျပ် ၁,၀၀၀ သတ်မှတ်ထားသည်ဟု ထွေးဦးမြန်မာရုပ်သေးအဖွဲ့တည်ထောင်သူ ဦးခင်မောင်ထွေးက ပြောသည်။

အဆိုပါရုပ်သေးသဘင်အား ၂၀၁၁ဖေဖော်ဝါရီလဆန်းမှ ဧပြီလကုန်အထိ ကပြရန် စီစဉ်ထားပြီး ထွေးဦးမြန်မာရုပ်သေးအဖွဲ့နှင့် ကရဝိက်နန်းတော်တို့ ပူးပေါင်းတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

ရုပ်သေးပွဲပြသမည့်အချိန်များမှာ နေ့လယ် ၁ နာရီမှ ၁း၄၅၊ ၂ နာရီမှ ၂း၄၅၊ ၃ နာရီမှ ၃း၄၅ နှင့် ညနေ ၄ နာရီမှ ၄း၄၅ မိနစ်တို့ဖြစ်သည်။

ထွေးဦးမြန်မာ ရုပ်သေးအဖွဲ့ကို ၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင် ကပြခဲ့ကာ ပြီးခဲ့သည့်နှစ်မတ်လမှစ၍ ရပ်နားထားခဲ့ကြောင်း သိရသည်။












7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

The Cartoon Logo

























7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

## ကမ္ဘောဒီးယားတရားရုံးက နိုင်ငံရေးလှုပ်ရှားသူထိုင်းနိုင်ငံသားနှစ်ဦးအား ထောင်ဒဏ်ချမှတ်

ဖနွမ်းပင်၊ ဖေဖော်ဝါရီ - ၂

တရားမဝင်နိုင်ငံတွင်းသို့ ဝင်ရောက်ခြင်းနှင့် ထောက်လှမ်းရေးပြုလုပ်ခြင်းများအတွက် ကမ္ဘောဒီးယားတရားရုံးတစ်ရုံးက လူသိများသည့် အမျိုးသားရေး လှုပ်ရှားသူတစ်ဦးအားထောင်ဒဏ် ၈ နှစ်ချမှတ်လိုက်ကြောင်း သိရသည်။

ရှပ်ဝါလှုပ်ရှားမှု၏ ခေါင်းဆောင်ဟောင်းတစ်ဦး ဖြစ်သူ ဗီရာဆွန်ဝမ်ကစ်နှင့် ၎င်း၏ အတွင်းရေးမှူး ရက်ထရီတို့သည် ကမ္ဘောဒီးယားနိုင်ငံသို့ တရားမဝင် ဝင်ရောက်ခြင်း၊ စစ်ဘက်နယ်မြေအားအခွင့်မရှိဖြတ်သန်း၍ အမျိုးသားကာကွယ်ရေးကို ထိခိုက်နိုင်သည့် သတင်းစုဆောင်းခြင်းစွဲချက်များတွင် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိခဲ့သည်။

ဖနွမ်းပင် မြူနီစပယ် တရားရုံးက ရက်ထရီအားထောင်ဒဏ် ၆ နှစ်ချမှတ်ခဲ့သည်။ ယင်းပြစ်မှုများအတွက် အမြင့်ဆုံးထောင်ဒဏ် ၁၁ နှစ်ခွဲ ချမှတ်နိုင်ကြောင်း သိရသည်။

ထောင်ဝတ်စုံအပြာ ဝတ်ဆင်ထားသော ဗီရာဆွန်ဝမ်ကစ်ကမူ ၎င်းအားဖမ်းဆီးချိန်တွင်



ကမ္ဘောဒီးယား မြေပေါ်ရောက်ရှိနေသည်ဆိုခြင်းကို ငြင်းဆိုခဲ့သည်။

"ကျွန်တော် ထိုင်းမြေပေါ်မှာ လမ်းလျှောက်နေတာပါ။ ကမ္ဘောဒီးယားပိုင်နက်ကို ကျူးကျော်ဖို့ ရည်ရွယ်ချက် မရှိပါဘူး" ဟုဗီရာကတရားရုံးတွင် ဘာသာပြန်မှတစ်ဆင့်ပြောကြားခဲ့သည်။

ထိုင်းအမျိုးသားရေး လှုပ်ရှားသူနှစ်ဦးအပေါ် တရားရုံးက ထောင်ဒဏ်များအပြင် ဒဏ်ငွေပေးဆောင်ရန်လည်း ချမှတ်ခဲ့သည်။ ဒီဇင်ဘာလ ၂၅ ရက်တွင် ဖမ်းဆီးခဲ့သူ ထိုင်းနိုင်ငံသား ၇ ဦးမှ အခြား ငါးဦးအား ဆိုင်းငံ့ထောင်ဒဏ်များ ချမှတ်၍ ထိုင်းနိုင်ငံသို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

—*Ref: AFP*

## အိန္ဒိယနိုင်ငံတွင်ရထားမတော်တဆမှုကြောင့် လူ၁၅ဦးသေဆုံး

နယူးဒေလီ၊ ဖေဖော်ဝါရီ - ၂

အိန္ဒိယမြောက်ပိုင်းပြည်နယ် ဥတ္တာပရာဒေ့ရှ်တွင် ရထားမတော်တဆမှုတစ်ခုကြောင့် အနည်းဆုံးလူ ၁၅ ဦးသေဆုံးကာ ၅၀ ခန့်ဒဏ်ရာရသွားခဲ့ကြောင်း ဒေသခံမီဒီယာများ၏ဖော်ပြချက်အရ သိရသည်။ အဆိုပါမတော်တဆမှုမှာ ရထားခေါင်မိုးပေါ်တွင် လူတစ်ထောင်ခန့် ထိုင်စီးလာရာမှ ရထားအမြန်မောင်းနှင်စဉ် ရှာဂျာဟန်ပါမြို့အနီး တံတားတစ်ခုနှင့်တိုက်မိရာမှ လူသေဆုံးဒဏ်ရာရမှုများဖြစ်ခဲ့ရခြင်းဖြစ်ကြောင်း Times of India သတင်းစာက ဖော်ပြသည်။

ရထားအမိုးပေါ်တွင် စီးနင်းလိုက်ပါလာသူများမှာ ဘာရယ်လီမြို့တွင် ရဲဝန်ထမ်းအလုပ်လျှောက်ရာမှ အပယ်ခံပြီးပြန်လာခဲ့ရသော လူငယ်များဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ရထားက တံတားအားဖြတ်သန်းစဉ် အမိုးပေါ်ပါလာသူအားလုံးနီးပါး တံတားနှင့်တိုက်မိ၍ ပြုတ်ကျကာ ဒုတိယတန်းတွဲပေါ်ပါလာသူအချို့နှင့်လည်း ထိခိုက်မှုများဖြစ်ခဲ့ရကြောင်း သတင်းကဖော်ပြသည်။

—*Ref: Xinhua*


## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အမည်မသိရောဂါကြောင့် လူငါးဦးသေဆုံး

ဒါကာ၊ ဖေဖော်ဝါရီ - ၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ မြို့တော်ဒါကာမှ အနောက်မြောက်ဘက် ပင်လယ် မိုနီရာဟတ်ခရိုင်ရှိ ဟာတီဘန်ဒါခရိုင်မြို့တွင် အမည်မသိရောဂါတစ်မျိုး ဖြစ်ပွားမှုကြောင့် ရွာသားပေါင်း ငါးဦးသေဆုံးကာ အခြားခြောက်ဦးကို အရေးပေါ်ကုသမှုများ ပေးနေရကြောင်း ဒေသခံအာဏာပိုင်များက ပြောကြားလိုက်သည်။ ခရိုင်ဆေးရုံမှ တာဝန်ခံဆရာဝန် ဘီမိုလ်ဂိုင်းက ဒေသခံမီဒီယာသို့ လူနာငါးဦးသေဆုံးခဲ့ပြီး ခြောက်ဦးကို ဆေးရုံတွင်ကုသမှုပေးနေရကြောင်း အတည်ပြုပြောခဲ့သည်။

၎င်းက ထိုအမည်မသိရောဂါကြောင့် လူနာများသည် ပထမ၌အဖျားဝင်ကာ နောက်ပိုင်းတွင် ခန္ဓာကိုယ်အအေးပတ်၍ အောအန်ပြီး သေဆုံးရကြောင်း ဆိုသည်။ ယခုအခါ ဒေသခံအာဏာပိုင်များသည် ရောဂါဖြစ်ပွားရာကျေးရွာများသို့ အထူးဆေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားကြောင်း သိရသည်။

—*Ref: Xinhua*






# မြောက်ကိုရီးယားတွင် လျှို့ဝှက်နျူကလီးယားစက်ရုံများ ရှိသေးကြောင်း ကုလအစီရင်ခံစာကဆို

နယူးယောက်၊ ဖေဖော်ဝါရီ - ၁
မြောက်ကိုရီးယားနိုင်ငံတွင် လျှို့ဝှက်စစ်ဘက်နျူကလီးယား စက်ရုံ အနည်းဆုံး တစ်ရုံရှိသေးသည်ဟု ဆိုကာ ပို၍တင်းကျပ်သည့်ပိတ်ဆို့တားဆီးမှုများပြုလုပ်ရန်ကုလသမဂ္ဂလုံခြုံရေးကောင်စီအားတိုက်တွန်းထားသည့် အစီရင်ခံစာ တစ်စောင်ကဖော်ပြထားကြောင်း သိရသည်။

၎င်းလျှို့ဝှက်စက်ရုံကို ၁၉၉၀ ခုနှစ်များက တည်ဆောက်ခဲ့ဖွယ် ရှိသည်ဟု အစီရင်ခံစာတွင် ကျွမ်းကျင်သူများက ဖော်ပြခဲ့သည်။ ယင်းအစီရင်ခံစာကို ပိတ်ဆို့တားဆီးမှုများ ပြုလုပ်ရေး လုံခြုံရေးကောင်စီ၏ အထူးကော်မတီတစ်ရပ်က သုံးသပ်ဆွေးနွေးမည်ဖြစ်သည်။

အစီရင်ခံစာအား အမေရိကန်သိပ္ပံပညာရှင် ဆက်ဖရိုင်းဟက်ကာ၏ အထောက်အထားပေါ်တွင် မူတည်ထားခြင်းဖြစ်ပြီး ၎င်းအမေရိကန် သိပ္ပံပညာရှင်ကို မြောက်ကိုရီးယား အာဏာပိုင်များ ကယခင်လအတွင်း လျှို့ဝှက်စက်ရုံသို့ ခေါ်ဆောင်သွားခဲ့သည်ဟု သိရသည်။

ယောင်းဗြွန်းစက်ရုံသို့ရောက်ရှိသွားချိန်တွင် ယူရေနီယမ်သန့်စင်စက် ရာပေါင်းများစွာကို တွေ့မြင်ခဲ့ရကြောင်းနှင့် ယင်းစက်ရုံကို နိုင်ငံခြားအကူအညီဖြင့် တည်ဆောက်ခဲ့ပုံရကြောင်း မစ္စတာဟက်ကာ ပြောကြားခဲ့သည်ဟုအစီရင်ခံစာတွင် ဖော်ပြထားသည်။

နျူကလီးယားဗုံး အစီအစဉ်ကြောင့် လုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားနိုင်ငံအပေါ် ပိတ်ဆို့တားဆီးမှု နှစ်ကြိမ်ချမှတ်ခဲ့ပြီး ယင်းပိတ်ဆို့တားဆီးမှုများအားစောင့်ကြည့်ရန် ကျွမ်းကျင်ပညာရှင်အဖွဲ့ကို ဖွဲ့စည်းထားကြောင်း သိရသည်။ အခြားမြောက်ကိုရီးယားအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို ပိတ်ဆို့တားဆီးသည့် စာရင်းတွင် ထည့်သွင်းသင့်ကြောင်း ကျွမ်းကျင်သူများက အကြံပေးထားကြောင်း သတင်းက ဖော်ပြသည်။

—*Ref: AFP*



# Apple ၏ iPad ကွန်ပျူတာကို အိန္ဒိယတွင် ပထမဆုံး တရားဝင်ရောင်းချ

နယူးဒေလီ၊ ဇန်နဝါရီ - ၃၁
အမေရိကန်ကွန်ပျူတာကုမ္ပဏီကြီး Apple သည် ၎င်း၏နာမည်ကျော် Tablet ကွန်ပျူတာ iPad ကို အမေရိကန်နိုင်ငံတွင် စတင်ဖြန့်ချိပြီး ၁၀ လခန့်အကြာ အိန္ဒိယ၌တရားဝင်စတင်ရောင်းချလိုက်ပြီဖြစ်ကြောင်း သိရသည်။ အိန္ဒိယဖောက်သည်များသည် မူလက iPad ထွက်စဉ်ဝယ်ယူလိုပါက နိုင်ငံရပ်ခြားမှသာ တိုက်ရိုက်မှာယူခဲ့ရသော်လည်း ယခုအခါ ပြည်တွင်းရှိ Apple နှင့် တွဲဖက်ပါတနာစတိုးဆိုင်များတွင် အလွယ်တကူဝယ်ယူနိုင်ပြီဖြစ်သည်။

Apple ၏အိန္ဒိယဝက်ဘ်ဆိုက်၌လည်း "iPad ကိုအခုဒီမှာဝယ်လို့ရပါပြီ" ဟုဝင့်ကြွားစွာကြေညာထားသည်။ အိန္ဒိယနိုင်ငံတွင် ရောင်းချမည့် iPad တစ်လုံး၏ အနိမ့်ဆုံး အခြေခံမော်ဒယ်မှာ ရူပီး ၂၇,၉၀၀ (ကန်ဒေါ်လာ ၆၀၉) ဖြစ်ပြီး၊ မမ်မိုရီ 16 GB နှင့် WiFi ဆက်သွယ်မှုပါဝင်မည်ဖြစ်သည်။

သို့သော် ယင်းမော်ဒယ် iPad ကိုပြီးခဲ့သည့် ဧပြီလက အမေရိကန်တွင် ၄၉၉ ဒေါ်လာဖြင့် ရောင်းချခဲ့သည်ဟု သိရသည်။ အိန္ဒိယမှ Digital Inspiration ဘလော့ဂ်မှ အမ်မစ်အဂါဝယ်လ်ကလည်း "ဒါဟာ အမေရိကန်ဈေးနှုန်းထက် ၁၅၊ ၂၀ ရာခိုင်နှုန်းပဲ ပိုများတာပါ။ ဈေးသိပ်ကြီးလွန်းတယ်လို့ မထင်ပါဘူး" ဟုပြောသည်။ Apple ထုတ် iPad ကွန်ပျူတာသည် ယခုအခါ ဈေးကွက်အတွင်း၌ ဆမ်ဆောင်းမှ ထုတ်လုပ်သော Galaxy tablet ကို ယှဉ်ပြိုင်ရဖွယ်ရှိသည်။ ဆမ်ဆောင်း၏ Galaxy ကွန်ပျူတာတစ်လုံးကို အိန္ဒိယနိုင်ငံတွင်ပြီးခဲ့သည့်နိုဝင်ဘာလမှစ၍ ရူပီး ၃၆,၄၉၉ ဖြင့်ရောင်းချခဲ့ပြီး ယခုအခါ ရူပီး ၂၉,၅၀၀ ခန့်သာ ပေါက်ဈေးရှိကြောင်း သိရသည်။

—*Ref: CNA*

# ရုရှားသူလျှိုမယ် အမည်ကို ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်



မော်စကို၊ ဖေဖော်ဝါရီ - ၁
၂၀၁၀ ပြည့်နှစ်က အမေရိကန်ပြည်ထောင်စုမှ နှင်ထုတ်ခြင်းခံရသည့် ရုရှားသူလျှိုမယ် အန်နာချက်ပ်မင်းသည် သူမအမည်ကို ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် စာရင်းသွင်းခဲ့ကြောင်း ရုရှားနိုင်ငံတော် မူပိုင်ခွင့်ရုံးက အတည်ပြုပြောကြားလိုက်သည်။ အန်နာချက်ပ်မင်းသည် ယမန်နှစ်မှစ၍ ရုရှားတွင် ပေါ်ပြူလာဖြစ်လာခဲ့ပြီးနောက် ယခုလုပ်ရပ်မှာ သူမ၏ အများသိနာမည်ကို အသုံးပြုကာ ဝင်ငွေရှာဖွေရန်လည်းဖြစ်သည်။

မူပိုင်ခွင့်ရုံးမှ တာဝန်ရှိသူတစ်ဦးဖြစ်သူ နီကိုလိုင်ခရုတ်စတော့ဗ်ကလည်း "သူမဟာ အန်နာချက်ပ်မင်းဆိုတဲ့ နာမည်နဲ့ အဝတ်အခြောက်ခံစက် သို့မဟုတ် ကွတ်ကီးတွေ ထုတ်ချင်တာလည်း ဖြစ်နိုင်ပါတယ်" ဟု ရိုက်တာ သတင်း၏ မေးမြန်းချက်ကို ဖြေကြားသည်။ အန်နာချက်ပ်မင်းသည် သူမ၏ အမည်ကို ပြီးခဲ့သည့် ဩဂုတ်လကပင် ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် မှတ်ပုံတင်ခဲ့ခြင်းဖြစ်သည်။ အသက် ၂၈ နှစ်အရွယ်ရှိ အဆိုပါ သူလျှိုမယ်သည်၂၀၁၀ ဇူလိုင်လက အမေရိကန်ပြည်ထောင်စုမှ နှင်ထုတ်ခံခဲ့ရပြီး နောက် ရုရှားနိုင်ငံသို့ပြန်ရောက်ကာ ပေါ်ပြူလာဖြစ်လာခဲ့သည်။

ရုရှားသတင်းစာ ကွန်ဆိုမိုစကာယာ ပရာဗဒါက အန်နာချက်ပ်မင်း၏ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်မှုကို သူမ၏ ခင်ပွန်းဟောင်းအဲလက်စ်ချက်ပ်မင်းကမူ ကန့်ကွက်နိုင်ကြောင်း ဆိုသည်။ သူမသည် ဗြိတိန်နိုင်ငံသား အဲလက်စ်ချက်ပ်မင်းဆိုသူကိုလက်ထပ်ခဲ့ပြီးနောက် ဗြိတိန်နိုင်ငံသားအဖြစ် ခံယူခွင့်ရခဲ့သည်။ သူမ၏ ရုရှားပတ်စ်ပို့တွင်မူ ကူရှ်ချင်ကိုဟူသော လူသိနည်းသည့်အမည်ကိုရေးထားကြောင်း သတင်းစာတွင်ဖော်ပြသည်။

—*Ref: Reuters*

# အီရန်က ၂၀၁၂ တွင် နျူလက်နက် ပိုင်ဆိုင်လာမည်ဟု ဗြိတိန်ပြော

လန်ဒန်၊ ဖေဖော်ဝါရီ - ၁
အီရန်သည် နျူလက်နက်များကို လာမည့်နှစ်တွင် ပိုင်ဆိုင်လာမည်ဟုယူဆ၍ အနောက်နိုင်ငံကြီးများကအလုပ်လုပ်သင့်ကြောင်းနှင့် အစ္စရေးထောက်လှမ်းရေးကပြောသည့် ၂၀၁၅ တွင်မှ အီရန်က နျူလက်နက်ပိုင်ဆိုင်မည်ဆိုခြင်းမှာ အကောင်းမြင်လွန်းရာကျကြောင်း ဗြိတိသျှကာကွယ်ရေးအတွင်းဝန် လျန်းဖော့စ်ကပြောကြားသည်။

အီရန်သည် ၂၀၁၅ ခုနှစ်မတိုင်မီ နျူကလီးယားဗုံးတစ်လုံးထုတ်လုပ်နိုင်မည်ဟု အစ္စရေးကယုံကြည်ကြောင်း အစ္စရေးထောက်လှမ်းရေး အေဂျင်စီမော့ဆက်မှ အနားယူတော့မည့် ညွှန်ကြားရေးမှူးမိုင်ယာဒါဂန်က ပြီးခဲ့သည့်လကပြောကြားခဲ့သည်။

သို့သော် ဗြိတိသျှကာကွယ်ရေးအတွင်းဝန်ကမူ ပါလီမန်တွင် မေးခွန်းများကို ဖြေကြားရာ၌ ဒါဂန်အနေဖြင့် ဖြစ်နိုင်ခြေကာလအပိုင်းအခြား၏ အဆုံးပိုင်းကိုသာ တွက်ချက်ခြင်းမှာ မှားယွင်းသည်ဟုပြောကြားသည်။ ၎င်းကဆက်လက်၍ မြောက်ကိုရီးယားနိုင်ငံမှာကဲ့သို့ပင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အငိုက်မိသွားနိုင်ကြောင်း၊ ထို့အတွက် ၂၀၁၂ ခုနှစ်တွင် အီရန်က နျူလက်နက်ပိုင်ဆိုင်လာနိုင်သည်ဆိုခြင်းမှာ လုံးလုံးလျားလျား ဖြစ်နိုင်ကြောင်း ယူဆ၍ ယင်းယူဆချက်နှင့်အညီ ပြုမူဆောင်ရွက်သင့်ကြောင်း မစ္စတာလျန်းဖော့စ်က သတိပေးပြောကြားသည်။

သို့သော် ယင်းထုတ်ဖော်ပြောကြားမှုမှာ ထောက်လှမ်းရေးသတင်းများအပေါ်တွင် အခြေခံခြင်းရှိ၊ မရှိကိုမူ ဗြိတိသျှကာကွယ်ရေးအတွင်းဝန်က မပြောကြားခဲ့ပေ။ ဗြိတိန်မှာ ယခုလအတွင်း အီရန်နျူကိစ္စကို အီရန်နှင့် ညှိနှိုင်းခဲ့ပြီးတိုးတက်မှု မရခဲ့သည့် အင်အားကြီးခြောက်နိုင်ငံအဖွဲ့တွင် ပါဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အီရန်သည်ယူရေနီယမ်သန့်စင်ခြင်းအစီအစဉ်ကိုမရပ်တန့်သဖြင့် ကုလသမဂ္ဂက ပိတ်ဆို့တား ဆီးမှုလေးကြိမ်ကိုချမှတ်ခံထားရသည်။

—*Ref: Reuters*

# စကြဝဠာ မူလကို ရှာဖွေတွက်ချက်မည့် စူပါကွန်ပျူတာအား ဗြိတိန်ပညာရှင်များ စတင်လည်ပတ်

လန်ဒန်၊ ဖေဖော်ဝါရီ - ၁
ဗြိတိန်နိုင်ငံ ပို့စ်မောက်တက္ကသိုလ်မှသုတေသီများသည် စကြဝဠာ၏မူလ ရင်းမြစ်နှင့်ပတ်သက်၍ အဖြေရှာတွက်ချက်နိုင်မည့် စူပါကွန်ပျူတာ တစ်လုံးကို စတင်တီထွင်ကာ လည်ပတ်နိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။ SCIAMAဟု အမည်ပေးထားသော အဆိုပါစူပါကွန်ပျူတာသည် ဒက်စတော့ကွန်ပျူတာလုံးရေ ၁,၀၀၀ ၏ စွမ်းအားနှင့် ညီမျှပြီး စကြဝဠာဆိုင်ရာဒေတာ ပမာဏများစွာကိုထည့်သွင်းလည်ပတ်နေပြီဖြစ်ကြောင်း ဆိုသည်။



ယင်းကွန်ပျူတာသည် တစ်စက္ကန့်လျှင် တွက်ချက်မှုပေါင်း ဘီလီယံနှင့်ချီကာ ပြုလုပ်နိုင်မည်ဖြစ်ပြီး၊ နဂါးငွေ့တန်းကြယ်စုကြီးများနှင့် ကမ္ဘာမြေဆွဲအားများ အကြောင်း စကြဝဠာများအကြောင်းကို တွက်ချက်စူးစမ်းကာ အဖြေရှာနိုင်မည်ဖြစ်ကြောင်းသိရသည်။ ယင်းကွန်ပျူတာကို စီမံခန့်ခွဲမည့် ကျွမ်းကျင်ပညာရှင် ဂယ်ရီဘာတန်ကလည်း "SCIAMA ဟာကွန်ပျူတာတွေအများကြီးကိုစုစည်းထားပြီး စွမ်းအားကောင်းတဲ့ စက်တစ်လုံးဖြစ်ပါတယ်။ ဒီကွန်ပျူတာဟာ တစ်စက္ကန့်တိုင်းမှာ တွက်ချက်မှုပေါင်း ဘီလီယံနဲ့ချီပြုလုပ်နိုင်ပါတယ်။ ဒီလိုကွန်ပျူတာမျိုးကပဲ ဂြိုဟ်တုတွေ၊ အဝေးကြည့်မှန်ပြောင်းတွေ၊ အခြားစူးစမ်းရှာဖွေရေးယာဉ်တွေ၊ စက်တွေဆီကရတဲ့ အချက်အလက်တွေကိုလက်ခံရယူပြီး စကြဝဠာသမိုင်းနဲ့ မူလရင်းမြစ်တွေနဲ့ပတ်သက်တဲ့အဖြေတွေကို တွက်ချက်ရှာဖွေနိုင်မှာပါ" ဟု ပြောသည်။ အဆိုပါ ကွန်ပျူတာ၏အမည်ကို စကြဝဠာရူပဗေဒနှင့် နက္ခတ္တပညာရှင်ဒင်းနစ် စီယာမာ၏အမည်ကို အစွဲပြုကာ ပေးထားခြင်းဖြစ်သည်။

—*Ref: Dailymail*

7DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011



# “ လူတိုင်းက ကျွန်တော်တို့ ဘယ်လိုအောင်မြင်ခဲ့သလဲဆိုတာ သိချင်နေကြတယ်

## ဂျာမန်စီးပွားရေးဝန်ကြီး ရိန်နာဘရုဒါလေနှင့် တွေ့ဆုံခြင်း

ကျော်မျိုး

ဂျာမနီ စီးပွားရေးဟာ ပြီးခဲ့တဲ့နှစ်များအတွင်း ကမ္ဘာကို ကိုင်လှုပ်ခဲ့တဲ့စီးပွားရေး အကျပ်အတည်းကနေလျှင်လျှင်မြန်မြန် ရုန်းထွက်လာခဲ့တဲ့အတွက် နိုင်ငံအများစုရဲ့ အားကျခြင်းကို ခံယူခဲ့ရပါတယ်။ ဒ့ါအပြင် ဂျာမနီဟာ ယူရိုငွေကြေးကိုအဓိက ကျားကန်ပေးနေတဲ့ နိုင်ငံဖြစ်လာနေပြီး ဥရောပရဲ့ ယူရိုဇုန်ဘဏ္ဍာရေး အကျပ်အတည်းမှာပါ အရေးပါတဲ့နေရာက ရပ်တည်လာနေပါတယ်။ ဒ့ါကြောင့် ဂျာမန်စပိုင်းဂဲလ် မီဒီယာဟာ ဂျာမန်စီးပွားရေးဝန်ကြီး ရိန်နာဘရုဒါလေနဲ့ တွေ့ဆုံကာ ဂျာမနီရဲ့ စီးပွားရေးနာလန်ထမှုအကြောင်း ယူရိုဇုန်ရဲ့ အရေးပါမှုအကြောင်းတွေကို မေးမြန်းခဲ့ပါတယ်။

ဒီနှစ် ဒါးဗို့စ်မှာလုပ်တဲ့ ကမ္ဘာ့စီးပွားရေးဖိုရမ်ကို တက်ကြတဲ့ ဂျာမန်အစိုးအဖွဲ့ဝင်တွေ အားလုံးမှာ ဝန်ကြီးကတော့ အကြာဆုံးပါပဲ။ တောင်တန်းတွေကြားထဲမှာ (ဒါးဗို့စ်အရပ်ပတ်ဝန်းကျင်ကို ဆိုလိုသည်) အချိန်လေးနည်းနည်းပေးပြီး နေချင်စိတ်ရှိခဲ့သေးလား။

ဒါးဗို့စ် (ဖိုရမ်) ကစီးပွားရေးအတွက်ဖြစ်ပြီး ကုလသမဂ္ဂ (ညီလာခံ) ကတော့ နိုင်ငံခြားရေးပေါ်လစီအတွက်ပေ့ါ။ ဒါးဗို့စ်မှာ ကမ္ဘာ့အရေးပါဆုံး ကုမ္ပဏီခေါင်းဆောင်တွေ စုဝေးကြသလို စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာ ပေါ်လစီရေးဆွဲသူတွေလည်း စုဝေးကြတယ်။ ဒီလိုမျိုး ဝေးလံခေါင်ဖျားတဲ့ဆွစ်ကျေးရွာတစ်ခုမှာ အသိပညာတွေ၊ အတွေ့အကြုံတွေ၊ ရှေ့ရေးအမြော်အမြင်တွေ ကြီးကြီးမားမားနဲ့ ဆွေးနွေးကြတာ သိပ်ကျေနပ်စရာကောင်းပါတယ်။ ဒီဖိုရမ်က ကမ္ဘာတစ်ဝန်းက အရေးကြီးတဲ့ ဆုံးဖြတ်ချက်ချမှတ်သူ နေရာမှာရှိနေတဲ့ သူတွေအကြားအကြံဉာဏ်တွေ ဖလှယ်ကြတဲ့ လွတ်လပ်တဲ့နေရာ တစ်ခုပါပဲ။ ကံမကောင်းတာက ဖိုရမ်ကျင်းပတဲ့ လေးရက်အတွင်း ကျွန်တော့်ခရီးစဉ်က နှစ်ရက်ပဲ နေခွင့်ရတာပါ။

ဖိုရမ်မှာ ဆွေးနွေးမှုတွေကနေ ဘာတွေကို ဝန်ကြီးလေ့လာခဲ့မိပါသလဲခင်ဗျ။

စီးပွားရေးအခြေအနေကတော့ ပြီးခဲ့တဲ့နှစ်ကထက် အထိအခိုက်နည်းလာပါပြီ။ လူတိုင်းကလည်း ဒဏ်ရာသက်သာစပြုလာတာကိုခံစားမိနေကြပြီ။ ဒ့ါအပြင် ကျွန်တော်ဂုဏ်ယူမိတာ တစ်ချက်ဟာစီးပွားရေး အကျပ်အတည်းကလျှင်မြန်စွာ ပြန်ထွက်လာနိုင်တဲ့အတွက် ဂျာမနီကိုလေးစားကြတာပါ။ လူတိုင်းကလည်း ကျွန်တော်ဘယ်လိုအောင်မြင်ခဲ့သလဲဆိုတာ သိချင်နေကြတယ်။

သူတို့ကို ဝန်ကြီးဘာတွေပြောဖြစ်ပါသလဲ။


ပြောဖြစ်တာကတော့ ကျွန်တော်တို့ဟာ ဥပမာအားဖြင့် အလုပ်သမားဈေးကွက်ကို ပိုပြီးပြောင်းလွယ်ပြင်လွယ် ရှိအောင်လုပ်ရင်း ရှည်လျားတဲ့ နာကျင်ရတဲ့စီးပွားရေးကဏ္ဍ ပြန်လည်တည်ဆောက်ရေးကို လုပ်ခဲ့ရတယ်လို့ပါ။ ဒ့ါအပြင် ဂျာမန်တွေဟာလည်း မယုံနိုင်လောက်အောင် အလုပ်ကြိုးစားကြပါလို့ ပြောဖြစ်ပါတယ်။

ဒါဆို ဂျာမန်စီးပွားရေးဝန်ကြီးကဂျာမနီဟာ သူ့ရဲ့အကျပ်အတည်းကာကွယ်ရေး အိမ်စာကိုအပြီးလုပ်ခဲ့တယ်လို့ ယုံနေတာလား။

အဲလိုတော့ မဟုတ်ဘူး။ လုပ်စရာတွေအများကြီး ရှိပါသေးတယ်။ ကျွန်တော်တို့ဟာ ဘဏ္ဍာရေးဈေးကွက်တွေကို အရေးပေါ်ပြောင်းလဲဖို့ လိုအပ်နေပါတယ်။ အမျိုးသားအဆင့်မှာလည်း ကျွန်တော်တို့ စတင်နေပါပြီ။ ဒါပေမဲ့ မလုံလောက်သေးပါဘူး။ ကျွန်တော်တို့ဟာ နယူးယောက်၊ လန်ဒန်နဲ့ ဖရန့်ဖုတ်တို့လို အဓိကဘဏ္ဍာရေးဈေးကွက်တွေ အားလုံးမှာ ပါဝင်ပြီး ကမ္ဘာလုံးဆိုင်ရာ မူဘောင်တစ်ခုကို ချမှတ်နိုင်ရပါမယ်။

ဘာကြောင့် ဂျာမန်အစိုးရဟာ သူ့ကိုယ်ပိုင် နမူနာကောင်းကို မချမှတ်နိုင်ရတာပါလဲ။

ဘဏ္ဍာရေးစင်တာတွေအကြားပြိုင်ဆိုင်မှုက ပြင်းထန်နေပါတယ်။ ထိပ်ပိုင်းကိုချည်း တစ်ဖက်သတ် ဖိအားပေးနေတာမျိုးဟာ အဖွဲ့တွေရဲ့ ပြိုင်ဆိုင်မှုအနေအထားကို အန္တရာယ်ဖြစ်စေပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ဟာ ဘဏ္ဍာရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုကို တွန်းအားပေးလုပ်ဖို့ အရေးကြီးနေတာပါ။



ဒါးဗို့စ်မှာ ပြင်သစ်သမ္မတ နီကိုးလတ်ဆာကိုဇီကလည်း ဂျာမနီနဲ့ပြင်သစ်ဟာ ယူရိုငွေကို ဘယ်တော့မှ ကျရှုံးခံမှာ မဟုတ်ဘူးလို့ ပြောသွားပါတယ်။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ နူရီရယ်လ်ရူဘီနီလို စီးပွားရေးပညာရှင်တွေကလည်း ဥရောပငွေကြေးဟာ ပြိုလဲဖို့ အကျပ်အတည်း ဆိုက်နေပြီလို့ သတိပေးထားတာရှိတယ်။ ဒီတော့ ကျွန်တော်တို့ရဲ့ ယူရိုငွေကြေးဟာ ဘယ်အခြေအနေရှိနေပါသလဲ။

ဒါးဗို့စ်မှာ နောက်တစ်ကြိမ်ထပ်ပြီးမြင်သာလာခဲ့တာကတော့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှု အင်ဂျင်သစ်တွေဟာ အာရှနဲ့ လက်တင်အမေရိကမှာ ဖြစ်လာနေတယ်ဆိုတာပါပဲ။ အဲဒီအပြင်ဘက်မှာတော့ ဥရောပဟာ နည်းနည်းအိုဟောင်းနေပါပြီ။ ပြီးတော့ ဂျာမနီဟာလည်း သူ့အကျိုးစီးပွားတစ်ခုတည်းကို တောင်းဆိုနေဖို့ မဖြစ်နိုင်တော့ပါဘူး။ ကျွန်တော်တို့ ယူရိုငွေကို လိုအပ်တယ်။ ပိုအားကောင်းတဲ့ ဥရောပသမဂ္ဂကို လိုချင်ပါတယ်။

လက်ရှိမှာလည်း ဥရောပငွေကြေးဟာ စိုးရိမ်စရာတစ်ချက်အဖြစ် ရှိနေဆဲပါ။ ဘာတွေပြောင်းလဲဖို့ လိုအပ်နေပါသလဲ။

အကျပ်အတည်းတွေကို ခံနိုင်ရည်ရှိတဲ့ ပိုကောင်းတဲ့ငွေကြေးသမဂ္ဂတစ်ခုကို ကျွန်တော်တို့ ဖန်တီးရမယ်။ အဲဒီပရောဂျက်အတွက်ဂျာမနီရဲ့ ဦးစားပေးအစီအစဉ်ကတော့ ငွေကြေးတည်ငြိမ်မှုပါ။ အဲဒီအတွက်လည်း ကျွန်တော်တို့မှာ လွတ်လပ်တဲ့ ယူရိုငွေ ဗဟိုဘဏ်တစ်ခုလိုတယ်။ ငွေဖောင်းပွမှုနှုန်း နိမ့်ကျစေဖို့၊ အကျပ်အတည်းတွေ့နေတဲ့ နိုင်ငံတွေနဲ့အတူပါဝင်နေတဲ့ ယူရိုဇုန်အတွင်းမှာ တည်ငြိမ်တဲ့ ယန္တရားရှိဖို့ ကျွန်တော်တို့မှာ လိုအပ်နေတယ်။ ဒ့ါအပြင် အကူအညီလက်ခံရရှိတဲ့ နိုင်ငံတွေဆီကလည်း စီးပွားရေး၊ ဘဏ္ဍာရေးဆိုင်ရာ ဖွဲ့စည်းပုံပြောင်းလဲမှု လုပ်ဖို့လိုပြီး ပုဂ္ဂလိက ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံသူတွေနဲ့လည်း တချို့သော တာဝန်ယူမှုအပိုင်းတွေ ခွဲဝေရပါမယ်။

မကြာမီမှာလည်း ဂရိရဲ့ ကြွေးမြီပမာဏဟာ ၎င်းရဲ့ ပြည်တွင်းစုစုပေါင်းထုတ်ကုန် ဂျီဒီပီရဲ့ ၁၇၀ ရာခိုင်နှုန်းအထိ မြင့်လာပါတော့မယ်။ ဝန်ကြီးရဲ့ အထောက်အပံ့ပေးရင်းနဲ့ တစ်ပြိုင်နက်တည်းမှာ ဘဏ္ဍာရေးပြုပြင်ပြောင်းလဲမှု လုပ်စေခြင်း မဟာဗျူဟာဟာ အောင်မြင်ပါရဲ့လား။

ဂရိရဲ့ လက်ရှိဦးစားပေးအလုပ်က ဘဏ္ဍာရေးဖွဲ့စည်းပုံဆိုင်ရာပြုပြင်ပြောင်းလဲရေးပါ။ အဲဒါကိုအင်တိုက်အားတိုက် လုပ်သွားရပါမယ်။ ဂရိဟာ သူ့ဘာသာသူ နိုင်နင်းအောင် လုပ်သွားမှာပါ။

ဟိုးကတည်းက ပြောကြတာကတော့ အီးယူအဖွဲ့ဝင်နိုင်ငံတွေဟာပိုကောင်းတဲ့ ပူးပေါင်းဆောင်ရွက်မှုရှိတဲ့ စီးပွားရေးပေါ်လစီကိုဖော်ဆောင်ပြီး ဥရောပနိုင်ငံတွေအကြား စီးပွားရေးအရ ကွာဟမှုမရှိအောင် ဆောင်ရွက်သင့်တယ်လို့ဆိုပါတယ်။ ယခုအထိတော့ ဒါနဲ့ပတ်သက်လို့ နည်းနည်းပဲ အောင်မြင်သေးတယ်။ ဒီနှစ်ထဲမှာ ဒီစီမံကိန်းဟာ ရှေ့ဆက်နိုင်ဦးမယ်လို့ ဝန်ကြီးထင်ပါသလား။

ဥရောပအစိုးရအားလုံးဟာ စီးပွားရေးပေါ်လစီ ဖော်ဆောင်ချိန်ရောက်လို့ ကျွန်တော်တို့သာ အတူတကွ ဆောင်ရွက်ကြရင် အနာဂတ်ဟာ တောက်ပနေမှာပဲဆိုတာနားလည်ထားပါတယ်။ တစ်နိုင်ငံတည်းကတစ်ဖက်သတ်ထိန်းချုပ်ရေးဆီ ပြန်ရောက်သွားတာမျိုးကတော့အလုပ်မဖြစ်ပါဘူး။

ဂျာမန်နိုင်ငံသား တော်တော်များများကတော့ ဂျာမနီက ပေးဆပ်တဲ့ ဘဏ္ဍာရေး အကူအညီတွေကို ဥရောပတစ်တိုက်လုံးက ဥရောပသမဂ္ဂဆီကရပြီး အမြတ်ထွက်နေတယ်လို့ ခံစားနေကြပါတယ်။ ဒီစိတ်ခံစားမှုကို ရှင်းပြဖို့ အမှန်တရား တချို့တလေများရှိမလား။

ကျွန်တော်တို့ဟာ နိုင်ငံကထွက်သမျှ ကုန်စည်သုံးပုံနှစ်ပုံကို ဥရောပသမဂ္ဂထဲမှာပဲ တင်ပို့နေတာပါ။ ယူရိုငွေသုံးစွဲတဲ့ ယူရိုဇုန်အတွင်းမှာဆို ၄၀ ရာခိုင်နှုန်းကျော်ပမာဏအထိ တင်ပို့မှုရှိနေတာပါ။ ဂျာမန်မတ်ငွေကို ပြန်သုံးချင်ကြတဲ့သူတွေနားလည်ထားရမှာက အဲဒါဟာကျွန်တော်တို့ရဲ့ ဈေးကွက်အတွင်းယှဉ်ပြိုင်နိုင်စွမ်းကို ပိုဆိုးသွားစေမှာပါ။ ရလဒ်က ဂျာမနီမှာတင်မကဘဲ အခြားမှာလည်း မရေမတွက်နိုင်တဲ့ ဈေးကွက်ပျက်စီးမှုတွေ ဖြစ်စေမှာပါ။ ဂျာမန်တိုင်းကလည်း ယူရိုကို ဆက်သုံးဖို့ပဲ စိတ်ဝင်စားကြပါတယ်။

ကမ္ဘာ့စီးပွားရေး ဖိုရမ်ဟာ ဆွေးနွေးမှုတွေသာ အများကြီးလုပ်ပြီး ဘာအရေးယူဆောင်ရွက်မှုမှ မရှိလို့ မကြာခဏ ဝေဖန်ခံနေရပါတယ်။ ဝန်ကြီးလည်း ဒီအမြင်ကိုလက်ခံပါသလား။

ဟင့်အင်း။ ကမ္ဘာ့စီးပွားရေးဖိုရမ်ဟာ ဆုံးဖြတ်ချက်ချမှတ်ရေး အဖွဲ့အစည်းတစ်ခုမှမဟုတ်တာ။ အဲဒီလို မဖြစ်တာလည်း ကောင်းပါတယ်။

ဒါးဗို့စ်ကနေ ဘာလင်ကိုဝန်ကြီးဘာကို သယ်ဆောင်ပြီးပြန်လာခဲ့သလဲ။

ကျွန်တော်တို့ရဲ့ ပြဿနာတွေအားလုံးကို ဖြေရှင်းနိုင်မယ်ဆိုတဲ့အကောင်းမြင်ဝါဒပေ့ါ။

—*Ref: Economy Minister*

7 DAY NEWS JOURNAL

# Entertainment

Vol.9, No.46 • FEBRUARY 10, 2011



မြန်မာလူငယ်တို့ ကြိုက်နှစ်သက်သည့် အမေရိကန် ပန့်ခ်ဂီတအဖွဲ့ဖြစ်သော Green Day အဖွဲ့

## မြန်မာ့ပန့်ခ်ဂီတ နိုင်ငံတကာအဆင့်ရှိဟုဆို

ဝေယံ

မြန်မာနိုင်ငံမှ ပန့်ခ်ဂီတအဖွဲ့များသို့ ဂျာမနီနိုင်ငံမှ ပန့်ခ်ဂီတလေ့လာသူ နှစ်ဦးကလာရောက် လေ့လာမှတ်တမ်းတင်မှုများ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံမှ ပန့်ခ်ဂီတမှာ နိုင်ငံတကာသို့ ရင်ဘောင်တန်းသည့် ရေးသားမှု၊ တီးခတ်မှုအဆင့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ပန့်ခ်ဂီတနှင့် ပတ်သတ်သည့်တီးခတ်မှု၊ ဖျော်ဖြေမှုများကို ၁၉၉၀ ပြည့်နှစ်ခန့်က စတင်ခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်ခန့်မှစတင်၍ လူသိများလာခဲ့သည်။ မြန်မာနိုင်ငံ ပန့်ခ်ဂီတအနေဖြင့် PopPunk, StreetPunk, Headcore, Skinhead, Crash-pank စသည့်အမျိုးအစားများဖြင့် ပန့်ခ်လှုပ်ရှားမှုပန့်ခ်တီးခတ်ဖျော်ဖြေမှုတို့ကိုပြုလုပ်လျက်ရှိကြောင်းသိရသည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် ပေ့ါပန့်ဂီတသာ လူသိများလျက်ရှိပြီး ကျန်ရှိသည့်ပန့်ခ်ဂီတများမှာပရိသတ်လက်ခံမှုနည်းပါးလျက်ရှိနေသေးကြောင်းသိရသည်။

မြန်မာနိုင်ငံသို့ လာရောက် လေ့လာခဲ့သောသူများမှာ ပန့်ဂီတကို ကိုယ်တိုင်ဖန်တီးတီးခတ်နေသော ပန့်ခ်ဂီတအဖွဲ့များသို့သာ လာရောက်မှတ်တမ်းတင်မှုများပြုလုပ်ခြင်းဖြစ်ပြီး ပန့်ခ်ဂီတအဖွဲ့ ၄ဖွဲ့ခန့်ကို လေ့လာမှတ်တမ်းတင်ခဲ့ကြကြောင်းသိရသည်။ အဆိုပါအဖွဲ့များမှာ Side-effect,Therebi lroit,happythreefriend, Inferno တို့ ပါဝင်ကြကြောင်း သိရသည်။

"ဒီကိုလာတာ ပန့်ခ်ဂီတသမားတွေကို မှတ်တမ်းတင်လေ့လာဖို့အတွက်ပါ။ ကျွန်တော်တို့က ပန့်ခ်ဂီတကို ကမ္ဘာအနှံ့လိုက်လေ့လာမှတ်တမ်းယူနေတာပါ။ နိုင်ငံတိုင်းရဲ့ ပန့်ခ်ဂီတဖြစ်ထွန်းမှု၊ စတင်မှု၊ တီးခတ်မှုတွေကို မှတ်တမ်းရိုက်ကူးတာပါ။

စာ(၄၉)သို့

## တစ်ကိုယ်တော်ခွေ စတင်အသံသွင်းနေသည့် Nကိုင်ရာ

အေးသူစံ

ရန်ကုန်၊ ဇန်နဝါရီ – ၂၇

တစ်ကိုယ်တော်ခွေမထွက်သေးသော်လည်း အတွဲခွေများတွင် ပါဝင်သီဆိုရင်းပရိသတ်အခိုင်အမာရရှိထားသည့် ကချင်တိုင်းရင်းသူ အဆိုတော်လေး Nကိုင်ရာကတစ်ကိုယ်တော်ခွေအတွက် သီချင်းများ စတင်အသံသွင်းယူနေပြီဖြစ်ကြောင်း မသန်စွမ်းသူများ ရန်ပုံငွေ မတည်ရေးအဖြစ်ပြုလုပ်သည့် တွန်းအားအနုပညာလှုပ်ရှားမှုပွဲတော်တွင် ပြောကြားသည်။

"တစ်ကိုယ်တော်ခွေကိုတော့ ပရိသတ်လက်ထဲ ရောက်နိုင်အောင် အမြန်ဆုံးကြိုးစားနေပါတယ်။ အကောင်းဆုံးလည်းဖြစ်အောင်လုပ်နေတဲ့အတွက်ကြောင့် ပရိသတ်တွေကိုလည်း ဆန့်တင့်ငံ့မဖြစ်စေချင်လို့ ထွက်ခါနီးကျရင်တော့ ကိုင်အတိအကျ ပြောပါ့မယ်လို့။ အတီးတွေလည်းစနေပြီ။ အသံလည်းစသွင်းနေပါပြီ။ သီချင်းပုံစံလေးတွေက ပရိသတ်တွေကိုင့်ကို လက်ခံထားတဲ့ပုံစံလေးတွေနဲ့ အရမ်း ကွဲမထွက်သွားအောင်၊ ပရိသတ်တွေလည်း ကြိုက်မယ့်၊ကိုင်လည်းကြိုက်မယ့် ပုံစံလေးတွေ၊ အမြဲဆိုနေကျပုံစံမျိုးနဲ့တော့ နည်းနည်းကွဲတယ်။ ပေ့ါပ်ချိုချိုလေးတွေပါပဲ။ ပရိသတ်တချို့က ကိုင့်ကိုအောင်သွယ်ခွေထဲကလို သီချင်းအမြူးလေးတွေပုံစံကို ကြိုက်ကြတယ်။ တချို့ကျတော့လည်း သီချင်းအေးအေးလေးတွေနဲ့ပိုလိုက်တယ်ပြောကြတော့ ဒီခွေထဲမှာ ကိုင်သီချင်းမျိုးစုံအောင်ထည့်ထားပါတယ်" ဟု တစ်ကိုယ်တော်ခွေစီစဉ်နေမှုကို ပြည့်ပြည့်စုံစုံပြောပြသည်။ လက်ရှိ သူမ သီဆိုနေရသောပုံစံနှင့် သူမ ကြိုက်နှစ်သက်သောဂီတပုံစံတို့ ကွဲပြားနေသော်လည်း ပရိသတ်လက်ခံမှုကို ရရှိခဲ့သည့်သီချင်းပုံစံများကိုဆက်လက်သီဆိုနေဦးမည်ဟုလည်း သိရသည်။

"ကိုင် ငယ်ငယ်တည်းက ကြိုက်ခဲ့တာရော့ခ်ပေ့ါ။ ရော့ခ်ကို အားရပါးရအော်ဆိုတာကို အရမ်းသဘောကျတယ်။ အခု ကိုယ်ဆိုနေရတဲ့ ပေ့ါပ်ချိုချိုလေးတွေကျတော့ ကိုယ့်အသံနဲ့ လိုက်ဖက်လို့ကြိုက်တယ်"ဟု Nကိုင်ရာက ပြောသည်။



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)


စာ(၄၉)သို့

## သားလေးမေမေ ဖြစ်သွားတဲ့ ပင်နီလုပ်ခရုဇ်

နယူးယောက်၊

ဇန်နဝါရီ – ၃၁

စပိန် ရုပ်ရှင်မင်းသမီး ပင်နီလုပ်ခရုဇ်သည် သူမ၏ ပထမဆုံးကလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့ကြောင်း မင်းသမီး၏ ပြောခွင့်ရပုဂ္ဂိုလ်က ပြောကြားလိုက်သည်။ မင်းသမီးသည် ယခုကလေးကို အော်စကာဆုရ မင်းသားဂျာဗီယာဘာဒမ်နှင့် လက်ထပ်ပြီးခြောက်လခန့်ကာလ၌ပင် မွေးဖွားခဲ့ခြင်းဖြစ်သည်။ မင်းသမီး၏ ပြောခွင့်ရပုဂ္ဂိုလ်က "ပင်နီလုပ်နဲ့ ဂျာဗီယာတို့ဟာ ပြီးခဲ့တဲ့အပတ်ကစလို့ သူတို့မိသားစုထဲဝင်လာတဲ့ ပထမဆုံးသားယောက်ျားလေးကို ကြိုဆိုခဲ့ကြပါတယ်။ မိဘနှစ်ပါးစလုံးနဲ့ ကလေးဟာလည်း ကျန်းမာနေကြပါတယ်" ဟု ဖော်ပြခဲ့ပြီး အသေးစိတ်အချက်များ ပြောဆိုရန်ကိုမူ



ငြင်းဆန်ခဲ့သည်။

မင်းသမီးခရုဇ်သည် သူမ၏ ပထမဆုံးသားယောက်ျားလေးကို ဘီဗာလေဟေးလ်ရှိ ဆီဒါဆိုင်းနိုင်းဆေးခန်းတွင် မွေးဖွားခဲ့ခြင်းဖြစ် ကြောင်း စပိန်အနုပညာမဂ္ဂဇင်း ဟိုလာကဖော်ပြခဲ့သည်။ ပင်နီလုပ်ခရုဇ်(၃၆နှစ်)သည် ဂျာဗီယာဘာဒမ် (၄၁ နှစ်) နှင့် ယမန်နှစ်ဇူလိုင်လက ဘာဟားမားစ်ကျွန်းတွင် လက်ထပ်ခဲ့သည်။ ဘာဒမ်သည် ၂၀၀၇ ခုနှစ်တွင် No Country for Old Men ဇာတ်ကားဖြင့် အော်စကာရခဲ့ပြီး ပင်နီလုပ်ခရုဇ်မှာ ၂၀၀၈တွင် Vicky Cristina Bercelona ဇာတ်ကားဖြင့် အော်စကာရခဲ့သည်။

—Ref: AFP

## ပရိသတ်နှလုံးသားကိုကိုင်လှုပ်နိုင်ခဲ့တဲ့ ကင်တေဟီး

ဆိုးလ် – ဖေဖဝါရီ ၃

သရုပ်ဆောင်ရာမှာ အေးစက်စက်မျက်နှာပေးနဲ့အမြဲ သရုပ်ဆောင်တတ်လို့ ဝေဖန်ခံခဲ့ရတဲ့ တောင်ကိုရီးယားအနုပညာစတားကင်တေဟီးဟာ သူမရဲ့ဇာတ်လမ်းတွဲသစ်မှာ မြူးကြွသွက်လက်တဲ့ ဟန်ပန်နဲ့ သရုပ်ဆောင်ပြီးဝေဖန်သူတွေကိုတင်မကဘဲ ပရိသတ်ရဲ့အားပေးမှုကို အံ့အားသင့်ဖွယ်ရရှိနေပါတယ်။

သူမနဲ့မင်းသားဂျောင်ဂျီဟွန်း(ဂျွန်စော)တို့အဓိက သရုပ်ဆောင်ထားတဲ့ My Princess ဇာတ်လမ်းတွဲကို MBCရုပ်သံကနေထုတ်လွှင့်ပြသလျက်ရှိရာ ကြည့်ရှုသူနှုန်းမှာ မြင့်တက်လျက်ရှိပြီး လတ်တလောလူကြိုက်များရေပန်းစားနေသည့် ဇာတ်လမ်းတွဲဖြစ်နေကြောင်း အနုပညာသတင်းဝက်ဘ်ဆိုက်တွေမှာ ဖော်ပြခဲ့ကြပါတယ်။

မင်းသမီးကင်တေဟီးသည် ရုပ်ရှင်ဇာတ်လမ်းများရိုက်ကူးခြင်းထက် ကုန်ပစ္စည်းကြော်ငြာများရိုက်ကူးသည့် သရုပ်ဆောင်မော်ဒယ်အဖြစ်ပိုမိုထင်ရှားကျော်ကြားသူဖြစ်ပါတယ်။

Ref:Hancinema



## သ ုပ်ဆောင်၊ တေးသံရှင် ဘုန်းကျော်သူ၏ ပထမဆုံးစီးရီးထွက်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၂**

ကိုယ်ပိုင်သံစဉ်တေးသီချင်း အများစုပါဝင်သည့် သရုပ်ဆောင် တေးသံရှင်ဘုန်းကျော်သူ၏ ပထမဆုံးစီးရီးဖြစ်သည့် 'အရမ်းချစ်တယ်' တိပ်နှင့် စီဒီကို ယခုလ ၉ ရက်တွင် ရတနာမြိုင် တေးသံသွင်းမှ ဖြန့်ချိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပေါ့ပ်၊ R&B ၊ ဟစ်ဟော့ပ် အမျိုးအစားသီချင်း ၁၄ ပုဒ်ပါဝင်သော အဆိုပါ စီးရီးကို တစ်နှစ်နီးပါးအချိန်ယူပြင်ဆင်ခဲ့ကြောင်း အဆိုတော် ဘုန်းကျော်သူက ပြောသည်။ "ကျွန်တော်ရဲ့ပထမဆုံးဒီစီးရီးကို ၇၅ ရာခိုင်နှုန်း လောက်ကျေနပ်ပါတယ်။ ဗီစီဒီကိုလည်း မကြာခင်စတင်ရိုက်ကူးသွားမှာဖြစ်ပြီး စက်တင်ဘာလ လောက်ထွက်ရှိနိုင်ဖို့ ရည်မှန်းထားပါတယ်"ဟု ၎င်းကပြောသည်။

တေးရေး ဘုန်းကျော်သူ၊ ပြည့်စုံ၊ T3M ၊ MHK၊ ဖိုးခွား(PK)၊ Demonhunter တို့၏ သီချင်းများပါဝင်သည့် အဆိုပါ စီးရီး၏ ပရိုမိုးရှင်းရှိုးပွဲအစီအစဉ်ကို ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့) ညနေ ၄ နာရီအ ချိန်တွင် စိန်ဂေဟာ(ပါရမီ)၌ ကျင်းပသွားမည်ဖြစ်ပြီး ပါဝင်သည့် အဆိုတော်နှင့် သရုပ်ဆောင်များက လက်မှတ်ရေးထိုးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



## ဗယ်လင်တိုင်းနေ့အကြို အင်ပါယာတီးဝိုင်း ဖျော်ဖြေပွဲကျင်းပမည်

အေးသူစံ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၂**

အင်ပါယာတီးဝိုင်း၏ ဗယ်လင်း တိုင်းနေ့အကြိုဂီတဖျော်ဖြေပွဲကို 'Emperor Love concert' အမည်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း အင်ပါယာတီးဝိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဖျော်ဖြေပွဲတွင် ဇော်ဝင်းထွဋ်၊ R ဇာနည်၊ ဟေမာနေဝင်းနှင့် ချမ်းချမ်းတို့သီဆိုမည်ဖြစ်ပြီး တစ်ဦးချင်းသီဆိုမှုများနှင့် စုံတွဲသီဆိုမှုများလည်း ပါဝင်မည်ဟုသိရသည်။ ဖျော်ဖြေပွဲကို ဖေဖော်ဝါရီလ ၁၃ ရက်နေ့၊ ည ၇နာရီတွင် Chat-rium ဟိုတယ်၌ကျင်းပမည်ဖြစ်ပြီး ထိုင်ခုံနှင့် ကျပ်တစ်သောင်းခွဲဖြစ်ပြီး ထိုင်ခုံမဲ့ကို ကျပ် ၇,၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။

အင်ပါယာတီးဝိုင်း၏ ဖျော်ဖြေမှုနှင့် ရန်ကုန်ပရိသတ်တို့ကြား အတန်ကြာဝေးကွာနေရာမှ ယခုနှစ်ဆန်းပိုင်းတွင် အင်ပါယာတီးဝိုင်း၏ ဖျော်ဖြေမှုကို နားဆင်ရတော့မည်ဖြစ်သည်။ သီဆိုမည့် အဆိုတော်မှာလေးဦးသာဖြစ်သောကြောင့် အဆိုတော်တစ်ဦးချင်းစီ၏ သီချင်းများကို တစ်ဝကြီး နားဆင်ခံစားနိုင်သကဲ့သို့ဗယ်လင်တိုင်းနေ့အတွက် အမှတ်တရအချစ်သီချင်းနားဆင်လိုသူများအတွက် စုံတွဲသီဆိုမှုများကိုလည်း နားဆင်နိုင်မည်ဖြစ်သည်။







7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011



## စာ-၄၇၊ မြန်မာ့ပန့်ခ်ဂီတ နိုင်ငံတကာအဆင့်ရှိဟုဆို မှ

ကော်ပီတီးခတ်သီဆိုမှုတွေကို မှတ်တမ်းမယူပါဘူး။ မူရင်းတီးခတ်သူတွေရဲ့မှတ်တမ်းတွေက ရှိပြီးသားပါ"ဟု ပန့်ခ်ဂီတလေ့လာသူတစ်ဦးဖြစ်သည့် ALEX က ပြောသည်။

ပန့်ခ်ဂီတ လေ့လာသူတို့မှာ မြန်မာနိုင်ငံမှပန့်ခ်အဖွဲ့များနှင့် အင်တာနက်မှတစ်ဆင့် ချိတ်ဆက်ကာ လာရောက်လေ့လာခြင်းမျိုးဖြစ်ပြီး ဂီတအစည်းအရုံးကဲ့သို့သော သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ချိတ်ဆက်မှုမျိုး မပြုလုပ်ကြောင်း သိရသည်။

"သူတို့လာလေ့လာတာ ဂီတအစည်းအရုံးလို အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်တာတွေမရှိဘူးဆိုတာကလည်း ပေါ့ပန့်ခ်Greenday တို့လိုအဖွဲ့တွေကလွဲပြီး ကျန်တဲ့ပန့်ခ်တွေက တရားဝင်ခွေထုတ်ဝေခြင်း ဗီစီဒီရိုက်ကူးခြင်းတွေ မလုပ်တဲ့ပန့်ခ်တွေ Sexplisto တို့လိုပန့်ခ်ဂီတကို လုပ်ကိုင်နေကြတဲ့သူတွေကိုပဲလေ့လာလိုကြလို့လို့ပါ" ဟုမြန်မာနိုင်ငံမှ Street Punk လူငယ်တစ်ယောက်က ဆိုသည်။

မြန်မာနိုင်ငံရှိ ပန့်ခ်လူငယ်များမှာ လှူပ်ရှားမှုများအနေဖြင့်စုပေါင်းကာ ဂီတအသိပညာများဝေမျှခြင်း၊ စုပေါင်းတီးခတ်ခြင်း၊ ပန့်ခ်အဖွဲ့များစုပေါင်းကာဂီတဖျော်ဖြေပွဲများပြုလုပ်ခြင်း၊ စုပေါင်းတွေ့စုံပွဲများပြုလုပ်ခြင်းတို့ကို ပြုလျက်ရှိသည့်အမျိုးအစားများရှိသလိုပန့်ခ်ဝတ်စုံများဝတ်ဆင်ကာ ရမ်းကားကြသည့် အဖွဲ့အစည်းများလည်းရှိကြကြောင်း သိရသည်။

"ကျွန်တော်တို့တွေက ပန့်ခ်တွေအချွန်အတက်ကြီးတွေနဲ့ဆိုပြီး မရမ်းကားဘူး။ နောက်တယ်ပြောင်တယ်ဒီလောက်ပဲ။ တချို့ကတော့ ပွဲတော်ပန့်ခ်တွေပွဲရှိရင်သွား စင်ပေါ်ကကောင်ကလည်း ဂီတအမျိုးအစားခွဲခြားပြီး ရက်ပ်ပါတွေဘာပဲညာပဲဆိုပြီး သွေးထိုးပေး၊ အောက်ကလိုက်ဆဲ။ အဲဒါကလည်း အောက်ကကောင်တွေက ဂီတနဲ့သွေးဆူနေတော့ အော်မှာပဲဆဲမှာပဲ။ အပေါ်ကဆိုတဲ့လူက မလုပ်သင့်ပါဘူး။ ရက်ပ်ပါအဖွဲ့တွေကလည်း သီချင်းတွေလုပ်ဆိုအဲလိုသွေးခွဲတာတွေမကောင်းပါဘူး။ မြူးဇစ်ကမြူးဇစ်ပါပဲ၊ ဒါ့အပြင် ရက်ပ်မြူးဇစ်ပေါက်ဖွားသီဆိုပုံနဲ့ ပန့်ခ်မြူးဇစ်ပေါက်ဖွားသီဆိုပုံက အခြေခံအားဖြင့်အတူတူပဲ။ ကျွန်တော်တို့တွေကတော့ ခွဲခြားမှုမရှိဘူး။ ခံစားချက်တွေပဲရှိတယ်"ဟု ပန့်ခ်ဂီတလုပ်ကိုင်နေသူတစ်ဦးကဆိုသည်။

ထိုသို့လာရောက်မှတ်တမ်းရယူလေ့လာသွားမှုအတွက် မြန်မာနိုင်ငံရှိပန့်ခ်ဂီတလုပ်ဆောင်နေကြသော လူငယ်များမှာ ပြည်တွင်းတွင် အသိအမှတ်ပြုခံရမှု နည်းသော်လည်း ကမ္ဘာပေါ်ရှိ ပန့်ခ်ဂီတဖွံ့ဖြိုးသည့်နိုင်ငံချိတ်ဆက်နိုင်ကာ မြန်မာနိုင်ငံ၏ ပန့်ခ်ဂီတကိုမှတ်တမ်းတင်ခံရမှုမှာ ဂုဏ်ယူဖွယ်ဖြစ်ကြောင်း ဂီတလေ့လာလိုက်စားသူတေးရေးတေးဆို ကိုသားထွေးကဆိုသည်။

## စာ-၄၇၊ တစ်ကိုယ်တော်ခွေ စတင်အသံသွင်းနေသည့် Nကိုင်ရာ မှ

သူမ၏လက်ရှိအချစ်ရေးနှင့် ပတ်သက်ပြီး ရာသီဥတုသာသာယာယာရှိ၍စိတ်ချမ်းသာနေကြောင်း၊ ချစ်သူက အနုပညာသမားမဟုတ်သော်လည်း မိမိ၏ အနုပညာအလုပ်ကို နားလည်ပေးထားခြင်းကြောင့် လက်တွဲ၍ရကြောင်းပြောကြားသည်။

## ရုပ်ရှင်အစည်းအရုံးက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရှင်များကို ဂုဏ်ပြုပွဲကျင်းပမည်

အေးသူစံ

ရန်ကုန်၊ ဖေဖော်ဝါရီ ၃

၂၀၀၉ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲတွင်ထူးချွန်ဆုရရှိခဲ့ကြသူများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကကြီးမှူး၍ ဂုဏ်ပြုပွဲကျင်းပပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေကပြောသည်။

"ဒီဂုဏ်ပြုပွဲကို ဖေဖော်ဝါရီလ ဒုတိယပတ်လောက်တော့ကျင်းပဖို့ စီစဉ်ထားပါတယ်။ ညပွဲပဲလုပ်ဖြစ်မှာပါ။ လူကြီးပိုင်းထဲက ဘယ်သူတွေတက်ဖြစ်မလဲဆိုတော့ ဘာမှတော့ ပြောလို့မရသေးပါဘူး" ဟု ဦးမြင့်သိန်းဖေက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများကို နှစ်စဉ်နှစ်တိုင်း ဂုဏ်ပြုပွဲပြုလုပ်ပေးနေကျဖြစ်သည့်အတိုင်း ယခုနှစ်တွင်လည်း ၂၀၀၉ခုနှစ်ထူးချွန်ဆုရရှိသူများဖြစ်ကြသည့် နေတိုး၊ စိုးပြည့်သဇင်၊ မီးပွား၊ မိရာမိုရ်၊ စင်ရော်မောင်မောင်၊ မြင့်ဦးဦးမြင့်၊ စန်းဦးနှင့်အဖွဲ့၊ ကိုကိုဌေးနှင့်အဖွဲ့၊ ဇော်မင်း (ဟံသာမြေ)တို့ကို ဂုဏ်ပြုပွဲကျင်းပပေးမည်ဖြစ်သည်။

ယမန်နှစ်ကလည်း ၂၀၀၈ ခုနှစ် ဆုရှင်များဖြစ်ကြသော ခန့်စည်သူ၊ မို့မို့မြင့်အောင်၊ ညီညီထွန်းလွင်၊ ခင်မို့မို့အေး၊ ရဲအောင်နှင့် ဝင်းနိုင် (မျက်ခြယ်) တို့ကို မြန်မာနိုင်ငံအစည်းအရုံးက ဂုဏ်ပြုပွဲကျင်းပပေးခဲ့ပြီး မင်္ဂလာကုမ္ပဏီအုပ်စုမှ ဦးဇော်မင်းကလည်း အစည်းအရုံးနှင့်အတူဆုရှင်တစ်ဦးလျှင် ငွေကျပ်ခုနစ်သိန်းစီ အသီးသီးချီးမြှင့်ခဲ့သည်။



## အီဗာလွန်ဂိုရီယာနှင့် တိုနီပါကား လမ်းခွဲကြပြီ

နယူးယောက်၊ ဖေဖော်ဝါရီ – ၁

ဟောလိဝုဒ်မင်းသမီး အီဗာလွန်ဂိုရီယာသည် NBA ဘတ်စကတ်ဘောသမား တိုနီပါကားနှင့် အပြီးသတ်ကွာရှင်း လမ်းခွဲခဲ့ကြောင်း မင်းသမီး၏ ပြောခွင့်ရပုဂ္ဂိုလ်က အတည်ပြုလိုက်သည်။ အသက် ၃၅နှစ်အရွယ်ရှိ မင်းသမီးသည် တိုနီပါကားနှင့် ၎င်း၏ ယခင်အသင်းဟောင်း ဆန်အန်တိုနီယိုစပါးမှ ကစားဖော်ဘရန့်ဘယ်ရီ၏ဇနီးတို့ ဆက်သွယ်မှုကို တွေ့ရှိရပြီးနောက် အိမ်ထောင်ရေးအဆုံးသတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု People မဂ္ဂဇင်းနှင့် TMZသတင်းတို့က ဖော်ပြခဲ့ကြသည်။

သူမသည် တိုနီနှင့် လမ်းခွဲရန်ပြီးခဲ့သည့်နိုဝင်ဘာလကလော့စ်အိန်ဂျလိစ် တရားရုံးတွင်လျှောက်ထားခဲ့ပြီး အသက် ၂၈အရွယ်ရှိ တိုနီပါကားကလည်းအီဗာလွန်ဂိုရီယာနှင့် လမ်းခွဲရန် တက္ကဆက်ပြည်နယ်ရှိ ဘတ်စားခရိုင်တရားရုံးတွင် ဦးတိုက်လျှောက်ထားခဲ့သည်။ ထို့နောက် တက္ကဆက်တရားရုံးက ကွာရှင်းမှုကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။ ယင်းစုံတွဲ သည် ၂၀၀၇ ခုနှစ်ကပြင်သစ်နိုင်ငံတွင် လက်ထပ်ခဲ့ခြင်းဖြစ်ပြီးကလေး မရသေးပေ။ မင်းသမီးအီဗာလွန်ဂိုရီယာသည် Desperate Housewives အမည်ရ ABC ရုပ်သံလိုင်းရှိုးများဖြင့် နာမည်ကြီးလာသူဖြစ်သည်။ —Ref: AP

## ကွန်ဖူးချစ်သူ ကိုရီးယားဇာတ်လမ်းတွဲ ထုတ်လွှင့်မည်

အေးသူစံ

ရန်ကုန်၊ ဖေဖော်ဝါရီ ၃

လွန်ခဲ့သော နှစ်ပေါင်း ၆၀၀ ခန့်က ပေါ်ပေါက်ခဲ့သော မအိုမနာမသေဆေး ဟူသည့် သိုင်းကျမ်းစာအုပ်ကို အခြေပြုရိုက်ကူးထားသော 'ကွန်ဖူးချစ်သူ' အမည်ရှိ သိုင်းလောကအခြေပြုမျက်မှောက်ခေတ်ကိုရီးယားဇာတ်လမ်းတွဲကို ဇန်နဝါရီလကုန်ပိုင်းမှစ၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှထုတ်လွှင့် ပြသနေကြောင်း ဇာတ်လမ်းတွဲတင်သွင်းသည့်ကုမ္ပဏီမှသိရသည်။

ယင်းသိုင်းကျမ်းကို လိုချင်သူများခြင်းကြောင့် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက စစ်ပွဲများဖြစ်ပွားခဲ့ပြီး အနိုင်ရရှိခဲ့သူဘုန်းတော်ကြီး ဆူဟွမ်းက စစ်ပွဲများကို ရပ်တန့်စေခဲ့ကာသိုင်းကျမ်းအားသော့ခတ်သိမ်း၍လိုအပ်လျှင် ထုတ်သုံးနိုင်ရန် မှော်သော့တံရှင်းပူးကိုထားခဲ့သည်။ ခေတ်စနစ်များပြောင်းလာပြီး ယနေ့ခေတ်ဆိုးလ်မြို့တွင် ယင်းသိုင်းကျမ်းရာဇဝင်ကိုသိပြီး ခေတ်အဆက်ဆက်ရှာဖွေလာသူဂိုဏ်းအဖွဲ့များကမှော်သော့တံရှင်းပူကိုလိုက်ရှာရာ မှော်သော့ လက်ဝယ်တွင်ရှိသူအမေ့လက်ရာစားသောက်ဆိုင်ပိုင်ရှင်ဒုံဟယ်၏မိခင်ကို ဂိုဏ်းသားများက ဖမ်းဆီးသွားခဲ့သည်။ ဒုံဟယ်၏မိခင်ကဒုံဟယ်ကိုမှော်သော့ တံရှင်းပူးတည်နေရာအား ဂီတသင်္ကေတများဖြင့်လူဆိုးများထက်မှ လမ်းညွှန်ပေးထားခြင်းကို စိတ်ဝင်စားဖွယ်ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းဇာတ်လမ်းတွဲကို ဇန်နဝါရီလ ၃၀ ရက်မှစ၍ပြီးဆုံးသွားသော 'ဘဝမိုးတိမ်' ဇာတ်လမ်းတွဲအစားစနေ၊ တနင်္ဂနွေနေ့ ညရှစ်နာရီသတင်းအပြီးတွင် ပြသလျက်ရှိပြီး လောကတွင်သမာသမတ်ရှိရှိနေထိုင်ကြရန်နှင့် လူမှန်သမျှအိုနာ သေဘေးနှင့်မလွတ်ကင်းနိုင်ဘဲ စိတ်ထားကောင်းမှ ဘဝကံကောင်းစေနိုင်ကြောင်း တင်ဆက်ထားသည့် ဇာတ်လမ်းတွဲ ဖြစ်သည်။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Rite | Warner Bros. Pic. | ၁၄,၇၈၉,၃၉၃ | ၁ |
| ၂။ | No Strings Attached | Paramount Pic. | ၃၉,၅၀၂,၃၀၄ | ၂ |
| ၃။ | The Mechanics | CBS Films | ၁၁,၄၂၂,၀၀၆ | ၁ |
| ၄။ | The Green Hornet | Sony Pic. | ၇၈,၄၈၅,၀၁၆ | ၃ |
| ၅။ | The King's Speech | The Weinstein Company | ၇၂,၁၇၉,၆၈၈ | ၁၀ |
| ၆။ | True Grit | Paramount Pic. | ၁၄၈,၃၀၅,၉၀၀ | ၆ |
| ၇။ | The Dilemma | Universal Pic. | ၄၀,၈၂၄,၁၈၅ | ၃ |
| ၈။ | Black Swan | Fox Searchlight Pic. | ၉၀,၇၂၂,၃၁၀ | ၉ |
| ၉။ | The Fighter | Paramount Pic. | ၇၈,၂၇၈,၂၀၄ | ၈ |
| ၁၀။ | Yogi Bear | Warner Bros. Pic. | ၉၂,၅၀၉,၂၈၁ | ၇ |

## Movie Review

### Unknown




ဘာလင်မြို့၌ မော်တော်ကားမတော်တဆမှုနှင့် ကြုံတွေ့ခဲ့ပြီးနောက် ဒေါက်တာမာတင်ဟေးရစ်တစ်ယောက် သတိပြန်လည်လာချိန်တွင် သူ့မိန်းမက သူ့ကိုမမှတ်မိတော့သည့်အဖြစ်နှင့် ကြုံရပြီး သူ့နေရာတွင်လည်း အခြားလူတစ်ယောက်အစားဝင်နေသည်ကိုတွေ့ရသည်။ ဒေါက်တာမာတင် လိုက်လံရှင်းပြသည်ကို အာဏာပိုင်များလည်း မယုံကြည်ကြ။

သည်ကြားထဲ ဘယ်ကမှန်းမသိသော လူသတ်သမားများကလည်း သူ့ကိုလုပ်ကြံရန် ကြိုးစားနေရာ ဒေါက်တာမာတင်တစ်ယောက် မိမိ၏ရှင်သန်ရေးနှင့် အမှန်တရား ဖော်ထုတ်ရန်ကြိုးစားရတော့သည်။ မထင်မှတ်သော မဟာမိတ်တစ်ယောက်၏ အကူအညီကိုရရှိခဲ့သည့်ကြားမှပင် အခက်အခဲပေါင်းများစွာ ကြုံတွေ့ရသည့် ၎င်း၏အဖြစ်အပျက်မှာ. . .

ဝါရင့်သရုပ်ဆောင်ကြီး Liam Neeson နှင့် January Jones၊ Diane Kruger တို့ ဦးဆောင်ပါဝင်ထားသော ဒရာမာ၊ သည်းထိတ်ရင်ဖို ဇာတ်ကားအား Jaume CollectSerra က ရိုက်ကူးထားပြီး ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင် Warner Bros. က ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ နှစ်လခန့် ရပ်နားမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ-၂

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၏ နိုင်ငံတကာပြိုင်ပွဲများကြောင့် ကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို နှစ်လခန့်ရပ်နားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


ရန်ကုန်-ဗေယျာရွှေမြေ ဘောလုံးပွဲကြည့်ရှုရန် သုဝဏ္ဏကွင်းအတွင်းသို့ သွားရောက်နေကြသော ပရိသတ်များကို တွေ့ရစဉ်
ဓာတ်ပုံ - အောင်အောင်

၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲအဖြစ် မြန်မာအိုလံပစ်ဘောလုံးအသင်းသည် အိန္ဒိယအသင်းနှင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး မတ်လ ၉ ရက်တွင် အဝေးကွင်းအဖြစ် အိန္ဒိယနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့အပြင် လာမည့် မတ်လအတွင်း ကျင်းပရန်ရှိသည့် AFC Challenge Cup ခြေစစ်ပွဲ ပွဲစဉ်များတွင် မြန်မာ့လက်ရွေးစင်အသင်းကြီး ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိသည်။ ထိုပြိုင်ပွဲအတွက် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် လျှောက်ထားကြောင်းလည်းသိရသည်။

“ AFC Challenge Cup ပြိုင်ပွဲ ခြေစစ်ပွဲစဉ်တွေကို အိမ်ရှင်လုပ်ခွင့်ရ၊ မရတော့ မသိရသေးပါဘူး။ လက်ရွေးစင်အသင်းတွေရဲ့ နိုင်ငံတကာပြိုင်ပွဲတွေကြောင့် အမ်အင်န်အယ်လ်ပထမအကျော့ပွဲစဉ် ၄ အပြီးမှာ ခေတ္တရပ်နားထားမှာဖြစ်ပြီး လာမယ့် ဧပြီလမှာ ပြန်လည်စတင်ကျင်းပသွားမှာ ဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ဖေဖော်ဝါရီလ ၅ ရက်နှင့် ၆ ရက်များတွင် ယှဉ်ပြိုင်မည့် မြန်မာနေရှင်နယ်လိဂ်ပွဲစဉ် ၄ အပြီး ပြိုင်ပွဲနှစ်လခန့် ရပ်နားမည်ဖြစ်သည်။ လာမည့် ဧပြီ ၂ ရက်တွင် ပွဲစဉ် ၅ ကို ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ် ၅ တွင် ကမ္ဘောဇအသင်းနှင့် ရန်ကုန်ယူနိုက်တက်၊ မကွေးအသင်းနှင့် ဇေယျာရွှေမြေ၊ ဉဿာယူနိုက်တက်နှင့် ရတနာပုံ၊ ဆောက်သမ်းမြန်မာအသင်းနှင့် ဇွဲကပင်ယူနိုက်တက်၊ ဧရာဝတီယူနိုက်တက်နှင့် နေပြည်တော်အသင်း၊ မနော‌မြေအသင်းနှင့် ရက္ခပူရယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

# ရိုအန်နှင့် သူရိန်စိုးတို့အား တစ်ပွဲပယ်ပြီး ဒဏ်ငွေ ကျပ်သုံးသိန်း ပေးဆောင်စေ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ရတနာပုံအသင်းအုပ်ချုပ်သူ ရိုအန်နှင့် နေပြည်တော်အသင်းမှ ကစားသမားသူရိန်စိုးတို့အား MNL ပွဲစဉ် ၃ မှ ဖြစ်ရပ်များနှင့် ပတ်သက်၍ ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေများချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၂၉ ရက်က တောင်ကြီးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘောဇအသင်းနှင့် ရတနာပုံပွဲစဉ်တွင် ရတနာပုံအသင်းအုပ်ချုပ်သူ ရိုအန်သည် ကွင်းဘေးသတ်မှတ်ထားသည့် နည်းစနစ်ဧရိယာအား ကျော်လွန်ခဲ့မှု ပြိုင်ပွဲကြီးကြပ်သူနှင့် အရန်ဒိုင်တို့က သတိပေးသည်ကို လက်မခံခဲ့သဖြင့် တစ်ပွဲပယ်နှင့် ဒဏ်ငွေကျပ်သုံးသိန်း ချမှတ်ခံခဲ့ရကြောင်း သိရသည်။

ထို့အတူ အဆိုပါပွဲစဉ်၌ ကွင်းအတွင်း အချင်းများခဲ့ကြသည့် ဉာဏလွင်(ကမ္ဘောဇ)နှင့် ကိုနေးလ် (ရတနာပုံ)တို့ကိုလည်း စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြင်းထန်စွာသတိပေးခဲ့သည်။ ကွင်းလယ်ဒိုင်ဦးတင်ထွဋ်ကိုလည်း ဆုံးဖြတ်ချက်အားနည်းသဖြင့် လာမည့်ပွဲစဉ်များတွင် အလေးထားဆောင်ရွက်ရန် သတိပေးမှုများပြုလုပ်ခဲ့သည်။


ထို့အပြင် နေပြည်တော်ကစားသမား သူရိန်စိုးမှာ ဉဿာယူနိုက်တက်အသင်းနှင့်ပွဲစဉ်တွင် ကစားပွဲရပ်နားထားစဉ် ပြိုင်ဘက်ကစားသမားတစ်ဦး၏ မျက်နှာအား ခေါင်းနှင့်တိုက်ခဲ့သဖြင့် နှစ်ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေကျပ် နှစ်သိန်းချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

# အသက် ၁၄ နှစ်နှင့်အောက် အာရှတင်းနစ်ပြိုင်ပွဲ မြန်မာတစ်ဦး ယှဉ်ပြိုင်ခွင့်ရ

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၂

ပြိုင်ပွဲတွင် အောင်မြင်မှုရရှိပါက ဥရောပ၌ သွားရောက်လေ့ကျင့်ခွင့်ရရှိမည့် အသက် ၁၄ နှစ်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ(ITF Fourteen and Under Championship 2011 Group 1)သို့ မြန်မာလူငယ်ကစားသမားတစ်ဦး သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။


အာရှတင်းနစ်ပြိုင်ပွဲဝင်ခွင့်ရခဲ့သည့် နီလာဝင်း

နိုင်ငံပေါင်း ၁၂ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အဆိုပါပြိုင်ပွဲ၏ Group 2 အား ရန်ကုန်မြို့၊ သိမ်ဖြူတင်းနစ်ကွင်း၌ ဇန်နဝါရီလ ၂၄ ရက်မှ ဖေဖော်ဝါရီလ ၁ ရက်အထိ ကျင်းပခဲ့ပြီး၊ မြန်မာလူငယ်တင်းနစ်ကစားသမား နီလာဝင်းသည် တစ်ဦးချင်းပြိုင်ပွဲတွင် ပထမဆုနှစ်ဆုနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုနှစ်ဆုရရှိခဲ့သည်။

ထို့ကြောင့် ယင်းပြိုင်ပွဲမှ အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)၏ အဆင့်သတ်မှတ်ချက် ၁ မှ ၄ ပါဝင်သူများအား ရွေးချယ်ခဲ့သည့် ITF Group 2 Team တွင် နီလာဝင်း ရွေးချယ်ခြင်းခံခဲ့ရပြီး၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာ၌ လာမည့်မတ်လ ၂၇ ရက်တွင် ကျင်းပမည့် Group 1 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

“ရန်ကုန်မှာ လုပ်တဲ့ပြိုင်ပွဲ Group 2 ပြိုင်ပွဲမှာ ဆုတံဆိပ်လေးခုရရှိခဲ့တဲ့ နီလာဝင်းဟာ ဒီပြိုင်ပွဲရဲ့ ဆီဒင်ပွိုင့်အများဆုံးရရှိတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။ နောက်တစ်ဆင့် Group 1 ပြိုင်ပွဲအတွက် အမျိုးသမီး ITF Group 2 Team မှာလည်း စင်ကာပူ၊ မလေးရှား၊ သီရိလင်္ကာက ကစားသမားတွေနဲ့အတူ ရွေးချယ်ခံခဲ့ရပါတယ်။ အင်ဒိုနီးရှားမှာ ပြုလုပ်မယ့် နောက်တစ်ဆင့်ပြိုင်ပွဲ (Group 1)ပြိုင်ပွဲမှာ အဆင့် ၁ က ၄ ဝင်ခဲ့ရင် ITF ရဲ့စီစဉ်မှုနဲ့ ဥရောပနိုင်ငံတွေမှာ သုံးလသွားရောက်လေ့ကျင့်ခွင့်ရရှိမယ်လို့ သိရပါတယ်”ဟု မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

Group 1 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည့် အမျိုးသား ITF Group 2 Team တွင်မူ ယီမင်၊ စင်ကာပူ၊ ဘင်္ဂလားဒေ့ရှ်နှင့် သီရိလင်္ကာနိုင်ငံများမှ ကစားသမားများ ရွေးချယ်ခံခဲ့ရကြောင်း သတင်းရရှိသည်။



# ရန်ကုန်ယူနိုက်တက် ဆက်လက်ဦးဆောင်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ - ၆ မြန်မာနေရှင်နယ်လိဂ် ပွဲစဉ် ၄ တွင် ထိပ်ဆုံးအသင်းများ ဆက်လက်အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားကို ရန်ကုန်ယူနိုက်တက်က ဆက်လက်ဦးဆောင်နေသည်။

ရန်ကုန်ယူနိုက်တက်က ရက္ခပူရအသင်းကို ၂-၀၊ ဒုတိယနေရာမှ ဉဿာယူနိုက်တက်က ဇွဲကပင်အသင်းအား ၁-၀၊ ရောဝတီယူနိုက်တက်က မနောမြေအသင်းအား ၃-၀ ဖြင့် အနိုင်ရရှိခဲ့သည်။ နေပြည်တော်အသင်းနှင့် ဆောက်သမ်းမြန်မာအသင်းတို့မှာ ၁-၁ ဖြင့် သရေကျခဲ့ပြီး မုံရွာတွင်ကစားခဲ့သော ပွဲစဉ်တွင် ဇေယျာရွှေမြေအသင်းက ကမ္ဘောဇအသင်းကို ၄-၁ ဖြင့် အနိုင်ရရှိခဲ့ကာ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာမူ နိုင်ပွဲမရှိသေးဘဲ မကွေးအသင်းနှင့် ၂-၂ ဖြင့် သရေကျခဲ့သည်။

| စဉ် | အသင်း | ပွဲ | ရမှတ် |
|---|---|---|---|
| ၁။ | ရန်ကုန် | ၄ | ၁၂ |
| ၂။ | ဉဿာ | ၄ | ၁၂ |
| ၃။ | ရောဝတီ | ၄ | ၁၀ |
| ၄။ | ဇေယျာရွှေမြေ | ၄ | ၉ |
| ၅။ | မကွေး | ၄ | ၈ |



# ိုးရာစစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ-၂ မြန်မာ့ရိုးရာစစ်တုရင် (တစ်ဦးချင်း)ပြိုင်ပွဲကို ယခုလ ၁၉ ရက်မှ ၂၇ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသွားမည်ဟု သတင်းရရှိသည်။

မြန်မာလူငယ်များ မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်းကို ပိုမိုစိတ်ဝင်စားစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံး (အောင်ဆန်းကွင်း)သို့ ပြိုင်ပွဲဝင်ကြေးတစ်ဦးလျှင် ကျပ် ၂,၀၀၀ နှုန်းဖြင့် စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာ စစ်တုရင်အားကစားနည်းကို ထည့်သွင်းကျင်းပသွားမည် ဖြစ်သည့်အတွက် ရိုးရာစစ်တုရင်ပြိုင်ပွဲများကို ယခင်ကထက် ပိုမိုကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# မြန်မာဖူဆယ်အသင်း အာဆီယံပြိုင်ပွဲဝင်မည်

ဗိုလ်ဗိုလ်ဝင်း

ရန်ကုန်၊ ဖေဖော်ဝါရီ- ၂ ၂၀၁၁ အာဆီယံ ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ (AFF Futsal Championship 2011)ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲကို လာမည့် မတ်လအတွင်း အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး၊ မြန်မာဖူဆယ်အသင်းအား နည်းပြချုပ်အဖြစ် အီရန်နည်းပြ Mr.Alireza Raddi က ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ပြီးခဲ့တဲ့ Tiger Futsal Cup ပြိုင်ပွဲမှာ ထူးချွန်တဲ့ ကစားသမား ၄၀ ကျော်လောက်ကို ကျွန်တော်တို့ ရွေးချယ်ရေးအဖွဲ့ကနေ ခြေစမ်းပွဲတွေကစားခိုင်းပြီး ၂၅ ဦး ရွေးချယ်ထားပါတယ်။ ဒီကစားသမားတွေကို ဖေဖော်ဝါရီ ၆ ရက်မှာ ရောက်ရှိမယ့် အီရန်နည်းပြ ဆရာ လက်ထဲအပ်မှာပါ။ ခုရွေးထားတဲ့ ကစားသမားတွေထဲမှာ လူဟောင်းအနည်းငယ်ပဲပါဝင်ပြီး အများစုက အသက် ၂၀ ဝန်းကျင် လူငယ်လေးတွေပါ။ အဓိကကတော့ မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် ကျင်းပမယ့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲမှာ အောင်မြင်မှုရရှိအောင်ပြင်ဆင်နေတာပါ"ဟု မြန်မာနိုင်ငံ ဖူဆယ်ကော်မတီဉက္ကဋ္ဌ ဦးရဲထွန်းတင်ကပြောသည်။

အာဆီယံနိုင်ငံအသင်းများ ပါဝင်ယှဉ်ပြိုင်ပြီး နှစ်စဉ်ကျင်းပသည့် ၎င်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံအသင်းမှာ အင်ဒိုနီးရှားအသင်းဖြစ်ပြီး မြန်မာလက်ရွေးစင်ဖူဆယ်အသင်းသည် အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၀၆ အာဆီယံပြိုင်ပွဲ၌ တတိယရရှိခဲ့ဖူးကြောင်း သိရသည်။

# အိုလံပစ်ရွှေတံဆိပ်ငါးဆုရှင် ရေကူးသမားပီယာဆိုလ် အနားယူမည်ဟု ကြေညာ

နယူးယောက်၊ ဖေဖော်ဝါရီ - ၄ အမေရိကန်မှ အိုလံပစ်ရွှေတံဆိပ်ငါးဆုရှင် ရေကူးသမားအေရွန်ပီယာဆိုလ်သည် အားကစားလောကမှ အနားယူတော့မည်ဖြစ်ကြောင်း ၎င်းကိုယ်တိုင် သတင်းစာတစ်စောင်သို့ အတည်ပြုပြောကြားလိုက်သည်။ ပီယာဆိုလ်သည် လက်ရှိ၌ မီတာ ၁၀၀ နှင့် ၂၀၀ နောက်ပြန်ကူး ပြိုင်ပွဲများတွင် ကမ္ဘာ့စံချိန်ရှင်အဖြစ်လည်း ရပ်တည်နေသူဖြစ်သည်။ ၎င်းက တက္ကဆက်မှ အော်စတင်စတိတ်မင်းသတင်းစာသို့ လာမည့်နှစ် လန်ဒန်အိုလံပစ်တွင် ပါဝင်မည်မဟုတ်ဘဲ ရေကူးအားကစားလောကမှ အနားယူတော့မည်ဖြစ်ကြောင်း ကြေညာခဲ့ခြင်းဖြစ်သည်။ သတင်းစာသို့ ပီယာဆိုလ်က "အနားယူမယ်လို့ ပြောရတာဟာ ထူးဆန်းတဲ့စကားပါပဲ။ ကျွန်တော် ၂၇ နှစ်ရှိပါပြီ။ ဆက်ကစားလို့လည်း ရပါသေးတယ်။ ဒါပေမဲ့ ကစားဖို့ဆိုတာ ၁၁၀ ရာခိုင်နှုန်းလောက် အားထုတ်ရပါမယ်။ ကျွန်တော် အဲဒီလိုနောက်ထပ် အားမထုတ်နိုင်တော့လို့ပါ"ဟု ပြောသည်။ ပီယာဆိုလ်သည် ၂၀၀၄ အေသင်အိုလံပစ်တွင် ရွှေတံဆိပ်သုံးဆုဆွတ်ခူးခဲ့ပြီး ဘေဂျင်းအိုလံပစ်တွင်လည်း ရွှေတံဆိပ်နှစ်ဆုရရှိခဲ့သည်။ —*Ref: AP*

# ဘောလုံးသမားများ လည်စွပ်ဝတ်ဆင်ကစားခြင်းကို ပိတ်ပင်ရန် ဖီဖာစဉ်းစားနေ

လန်ဒန်၊ ဖေဖော်ဝါရီ - ၅ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)သည် ဆောင်းရာသီပွဲစဉ်များတွင် ဘောလုံးသမားများလည်စွပ်အဝတ်များ ဝတ်ဆင်ကစားခြင်းကို ပိတ်ပင်သင့်၊ မသင့် စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခုအခါ အင်္ဂလန်နှင့် စပိန်ဘောလုံးလောကတွင် ဆောင်းရာသီပွဲစဉ်များ၌ အကာအကွယ်အနေဖြင့်ရော ဖက်ရှင်တစ်ခုအနေဖြင့်ပါ လည်စွပ်ဝတ်ဆင်ကစားကြသူများမှာ အာဆင်နယ်မှ နာဆရီ၊ မန်စီးတီးမှ တိဗက်ဇ်နှင့်



ရီးရဲလ်မက်ဒရစ်မှ အဒီဘာယောတို့ဖြစ်ကြသည်။ ထို့ကြောင့် လည်စွပ်များ ဝတ်ဆင်ခြင်းနှင့်ပတ်သက်၍ဖီဖာပြောခွင့်ရပုဂ္ဂိုလ်က "လည်စွပ်တွေဝတ်တာဟာ ကစားသမားကို အန္တရာယ်ရှိ မရှိ ကျွန်တော်တို့ဆွေးနွေးသွားမှာပါ။ လုံခြုံရေးအကြောင်းပြချက်တော့ရှိပါတယ်။ ဥပမာ - ကစားသမားတစ်ယောက်က ဂိုးဆီပြေးချိန်မှာ သူ့လည်စွပ်ကို ပြိုင်ဘက်ကစားသမားက လှမ်းဆွဲမယ်ဆိုရင် အန္တရာယ်ရှိပါတယ်"ဟု ပြောသည်။ ယခုအခါ အာဆင်နယ်နည်းပြအာဆင်ဝင်းဂါးက လည်စွပ်များ ဝတ်ဆင်ကစားခြင်းသည် ၎င်း ကစားသမားများအတွက် အကာအကွယ်ဖြစ်စေသည်ဟု ဆိုထားသော်လည်း မန်ယူနည်းပြဖာဂူဆန်နှင့် ကစားသမားများကမူ မလိုအပ်ဟုဆိုကာ ယင်းအဆိုကို ပယ်ချထားသည်။ —*Ref: AFP*

# ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲတွင် ရီးရဲလ်နှင့် ဘာစီလိုနာ ထိပ်တိုက်တွေ့ဆုံ

မက်ဒရစ်၊ ဖေဖော်ဝါရီ - ၄ စပိန်လာလီဂါ၏ နာမည်ကြီးကလပ်အသင်းများဖြစ်သော ဘာစီလိုနာနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့သည် လာမည့်ဧပြီ ၂၀ တွင် ကျင်းပမည့် စပိန်ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲ၌ တွေ့ဆုံတော့မည်ဖြစ်သည်။ ဘာစီလိုနာသည် ပြီးခဲ့သည့်အပတ်က ကျင်းပသော အကြိုဗိုလ်လုပွဲတွင် အယ်လ်မာရီယာအား ၅-၀ ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ စပိန်ဘောလုံးလောကတွင် လာလီဂါလိဂ်ပြိုင်ပွဲ ပြီးနောက်အရေးပါသည့်ဖလားပွဲဖြစ်သည့် ကိုပါဒယ်ရေးဖလား နောက်ဆုံးဗိုလ်လုပွဲကို ဧပြီ ၂၀ တွင် ဆီဗီးလ် သို့မဟုတ် ဗလင်စီယာမြို့များတွင် ကစားသွားဖွယ်ရှိသည်ဟုသိရသည်။

# ဩစတြီးယားနင်းလျှောစီးမယ် ကမာ့ဖလား နင်းလျှောစီးပြိုင်ပွဲတွင် ဗိုလ်စွဲ



ဘာလင်၊ ဖေဖော်ဝါရီ - ၅ ဩစတြီးယား နင်းလျှောစီးအားကစားမယ်မာလီစ်ရှစ်လ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၄ ရက် (သောကြာနေ့)က ကျင်းပခဲ့သော ကမ္ဘာ့ဖလား နင်းလျှောစီးပြိုင်ပွဲ အမျိုးသမီးပွဲစဉ်တွင် စံချိန် ၁ မိနစ် ၅၅ ဒသမ ၁၉ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်းသိရသည်။ ထိုပွဲတွင် ဆလိုဗက်ကီးယားမှ ဗီရိုနီက ဇူဇူလိုဗာက စံချိန် ၁ မိနစ် ၅၅ ဒသမ ၈၇ စက္ကန့်ဖြင့် ဒုတိယ၊ ဖင်လန်မှ တန်ဂျာပေါ်တီယန်နင်က ၁ မိနစ် ၅၆ ဒသမ ၉၇ စက္ကန့်ဖြင့် တတိယအသီးသီးရရှိခဲ့သည်။ ယခုပွဲတွင် ကမ္ဘာ့ချန်ပီယံ သုံးကြိမ်ရဖူးသူ လင်းဆေးဗွန်နှင့် ပြိုင်ပွဲတွင် ပွဲစဉ်အားလုံးကို ထိပ်ဆုံးမှ ဦးဆောင်ခဲ့သူ ဂျာမနီမှ မာရီယာရိုက်ချ်တို့မှာ ပွဲတွင် မပါဝင်နိုင်ခဲ့ကြောင်းသိရသည်။ ယခုနှစ် ကမ္ဘာ့ဖလား နင်းလျှောစီးပြိုင်ပွဲကို ဂျာမနီနိုင်ငံ ဇွီဆယ်လ်မြို့တွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဗိုလ်စွဲခဲ့သည့် မာလီစ်ရှစ်လ်သည် ယခုရာသီတွင် ငါးကြိမ်မြောက် နိုင်ပွဲရခဲ့ခြင်းလည်းဖြစ်သည်။

—*Ref: Xinhua*

7DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# ဇယားထိပ်ပိုင်းအတွက် အရေးကြီးတဲ့ မန်ချက်စတာ ဒါဘီပွဲအပါအဝင် ပရီးမီးယားလိဂ်ပွဲစဉ်(၂၇) ပွဲကြိုခန့်မှန်းချက်

ကိုထိုက်

ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်(၂၇)မှာတော့ ဇယားထိပ်ပိုင်းရပ်တည်မှုအတွက်ပါ အရေးကြီးတဲ့ မန်ယူ-မန်စီးတီး ထိပ်တိုက်တွေ့ဆုံမှုဖြစ်တဲ့ မန်ချက်စတာဒါဘီပွဲစဉ်ပါဝင်နေပါတယ်။ ဒါ့အပြင် အာဆင်နယ်၊ လီဗာပူးတို့ရဲ့ အိမ်ကွင်းပွဲစဉ်တွေနဲ့ ဖူလ်ဟမ်ကို အဝေးကွင်းမှာ ဖြတ်ကျော်ရမယ့် ချယ်လ်ဆီးတို့ရဲ့ ပွဲစဉ်တွေကလည်း စိတ်ဝင်စားစရာကောင်းလာမှာပါ။

<u>၁၂ ဖေဖော်ဝါရီ၊ စနေ</u>

ည ၇း၁၅ နာရီ

မန်ယူ-မန်စီးတီး

ပ-ကျော့ရလဒ် ဝ-ဝ

ပထမအကျော့တုန်းက ဂိုးမရှိ သရေရလဒ်ကို ချေဖျက်ဖို့ နှစ်သင်းစလုံး ကြိုးစားရမှာပါ။ မန်ယူတို့ ပရီးမီးယားလိဂ်နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ သရေကျပြီး ကျန်လေးပွဲလုံး နိုင်ထားပါတယ်။ ရွန်နီ၊ ဘာဘာတော့ဗ်တို့ရဲ့ တိုက်စစ်အတွဲကို မြင်တွေ့ရဖွယ်ရှိပြီး မန်ယူတို့ ဂိုးအနည်းနဲ့ ကပ်နိုင်ဖွယ်ရှိပါတယ်။

ည ၉း၃၀ နာရီ

အာဆင်နယ်-ဝုလ်

ပ-ကျော့ရလဒ် ၂-ဝ

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ အာဆင်နယ်ကချည်း နိုင်ထားပါတယ်။ အာဆင်နယ်တို့ အိမ်ကွင်းမှာ ဇယားအောက်ဆုံးက ဝုလ်နဲ့ယှဉ်ပြိုင်ရမှာမို့ အနိုင်သေချာအောင်ကြိုးစားမှာပါ။ လက်ရှိမှာ လိဂ်ရဲ့ သွင်းဂိုးအများဆုံးအသင်းစာရင်းမှာပါဝင်နေတဲ့ အာဆင်နယ်ကပဲ နှစ်ဂိုးအသာလောက်နဲ့ နိုင်ခြေရှိပါတယ်။

ည ၉း၃၀ နာရီ

ဘာမင်ဂမ်-စတုတ်စီးတီး

ပ-ကျော့ရလဒ် ၂-၃

ပထမအကျော့က ရှုံးကြွေးကို ဘာမင်ဂမ်တို့ ပြန်ဆပ်ရမှာပါ။ ဒီနောက်ပိုင်း သရေပွဲများနေတဲ့ ဘာမင်ဂမ်တို့ ခံစစ်အသားပေးဖွယ်ရှိပြီး၊ သရေပွဲဖြစ်နိုင်သလို နိုင်ရင်လည်း ဘာမင်ဂမ်ကပဲ ဂိုးအနည်းနဲ့ ကပ်နိုင်မှာပါ။

ည ၉း၃၀ နာရီ

ဘလက်ဘန်း-နယူးကာဆယ်

ပ-ကျော့ရလဒ် ၂-၁



နယူးကာဆယ်တို့ ဒီနောက်ပိုင်း အနိုင်နဲ့ သရေပွဲများလာနေပြီး ခြေစွမ်းတက်လာနေပါတယ်။ ဒါကြောင့် ရှုံးပွဲ များလာနေတဲ့ အိမ်ရှင်ဘလက်ဘန်းတို့ ခံစစ်ကစားရဖွယ်ရှိပါတယ်။ ဧည့်သည်နယူးကာဆယ်ကို ရွေးချယ်ချင်ပါတယ်။

ည ၉း၃၀ နာရီ

ဘလက်ပူးလ်-ဗီလာ

ပ-ကျော့ရလဒ် ၂-၃

ဇယားမှာ ရပ်တည်မှုမကွာတဲ့နှစ်သင်းတွေ့ဆုံတဲ့ပွဲဖြစ်ပါတယ်။ ဗီလာမှာ တိုက်စစ်မှူးသစ်ဒါရင်းဘန့် ခြေစွမ်းပြနေပြီး ပထမ အကျော့တုန်းကလိုပဲ ဧည့်သည်ဗီလာတို့ အသာစီးရဖွယ်ရှိပါတယ်။ ဗီလာတို့ ဂိုးအနည်းနဲ့ ကပ်နိုင်သွားမှာပါ။

ည ၉း၃၀ နာရီ

လီဗာပူး-ဝီဂန်

ပ-ကျော့ရလဒ် ၁-၁

နောက်ဆုံးငါးပွဲရလဒ်အရ လီဗာပူးတို့ တစ်ပွဲသာရှုံးထားပြီး အခြေအနေကောင်းနေပါတယ်။ ဝီဂန်ကတော့ ဇယားအောက်ဆုံးမှာ ရောက်ရှိနေပြီး ငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးနေပါတယ်။ ဝီဂန်တို့ အမြင့်ဆုံးရရင် သရေဖြစ်ပြီး လီဗာပူးကလည်း နှစ်ဂိုးအသာလောက်နဲ့ နိုင်ခြေရှိပါတယ်။

ည ၉း၃၀ နာရီ

ဝက်စ်ဘရွန်း-ဝက်စ်ဟမ်း

ပ-ကျော့ရလဒ် ၂-၂

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ နှစ်ကြိမ်သရေကျခဲ့ပြီး ဝက်စ်ဘရွန်းက တစ်ကြိမ်နိုင်ထားပါတယ်။ နှစ်သင်းလုံး ဇယားအောက်ခြေက ဖြစ်တာမို့ အနိုင်သုံးမှတ်အရေးကြီးပါတယ်။ ခြေစွမ်းပိုင်း ပိုသာတဲ့ ဝက်စ်ဟမ်းကို ရွေးချယ်ပါတယ်။

<u>၁၃ ဖေဖော်ဝါရီ၊ တနင်္ဂနွေ</u>

နံနက် ဝဝး၀၀ နာရီ

ဆန်းဒါးလန်း-စပါး

ပ-ကျော့ရလဒ် ၁-၁

ဇယားမှာ ရပ်တည်မှု သိပ်မကွာတဲ့သတင်းပါပဲ။ နောက်ဆုံးငါးပွဲရလဒ်ချင်း ယှဉ်ရင် ဆန်းဒါးလန်းတို့ နိုင်ပွဲပိုများနေပါတယ်။ ဒါပေမဲ့ ဗန်ဒါဗတ်ပါဝင်ပြီး အလယ်တန်းပိုကောင်းတဲ့ လန်ဒန်အသင်းစပါးကိုပဲ ရွေးရမှာပါ။ စပါးတို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားမှာပါ။

ည ၁၀း၃၀ နာရီ

ဘော်လ်တန်-အဲဗာတန်

ပ-ကျော့ရလဒ် ၁-၁

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ တစ်ကြိမ်စီ အပြန်အလှန်နိုင်ခဲ့ပြီး တစ်ကြိမ်သရေကျထားပါတယ်။ အဲဗာတန်မှာ ဆာဟာ ဂိုးသွင်းခြေရှိနေပြီး နောက်ဆုံး အဝေးကွင်းသုံးပွဲမှာလည်း တစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ် ရထားတာမို့ စိတ်မချရသေးပါဘူး။ မာကျောတဲ့ အိမ်ရှင်ဘော်လ်တန်ကို ဂိုးအနည်းနဲ့ ရွေးချယ်ချင်ပါတယ်။

<u>၁၅ ဖေဖော်ဝါရီ၊ အင်္ဂါ</u>

နံနက် ၂း၃၀ နာရီ

ဖူလ်ဟမ်-ချယ်လ်ဆီး

ပ-ကျော့ရလဒ် ဝ-၁

ဖေဖော်ဝါရီလိဂ်ပွဲစဉ်တွေဟာ ချန်ပီယံဖြစ်ရေးအတွက် အဆုံးအဖြတ်ပါပဲ။ ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ ချယ်လ်ဆီးကချည်း နိုင်ခဲ့ပါတယ်။ အနယ်လ်ကာ၊ ဒရော့ဂ်ဘာအပြင် တောရက်စ်ပါ ပါဝင်လာတဲ့ ချယ်လ်ဆီးတို့ပဲ နိုင်ခြေရှိပါတယ်။ မထင်မှတ်ဘဲ ဂိုးများနိုင်ပါတယ်။



7 DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# သြစတြေးလျတွင် မုန်တိုင်းကြီး ဝင်ရောက်တိုက်ခတ်ခဲ့သော်လည်း အပျက်အစီးနည်းပါးဟုဆို



အင်နစ်ဖေးလ်၊ ဖေဖော်ဝါရီ - ၃

ကမ္ဘာ့ အင်အားအပြင်းထန်ဆုံး ဆိုင်ကလုန်းမုန်တိုင်းတစ်ခု သြစတြေးလျနိုင်ငံ အရှေ့မြောက်ကမ်းခြေသို့ ဝင်ရောက်တိုက်ခိုက်ခဲ့သော်လည်း မျှော်လင့်ထားသလို ပျက်စီးဆုံးရှုံးမှုမများခဲ့ကြောင်း သိရသည်။ အမိုးများလန်ထွက်၊ သစ်ပင်များပြိုလဲအောင် လေပြင်းများ တိုက်ခတ်ခဲ့သော်လည်းလူအသေအပျောက်မရှိဟု သတင်းကဖော်ပြသည်။

အီတလီနိုင်ငံခန့်အပြန့်ကျယ်ပြောသည့် ဆိုင်ကလုံး ယာစီ၏ လေတိုက်ခတ်မှုနှုန်းမှာ တစ်နာရီ ကီလိုမီတာ ၃၀၀ (၁၈၆ မိုင်) ရှိပြီးသြစတြေးလျတွင် တစ်လအတွင်းဒုတိယအကြိမ်မြောက် သဘာဝဘေးအန္တရာယ်အဖြစ် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ သို့သော် မုန်တိုင်းသည် လူနေထူထပ်သည့် ဒေသများနှင့် လွဲချော်သွားခဲ့ကြောင်း သိရသည်။

"လူတစ်ယောက်မှ မသေတာတော်တော်လေး အံ့သြဖို့ကောင်းတယ်။ လေကတော့ သရဲတစ္ဆေလိုအော်မြည်ပြီး တိုက်ခတ်သွားတာ" ဟုအင်နစ်ဖေးလ်မြို့ရှိ မုန်တိုင်းခိုလှုံသည့် စခန်းမှ ထွက်ခွာလာသော လယ်သမားကြီး တစ်ဦးက ပြောသည်။


သြစတြေးလျနိုင်ငံသည် ကြီးမားကျယ်ပြန့်ပြီးလူနေကျဲပါး၍ သာ ယာစီကဲ့သို့ ကြီးမားသော မုန်တိုင်းကြီးသည် အဓိကမြို့ကြီးများနှင့် လမ်းကြောင်းလွဲသွားခြင်းဖြစ်ကြောင်း သတင်းကဖော်ပြသည်။ မုန်တိုင်းကြီးသည် ကွင်းစလန်မြို့အနီး ကမ်းရိုးတန်းဒေသကို ဖြတ်သန်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆိုင်ကလုန်းယာစီသည် ဖေဖော်ဝါရီ ၃ ရက်တွင် သြစတြေးလျနိုင်ငံအတွင်းပိုင်းသို့ ဆက်လက်ဝင်ရောက်ကာ တဖြည်းဖြည်းအားနည်းလာကြောင်း ၎င်း၏လမ်းကြောင်းပေါ်တွင် မြို့ငယ်အချို့သာတည်ရှိကြောင်း မုန်တိုင်းတိုင်းတာချက်များတွင် ပြသနေသည်။

မုန်တိုင်းကြောင့် အသေအပျောက်နှင့် အပျက်အစီးနည်းပါးရခြင်းမှာ မုန်တိုင်းအတွက် ရက်ပေါင်းများစွာ ကြိုတင်ပြင်ဆင်ခဲ့ခြင်း၊ စောစီးစွာ လူများရွှေ့ပြောင်းထားခြင်းနှင့် နောက်ပိုင်းတည်ဆောက်သည့် အိမ်များကို မုန်တိုင်းဒဏ်ခံနိုင်အောင် ဆောက်လုပ်ရန် ဥပဒေများ ပြဋ္ဌာန်းထားခြင်းနှင့် မုန်တိုင်းနှင့်အတူကြီးမားသောလှိုင်းလုံးများမဖြစ်ပေါ်ခဲ့သောကြောင့်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

*—Ref: Reuters*

## ဂျော်ဒန်ဘုရင်က ဝန်ကြီးချုပ်သစ် ခန့်အပ်



အမန်၊ ဖေဖော်ဝါရီ - ၃

တူနီးရှားနှင့် အီဂျစ်နိုင်ငံမှ လူထုဆန္ဒပြပွဲများ၏ အာရုံဖမ်းစားမှုကြောင့် ဂျော်ဒန်နိုင်ငံတွင်လည်း ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အမေရိကန်နှင့် နီးစပ်သည့် မဟာမိတ်တစ်ဦးဖြစ်သူ ဂျော်ဒန်ဘုရင်သည် လက်ရှိဝန်ကြီးချုပ်အား အစားထိုးခန့်အပ်လိုက်သည်။ သို့သော် ဝန်ကြီးချုပ်အပြောင်းအလဲလုပ်ခြင်းမှာ လုံလောက်သည့် အရေးယူဆောင်ရွက်မှုမဟုတ်ဟု အတိုက်အခံများက ပြောကြားသည်။

လက်ရှိဝန်ကြီးချုပ် ဆာမေရီဖာအီ၏ နုတ်ထွက်မှုကို လက်ခံပြီးနောက် စစ်ဘက်နောက်ခံရာဇဝင်ရှိသူ ဝန်ကြီးချုပ်ဟောင်း မာရွတ်ဘာစစ်အား အစိုးရအဖွဲ့ကို ဦးဆောင်ရန် ဂျော်ဒန်ဘုရင် အဗ္ဗဒူလာက ခန့်အပ်ခဲ့သည်။ နိုင်ငံတစ်ဝန်းဖြစ်ပေါ်နေသည့် ကန့်ကွက်ဆန္ဒပြပွဲများတွင် ဆာမေရီဖာအီနုတ်ထွက်ရန် တောင်းဆိုခဲ့ကြသည်။

သို့သော် ၂၀၀၇ ခုနှစ် ဝန်ကြီးချုပ်ဟောင်း မာရွတ်ဘာစစ်၏လက်ထက် ရွေးကောက်ပွဲတွင် မဲလိမ်လည်မှုများရှိခဲ့သည်ဟု ပြောကြားမှုများရှိခဲ့သည့်အတွက် ဘာစစ်အား ဝန်ကြီးချုပ်အဖြစ်ပြန် လည်ခန့်အပ်ခြင်းကို အစ္စလာမ်မစ်များက ဒေါသတကြီးတုံ့ပြန်ကြသည်။

နိုင်ငံခြားအကူအညီများအပေါ် အကြီးအကျယ်မှီခိုနေရသည့် ဂျော်ဒန်နိုင်ငံတွင် အစိုးရက သုံးစွဲမှုအများအပြားပြုလုပ်ခဲ့သော်လည်း စီးပွားရေးသိသိသာသာတိုးတက်မလာခဲ့ဘဲ အစိုးရကြွေးမြီသာ စံချိန်တင်မြင့်တက်၍ ယခုနှစ်တွင် အစိုးရကြွေးမြီ ကန်ဒေါ်လာ ၁၅ ဘီလီယံရှိလာခဲ့သည်။

*—Ref: Reuters*



7DAY NEWS JOURNAL
Vol.9, No.46 • FEBRUARY 10, 2011

# ကိုင်ရိုမြို့တွင် ပိတ်မိနေသော မလေးရှား ကျောင်းသားများအား ကယ်ဆယ်ရေး စစ်လေယာဉ်နှစ်စင်းပေးပို့

ကွာလာလမ်ပူ၊ ဖေဖော်ဝါရီ - ၂ မလေးရှားတော်ဝင်လေတပ်သည် နိုင်ငံရေးမငြိမ်မသက်မှုများ ဖြစ်ပွားနေသော အီဂျစ်နိုင်ငံ ကိုင်ရိုလေဆိပ်မှ မလေးကျောင်းသားများကို ဆော်ဒီနိုင်ငံသို့ ပြောင်းရွှေ့ကယ်ဆယ်ပေးရန် C-130 စစ်လေယာဉ်နှစ်စင်းကို အီဂျစ်နိုင်ငံသို့ စေလွှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။




အဆိုပါလေယာဉ်များသည် တစ်စီးလျှင် အနည်းဆုံးခရီးသည် ၁၅၀ ခန့်တင်ဆောင်နိုင်ပြီး ကွာလာလမ်ပူမြို့မှ ဖေဖော်ဝါရီ ၂ ရက်တွင်ထွက်ခွာကာ နောက်တစ်ရက် နံနက်ပိုင်းတွင် ကျောင်းသားများ အားကယ်ထုတ်နိုင်မည် မျှော်လင့်ရကြောင်း The Star သတင်းစာကဖော်ပြသည်။ မလေးရှားအမျိုးသားလုံခြုံရေးကောင်စီ၏ အတွင်းရေးမှူး မိုဟာမက် အဇ္ဇဒူလ်ဝါဟတ်က ၎င်းတို့သည် ကိုင်ရိုမြို့တွင် ပိတ်မိနေသော မလေးရှားကျောင်းသား ၁၅၀ ကိုကယ်ထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံတွင် ပညာသင်နေသော မလေးရှားကျောင်းသားအရေအတွက်မှာလည်း ၁၁,၃၀၀ ဦးအထိ ရှိကြောင်း ပြောသည်။

—*Ref: Xinhua*

# ၂၀၁၁ တွင် ကမ္ဘာတစ်ဝန်း အင်တာနက် အသုံးပြုသူ သန်းနှစ်ထောင်အထိရှိ

ဂျီနီဗာ၊ ဇန်နဝါရီ - ၃၁ ၂၀၁၁ ခုနှစ်အစတွင် တစ်ကမ္ဘာလုံး၌ အင်တာနက်အသုံးပြုသူပေါင်း နှစ်ဘီလီယံ (သန်းနှစ်ထောင်) ပမာဏအထိရှိလာကြောင်း ကုလသမဂ္ဂ၏ နိုင်ငံတကာဆက်သွယ်ရေးသမဂ္ဂကပြောကြားလိုက်သည်။ ထို့ပြင် ITU၏ အထွေထွေအတွင်းရေးမှူးကလည်းကမ္ဘာတစ်ဝန်းတွင် မိုဘိုင်းဖုန်းအသုံးပြုသူဦးရေ ငါးဘီလီယံအထိရှိလာခဲ့ကြောင်း ဆိုသည်။ ၎င်းက “၂၀၁၀နှစ်စမှာ တစ်ကမ္ဘာလုံး မိုဘိုင်းဖုန်းသုံးသူ အရေအတွက်ဟာ သန်း ၅၀၀ ရှိခဲ့ပြီး အင်တာနက်အသုံးပြုသူက သန်း၂၅၀ ရှိခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၁ အစမှာတော့ ဒီဂဏန်းအရေအတွက်ဟာဆတိုးမြင့်လာပြီး မိုဘိုင်းဖုန်းသုံးသူ ငါးဘီလီယံနဲ့ အင်တာနက်သုံးသူ နှစ်ဘီလီယံအထိ ရှိလာခဲ့ပါပြီ” ဟုပြောသည်။

အဆိုပါအေဂျင်စီက ခန့်မှန်းဖော်ပြခဲ့သည့် စာရင်းအရ ၂၀၁၀ နှစ်ကုန်တွင် အင်တာနက်အသုံးပြုသူအရေအတွက် ၂ ဒသမ ၀၈ ဘီလီယံရှိခဲ့ရာ ၂၀၀၉ နှစ်က ၁ ဒသမ ၈၆ ဘီလီယံထက် နှစ်ဆနီးပါး မြင့်တက်ခဲ့ကြောင်း သိရသည်။ ယခုအခါ ကမ္ဘာ့လူဦးရေသည် ၆ ဒသမ ၈ ဘီလီယံနီးပါးအထိရှိလာရာ ယင်းအရေအတွက်အရ ကမ္ဘာ့လူဦးရေသုံးဦးတွင်တစ်ဦးသည် အင်တာနက်အသုံးပြုနေသည့် သဘောဖြစ်သည်။

—*Ref: AFP*








# သမ္မတသက်တမ်း ဆက်တိုးမည်မဟုတ်ဟု ယီမင်သမ္မတ ပြောကြား



ဆာနား၊ ဖေဖော်ဝါရီ - ၃
အယ်လ်ကိုင်ဒါအဖွဲ့အပေါ် စစ်ပွဲဆင်နွှဲရာတွင် အမေရိကန်၏ မဟာမိတ်တစ်ဦးဖြစ်သူ ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလေးက သမ္မတသက်တမ်းတိုးတော့မည် မဟုတ်ကြောင်း ပြောကြားလိုက်ရာ ၎င်း၏ နှစ်ပေါင်း ၃၀ ကြာအုပ်ချုပ်မှုသည် လာမည့် ၂၀၁၃ ခုနှစ်တွင်ကုန်ဆုံးမည်ဖြစ်သည်။

အစိုးရအုပ်ချုပ်မှု အာဏာကို ၎င်း၏သားအား လွှဲပြောင်းပေးမည်မဟုတ်ကြောင်း ယီမင်သမ္မတက ကတိပြုပြောကြားသည်။ တစ်ဆက်တည်းမှာပင် ကန့်ကွက်ဆန္ဒပြမှုများကို လျှော့ချရန် ၎င်းက အတိုက်အခံများအား ပြောကြားသည်။

"နိုင်ငံရဲ့ အကျိုးစီးပွားအတွက် ဒီလိုလိုက်လျောမှုတွေ တင်ပြတာပါ။ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားထက်နိုင်ငံအကျိုးစီးပွားကိုရှေ့တန်းတင်တာပါ" ပါလီမန်၊ ဘာသာရေးကောင်စီနှင့် စစ်ဘက်မှ အရာရှိများရှေ့မှောက်တွင် ယီမင်သမ္မတက ပြောကြားသည်။

"သက်တမ်းလည်း မတိုးဘူး။ အမွေလည်း မပေးဘူး။ နာရီတွေကိုလည်းနောက်ပြန် မလှည့်ဘူး" ဟူ၍ပြောကြားရင်း အဗ္ဗဒူလာဆာလေးက လက်ရှိအာဏာရပါတီက သက်တမ်းကန့်သတ်မှုများ ပြုလုပ်ခြင်းမှာ ၎င်းအနေဖြင့် နောင်အခါ ပြန်လည်အရွေးချယ်ခံရန်ပြင်ဆင်ခြင်းဟု ပြောကြားမှုများကို ပယ်ချခဲ့သည်။

အတိုက်အခံများက နောက်တစ်နေ့တွင် ကြီးမားသည့် လူထုဆန္ဒပြပွဲများပြုလုပ်ရန် စီစဉ်ထားစဉ်ယီမင်သမ္မတ၏ ပြောကြားချက်များ ထွက်ပေါ်လာခြင်းဖြစ်ပြီး စီစဉ်ထားသည့် ကန့်ကွက်ဆန္ဒပြပွဲများကို ဖျက်သိမ်းရန် အတိုက်အခံများက တိုက်တွန်းပြောကြားသည်။

*—Ref: Reuters*

# တူနီးရှားနိုင်ငံသားများအား အကူအညီပေးရန် ဘန်ကီမွန်းကမ်းလှမ်း

အဒစ်အဘာဘာ၊ ဖေဖော်ဝါရီ - ၃
အကျပ်အတည်းတွေ့နေသည့် တူနီးရှားနိုင်ငံတွင် စိတ်ချယုံကြည်ရသော ရွေးကောက်ပွဲများဖြစ်ပေါ်လာရန် ကုလသမဂ္ဂက အကူအညီပေးနိုင်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။ အီသီးယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့တွင်ပြုလုပ်သည့် အာဖရိကသမဂ္ဂအစည်းအဝေးတွင်မစ္စတာ ဘန်ကီမွန်းက ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်ပြီး ကြားဖြတ်အစိုးရကိုလည်း အဖွဲ့ပေါင်းစုံ ပါဝင်အောင်ဖွဲ့စည်းသင့်ကြောင်းပြောသည်။ တူနီးရှားနိုင်ငံတွင် ပြင်းထန်သော လူထုဆန္ဒပြပွဲများဖြစ်ပေါ်ခဲ့ပြီးနောက် သမ္မတဘင်အလီနိုင်ငံမှ ထွက်ပြေးခဲ့ရပြီး ဆော်ဒီအာရေးဗီယားနိုင်ငံတွင် ခိုလှုံနေရသည်။

ယုံကြည်စိတ်ချရသော ရွေးကောက်ပွဲများ အချိန်မီကျင်းပ၍ ခေါင်းဆောင်များကို လွတ်လပ်စွာရွေးချယ်နိုင်ရန်အတွက် တူနီးရှားပြည်သူများကို ကုလသမဂ္ဂက အကူအညီပေးနိုင်ကြောင်း မစ္စတာဘန်ကီမွန်းက ပြောသည်။

အီဂျစ်နိုင်ငံတွင်လည်း အခြေခံလူ့အခွင့်အရေးများကိုလေးစားလိုက်နာရန်နှင့် ချုပ်တည်းမှုပြုကြရန် ကုလအတွင်းရေးမှူးချုပ်ကတိုက်တွန်းပြောကြားသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းမှ ခေါင်းဆောင်များသည် ပိုမိုကောင်းမွန်သော အနာဂတ်ဖန်တီးနိုင်ရေး ပြည်သူများ၏ မျှော်လင့်ချက်၊ မျှော်မှန်းချက်များအတွက် ၎င်းတို့ပြည်သူလူထု၏ အသံများကိုပို၍ စူးစူးစိုက်စိုက် နားထောင်ကြရန် မစ္စတာဘန်ကီမွန်းက တိုက်တွန်းပြောကြားသည်။

*—Ref: UPI*



7DAY NEWS JOURNAL

# International

Vol.9, No.46 • FEBRUARY 10, 2011



အီဂျစ်ဒုသမ္မတ အိုမာဆူလိုင်မန်နှင့် မွတ်ဆလင်ဘရားသားဟုဒ်မှ ခေါင်းဆောင်များ ကိုင်ရိုမြို့တွင် ဖေဖော်ဝါရီ ၆ ရက်က တွေ့ဆုံဆွေးနွေးစဉ်

## မူဘာရက် ဆက်လက်အာဏာရယူထားစဉ်မှာပင် အစိုးရနှင့် အတိုက်အခံ ကြား ဆွေးနွေးမှုများစတင်

ကိုင်ရို၊ ဖေဖော်ဝါရီ - ၇

အီဂျစ်နိုင်ငံတွင် နှစ်ပေါင်း ၃၀ အတွင်း အနက်ရှိုင်းဆုံး ကြုံတွေ့နေရသည့် အကျပ်အတည်းအား ဖြေရှင်းရန် အစိုးရနှင့် အတိုက်အခံတို့ တွေ့ဆုံဆွေးနွေးနေကြချိန်မှာပင် သမ္မတမူဘာရက် ဆက်လက်၍ အာဏာရယူထားကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက် နှစ်ဖက်တွေ့ဆုံမှုများတွင် နိုင်ငံရေးမှ ပိတ်ပင်ခံထားရသော မွတ်ဆလင် ဘရားသားဟုဒ်အဖွဲ့လည်း ပါဝင်ခဲ့ရာ အာရပ်ကမ္ဘာနှင့် အနောက်နိုင်ငံကြီးများအား လှုပ်ခတ်ထိတ်လန့်စေခဲ့သည့် ယင်းအဖြစ်အပျက်မှာ ၁၃ ရက်အတွင်း မည်မျှပြောင်းလဲသွားသည်ကို ပြသနေသည့် လက္ခဏာဖြစ်ကြောင်း သတင်းကဖော်ပြသည်။

သို့သော် သမ္မတမူဘာရက် ရာထူးမှ ချက်ချင်းဆင်းပေးရေး တောင်းဆိုမှုကို လိုက်လျောမှုမရရှိခဲ့ကြောင်း အတိုက်အခံများက ပြောကြားသည်။ အချို့ကလည်း မူဘာရက်အနေဖြင့် စက်တင်ဘာလအထိ အာဏာဆက်လက်ရယူထားရန် အစိုးရက အချိန်ဆွဲနေ



အီဂျစ်သမ္မတနှင့် ABC သတင်းထောက်တစ်ဦး စကားပြောဆိုနေစဉ်

ခြင်းဟု ပြောကြားကြသည်။ မူဘာရက်၏ လက်ရှိသမ္မတသက်တမ်းမှာ စက်တင်ဘာလတွင် ကုန်ဆုံးမည်ဖြစ်သည်။

တာရာရင်ပြင်မှာ ကန့်ကွက်ဆန္ဒပြအုံကြွမှုများဗဟိုချက်ဖြစ်ပြီး ကန့်ကွက်ဆန္ဒပြမှုများကြောင့် လူပေါင်း ၃၀၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၆ ရက် ညပိုင်းတွင် ဆန္ဒပြသူများ လူစုကွဲသွားရန်စစ်သားများက လေထဲသို့ သေနတ်ပစ်ဖောက်ခဲ့ကြကြောင်း၊ သို့သော်နောက်ပိုင်းတွင် စစ်ဘက်က လူစုခွဲရန် ကြိုးပမ်းမှုကို စွန့်လွှတ်လိုက်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် အီဂျစ်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်လာပြီး ဘဏ်များလည်းပြန်လည်ဖွင့်လှစ်ခဲ့ရာဘဏ်များရှေ့တွင် လူများတန်းစီစောင့်ဆိုင်းနေကြသည်။ သမ္မတမူဘာရက်က ဇန်နဝါရီ ၂ ရက်တွင် အစိုးရအဖွဲ့ အပြောင်းအလဲပြုလုပ်ပြီးနောက်ပိုင်း အစိုးရဝန်ကြီးများလည်း ပထမဆုံးဝန်ကြီးအဖွဲ့ အစည်းအဝေး ပြုလုပ်ကြသည်။

ပို၍ ဒီမိုကရေစီ နည်းလမ်းကျသော အုပ်ချုပ်ရေးဆီသို့ အစီအစဉ်တကျ ကူးပြောင်းရေးအတွက် မူဘာရက်အား ရေရှည်ထောက်ခံပေးနေသည့် အမေရိကန်အစိုးရ ပန်ကြားမှုများ ပြုလုပ်ထားသော်လည်း အီဂျစ်နိုင်ငံ၏ အခြေအနေမှာ မရေရာမှုများ ရှိနေဆဲဖြစ်ကြောင်း ရိုက်တာသတင်းက ဖော်ပြသည်။

*—Ref: Reuters*


## ချုပ်တည်းမှုများပြုကြရန် ထိုင်းနှင့်ကမ္ဘောဒီးယားအား စင်ကာပူ တိုက်တွန်း

စင်ကာပူ၊ ဖေဖော်ဝါရီ - ၇

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံကြား မကြာသေးမီက ဖြစ်ပေါ်ခဲ့သော နယ်စပ်ပြင်စွန်းမှုများအပေါ် လေးလေးနက်နက် စိုးရိမ်ပူပန်မိကြောင်း စင်ကာပူနိုင်ငံက ပြောကြားသည်။

မီဒီယာထုတ်ပြန်ချက်တစ်ခုတွင် နှစ်နိုင်ငံစလုံးအား ချုပ်တည်းမှုများပြုကြရန် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက တိုက်တွန်းထားကြောင်းသိရသည်။ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အား ဆွေးနွေးညှိနှိုင်းမှုများဖြင့် ၎င်းတို့၏ ကွဲပြားခြားနားမှုများကို ဖြေရှင်းကြရန် အဆိုပါပြောရေးဆိုခွင့်ရှိသူက တိုက်တွန်းပြောကြားသည်။

တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ အဖြေရှာခြင်းမှာ နှစ်နိုင်ငံရေရှည်ဆက်ဆံရေးအတွက် အရေးကြီးကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ဆိုပါက အာဆီယံအကျိုးစီးပွားအတွက်လည်း အရေးပါကြောင်း သတင်းကဖော်ပြသည်။ စာမျက်နှာ(၃၇)သို့▶▶▶



ပရီဗီဟာဘုရားကျောင်းအနီး ပျက်စီးသွားသည့် အဆောက်အအုံတစ်လုံး

## ဩစတြေးလျတောမီးကြောင့် အိမ် ၄၁ လုံးလောင်ကျွမ်း



ပဲ့သ်မြို့အနီး လူနေအိမ်တစ်လုံးနောက်တွင် လောင်ကြွမ်းနေသော တောမီးကို မီးသတ်သမားများက ငြိမ်းသတ်ရန်ကြိုးစားနေကြစဉ်

ပဲ့သ်၊ ဖေဖော်ဝါရီ - ၇

ဩစတြေးလျနိုင်ငံ ပဲ့သ်မြို့ ဆင်ခြေဖုံးဒေသများတွင် လောင်ကျွမ်းခဲ့သော တောမီးကြောင့် အနည်းဆုံးလူနေအိမ်ပေါင်း ၄၁ လုံး လောင်ကျွမ်းပျက်စီးသွားကြောင်းနှင့် အခြားအိမ် ၁၉ လုံးမှာလည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ တောမီးကြောင့် မီးသတ်သမားတစ်ဦး ဒဏ်ရာရရှိခဲ့ပြီး လူအများအပြား မီးခိုးများ ရှူရှိုက်ခဲ့မှုအတွက် ဆေးကုသပေးနေရကြောင်း သိရသည်။

မီးသတ်သမားများက တောမီးလောင်ကျွမ်းမှုအား ထိန်းချုပ်နိုင်လုဆဲဆဲမှာပင် နောက်တစ်နေရာတွင် တောမီးထပ်မံလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ အနောက်ဩစတြေးလျဒေသတွင် ဖြစ်ပေါ်ခဲ့သည့် တောမီးသည် မြေဧကပေါင်း ၄၀၀၀ ကို လောင်ကျွမ်းခဲ့ပြီး ပဲ့သ်မြို့ မြောက်ဘက်နှင့် အရှေ့တောင်ဘက်ရှိ သစ်တောဖုံးလွှမ်း ဧရိယာများကို ပျက်စီးစေခဲ့ကြောင်း မီးသတ်နှင့် အရေးပေါ်ဌာနပြောခွင့် ရပုဂ္ဂိုလ် အလန်ဂေးက ပြောကြားသည်။

ရိုလီစတုန်းနှင့် ကန်းစကော့ ဧရိယာတွင် အနည်းဆုံးလူနေအိမ် ၄၁ လုံး မီးလောင်ကျွမ်းသွားကြောင်း မီးသတ်သမား ၂၀၀ ဖြင့် မီးငြိမ်းသတ်နေသည့် ကြားမှပင် နေအိမ်များပျက်စီးသွားခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့မှူး ခရက်ဟိုင်းစ်က သတင်းထောက်များအား ပြောသည်။

စာမျက်နှာ(၃၇)သို့▶▶▶

